


# ဝေးလွင့်ကင်းကွာ နှစ်တစ်ရာ


သင့်လူ

# One Hundred Years of Solitude

Gabriel Garcia MARQUEZ

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



One Hundred Years of Solitude

Gabriel Garcia MARQUEZ

ဝေးလွင့်ကင်းကွာ

နှစ်တစ်ရာ

သင့်လူ

K0303

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ၊ သီးသန့်ကောင်းကင်စာပေ |
| ဒုတိယအကြိမ် | - | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ် နှင့် အတွင်းပုံနှိပ် | - | ဦးလင်းဇာနည် (သီရိဂုဏ်ဝေပုံနှိပ်တိုက်) [၀၁၄၃၇] အမှတ် (၃၂)၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | ဇော်မောင် |
| တန်ဖိုး | - | ၇၅၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK

# သင့်လူ

# ဝေးလွင့်ကင်းကွာနှစ်တစ်ရာ

ONE HUNDRED YEARS OF SOLITUDE
by
GABRIEL GARCIA MARQUEZ

**ကံ့ကော်ဝတ်ရည်စာပေ**

အမှတ်-၂၂၊ မဟာဗေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၆၂၆၁၈၃၇ ၊ ၀၉ ၄၄ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

**http://kantkawwutyee.myanmaronlinesales.com**
**www.facebook.com/KantKawWutYeePublishing**
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မနှာလိုရောကောင်းတဲ့ ရှူ (သို့မဟုတ်) သင့်ရှူ
(ပထမအကြိမ်ထုတ်ဝေခြင်းမှ)

သူနှင့်ကျွန်တော် စတွေ့တာက မြန်မာပြည်တွင် မဟုတ်၊ ဘန်ကောက်ရှိ တိုက်ခန်းတွဲ တစ်ခုတွင်၊ မြန်မာပြည်မှ ဘွဲ့လွန်တက်ရောက်နေသောသူချင်း မိတ်ဆက်ရင်း ဒီလိုပဲ ခင်သွားခဲ့သည်။ ဆေးကျောင်းတွင် ကျောင်းဆရာလုပ်နေသော သူမို့လားမသိ ကျွန်တော့်ထက် အသက်တစ်နှစ်သာ ကြီးသော်လည်း တကယ့်ဆရာကြီး လေသံ၊ သည့်အတွက် ဟိုမှာရှိသည့် ဗမာ အတော်များများက သူ့ကို ကြည့်မရကြ၊ ကျွန်တော်နှင့်ကတော့ အာဆင်နယ် ပရိသတ်ဖြစ်တာချင်းရော Public Health နှင့် နိုင်ငံရေး စိတ်ဝင်စားတာ ခြင်းရော၊ စာပေကို စိတ်ဝင်စားတာချင်းရော၊ ကိုယ်ကျိုးစီးပွား စိတ်မဝင်စားတာချင်းရော၊ ဟန်ပန်မရှိတာချင်းရော၊ ညဘက် မအိပ်ဖြစ်ကြတာချင်းရော တူလို့လားမသိ အချိန်တို အတွင်းတွင် ရင်ဘတ်မိတ်ဆွေ ဖြစ်သွားခဲ့ကြသည်။

သူ့အခန်း ကိုယ့်အခန်းကူးပြီး အနီးကပ် နေလာတော့မှ သူ့အကြောင်းကို တဖြည်းဖြည်း သိလာခဲ့သည်။ သူ့ကို ဆရာကြီးလုပ်သည်ဟု အထင်ခံရသည်မှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု ကြီးမားလှသော ပင်ကိုယ်စိတ်အခံကြောင့်ပင်၊ သူသည် တစ်ခုခုကို မထစတမ်း စူးစူးစိုက်စိုက် လုပ်နိုင်စွမ်း ရှိသည်။ ကျမ်းပြုစုရင်း လိုအပ်လာလျှင် နှစ်ရက် သုံးရက်လောက် ဘယ်မှ မထွက်ဘဲ အခန်းအောင်း အလုပ်လုပ်တတ်သည်။ ဤအချက် များထက် သူ့ကို ကျွန်တော် လေးစားသွားမိသည့် အချက်က ဆေးကျောင်းသားများနှင့် ဝေးကွာသွားသော အဆင့်မြင့် သချာကို သူ သင်ယူနေသော Health Economic ဘာသာရပ် အတွက် ကိုယ့်ဘာသာ လေ့လာရင်း တတ်မြောက်သွားခဲ့သည်။ သူ၏ ထိုးထွင်းသိမြင် နိုင်စွမ်းကို ထိုစဉ်ကတည်းက ကျွန်တော် သတိထားမိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည့်အပြင် သူသည် သိသာ သိသော်လည်း ပြန်မပြောတတ်သူမျိုး မဟုတ်။ သူများကို ပြန်ရှင်းပြရာတွင်လည်း ထူးထူးခြားခြားကို ကောင်းမွန်လှသည်။ အရသာရှိအောင် စကားကို ပြောဆိုတတ်သည်။ ထိုစဉ်ကတည်းက သူသည် အသုံးအနှုန်းကြွယ်ဝလွန်းသူ၊ စကားလုံး လှိုင်လှိုင်သုံးနိုင်သူ ဆိုတာကို ကျွန်တော် ရိပ်မိခဲ့သည်။ သို့သော် ဒါဟာ မန္တလေးမှာ အနေကြာလာလို့ မန္တလေး လေပေါက်တာပဲဟုသာ သဘောထားခဲ့သည်။ ဤသို့ဖြင့် မြန်မာပြည် ပြန်ရောက်၊ အလုပ်ကိုယ်စီနှင့် ကျွန်တော်တို့ နှစ်ယောက် တစ်ခါတစ်ရံသာ တွေ့ဖြစ်ကြတော့သည်။

စာပေနှင့် ပတ်သက်၍ သူသည် စာဖတ်သူ စစ်စစ်ဖြစ်သည်။ စာကို ဝါသနာအလျှောက် ဖတ်သော်လည်း ကျွန်တော့်လို စာပေသဘောတရားတွေ ဘာတွေ လျှောက်ဖတ်တတ်သူမဟုတ်။ သူက ဖတ်ပြီးလျှင် လာပြော၊ ကျွန်တော်က ကျွန်တော် မြင်သလိုသုံးသပ်၊ သို့သော် ရိုးရိုးသားသား ဝန်ခံရလျှင် ကျွန်တော်က သူ့ကို စာပေ အပေါင်းအသင်းလို့ သဘောမထား၊ Public Health, Health Economic, Research တို့နှင့် တွဲ၍ပဲ သိထားသည်။ ကျွန်တော် Public Health အကြောင်း စာအုပ်အစ်အုပ် ထုတ်ဖို့လုပ်တော့ သူ့ကို သတိရသည်။ ဤဘာသာရပ်နှင့် ပတ်သက်၍ ကျွန်တော်သူ့ကို စိတ်ချသည်။ သို့သော် သူစာရေးတတ် မရေးတတ် ကျွန်တော်မသိ၊ သူ blog လေးတစ်ခုထောင်ပြီး စာတွေရေးနေတာတော့ သိသည်။ သို့သော် ရိုးရိုးသားသား ပြောရလျှင် သိပ်မထင်ထား၊ သို့သော် Public Health စာအုပ်ကတော့ ဘာသာရပ်စာအုပ်ဆိုတော့ အရေးအသားရှင်းလင်း ပြေပြစ်လျှင် ဖြစ်သည်။ သိပ်လှပနေစရာ မလိုဘူး မဟုတ်လား။

ဤသို့ဖြင့် ကျွန်တော် သူ့ကို တိုက်တွန်းမိသည်။ သူကလည်း စိတ်ဝင်စားသည်။ ဤသို့ဖြင့် (ကြောင်ကို ချူဆွဲကြသူများ) စာအုပ်ထွက်လာတော့ ဖတ်ရသူများက သူ့အရေးအသားကို ချီးကျူးကြသည်။ သူလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိသွားပုံရသည်။ သူ အပျင်းပြေ ပြန်ထားသော ဝတ္ထုနှစ်အုပ်ကို ကျွန်တော့်ကိုပြသည်။ တစ်အုပ်က **အတ္တလန်တစ်** နောက်တစ်အုပ်က ဆရာမြဇင် ပြန်ဆိုဖူးသော **ရာမ**၊ သို့သော် သူက နောက်ပိုင်းအတွဲများအထိ ပြန်ဖို့ စဉ်းစားထားသည်။ ကျွန်တော်က စာပေတန်းဝင်သော စာအုပ်များကို ဆက်ပြီး ဘာသာပြန်ဖို့ သူ့ကို တိုက်တွန်းသည်။ တိုက်သာ တိုက်တွန်းမိသော်လည်း သူ တကယ်ပြန်နိုင် မနိုင်ကိုတော့ ကျွန်တော်လည်း သိပ်မသေချာ၊ စာပေလက်ရာကောင်းများကို ဘာသာပြန်ရသည်မှာ အပျော်တမ်း အလုပ်မဟုတ်၊ အစဉ်တစိုက်လေ့လာဖတ်ရှုလာသော သူများသာ လုပ်သင့်သော အလုပ် မဟုတ်လား။

သို့နှင့် သူ့ကို ကျွန်တော့်ဆီမှာ ရှိသော Murakami, Orwell, Garcia Marquez တို့၏ စာအုပ်များကို ပေးဖတ်လိုက်သည်။ သိပ်မကြာ One Hundred Years of Solitude ကိုဖတ်ပြီး အရမ်းကြိုက်သည်။ ပြန်ချင်သည်ဟု ဆိုလာသည်။ သူ၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ကြီးမားပုံကို ကျွန်တော် သိထားသည်။ အလုပ်တစ်ခုကို

mgyoe.com

mgyoe.com SAMPLE BOOK

ပြီးဆုံးသည်အထိ လုပ်တတ်သော သူ့ ဇွဲလုံ့လကိုလည်း ကျွန်တော် သိထားသည်။ သူ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဘာသာစကား စွမ်းရည်ကိုလည်း ကျွန်တော် သိထားသည်။ သို့သော် ကျွန်တော် မသိသေးတာ သူ၏ Artistic Sensibility အနုပညာ အာရုံခံစားအား ဘယ်လောက်ကောင်းသလဲ၊ သာမန် ဘာသာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်ကို ပြန်ဆိုရခြင်းမျိုး မဟုတ်၊ စာအုပ်ကလည်း သမားရိုးကျ သရုပ်မှန် ဝတ္ထုမျိုးမဟုတ် အရေးအသား ဆန်းကြယ်လှသည်ဟု ကမ္ဘာကကို အသိအမှတ် ပြုထားသော စာအုပ်၊ ထိုစာအုပ်မျိုးကို ဘာသာပြန် အတွေ့အကြုံနုနယ်လှသေးသော စာရေးသက် နည်းပါးလှသေးသော (ကျွန်တော့်အမြင်) စာပေလေ့လာမှု အားနည်းလှသေးသော အပျော်တမ်း သာသာပြန်သူ တစ်ယောက်က ပြန်နိုင်လိမ့်မည်ဟု လုံးဝ ထင်မထားပါ။

သို့သော် ကျွန်တော့်မှာ အသစ်တစ်စုံတစ်ရာကို လုပ်ဖို့ ပြင်းပြင်းပြပြ တောင့်တနေသော သူတစ်ယောက်ကို မတားမြစ်ချင်၊ ကျွန်တော်ကိုယ်တိုင်လည်း လုပ်ချင်တာရှိလျှင် ဖြစ်နိုင်တာ မဖြစ်နိုင်တာကို သိပ်တွက်လေ့ရှိသူတစ်ယောက် မဟုတ်တော့ကာ သူ့ကို ကိုယ်ချင်းစာတာလည်း ပါတယ်။ ဤသို့ဖြင့် သူနှင့် ကျွန်တော်တို့၏ နှစ်တစ်ရာဇာတ်လမ်းက စတင်ခဲ့သည်။ သူက ပထမဦးဆုံး တစ်ခန်းကို စပြန်ပြီး ကျွန်တော့် ထင်မြင်ချက်ကို တောင်းသည်။ သူ ဆက်ပြန်လို့ ဖြစ် မဖြစ်။

သူ စမ်းသပ်ရေးသားထားသော ပထမဦးဆုံး အခန်းကို ဖတ်ရှုပြီးသည့်နောက် ကျွန်တော် စိုးရိမ်နေသော အရာများ ဘယ်နေရာကို လွင့်ပျောက်သွားမှန်း မသိ။ အခန်းတစ်ခန်းလုံး ဆုံးသည်အထိ မချတမ်း ဖတ်သွားမိသည်။ စိတ်ထဲတွင် ဘာသာပြန် ဖတ်နေရသော ခံစားချက်မျိုး လုံးဝမထင်မိ။ မူရင်း စာရေးဆရာနှင့် သူ့မှာ တစ်ယောက်တည်းလား အောက်မေ့ရလောက်အောင် ဉာဏ်ရွှင်ပုံချင်း၊ စကားလုံးကြွယ်ပုံချင်း၊ ရွှဲ့တဲ့တဲ့ လှောင်တောင်တောင် ပြောတတ်ပုံချင်း၊ မဟုတ်က ဟုတ်က ချဲ့ကားပြောတတ်ပုံချင်း တူပဲ တူနိုင်လွန်းနေခဲ့သည်။ သူကိုယ်တိုင်လည်း ဝန်ခံသည်။ ဂါစီယာမာကေးကို အခုမှ စကြားဖူးသော်လည်း သူ့စာအုပ်ကို ဖတ်လိုက်သည်နှင့် သူနှင့် အရမ်းရင်းနှီးသွားခဲ့သည်။ ရေးရင်းရေးရင်းနှင့် သူ့စိတ်ကို တဖြည်းဖြည်း နားလည်လာသည်ဟု ဆိုသည်။ သူ့ဝတ္ထုထဲတွင် တစ်ခုခု ရေးလိုက်သည်နှင့် သူဘာကို ရည်ညွှန်းချင်တာလဲ၊ ဘယ်သူ့ကို လှောင်ပြောင်ချင်တာလဲ သူတန်းသိနေခဲ့သည်။ ဆိုလိုသည်မှာ စကားလုံးများ နောက်ကွယ်က စာရေးဆရာနှင့် စိတ်ချင်း တိုက်ရိုက် ဆက်သွယ်ထားသလိုမျိုး သူ ခံစားနေမိသည်ဟု ဆိုသည်။

ဤ ထူးခြားလှသည့် ဘာသာပြန် အတွေ့အကြုံကို ကျွန်တော့်ကို ညတိုင်း ဖုန်းဆက်ပြီး ပြောသည်။ တစ်ခါတစ်ရံ ပြောကောင်းသည့်နေ့တွင် နာရီနှင့်ချီပြီး ကြာတတ်သည်။ ကြာလွန်း၍ တစ်ခါတစ်ရံ ကျွန်တော့် ရည်းစားမှပင် ကျွန်တော့်ကို မယုံသင်္ကာဖြစ်တာမျိုး ကြုံတတ်သေးသည်။ ကျွန်တော်က သူ့စိတ်ကို နားလည်သည်။ ဤစာအုပ်ကို ဘာသာပြန်နေစဉ် ကာလတစ်လျှောက်လုံး သူ့စိတ်က စာအုပ်ထဲမှာပဲ ရှိနေသည်။ အပြင်

mgyoe.com

mgyoe.com SAMPLE BOOK

လောကနှင့် စကားပြောလို့မရ၊ သည်တော့ ဤစာအုပ်အကြောင်း သိထားသော ကျွန်တော့်ကိုသာ ဖုန်းဆက်ပြီး ရင်ဖွင့်ရတော့သည်။ ကျွန်တော်တို့ နှစ်ယောက်မှာ မာကေး၏ နှစ်တစ်ရာထဲတွင် နှစ်လလုံးလုံး ပိတ်မိနေခဲ့ကြသည်။ နှစ်တစ်ရာထဲမှ စကားလုံးများ၊ ဟာသများမှာ ကျွန်တော်တို့ နှစ်ယောက်အကြား နေ့စဉ်သုံးစကား ဖြစ်လာသည်။ သူ ဤဒဏ်ကို ကြာကြာ မခံစားနိုင်၊ မပြီးမချင်း သူ့စိတ်မှာ ပုံမှန်အခြေအနေတွင် မရှိ၊ ထို့ကြောင့် သူ အချိန်အားရသရွေ့ နှစ်ရေးသည်။ သူရေးသည့် အရှိန်ကလည်း ကြောက်ခမန်းလိလိ မြန်လာခဲ့သည်။ သူ့မှာ ကလေးမွေးခါနီး ကိုယ်ဝန်ဆောင်သည်လို ပြီးခါနီးလေ ဝေဒနာက အထွပ်အထိပ်ရောက်လေ၊ ကျွန်တော့်ကို သူ တစ်ခုတောင်းဆိုသည် အဆုံးသတ်ပြီးသည်နှင့် သူ ဤဝတ္ထုကို လှည့်မကြည့်တော့။ သူလုပ်နိုင်သမျှ အစွမ်းကုန် လုပ်ပြီးခဲ့ပြီဖြစ်သည့်အတွက် တည်းဖြတ်ဖို့ကို ကျွန်တော့် လက်ထဲသို့သာ အပ်လိုက်တော့မည်တဲ့၊ ဤသို့ဖြင့် ကျွန်တော့်မှာ ကျွန်တော် အစပြုမိသော ကိစ္စကို ကျွန်တော်ပဲ ပြန်အဆုံးသတ်ဖို့ရာ ဖြစ်လာခဲ့ပြန်သည်။ ဤမျှ ရှည်လွန်းလှသည့် ဝတ္ထုကြီးကို တည်းဖြတ်ရသည့် အလုပ်မှာ လွယ်ကူသောအလုပ် မဟုတ်ပါ။ ထို့ပြင် မူရင်းစာအုပ်၏ အရှိန်အဝါက ကြီးမားလွန်းလှသည် ဖြစ်ရာ ကျွန်တော့်မှာ တာဝန်ကြီးလှသည် ကိုလည်း သိပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင်က ထိုတာဝန်ကို လိုလိုလားလား ယူချင်နေခဲ့သည်။ အဆဲခံချင်လည်း ခံရပါစေ၊ စာပေတန်ဖိုး ကြီးမားလှသည့် ဤဝတ္ထုကြီးကို မြန်မာစာဖတ် ပရိသတ်များအတွက် အတတ်နိုင်ဆုံး အားစိုက်၍ တည်းဖြတ်ပေးခဲ့ပါသည်။ အကယ်၍ အားနည်းလိုအပ်ချက်များ ရှိခဲ့ပါကလည်း (စေတနာကောင်းဖြင့် ရူးသွပ်ခဲ့ကြသူများအဖြစ်) ကျွန်တော်တို့ နှစ်ယောက်ကို စာနာ နားလည်ပေးပါရန် ပန်ကြားအပ်ပါသည်။

ဒီနိုဗို

mgyoe.com

mgyoe.com SAMPLE BOOK

## နှစ်တစ်ရာ အလွမ်းဇာတ် နှင့် ရက်ခြောက်ဆယ် အဋ္ဌုတ္တ တိုက်ပွဲ
### (ပထမအကြိမ် ထုတ်ဝေခြင်းမှ)

ဂေဘရီရယ် ဂါစီယာ မာကေး။ ၁၉၈၂ ခုနှစ်တွင် စာပေနိုဗယ်ဆု ဆွတ်ခူးခဲ့သည့် ကိုလံဘီယာသား၊ လက်တင် အမေရိက၏ သရုပ်သကန်ဟု ဆိုရမည့် ပဥ္စလက် သရုပ်မှန် Magical Realism စာပေကို ဖန်တီးခဲ့သည့် စွန့်ဦးတီထွင် ပုဂ္ဂိုလ်။ သူ နိုဗယ်ဆုရခြင်း အဓိကအကြောင်းရင်းခံက ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဝေးလွင့်ကင်းကွာ နှစ်တစ်ရာ ဝတ္ထုကြီးကို ဖန်တီးနိုင်ခဲ့မှုကြောင့်။ ထိုဝတ္ထုကို ဖန်တီးဖို့ မည်မျှ ကြာသနည်းဟု အင်တာဗျူး တစ်ခုမှာ သူ့ကိုမေးတော့ တစ်ဘဝလုံးပါပဲဟု တိုတိုတုတ်တုတ် သူဖြေခဲ့သည်။

အထီးကျန်နှစ်တစ်ရာဟု ဒီမှာ လူသိများကြသည့် ထိုဝတ္ထုကို ကမ္ဘာ့အကောင်းဆုံး ဝတ္ထုတစ်ရာတို့ နှစ်ရာတို့ စသည့် စာအုပ် အညွှန်းတွေထဲမှာ နာမည် တွေ့တွေ့နေခဲ့တာ ကြာပြီ။ သို့သော် မရင်းနှီး၊ မဖတ်ဖူး၊ ဘာအကြောင်း ရေးထားမှန်းပင် မသိ။ စိတ်လည်း မဝင်စားခဲ့။ လက်တင်အမေရိက ဆိုသည်ကလည်း ကျွန်တော်တို့နှင့် ဝေးလွန်းလှသည် မဟုတ်လား။

သိတော်မူကြသည့် အတိုင်း စာပေ ဝါဒတွေက များလွန်းလှသည်။ သရုပ်မှန်၊ မော်ဒန်၊ ပို့စ်မော်ဒန်၊ ဘာသာ ဗေဒ ဘာညာကွိကွ။ ထိုဝါဒတို့ မြစ်ဖျားခံရာ ဝတ္ထုတွေက ကောင်းလှချည့်၊ ဘယ်နေရာမှာ ဘယ်လိုကောင်း၊ ဘာလေးကို ဘယ်လိုရေးလိုက်သည် စသည့် အညွှန်းများက သွားရေကျစရာ။ သို့သော်လည်း ဘယ်မတုန်း ဖတ်စရာဝတ္ထု ဆိုတော့ မရှိ။ အော်ရီဂျင်နယ်ကို ကိုယ့်ဖာသာကိုယ် ရှာဖတ် ဆိုတော့လည်း ဘယ်နားက ဘယ်လို ရှာရမှန်းမသိ။ ရှာလို့တွေ့ပြန်တော့လည်း ဘာသာစကား မြင်းမိုရ်တောင်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

တက်နေရသည်နှင့် အရသာကို ဘယ်နားက ခံစားရမှန်း မသိနှင့် သံသရာလည်နေခဲ့တာ ကြာခဲ့ပြီ။

တစ်နေ့မှာတော့ မိတ်ဆွေတစ်ဦး ကောင်းမှုဖြင့် ဝေးလွင့်ကင်းကွာ နှစ်တစ်ရာကို ရခဲ့သည်။ စာအုပ် အရှင်လတ်လတ် ရခဲ့ခြင်းမဟုတ်။ ကွန်ပြူတာမှာ ဖတ်ရမည့် ပုံရိပ်ယောင်မျှသာ။ ရရခြင်း မဖတ်ဖြစ်။ ဖတ်ဖို့လည်း စိတ်မဝင်စား။ ဖတ်ကောင်းမည့်ပုံလည်း မပေါက်ဟု ထင်ကာ မဖတ်ခင်က အထင်ကြီးသေး နေမိခဲ့ပါသေး။ ကမ္ဘာပေါ်မှာ နာမည်ကြီးသည့်၊ ကမ္ဘာ့ ဂန္ထဝင်စာပေ စာရင်းပေါက်သည့် လန်ဘားကျောက်တံတား စာကြီးပေကြီး ဝတ္ထုကြီးတွေကို စိတ်ဆင်းရဲစွာ ဖတ်ရသည့် အရသာကို မခံစားချင်။ ဒါနဲ့ပဲ မေ့မေ့ ပျောက်ပျောက် ပစ်ထားခဲ့မိသည်။

ထိုအချိန်မှာ ဒုက္ခ၊ သောက၊ ဗျာပါဒတွေက ကျွန်တော့်ထံ တပ်ထောင်တာ ဗိုလ်ထုဖြင့် လှိမ့်ဝင်လာခဲ့ကြသည်။ အထီးကျန် ဝေဒနာကို ပြင်းပြင်းပြပြ ထိထိရှရှ ခံစားနေရချိန် တစ်ခုမှာတော့ နှစ်တစ်ရာကို စကိုင်မိသည်။ ချက်ခြင်းလိုလိုပင် သူ့ထဲမှာ နစ်ခဲ့ရသည်။ သူ့အကြောမှာ မျောခဲ့ရသည်။ သူ ချော့လျှင်ပျော့။ သူ ခြောက်လျှင် ကြောက်ခဲ့ရသည်။ ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်းထခဲ့ရသည်။ သူ့ ပရိယာယ်၊ သူ့လေ၊ သူ့ အသုံးအနှုန်း၊ သူ့ အယူအဆ၊ သူ့ ဝါဒတို့ကို သဘောကျပြီးရင်း ကျလာခဲ့သည်။ အနောက်တိုင်း စာပေဝေဖန်ရေး ပညာရှင်များ မည်သို့ပင် ဆိုစေကာမူ၊ မာကေး၏ လက်တင် အတွေးနှင့် အရေးသည် မြန်မာ့ မြေ၊ မြန်မာ့ လေ၊ မြန်မာ့ ရေမှာ ချက်ခြင်း ခံစားနိုင်သည့် တင်ဆက်မှုတစ်ခု ဖြစ်ကြောင်း သဘောပေါက်သည်။ ဒီလိုနှင့် နှစ်တစ်ရာကို ဘာသာပြန်ဖြစ်ခဲ့သည်။

ကျွန်တော်က စာရေးရာတွင် စိတ်ရှည်သူ မဟုတ်။ ဘာသာပြန်ပြီဆိုလျှင်လည်း တစ်လုံးစပြန်ပြီဆိုသည်နှင့် ပြီးချင်ပြီ။ ပြီးချင်သောစိတ်က လောဆော်နေသည်။ မပြီးမချင်း မအိပ်နိုင်၊ မစားနိုင်အောင် သရဲ မရဲ စီးနေတော့သည်။ ထိုစိတ်ဖြင့် မာကေး၏ နှစ်တစ်ရာကို စကိုင်သည်။ ကိုင်ကိုင်ခြင်း ငယ်ထိပ် မြွေပေါက် ခံရသလို ဒုက္ခတွေ အလုံးအရင်း ရောက်ခဲ့သည်။ အဓိပ္ပာယ် နှစ်ခွထွက်သည့် စကားလုံးများ၊ တစ်ကြောင်းလျှင် တစ်မျက်နှာ ခွဲခန့် မရပ်တမ်းရေးသည့် စာကြောင်းရှည်ကြီးများ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အနားသတ်မျဉ်း မထားဘဲ လွန်းထိုးရေးသည့် အရေးအသားတို့က ဝတ္ထုတစ်ပုဒ်လုံး ခေါင်းဖျားမှ ခြေကြားထိ ဖြန့်ကြက်ထား၏။ ဘယ်လို လုပ်မလဲ။ ပြန်မလား၊ မပြန်ဖူးလား၊ ရေးမလား၊ မရေးဖူးလား။ စပြီးလျှင် ဆုံးမှ ကျေနပ်တတ်သည့် ဝသီအရတော့ လက်မလျှော့ချင်။ ဤသို့ဖြင့် ပင်ပန်းကြီးစွာ ဆက်ရေးခဲ့ရသည်။

ပြန်ရင်း ဖတ်ရင်း လေ့လာရင်းဖြင့် မာကေး၏ ရေတံခွန်မှ အလျင် မပြတ်တမ်း စီးကျသလို ရေးထားသည့် စာအရေးအသားကို သိလာ၏။ ငြိလာ၏။ ထိလာ၏။ ထိုအခါ အလုပ် တွင်ကျယ်လာ၏။ ဒီလိုနှင့် ပထမ အခန်း၊ ဒုတိယ အခန်း၊ တတိယ အခန်းမှသည်

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးအခန်းထိ တောက်လျှောက်နီးပါး ရေးဖြစ်သွားခဲ့သည်။ နှစ်တစ်ရာသည် ရက်ပေါင်း ခြောက်ဆယ်အတွင်း ပြန်ဆို ပြီးစီးသွားခဲ့ပြီ။ အလွန် တုန်လှုပ်ခဲ့ရသော၊ ရင်မော ခဲ့ရသော၊ စိတ်ပင်ပန်းခဲ့ရသော၊ ခြောက်ချား ခဲ့ရသော၊ အရှုံးပေးလိုက်ချင်သည့် အရှုတ္တတိုက်ပွဲကို အနိုင်တိုက်ခဲ့ရသော ရက်ပေါင်း ခြောက်ဆယ်ဟု ဆိုလျှင်လည်း မှားအံ့ မထင်။

ခုဆိုလျှင် အဆိုပါ ဝေးလွင့်ကင်းကွာ နှစ်တစ်ရာသည် စာရှုသူ လက်ဝယ် ရောက်နေခဲ့ပြီ။ ဖန်တီးရှင်၏ ခြေရာနောက်သို့ ထပ်ကြပ်မကွာ လိုက်နိုင်အောင် ကြိုးစားခဲ့ရသည့် နှစ်တစ်ရာ။ ဝတ္ထုဆိုသည် စာဖတ်သူတို့အတွက် ဖတ်ရန်အတွက်၊ ခံစားရန် အတွက်သာ တာဝန်ရှိ၏။ သူ၏ အဓိပ္ပာယ်၊ တင်စားမှု၊ နမိတ်ပုံ ဘာညာ သာရကာ တို့ကို ဖွင့်ဆိုရန် ဆိုသည်က ဝေဖန်ရေး ဆရာတို့၏ အလုပ်သာ။ ထို့ကြောင့်လည်း စာရှုသူ ခံစား ဖတ်ရှုနိုင်ဖို့ နှစ်တစ်ရာကို တင်ဆက်ခဲ့ပြီးပြီ။ တာဝန်တစ်ခု ပြီးမြောက်သလို ပေါ့ပါးခဲ့သည်ကတော့ အမှန်ပင်။ ကောင်း၊ မကောင်း မပြောလို၊ ဖတ်ကြည့်မှသာ သိနိုင်မည် မဟုတ်လား။

သင့်လူ

mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယံပွဲ ဝေးလွင့်ကင်းကွာ နှစ်တစ်ရာ
## (ဒုတိယအကြိမ် ထုတ်ဝေခြင်းမှ)

၂၀၁၁

ဘဝရဲ့ အခက်ခဲ အကြမ်းတမ်းဆုံး အချိန်။

ကာယဒုက္ခ၊ စိတ္တဒုက္ခ၊ လူမှုရေးဒုက္ခ ဆိုတဲ့ ဒုက္ခသုံးဖြာ ပြည့်စုံနေချိန်။

အဲသလို အချိန်ကာလမှာ ဂါစီယာမားကေး ဆိုတဲ့ လူကြီးရဲ့ One Hundred Years of Solitude ဝတ္ထုကြီးကို ဖတ်ခဲ့မိတယ်။

အဲဒီအချိန်တုန်းက ကြောင်ကို ခြုံဆွဲကြသူများဆိုတဲ့ ပြည်သူ့ကျန်းမာရေး ပညာရပ်နဲ့ ပတ်သက်တဲ့ မိတ်ဆက်စာအုပ် (Introductory Series) သဘောမျိုး တစ်အုပ် ထုတ်ပြီးချိန်။ ဘာသာပြန်အနေနဲ့ Clive Cussler ရဲ့ Atlantis Found (အတ္တလန်တစ် ရှာပုံတော်) နဲ့ Arthur C Clarke ရဲ့ Rendezvous with Rama (ရာမ) နှစ်အုပ်ကို ဘာသာပြန်ထားပြီးချိန် (ထုတ်ဝေဖို့ ဆိုတာတော့ အိပ်မက်တောင် မမက်ရဲသေးဘူး။ စာပေစိစစ်ရေး ဆိုတာကြီးက ရှိနေသေးတဲ့အပြင် စာအုပ်ထုတ်ဝေရေး ဆိုတာကိုလည်း နကန်းတစ်လုံးတောင် မသိသေးချိန်)။ အဲသလို အချိန်မှာ ဖတ်မိတဲ့ စာအုပ်က ဂါစီယာ မားကက်ရဲ့ မာစတာပိစ် စာအုပ်ဖြစ်နေပြီး ဒါကို ဘာသာပြန် ရေးချင်စိတ်တွေဟာ ထိန်းမနိုင် သိမ်းမရဘဲ။ စိတ်ဆာတယ်ဆိုတာ ဒါမျိုး နေမှာပေါ့။

ဒါပေမဲ့လည်း စိတ်က ဘယ်လောက်ဆာဆာ ဒီလို ဂန္တဝင်မြောက်တဲ့ စာပေ လက်ရာတစ်ခုကို ဘာသာပြန် တင်ဆက်ဖို့ ဆိုတာမှာ– မူရင်းက စပိန်လို ရေးထားတဲ့ အတွက် စပိန်ကနေ အင်္ဂလိပ်လိုပြန်ထားတဲ့မူက ကောင်းရမယ်။ One Hundred

mgyoe.com

mgyoe.com SAMPLE BOOK

Years of Solitude လို့ နာမည်ပေးပြီး အင်္ဂလိပ်ဘာသာပြန်မှုအနေနဲ့ တင်ဆက်သူ ဘာသာပြန် စာရေးဆရာကြီးက အနောက်တိုင်းရဲ့ မာကေးလို့ နာမည်ကျော်တဲ့ Gregory Rabassa သူ့ အင်္ဂလိပ်မူဟာ မူရင်းစပိန်မူကို မှီတယ်။ အင်မတန် ကောင်းတယ်လို့ Review တွေက တညီတညွတ် ဆိုကြတယ်။ မူရင်း ဘယ်လောက် ကောင်းနေနေ မြန်မာလို ပြန်နိုင်စွမ်း ရှိရမယ်။ ဘာသာစကား ဖလှယ်လို့ ရရမယ်။ အဲဒီအတွက် အခန်းနှစ်ဆယ် ရှိတဲ့ ဒီဝတ္ထုကို တစ်ခန်းဖတ်ပြီးတိုင်း Analytic Review တွေဖတ်၊ အဓိပ္ပာယ်နှစ်ခွ သုံးခွထွက်တဲ့ စာလုံးတွေစီ၊ အနက်ကို ကြံဆ၊ ချရေးပြီး တစ်ခန်းချင်းစီ တစ်ပိုင်းချင်းစီ ဘာသာပြန်ရေးလိုက်တာ တစ်အုပ်လုံးကို နှစ်လကျော် အချိန်အတွင်း ပြီးအောင် ပြန်လိုက်နိုင်ခဲ့တယ်။ စာအုပ်နာမည်က ဝေးလွင့်ကင်းကွာနှစ်တစ်ရာ (အခုဆို ဒီစာအုပ်ကို ဒီလောက်အချိန်နဲ့ ပြီးအောင်ရေးဖို့ဆိုတာ မဖြစ်နိုင်လောက်ဖူး။ ကာလဒေသ ပရောဂဆိုတာဟာ အနုပညာတစ် ရပ်ရပ်ကို ဖန်တီးရာမှာ အာရုံခံစားအားအတွက် အတော် အရေးကြီးတယ် ဆိုတာကို စာရေးသက်ကြာလာတဲ့အခါ သဘောပေါက်လာခဲ့ ပါတယ်)

## ၂၀၁၇

သင့်လူဟာ ဘာသာပြန်စာအုပ် (၁၉) အုပ် ထွက်ပြီးတဲ့၊ နာမည် အတန်အသင့် ရှိတဲ့၊ လူအတန်အသင့် သိတဲ့ ဘာသာပြန် စာရေးဆရာ တစ်ယောက်အဖြစ် စာပေအသိုင်းအဝိုင်းထဲ ရပ်တည်နိုင်ချိန်။

တချို့ကတော့ စာရေးဆရာလို့ မသတ်မှတ်ချင်ကြဘူး။ ဘာသာပြန်သူ၊ ဘာသာပြန် သမားဟာ အနုပညာ ပစ္စည်းတစ်ရပ်ရပ်ကို ကိုယ်တိုင် ဖန်တီးသူ မဟုတ်တဲ့အတွက် စာရေးဆရာ အဆင့်အတန်း မဟုတ်သေးဘူး။ စကားလုံး ဖလှယ်သူပဲ ဖြစ်တယ်လို့ ဆိုတဲ့သူက ဆို၊ ဘာသာပြန်ရာမှာ မူရင်းအတိုင်း လိုက်ရမယ်၊ ထောင့်နေရမယ်၊ ချောမွေ့ ပြေပြစ်ခြင်း မရှိရဘူး။ ထောင့်တောင့်တောင့်လေးမှ ဖတ်လို့ကောင်းတာဆိုတဲ့ ဝါဒကို ကျင့်သုံးပြီး ဝေဖန်သူကလည်း ဝေဖန်၊ အမျိုးမျိုး ပြောကြတာကို ကြားရတယ်။ အဲဒါတွေနဲ့ ပတ်သက်လို့ ဘာမှ မခံစားရပါဘူး။ ကိုယ့်အမြင်ကို လွတ်လွတ်လပ်လပ် ပြောလို့ရတဲ့ ခေတ်ကြီးမှာ အားရပါးရ ပြောကြစမ်းပါ။ ဝေဖန်ကြစမ်းပါ။ အရင်ခေတ်တုန်းက ဖူကာဘတ် ကလေး မပေါ်သေးလို့ ဝေဖန်စာဆိုတာကို မဂ္ဂဇင်းထဲ တကူးတက ဖတ်ရတာကိုး။ ခုလို ဖေ့ဘွတ်ခ် ခေတ်ကြီးမှာ ခုချက်ခြင်း ဝေဖန်နိုင်တာ ထူးကဲတဲ့ ကုသိုလ်လို့တောင် ဆိုချင် ဆိုနိုင်တယ်။

ခု အင်မတန် ဆာလောင် မွတ်သပ်စွာနဲ့ မက်မက်စက်စက် ရေးသားခဲ့ရဖူးတဲ့ (ဝေဖန်သူတို့ရဲ့ အလိုအရ စကားလုံးဖလှယ်ခဲ့ ရဖူးတဲ့) ဝေးလွင့်ကင်းကွာနှစ်တစ်ရာ ဟာ ဈေးကွက်ထဲမှာ ကာလအတန်ကြာ ပြတ်လပ်နေခဲ့ပြီလို့ ဆိုကြတဲ့အတွက် (တကယ်က ပြတ်လပ်နေခဲ့ပြီဆိုတာ ရောင်းကောင်းလွန်းလွန်းလွန်းလို့ မထင်ကြလေနဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီ စာအုပ်ထုတ်တုန်းက ကိုယ့်ငွေ ကိုယ်သုံးပြီး ထုတ်ခဲ့ရတာ၊ ၁၅ သိန်း သိန်းနှစ်ဆယ်လောက်ထုတ်ခဲ့တဲ့ အရင်းဟာ ကျောက်ခဲရေချတာကမှ အသံမြည် လိမ့်ဦးမယ်၊ ဖြန့်ချိရေးကလည်း ပြန့်အောင် မဖြန့်နိုင်၊ စာအုပ်တွေဟာ ဖြန့်ချိတဲ့တိုက်ထဲ ပုံထားရင်း ဟိုလူဆွဲဒီလူပေး ပိုးထိုးခြစားနဲ့ ဘဝတစ်ပါး ပြောင်းကုန်တာ၊ ပထမအကြိမ် ထုတ်ဝေခဲ့တဲ့ ဝေးလွှင့်ကင်းကွာနှစ်တစ်ရာ မျက်နှာဖုံးပုံကို သိမ့်ကြသူတွေလည်း ရှိလိမ့်မယ်၊ ကွမ်းယာဆိုင်တွေမှာ ဆေးလိပ်မီးတို့ဖို့ မီးညှိထားတတ်တဲ့ အုန်းဆံကြိုးလို ကြိုးကြီးတစ်ချောင်း အတန်းလိုက် ဆွဲထားတဲ့ပုံကြီး) ခု ကံ့ကော်ဝတ်ရည်ကနေ ဒုတိယအကြိမ်အဖြစ် ပြန်လည်ထုတ်ဝေလိုက်ပါတယ်။


ပထမအကြိမ်တုန်းကတော့ အင်မတိ အင်မတန် ပင်ပန်းခဲ့တယ်။ စာအုပ်ကို ကိုယ်တိုင်ရေးရတယ်၊ ပရုဖ်ကို ကိုယ်တိုင်ဖတ်၊ ကိုယ်တိုင်ပြင်ရတယ်၊ မှားလိုက်တာလဲ သောက်သောက်လဲ၊ ငါးလုံးတစ်လုံးနှုန်းလောက် မှားနေတယ်။ နောက်ဆုံး နိဂုံးချုပ်တဲ့ထိပဲ။ နိဂုံးချုပ်ကို **အရာအားလုံး ပြည်ဖုံးကား** ချခဲ့ပြီ လို့ လွမ်းလွမ်းဆွေးဆွေး ရေးပစ်ခဲ့တာ စာစီစာရိုက်က ပြန်လာတဲ့မူက **အရာလားအုံး ပြည်ဖုံးကားခြခဲ့ပြီ** လို့ ပြန်လာလို့ အတော်ရယ်ချင်ပက်ကျိ ဖြစ်ခဲ့ရသေးတယ်။ နောက်ဆုံး စာအုပ်ဆိုင် တွေကိုလည်း ကိုယ်တိုင်သွားတင်၊ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါ ငွေရှင်းတာ သွားယူနဲ့ ကိုယ့်ကိုယ်ကိုယ် စာရေးဆရာလား၊ စာပေတောက်တိုမည်ရလားလို့ ထင်လာတဲ့အထိ ပါပဲ။

ခုတော့ အဲဒီ အခက်အခဲတွေ မရှိတော့ဘူး။ ခုရှိတဲ့ အခက်အခဲက အဲဒါတွေ အားလုံးထက် ပိုကြီးတယ်။ အဲဒါကတော့ အနုပညာ အာရုံခံစားအားနဲ့ စာရေးချင်တဲ့ စိတ်ဆာလောင်မှု၊ စိတ်ဓာတ်အဟုန်တွေ တက်ကြွမှုတွေ လျော့ပါးကျဆင်းနေတဲ့ ကိစ္စပါပဲ။ အလုပ်များလို့ အလုပ်မအားလို့ ဘယ်လိုပဲ အကြောင်းပြစေကာမူ စာရေးဆရာလို့ ခံယူထားသူ တစ်ယောက်အဖို့ ဒီကိစ္စထက် အရေးကြီးတာ ရှိဦးမလား။ ဒါကြောင့် ဒီ စိတ်ဓာတ်အဟုန်တွေ ဆထက်ထမ်းပိုး ပြန်လည် လှိုင်းတံပိုး ထန်စေဖို့ ဆုတောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စာပေနယ်သား တစ်ယောက်ဖြစ်ရတာ စိတ်ချမ်းသာစရာ ကောင်းသကိုးလေ။

**သင့်လူ**

mgyoe.com

mgyoe.com SAMPLE BOOK



# GABRIEL GARCIA MARQUEZ

mgyoe.com

mgyoe.com SAMPLE BOOK

## ဂေဘရီရယ် ဂါစီယာ မာကေး သို့မဟုတ် ပဥ္စလက် စာပေ ဖန်တီးရှင်

ဂေဘရီရယ် ဟိုဆေး ဂါစီယာ မာကေး။ လက်တင်အမေရိက၏ စာပေသူရဲကောင်း။ ပဥ္စလက် သရုပ်မှန် (Magical Realism) ရေးဟန်၏ ခေါင်းကိုင်အဖ။ နိုဗယ်ဆုရ ကိုလံဘီယာသား စာရေးဆရာ။ ၁၉၂၇ ခုနှစ် မတ်လ (၆) ရက်နေ့မှာ ကိုလံဘီယာ မြောက်ပိုင်း အရာကာတာကာ မြို့သိမ် မြို့ငယ်ကလေးမှာမွေးဖွားပြီး အမေဖက်မှ အဖိုးအဖွား၊ ရေတွက်ခြင်းငှာ မစွမ်းသာအောင် များပြားလှသည့် အဒေါ်များ၊ အဖွားများနှင့်အတူ ကိုးရိုးကားယား ရုပ်ပျက်ဆင်း ပျက်ကြီးမားလှသည့် အိမ်အိုကြီး တစ်လုံးတွင် ဘိုးဘိုး ဘွားဘွားတို့ စိတ်ထင်ရာပြောသည့် ပုံပြင်များထဲမှ နာနာဘာဝများနှင့် ဖက်ပြီး ကြီးပြင်းခဲ့ရသည့် အမျိုးကောင်းသား။ ရင်းနှီးသူတို့က ဂါဘိုဟု ချစ်စနိုးခေါ်ကြသည့် ဂါစီယာ မာကေး၏ စာပေ ဘဝ အထုပ္ပတ္တိကို နားလည်လိုလျှင် အရင်ဆုံး မသိမဖြစ် သိထားရမည်က သူ့နိုင်ငံ ကိုလံဘီယာ အကြောင်းပင် ဖြစ်သည် ဟု သူကိုယ်တိုင်က ဆိုထားခဲ့သည်။

## အိုဘယ့် - ကိုလံဘီယာ

မာကေး၏ စကားအတိုင်းပြောရလျှင် ကိုလံဘီယာသည် ဝိရောဓိများ၏ မိခင်နိုင်ငံ။ နယ်ချဲ့ စပိန်တို့၏ လက်အောက်မှ ၁၈၁၀ ခုနှစ်ကတည်းက လွတ်လပ်ရေး ရပြီး ထင်သလို လွတ်ပြီး လပ်နေခဲ့သည်မှာ ခုချိန်ထိ။ ကြံဖန် ချီးကြူးရလျှင် လက်တင် အမေရိက၏ အစောဆုံး ဒီမိုကရေစီ နိုင်ငံကြီးဟု ဆိုနိုင်သော်လည်း အဆိုပါ စကားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

ကြီးက အများ ထင်နေသလို ငြိမ်းချမ်းရေးနှင့် တရားမျှတရေးတို့ကို ကိုလံဘီယာအတွက် ဆောင်ကျဉ်းပေးခြင်းငှာ မစွမ်းသာခဲ့။

မူလက အယ်လ်ဒိုရာဒိုဟု ခေါ်တွင်သော ထိုနေရာ ထိုဒေသကို ရှေ့ရှာရန်၊ မလိမ်မိုး မလိမ်မာ တိုင်းရင်းသား အရိုင်းအစိုင်းများကို သဗ္ဗုရိသအနွယ်ဝင် ခရစ်ယာန်သူတော်စင်များ ဖြစ်လာစေရန်နှင့် နိုင်ငံရေးအာဏာ ခြေကုပ်ခိုင်မြဲရန် ကျူးကျော်ခဲ့ချိန်မှစ၍ ကိုလိုနီအလွှမ်းဓာတ်၏ ထုံးစံအတိုင်း ကျူးကျော်သူ စပိန်တို့နှင့် ဌာနေ အင်ဒီးယန်းတို့ တစ်ဦးနှင့်တစ်ဦး ပျော်ပျော်ကြီး အမုန်းပွားခဲ့ကြသည်။ ထိုစဉ်က သူများပစ္စည်း အလကား ရမည်ဆိုလျှင် မီးခြစ်ဆံဗူးလောက်ရှိသော မြေကိုပင် သွားရည် တစ်မြားမြား ကျတတ်သည့် နေမဝင်အင်ပါယာမှ အင်္ဂလိပ် အမျိုးကောင်းသားတို့ကရော ကိုလံဘီယာကို လက်ရှောင်ကြပါသလား။ ဟင့်အင်း ဝေးစွခြောက်ပါး။ ဂါစီယာမာကေးက အင်္ဂလိပ် အမျိုးကောင်းသား ပင်လယ်ဓားပြကြီး ဆာဖရန့်စစ်ဒရိတ်ဟု ကင်ပွန်းတပ်ခဲ့သည့် ရေတပ်ဗိုလ် ဒရိတ်သည် ၁၅၆၈ ခုနှစ်တွင် ရိုင်ယိုဟာချာ မြို့ကို ယဉ်ယဉ်ကျေးကျေး အမြောက်ဖြင့် ထုခွင်းခဲ့ချိန်မှစ၍ အင်္ဂလိပ်သည် ကိုလံဘီယာမြေကို ရသလောက် ဖဲ့ယူနေခဲ့ ပြန်သည်။ သို့သော်လည်း ကာလဝိဘက် နောက်ပိုးတက်၍ ပြင်သစ်ဧကရာဇ် စစ်ဘီလူး နပိုလီယန်က စပိန်ကို မီးလောင်တိုက်သွင်းပြီး စပိန်ဘုရင်ကို နန်းချခဲ့သည့် ၁၈၁၀ ခုနှစ်မှာတော့ ချက်ကောင်း စောင့်နေသော ကိုလံဘီယာသားတို့သည် တိုင်းပြည် လွတ်လပ်ရေးကို မိမိတို့ ဘာသာ မိမိတို့ ကြေညာခဲ့ကြတော့သည်။

နောက် ငါးနှစ်ခန့်အထိတော့ ကိုလံဘီယာသားတို့သည် လွတ်လပ်ရေး၏ အရသာကို မြည်းစမ်းခွင့် ရခဲ့သေးသည်။ သို့သော်လည်း ၁၈၁၅ ခုနှစ်မှာတော့ ဗိုလ်ချုပ်ကြီး မူရီလို၏ အာဏာသိမ်းခြင်းကို ခံခဲ့ရသည်။ မြင်းတစ်စီး၊ ဓားတစ်လက်ဖြင့် ထင်ရာစိုင်းတတ်သူများကို သူရဲကောင်းဟု အမိပ္ပါယ်ဖွင့်ဆိုတတ်သော ထိုဒေသတွင် မူရီလို၏ ထက်လှသော ဓါးသွားအောက်မှာ ကိုလံဘီယာသားတို့ သွေးသံတရဲရဲ ဖြစ်ခဲ့ကြရှာသည်။ သို့သော်လည်း အားမငယ်လေနှင့် ကိုလံဘီယာ။ သူ့ထက် သူလူစွမ်းကောင်းဆိုတာ ပေါ်စမြဲမို့ တော်လှန်ရေးသမား ဆိုင်မွန်ဘိုလီဗားက မူရီလိုကို အာဏာယဇ်ပလ္လင်ပေါ်မှ ဆွဲချကာ ၁၈၂၀ ပြည့်နှစ်မှာတော့ သူကိုယ်တိုင် ကိုလံဘီယာ၏ ပထမဆုံး သမ္မတကြီး ဆိုသည့် သမိုင်းမော်ကွန်း ရေးထိုးခဲ့ပြန်သည်။

၁၈၄၉ ခုနှစ်မှာတော့ ကိုလံဘီယာ၏ ဝိရောဓိဓာတ်ကို အစပျိုးမည့် နိုင်ငံရေး ပါတီကြီး နှစ်ခုဖြစ်သည့် ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ်တို့ ပေါ်ပေါက်လာကြသည်။ အဆိုပါ နိုင်ငံရေးအမည်ခံ ပါတီကြီးနှစ်ခုသည် မာကေး၏ စာပေလက်ရာများအပေါ် လွှမ်းမိုးမှု ရှိလှသဖြင့် သူ၏ စာပေဘာဝကို ထဲထဲဝင်ဝင် နားလည်လိုလျှင် အဆိုပါ ပါတီကြီး နှစ်ခု၏ သဘောသဘာဝနှင့် သရုပ်သကန် အမှန်ကို နားလည်ရန် လိုသည်ဟု ဂါစီယာမာကေးက ဆိုခဲ့သည်။ သူ့ဝတ္ထု One Hundred Years of Solitude(ဓွေးလွှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ကင်းကွာ နှစ်တစ်ရာ) တွင် ဝါရင့် ကွန်ဆာဗေးတစ် မာကွန်ဒိုမြို့ အုပ်ချုပ်ရေးမှူး ဒွန်မော့စ်ကိုတီက သူ့သားမက် အော်ရဲလီယာနိုကို ပို့ချခဲ့သည့် နိုင်ငံရေး သင်ခန်းစာအတိုင်း ဆိုရပါလျှင် လစ်ဘရယ်ဝါဒီ ဆိုသူများမှာ ပသျှူးခေါင်းဖြတ် ဂိုဏ်းသားများ၊ လူဆိုးများ၊ ဘုန်းကြီးမြင် ကြိုးစင်တင်ချင်သူများ၊ လက်ထပ်မင်္ဂလာနှင့် ကွာရှင်းခွင့်ကို ဆရာတော်များ လက်ထဲမှ လု၍ တရားရုံးသို့ ပို့လိုသူများ၊ တရားဝင် သားသမီးရော တရားမဝင် သားသမီး ကိုပါ တန်းတူရည်တူ အခွင့်အရေး ပေးလိုသူများ၊ တိုင်းပြည်ကို ကိတ်မုန့်လှီးသလို ဖက်ဒရယ်စနစ် ဆိုသဟာကြီးဖြင့် အစိတ်စိတ် အမွှာမွှာဖြစ်စေပြီး ဗဟိုအာဏာပိုင် အဖွဲ့အစည်းထံမှ အာဏာကို ဓားပြတိုက်လိုသူ လူ့ပေါက်ပန်းများ ဖြစ်၏။ ကွန်ဆာဗေးတစ် ဆိုသူများကတော့ လူသားတို့အပေါ် အုပ်ချုပ်စီမံ ပိုင်ခွင့်ကို ဘုရားသခင်က အပ်နှင်းထားသူများ၊ ပြည်သူ့အကျိုး သယ်ပိုးသူများ၊ ခရစ်တော်၏ တပည့်သာဝကများ၊ အာဏာရပိုင်ခွင့် ရှိသူများနှင့် တိုင်းပြည် ပြိုကွဲမည့် အန္တရာယ်ဆိုးကြီးကို စွမ်းစွမ်းတမံ ကာကွယ်သူ ပညာရှိ သူတော်ကောင်းများ ဖြစ်ကြသည် ဆိုပဲ။ ဆိုလိုသည်ကတော့ အဆိုပါ ပါတီနှစ်ခုသည် အယူဝါဒ သဘောတရားရေးရာတွင် မည်သို့မှ ရင်ကြားစေ့၍ မရလောက်အောင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြသည် ဆိုသည့်သဘော။

မူလဝါဒရေးရာတို့ မည်မျှပင် ဆန့်ကျင်စေကာမူ ပါတီတစ်ခုနှင့်တစ်ခု အပြုတ်ဆော်လိုခြင်း ဆိုသည့်အချက်မှာတော့ တစ်ဆံခြည်မလွဲတူကြသည့် ထိုနှစ်ပါတီသည် သူဦးသူဆော်၊ ကိုယ်ဦးကိုယ်ဆော် စနစ်ဖြင့် ဘတစ်ပြန် ကျားတစ်ပြန် အာဏာလုကြရင်း ပြည်သူလူထုအပေါ်ဖိနှိပ်ခြင်း၊ အဖတ်ဆည်၍ မရအောင် ခြစားခြင်း၊ အာဏာကို မည်သည့်နည်းနှင့်ရရ ရဖို့သာအဓိကဝါဒကို ကိုင်စွဲခြင်း စသည့်အချက်များတွင် တစ်ဖြည်းဖြည်း တူညီလာခဲ့ကြပြီး နောက်ဆုံး နှစ်ပါတီစလုံးက ငါနှင့်မတူ ငါ့ရန်သူ ဆိုသည့် သဘောတရားရေးရာကို ဘုရားဟောကဲ့သို့ လက်ကိုင်ပြုကာ ရေတိုရေရှည် စစ်ပွဲ များဆင်နွှဲခဲ့ကြသည်။ ထို့ကြောင့်လည်း ကိုလံဘီယာ သားတို့မှာ မွေးကတည်းက ကွန်ဆာဗေးတစ်လား၊ လစ်ဘရယ်လားဟု မေးရလောက်အောင် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကြီးခဲ့ရသည်။ ကြာလာတော့ ထိုပါတီကြီးနှစ်ခုမှာ နိုင်ငံရေးပါတီ ဆိုခြင်းထက် တော်ဝင်အိမ်တော်ကြီးများသဖွယ်၊ မိသားစု မာဖီးယားဂိုဏ်းကြီးများ သဖွယ် ဖြစ်တည် လာခဲ့သည်။

နိုင်ငံရေးတွင် ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ် နှစ်မျိုးနှစ်စား ကွဲပြားသလို လူနေမှု စနစ်အရလည်း ကိုလံဘီယာသည် ကမ်းရိုးတန်းသားများနှင့် တောင်ပေါ်သားများ ဟူသော ရန်သူတော် လူမျိုးစုကြီး နှစ်ခု၏ ဘူမိနက်သန် နေရာမှန် ဖြစ်နေခဲ့သေးသည်။ အဆိုပါ မျိုးနွယ်စု နှစ်ခုမှာလည်း တစ်အုပ်စုကို နောက်တစ်အုပ်စုက အရိုင်းအစိုင်းများဟု ဦးသူခေါ်ခဲ့ပြီး ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေသည့် ရန်သူတော်များ ဖြစ်ခဲ့ကြသည်။

ကမ်းရိုးတန်းသားတို့မှာ မြစ်နား၊ ကမ်းနား၊ ပင်လယ်နား နေသူများပီပီ ပင်လယ်ဓားပြများ၊ ကုန်သည်လူညစ်များ၊ ငွေကျွန် လူမည်းများနှင့် ဌာနေအင်းဒီးယန်းများ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုသည့် လေးမျိုးသော သွေးတို့ နှောထားကြသည့် ပျော်ပျော်နေ သေခဲများ၊ စွန့်စားသူများ၊ ပွင့်လင်းလွတ်လပ်သည့် အာကျယ်များနှင့် အယူသီးသူများ ဖြစ်ကြ၏။ မြို့တော် ဘိုဂိုတာနှင့် အနီးပတ်ဝန်းကျင် တောင်တန်းဒေသများမှ တောင်ပေါ်သားများ အုပ်စုကတော့ သူတို့ကိုယ် သူတို့ သွေးသန့်သူများ၊ အထက်တန်းစား တော်ဝင်စပိန်စကားကို အာဂုံဆောင်သူများ၊ ပညာရှိများ၊ ဆင်ခြင်တုံတရား ရှိသူများနှင့် မြို့ကြီးသားများဟု ကင်ပွန်းတပ်ခဲ့ကြသည်။ နဂိုထဲက ထိုသို့ ကွဲပြားခြားနားခဲ့ကြသည့် လူမျိုးစုကြီး နှစ်စုမှာ ကမ်းရိုးတန်းသားများက လစ်ဘရယ် သစ္စာရှေသောက်၍ တောင်ပေါ်သားများက ကွန်ဆာဗေးတစ်စစ်စစ်များ ဖြစ်လာခဲ့ကြသည့်အခါ တစ်ဦးနှင့်တစ်ဦး မကြည့်ချင်လောက်အောင် ဖြစ်ခဲ့ကြသည်။ ဂါစီယာမာကေးကတော့ သူ့ကိုယ်သူ ရေမရောသည့် ကမ်းရိုးတန်းသားစစ်စစ်ဟု ခံယူခဲ့သည်။ သို့သော် လစ်ဘရယ်ကိုလည်း မကြိုက်၊ ကွန်ဆာဗေးတစ်ကိုလည်း မထောက်ခံခဲ့။ နှစ်ပါတီလုံးကို သူထင်သလို ပြောင်လှောင်နေခဲ့သည်။

(၁၉) ရာစု တစ်လျှောက်လုံး ကိုလံဘီယာသည် ပြည်တွင်းစစ်များ၊ ပုန်ကန်ထကြွမှုများနှင့် နပန်းလုံးနေခဲ့သည်။ အာဏာ သိမ်းလိုက်သည်မှာလည်း သူ့ထက်သိမ်းသူပင် သူ့လောက် မသိမ်းဟု ဆိုရလောက်အောင် အကြိမ်ကြိမ် အခါခါ။ ထိုဖြစ်ရပ်များထဲမှ အဆိုးတကာ့ထိပ်ခေါင် ဖြစ်သည့် ရက်တစ်ထောင် ပြည်တွင်းစစ်သည် ၁၈၉၉ ခုနှစ်မှ စတင်၍ ကိုလံဘီယာကို မီးလောင်တိုက် သွင်းခဲ့သည်မှာ ၁၉၀၂ ခုနှစ် လစ်ဘရယ်တို့ ရှုံးနိမ့်ချိန်ကြမှ နိဋ္ဌိတံတော့သည်။ အောက်ခြေလူတန်းစား နင်းပြားများဖြစ်သည့် လယ်သမား တစ်သိန်းကျော် သေကြေပျက်စီးခဲ့သည့် ထိုစစ်ပွဲအတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်ခဲ့သည့် ဂါစီယာမာကေး၏ အဖိုးနှင့် သူ့အပေါင်းအသင်း စစ်ပြန်ကြီးများမှာ နောင်တစ်ချိန် မာကေးဖန်တီးသည့် စာပေလက်ရာများတွင် အဓိကနေရာမှ ပါဝင်ကပြအသုံးတော်ခံ ခဲ့ကြသည်။

ဂါစီယာမာကေး၏ စာပေဖန်တီးမှု အနုပညာတွင် ဩဇာလွှမ်းမိုးခဲ့သည့် နောက်ဖြစ်ရပ်တစ်ခုမှာ ၁၉၂၈ ခုနှစ် သူမွေးသည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော ငှက်ပျောသီးအရေးတော်ပုံ အနိဋ္ဌာရုံ ဖြစ်ရပ်ကြီး ဖြစ်၏။ ကိုလံဘီယာ၏ အဓိက ပို့ကုန်သည် ကော်ဖီဟုအများ လက်ခံယူဆ ထားခဲ့သော်လည်း ၂၀ ရာစု အစောပိုင်းကာလများမှ စ၍ ငှက်ပျောသီးသည် ကိုလံဘီယာ စီးပွားရေး၏ အသက်သွေးကြော ဖြစ်လာခဲ့သည်။ ငှက်ပျောကိုအားပြုခဲ့သည့် ကိုလံဘီယာ ကမ်းရိုးတန်း ဒေသများသည် ကိုလံဘီယာ ငှက်ပျောတော်၊ ကမ္ဘာကျော်စေရေး အတွက် ယူနိုက်တက် သစ်သီးကုမ္ပဏီ ဆိုသည့် အမေရိကန်ကုမ္ပဏီ တစ်ခု၏ ငှက်ပျော လက်ဝါးကြီးအုပ်မှုကို အံကြိတ် ခံခဲ့ကြရသည်။ မြန်မာနိုင်ငံ၏ ကျွန်းသစ်နှင့် အခြား ထွက်ကုန်များကို စတီးဘရားသားစ်၊ ဘုံဘေဘားမား ကုမ္ပဏီလီမိတက် အစရှိသည့် ကုမ္ပဏီကြီးများက သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်ခဲ့သလိုယူနိုက်တက် သစ်သီးကုမ္ပဏီသည် အာဏာရ ကွန်ဆာဗေးတစ် အစိုးရနှင့် လက်ဝါးချင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရိုက်ကာ ကိုလံဘီယာ ငှက်ပျောလုပ်ငန်း တစ်ခုလုံးကို သဘောရှိ ကလောဟိခဲ့သည်။ မတရားသဖြင့် ဂုတ်သွေးစုတ် အမြတ်ထုတ်လွန်းမက ထုတ်လျှင် ဖိလျှင်ကြွ၍ ထိလျှင် ချတတ်သော လူတို့၏ ထုံးစံအတိုင်း တို့မြန်မာ အာဋ္ဌဝက သခင်ဖိုးလှကြီးတို့၏ ရေနံမြေ သပိတ်နည်းတူ ၁၉၂၈ ခုနှစ် အောက်တိုဘာလတွင် ကိုလံဘီယာငှက်ပျောတော သခင်တို့၏ ငှက်ပျောသီး သပိတ်ကြီး စတင်ခဲ့သည်။ လူ သုံးသောင်းနှစ်ထောင်ကျော် ပါဝင်သည့် အရေးတော်ပုံတပ်သား ငှက်ပျောသမားတို့ အဓိက တောင်းဆိုသည်က ထွေထွေထူးထူးတော့ မဟုတ်ကြရှာပါ။ ထုံးစံအတိုင်း ကျန်းမာရေး စောင့်ရှောက်မှုပေးရေး၊ လုပ်ခလစာ တိုးမြှင့်ရေးနှင့် လုပ်ငန်းခွင် အခြေအနေ တိုးတက် ကောင်းမွန်ရေးလောက် သာပါ။

ထိုတောင်းဆိုချက်များကို ယူနိုက်တက် သစ်သီးကုမ္ပဏီမှ လျစ်လျူရှုခဲ့လေသောအခါ ငှက်ပျောသီးသပိတ်သည် တိုးသည်ထက်တိုး၊ ဆိုးသည်ထက်ဆိုးလာခဲ့၏။ ထိုအခါတွင် ကွန်ဆာဗေးတစ် အစိုးရ၏ အမိန့်ဖြင့် ကိုလံဘီယာ စစ်တပ်သည် ၁၉၂၈ ခုနှစ် ဒီဇင်ဘာလအတွင်း ငှက်ပျောသီးသပိတ်ကို ပက်ပက်စက်စက် နှိမ်နင်း ဖြိုခွင်းခဲ့ကြသည်။ လူပေါင်း ထောင်ချီသေဆုံးခဲ့သည့် ထိုအရေးတော်ပုံအကြောင်းကို မာကေးက ဝေးလွင့်ကင်းကွာ နှစ်တစ်ရာတွင် ချောက်ချောက်ခြားခြား တင်ပြထားခဲ့သည်။

မာကေးအပေါ် နောက်ထပ် လွှမ်းမိုးခဲ့သည့် ဖြစ်ရပ်တစ်ခုကတော့ ကိုလံဘီယာ ရာဇဝင်မှာ အကြမ်းဖက်ခြင်းဟု အမည်တွင်ခဲ့သည့် လုပ်ကြံမှုကြီး ဖြစ်သည်။ ထိုကိစ္စကလည်း ငှက်ပျောသီး အရေးတော်ပုံ၏ နောက်ဆက်တွဲ ဖြစ်ရပ်တစ်ခုဟု ယူလျှင်ရသည်။ ၁၉၃၀ တွင် ကွန်ဆာဗေးတစ်၏ ငှက်ပျောသီး အဓိကရုဏ်း နှိမ်နင်းရေး အမှားကြောင့် လစ်ဘရယ်တို့ အာဏာရလာခဲ့သည်။ ပေဖြစ်လျှင်ခံပြီး တူဖြစ်လျှင် နှံတတ်သည့် ကိုလံဘီယာ နိုင်ငံရေးပါတီတို့၏ သဘောသဘာဝအတိုင်း လစ်ဘရယ်အစိုးရ လက်ထက်တွင်လည်း ပြည်သူလူထုအပေါ် ဖိမြဲ၊ နှိပ်မြဲ၊ နင်းမြဲ၊ နယ်မြဲသာတည်း။ ထိုအချိန် ထိုကာလက အစိုးရ၏ တစ်ဖက်စောင်းနင်း မတရားမှုများနှင့် ငို့ဘသမားများ၏ နင်းခြခြစားမှုများ အကြောင်းကို ပြောရဲဆိုရဲ ဝေဖန်ရဲသော လက်တစ်ဆုပ်စာ နိုင်ငံရေးသမားများ ထဲမှာ အထင်ရှားဆုံးက ကွန်ဂရက်စ် လွှတ်တော်အမတ် လစ်ဘရယ်ဝါဒီ ဂျော်ချ်အယ်လီစာ ဂေတန်ဖြစ်၏။ ထို့ကြောင့်လည်း ဂေတန်သည် လယ်သမားများနှင့် အောက်ခြေလူတန်းစား နင်းပြားများ အကြားတွင် အရှင်မွေးတော့ နေ့ချင်းကြီးသည့် သူရဲကောင်း ဖြစ်လာခဲ့သည်။ ဂေတန်နာမည် မိုးထိအောင် လေကားထောင်လာသောအခါ ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ် နှစ်ပါတီလုံးမှ ခေါင်းဆောင်တို့သည် သူ့ကို မျက်စိ စပါးမွေး စူးလာကြ၏။ သို့သော်လည်း ပြည်သူ့အချစ်တော် ဂေတန်သည် အောင်ပန်းပန်၍ အောင်လံလွှင့်လာလိုက်သည်မှာ ၁၉၄၆ ခုနှစ် အရောက်တွင် လစ်ဘရယ်ပါတီသည် မူလလစ်ဘရယ်နှင့် ဂေတန် လစ်ဘရယ်ဟု နှစ်ခြမ်း ဖြန်းဖြန်းကွဲသွားသည်အထိ ဖြစ်ခဲ့သည်။ ထိုလစ်ဘရယ် အကွဲအပြဲကို အခွင့်

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းယူ၍ ကွန်ဆာဗေးတစ်တို့ အာဏာလက်ကိုင် ပြန်ရလာသည်။ ၁၉၄၇ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် လစ်ဘရယ် မဲပေးသူများကို နှိပ်ကွပ်ရေးဟူသည့် မဟာ ဦးတည်ချက်ကြီးကို လက်ကိုင်ထား၍ အရိုးကြေကြေ အရေခန်းခန်း ပြည်သူလူထုကို သတ်တန်သတ်၊ ဖြတ်တန်ဖြတ် လုပ်ခဲ့ကြသော်လည်း ရွေးကောက်ပွဲမှာ ကွန်ဆာဗေးတစ်တို့ သမိုင်းတွင်လောက်အောင် အရှုံးကြီး ရှုံးသွားခဲ့သည်။ တောင်ပြိုကမ်းပြို အနိုင်ရခဲ့သည့် လစ်ဘရယ်တို့သည် အာဃာတများ ဘေးချိတ်၍ ဂေတန်ကို ပါတီခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြသော်လည်း ၁၉၄၈ ခုနှစ် ဧပြီလ (၉) ရက်နေ့မှာတော့ လစ်ဘရယ် ခေါင်းဆောင်ကြီး ဂျော့ချ်အယ်လီစာဂေတန်သည် ဘိုဂိုတာ မြို့လယ်ခေါင်မှာ နေ့ခင်းကြောင်တောင် အပြင်းအထန် အကြမ်းဖက်လုပ်ကြံခြင်း ခံလိုက်ရတော့သည်။ မြို့တော် ဘိုဂိုတာမှာ သုံးရက်တိုင်တိုင် တွေ့ရာသချိုင်း ဓားမဆိုင်း ဆော်ခဲ့နှက်ခဲ့ကြရာ လူပေါင်း (၂၅၀၀) ကျော် သေဆုံးခဲ့သည်။ နှစ်ပါတီစလုံးမှ ခါးပိုက် ဆောင်တပ်များသည် နိုင်ငံအဝှမ်း သူတို့ အချင်းချင်းလည်းဆော်၊ တွေ့သမျှလူလည်း အကုန်ဆော်ခဲ့ကြသဖြင့် မြို့တွေ၊ ရွာတွေ ဖွတ်ဖွတ်ကြေခဲ့ရသည်။ လယ်ယာမြေ ဧကပေါင်းများစွာ ပတ်ကြား အက်ခဲ့ရသည်။ လယ်သမား တစ်သန်းခန့် ဗင်နီဇွဲလားသို့ သွားရောက် ခိုလှုံခဲ့ကြရသည်။ မည်သို့မှ ရင်ကြားစေ့၍ မရသည့် အဆိုပါ အကွဲအပြဲကြီးမှာ ၁၉၄၉ ခုနှစ် ကွန်ဂရက်စ် မိန့်ခွန်း မြွက်ကြားနေသည့် လစ်ဘရယ် ခေါင်းဆောင်တစ်ဦးကို ကွန်ဆာဗေးတစ်များက ကွန်ဂရက်စ် ခန်းမထဲမှာပင် သေနတ်ဖြင့် ပစ်သတ်လိုက်ခြင်းအားဖြင့် ပိုမို ဆိုးရွားလာစေခဲ့ပြီး ကွန်ဆာဗေးတစ်တို့က လွှတ်တော်ကို ဖျက်သိမ်းခြင်း၊ လစ်ဘရယ်တို့အား ထိုအချိန်မှာ ခေတ်စားလာခဲ့သည့် စကားလုံးဖြစ်သည့် ကွန်မြူနစ်ဟု နဖူးမှာ တံဆိပ်ကပ်ကာ ပြစ်ဒဏ်အမျိုးမျိုး စီရင်ခြင်း၊ ချောင်းမြောင်း သတ်ဖြတ်ခြင်းတို့ဖြင့် စည်စည်ကားကား ဖြစ်လာခဲ့သည်။ စာရင်းချုပ်လိုက်သောအခါ ၁၉၄၈ ကစ၍ ၁၉၅၃ မှ ဆုံးသွားခဲ့သည့် အကြမ်းဖက်ခြင်း ဖြစ်ရပ်ကြီးသည် ကိုလံဘီယာသား တစ်သိန်းခွဲ၏ အသက်ဇီဝများကို ချုပ်ငြိမ်းစေခဲ့ပြီး တိုင်းပြည်ကို ဒေါ်လာ သန်းငါးရာကျော်ဖိုးမျှ ဆုံးရှုံးနစ်နာ စေခဲ့သည်။ ဂါစီယာမာကေး၏ ဝတ္ထုတိုနှင့် ဝတ္ထုလတ် အမြောက်အများတွင် ထိုအကြောင်းကို တို့ထား၊ ထိထားခဲ့သည်။ အထင်ရှားဆုံးကတော့ **မိစ္ဆာမြူးချိန်** (In Evil Hour) ဝတ္ထုဖြစ်၏။

## မိသားစု

ဂါစီယာမာကေး၏ မိသားစုဝင်များအနက် သူ့စာပေဘဝတွင် အရေးအပါဆုံး ပုဂ္ဂိုလ်နှစ်ဦးမှာ အမေဘက်မှ အဖိုးနှင့် အဖွားသာ ဖြစ်သည်။ သူ့အဖိုး ဗိုလ်မှူးကြီး နစ်ကိုလတ်စ် ရီကာဒိုမာကေးမက်ဂျီယာက ရက်တစ်ထောင်စစ်ပွဲ ဆင်နွှဲခဲ့သည့် လစ်ဘရယ်

mgyoe.com

mgyoe.com SAMPLE BOOK

စစ်ပြန်ကြီးတစ်ဦး။ အရာကာတာကာ ရွာကလေးကို စတင်တည်ထောင်သူ၊ ကမ်းရိုးတန်းသားများ အကြား ရေပန်းစားခဲ့သည့် သူရဲကောင်းတစ်ဦး။ ငှက်ပျောသီး အရေးတော်ပုံ လက်သည်များကို ဖော်ထုတ်အရေးယူဖို့ ကွန်ဂရက်စ်ကို ကြိမ်ဖန်များစွာ စာရေးသားတောင်းဆိုခဲ့သူ။ လွန်စွာ ရှုပ်ထွေး၍ စိတ်ဝင်စားဖွယ် ကောင်းလှသည့် အကြောင်းချင်းရာများကို စီကာပတ်ကုံး ပြောတတ်သူ၊ စိန်ခေါ် သေနတ်ပစ်ပွဲများတွင် အမြဲတမ်း အနိုင်ရတတ်သူ၊ တရားဝင်ရော တရားမဝင်ပါ သားသမီး တစ်ဆယ့်ခြောက်ယောက်တို့၏ ဖခင်။ မြေးငယ် ဂါစီယာမာကေးကို စစ်ပွဲအကြောင်း မြိန်ရေယှက်ရေ ပြောပြတတ်သည့်၊ ဆပ်ကပ်ပွဲများကို နှစ်စဉ် ခေါ်သွားတတ်သည့်၊ မြေးငယ်ကို လက်တွဲကာ ယူနိုက်တက် သစ်သီးကုမ္ပဏီ ရေခဲစက်အတွင်းမှ ရေခဲတုံးကို  တကူးတက သွားကြည့်တတ်သည့် ဘိုးဘိုး မာကေးက လူတစ်ယောက်ကို ကိုယ်ထိ လက်ရောက် သတ်ရတာလောက် ပင်ပန်းတာ လောကမှာမရှိဆိုသည့် စကားကို သူ့မြေး မာကေးအား အမြဲပြောပြ တတ်သည်။ နောင်တစ်ချိန် ဂါစီယာမာကေး ဖြစ်လာတော့ ထိုစကားလုံးသည် သူ့ဇာတ်ကောင်များ ပါးစပ်ဖျားမှာ နှုတ်တက်ရွရွ ရွတ်ဆိုတတ်သည့်စကား ဖြစ်၍ လာခဲ့သည်။

သူ့အဘွား ထရန်ကွီလီနာအီဂွာရန်ကိုတီ ကလည်း မြေးငယ် ဂါစီယာမာကေး တစ်ယောက် ကမ္ဘာကျော်စာရေးဆရာ ဖြစ်လာဖို့ အကြောင်းဖန်သည့်နေရာတွင် သူ့အဖိုးဗိုလ်မှူးကြီးထက် သာလျှင်သာ သာလိမ့်မည်။ လျော့တော့ မလျော့။ အဖွား၏ ကျွမ်းကျင်သော ဘာသာရပ်က နာနာဘာဝဗေဒဖြစ်သည်။ ကပ်သီးကပ်သတ်၊ ပေါက်ပေါက်ရှာရှာ သရဲတစ္ဆေ၊ စုန်း၊ ကဝေ၊ ဖုတ်၊ သဘက်၊ ပြိတ္တာ၊ မှော်ဆရာတို့အကြောင်းကို သူခရေစေ့တွင်းကျ သိ၏။ အဆိုပါ နာနာဘာဝ ပါရဂူဖြစ်သော အဖွားနှင့် သူ့လိုပင် ကျွမ်းကျင်ကြကုန်သော မြောက်များလှသည့် သူ့ညီမများ ပေါင်းလိုက်သော အခါ မာကေး စံအိမ်သည် သရဲ၊ သဘက်၊ ကျိန်စာ၊ မိစ္ဆာတို့နှင့် တင်းကြမ်း ပြည့်နှက်နေလေတော့သည်။ အဘိုးဖြစ်သူကတော့ သူ့မိန်းမနှင့်တကွ မျိုးတော်ရှစ်သောင်း ခယ်မအပေါင်း၏ သရဲ ပုံပြင်များကို အပြင်းအထန် ဝေဖန် ရှုံ့ချတတ်၏။ တစ်ခါက သူ့မြေးကို ဤသို့ ပြောခဲ့ဖူး၏။

“သူတို့ ပြောတာတွေကိုလျှောက်နားမထောင်နဲ့ကွ၊ မိန်းမတွေ လျှာအရိုးမရှိတိုင်း ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေကြတာ ငါ့မြေးရ”

ထိုစကားကို စာရေးဆရာလောင်းလျာ ဂါစီယာမာကေးကလေးက မြေဝယ်မကျ ခံယူရင်း အဖွားများ၏ ပုံပြင်များကို နေ့စဉ်မပျက် မှတ်သားနာယူခဲ့သည်။ နားထောင်ရင်း သူ သတိထားမိလာသည်က အဘွား ပုံပြောသည့် နည်းလမ်း။ မည်မျှပင်ယုတ္တိ၊ ယုတ္တာ မဲ့စေကာမူ အဖွားသည် နာနာဘာဝ ပုံပြင်များကို သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသလို၊ ဘယ်လိုမှ ငြင်းဆန်၍ မရသည့် ပရမတ္တသစ္စာ တစ်ခုလို လေမျိုးဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောနေခဲ့သည်ကော။ ထိုပြောဟန်၊ ထိုလေသည် နောင် အနှစ်သုံးဆယ်အကြာ ဂါစီယာမာကေးကို ကမ္ဘာတစ်ခွင် သိမ့်သိမ့်တုန် သွားစေမည့် ဝေးလွင့်ကင်းကွာနှစ်တစ်ရာ ဝတ္ထုကြီး၏ အဓိက ရေးဟန် ဖြစ်လာခဲ့သည်။

သူ့မိဘ နှစ်ပါးကတော့ ကလေးဘဝတစ်လျှောက်လုံးမှာ သူနှင့် တစ်မိမ်းပြင်ပြင် ရှိနေခဲ့သည်။ ဗိုလ်မှူးကြီးမာကေးနှင့် တရားဝင်ဇနီး ထရန်ကွီလီနာတို့၏ တရားဝင်သားသမီး နှစ်ဦးအနက် တစ်ဦးဖြစ်သည့် သူ့အမေ လွီဇာဆန်တာယာဂါမာကေးအိဂွာရန်သည် ကံအကြောင်း မလှစွာဖြင့် သူ့အဖေဖြစ်လာမည့် ဂေဘရီရယ်အီလီဂီယိုဂါစီယာနှင့် ချစ်ကြိုး သွယ်ခဲ့မိသည်။ ကံအကြောင်း မလှစွာဖြင့်ဟု ပြောရခြင်းမှာ အကြောင်းရှိ၏။ ဂါစီယာမာကေး၏ ဖခင်ဖြစ်လာမည့် ဂေဘရီရယ်အီလီဂီယိုဂါစီယာမှာ သူတို့၏ ထာဝရရန်သူ ကွန်ဆာဗေးတစ်တစ်ဦး ဖြစ်ယုံမျှမက သူတို့ အလွန်မုန်းသော သစ်ရွက်သေတစ်ရွက် ဖြစ်နေခြင်းကြောင့်ပင်။ သစ်ရွက်သေ ဆိုသည်က ငှက်ပျောသီး ပို့ကုန်လုပ်ငန်းအတွက် အရာကာတာကာသို့ ရောက်ရှိလာသော မိုးကျရွှေကိုယ် ကုန်သည်များကို မြို့ခံတို့က ကဲ့ရဲ့သဂြိုဟ် အတင်းဆိုသော ဗန်းစကားတစ်ခု ဖြစ်၏။ ဘာမှ အသုံးမကျ၊ တံမြက်စည်းဖြင့် လှဲထုတ်လိုက်ဖို့သာ ကောင်းသည့် အဆင်းလှဆန်း၊ လူ့ပေါက်ပန်းများဟု တင်စားခေါ်ဝေါ်ခြင်းမျိုးပင်။ ထိုအချိန်တွင် ဂါစီယာမှာ တရားမဝင် ကလေးလေးယောက်တိတိ ရှိထားပြီးသည့် အိုင်တွေ့တိုင်း ခြေဝင်ဆေးတတ်သူ မိန်းမလိုက်စား တဏှာသမားတစ်ဦးလည်း ဖြစ်နေပြန်သေးရာ လွီဇာ၏ မိဘများ ယမ်းပုံမီးကျ ဖြစ်ရခြင်းကို အဆိုးမဆိုသာ။ လစ်ဘရယ်စစ်စစ် ဗိုလ်မှူးကြီးမာကေး၏ သမက် ဖြစ်ထိုက်သည့် အရည်အချင်း နည်းနည်းမှ ရှိသူမဟုတ်။ သို့သော် ဂါစီယာက ဖွဲကောင်းသည့် ဗီရိယသမား။ လွီဇာကို တယော တစ်ဖုံ၊ ကဗျာ တစ်မျိုး၊ မေတ္တာစာ တစ်သွယ်၊ ကြေးနန်း တစ်နည်း အမျိုးမျိုးဖြင့် မရိုးရအောင် ပိုးပန်းရင်း မေတ္တာပန်းကို ဆွတ်လှမ်းနိုင်ခဲ့သည်။ သို့ကလို ဆိုပြန်တော့လည်း သူတို့နှစ်ယောက်ကို ဘာမှ မတတ်နိုင်ဘဲ လက်ထပ်ထိမ်းမြား ပေးခဲ့ရသည်ပေါ့။ ဆေးကျောင်းသားဟောင်း တစ်ဦးဖြစ်သည့် ကွန်ဆာဗေးတစ်ဂါစီယာနှင့် လစ်ဘရယ်မျိုးနွယ် လွီဇာတို့သည် လက်ထပ်ထိမ်းမြားပြီးသည့်အခါ ဗိုလ်မှူးကြီးမာကေး၏ မွေးရပ်မြေ ရိုင်ယိုဟာချာမှာ အခြေချ နေထိုင်ခဲ့ကြသည်။ ဂါစီယာမာကေးသည် စာရေးဆရာ ဖြစ်လာသည့်အခါ သူ့မိဘနှစ်ပါး၏ လွမ်းဆွတ်၊ တမ်းတ၊ ရင်မောဖွယ် ကောင်းသည့် အချစ်ဇာတ်လမ်းကိုလည်း ချမ်းသာမပေးဘဲ ဝတ္ထုရေးခဲ့ပြန်သည်။ ချစ်ခြင်းတရားနှင့် ပတ်သက်၍ သိမ်သိမ်မွေ့မွေ့၊ နက်နက်နဲနဲ၊ သူ့ထုံးစံအတိုင်း ချောက်ချောက်ချားချား ဖြစ်အောင်လည်း တင်ဆက်ထားခဲ့သည့် ထိုဝတ္ထုကတော့ ၁၉၈၅ ခုနှစ်တွင် ထုတ်ဝေပြီး ၂၀၀၇ ခုနှစ်မှာ ရုပ်ရှင်အဖြစ် တင်ဆက်ခဲ့သည့် ကပ်တွင်းမှ ချစ်ခြင်း (Love in the time of Cholera) ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ငယ်ဘဝ

၁၉၂၈ ခုနှစ် မတ်လ (၆) ရက်နေ့တွင် ဂါစီယာမာကေးကို ဖွားမြင်သန့်စင်ခဲ့သည်ဟု မှတ်တမ်း အထွေထွေက တညီတညွတ်တည်း ဆိုသော်လည်း သူ၏ မွေးသဖခင် ကျေးဇူးရှင် ဂါစီယာကတော့ သူ့သားကို ၁၉၂၇ ခုနှစ်တွင် ဖွားမြင်သည်ဟု အမြဲပြောလေ့ ရှိခဲ့သည်။ ဂါစီယာမာကေးကို ဖွားမြင်ချိန်က သူ့မိဘနှစ်ပါးမှာ ကုန်းကောက်စရာမရှိအောင် ဆင်းရဲတွင်း နက်လှသဖြင့် မာကေးကလေးသည် အဘိုးအဘွားတို့၏ လက်တွင်းသို့ သက်ဆင်းခဲ့ရသည်။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသည်ဟု ဆိုရမလား။ မာကေးသည် ငှက်ပျောသီး အရေးတော်ပုံ၏ ဖွားဖက်တော် ဖြစ်ခဲ့သည်။ မာကေးမွေးသည့်နှစ်မှာပင် အရာကာတာကာမှ ဆန္ဒပြ အလုပ်သမား တစ်ရာကို ပစ်သတ်ပြီး ကျင်းကြီးတစ်ခုအတွင်း အားလုံးကို လုံးထွေးမြှုပ်နှံခဲ့သည်။ ဖွားဖက်တော်ပီပီ မာကေးသည် ငှက်ပျောသီး အရေးတော်ပုံကို လွန်စွာစွဲလန်း၏။ အခါအားလျော်စွာ စာထဲထည့်ရေးတတ်၏။

ဂါဘိုတို သို့မဟုတ် ဂေဘရီရယ်လေးဟု ချစ်စနိုး ခေါ်ခဲ့ကြသော ဂါစီယာမာကေးသည် အဘိုး၏ ရာဇဝင်ထဲမှ သူရဲ ကောင်းပုံပြင်များ၊ အဖွား၏ နာနာဘာဝပုံပြင်များကြားမှာ အရှက်အကြောက်ကြီးပြီး စကားနည်းသည့် သူငယ်ကလေးတစ်ဦး အဖြစ် ကြီးပြင်းလာခဲ့သည်။ သူ့အဘိုး ဗိုလ်မှူးကြီးက သူ့အိမ်ကို ဂ္ဂလတ္တိယဂေဟာဟု မဲ့ရွဲ့ကာ ဆိုခဲ့၏။ သူဆိုခဲ့ သလိုပင် မိန်းမတွေချည်း တင်းကြမ်းပြည့်နှက်လျက် ရှိသည့် ထိုအိမ်ဂေဟာဝယ် တစ်ယောက်တစ်ပေါက် ထင်ရာပြောကြသည့် တစ္ဆေပုံပြင်များကြောင့် မာကေးလေးခမျာ အခန်းထောင့်ရှိ ကုလားထိုင်ပေါ်မှပင် မထရဲလောက်အောင် အကြောက်ကြီးကြောက်ခဲ့ရသည်။ ထိုအရာများအား ကလေးတို့၏ ကိုယ်ရည်ကိုယ်သွေးကို ထိခိုက်ပျက်စီးစေမည့် ကိစ္စများအဖြစ် ခေတ်သစ် ကလေးသူငယ် ပျိုးထောင်ရေး နိသျှရည်းဘုတ်အုပ်များက ပုတ်ခတ် ရှုံချခဲ့ကြသော်လည်း ဂါစီယာမာကေး အတွက်ကတော့ ထိုအရာများသည် သူ့ကို ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးအဖြစ် တွန်းပို့ခဲ့သည့် ရေခံမြေခံများ ဖြစ်နေခဲ့သည်။ ပြည်တွင်းစစ်၊ ငှက်ပျောသီး အရေးတော်ပုံ၊ တစ်ရုံးရုံး တစ်ဝုန်းဝုန်းနှင့် ကုလားသိုက် ကျားဝင်ကိုက်သလို ဆူညံအာပြလှသည့် အဒေါ်များ၊ မိဘနှစ်ပါး၏ ချစ်ခြင်းမေတ္တာ၊ ထိုအကြောင်းများနှင့် ပါတ်သက်၍ မာကေးက ဤသို့ ရေးခဲ့၏။

"ကျွန်တော် ဖန်တီးတဲ့ လက်ရာ အားလုံးနီးပါးဟာ ကျွန်တော့် အဘိုး၊ အဘွားတွေနဲ့ နေခဲ့ရတဲ့ အချိန်တုန်းက အဖြစ်အပျက်နဲ့ ခံစားမှုတွေ အကြောင်းပါပဲ"

သူ ရှစ်နှစ်သားတွင် အဖိုးဆုံးပါးခဲ့ပြီး အဖွားကလည်း မျက်စိကွယ်လုနီးပါး ဖြစ်လာခဲ့သဖြင့် မာကေးသည် မိဘနှစ်ပါး ရှိရာ ဆူကရေးသို့ ပြောင်းရွှေ့ခဲ့ရသည်။ သူ့အဖေက ထိုမြို့လေးတွင် ဆေးဝါးကျွမ်းကျင် ပညာရှင်အဖြစ် အသက်မွေး လျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆူကရေး ရောက်ပြီး ဖင်နွေးအောင်တောင် မနေရသေးမီ မိဘများက သူ့ကို ကျောင်းထားဖို့ စီမံခဲ့ကြသဖြင့် မဂ်ဒယ်လီးနား မြစ်ကမ်းနဖူးမှ ဆိပ်ကမ်းမြို့ဖြစ်သည့် ဘာရန်ကွီလာသို့ ကျောင်းအိပ်ကျောင်းစား ဘော်ဒါ ကျောင်းသား အဖြစ်သွားခဲ့ရသည်။ ထိုကျောင်းတွင် ကာတွန်းဆွဲပြီး ရယ်စရာကောင်းသည့် ကဗျာများ စပ်တတ်သော အရှက်ကြီးသည့် ကောင်ကလေးဟု သူ နာမည်ရလာခဲ့သည်။ အမြဲတမ်း ထုံထိုင်း မှိုမှိုင်းကာ ချောင်ထဲတွင် ကုပ်နေတတ်သော၊ ကိုယ်လက်လှုပ်ရှား ကစားခုန်စား နည်းပါးလှသော သူ့ကို အတန်းဖော်များက အဘိုးကြီးဟု နာမည်ပြောင် ပေးခဲ့ကြသည်။

သူ (၁၂) နှစ်သား၊ ၁၉၄၀ ခုနှစ်တွင်တော့ ပညာသင်ဆုရသဖြင့် မြို့တော် ဘိုဂိုတာ၏ မြောက်ဖက် မိုင်သုံးဆယ် အကွာတွင်ရှိသော ဇီပါကွီယာမြို့ရှိ အထက်တန်း ကျောင်းသို့ ပြောင်းရပြန်သည်။ ဘာရန်ကွီလာမှ ဇီပါကွီယာသွား တောလားမှာ ရက်သတ္တ တစ်ပတ်ကျော်ကြာပြီး ဘိုဂိုတာမြို့တော်ကို ဖြတ်သန်းသွားရသဖြင့် မာကေးသည် မြို့တော် ဘိုဂိုတာကို ပထမဆုံးအကြိမ် ရောက်ဖူးခဲ့သည်။ မြို့တော် ဘိုဂိုတာကို မြင်လျှင်မြင်ချင်း ဖြစ်ပေါ်လာသော ခံစားမှုမှာ ဖင်ခေါင်းကျယ်လှသည့် တောင်ပေါ်သားတို့၏ ဤမြို့တော်၊ မုန်းစရာ ကောင်းလှသည့် ဤမြို့တော် ဟူသတတ်။ ကမ်းရိုးတန်းသား၏ ဇာတိပုည ဂုဏ်မာနကို မာကေးက ဤသို့ ပြခဲ့သလေ။

ဇီပါကွီယာက ကျောင်းကို ရောက်တော့ မာကေး အစွမ်းပြတော့သည်။ ကျောင်းစာတွင်မဟုတ်။ ကာတွန်း၊ ပုံပြင်နှင့် ဝတ္ထုတို့ကို အကြီးအကျယ် စွဲလန်းလာခြင်း တည်း။ သူကိုယ်တိုင်ဖတ်ပြီး အတန်းဖော်များကိုလည်း မြိန်ရေယှက်ရေ ပြောပြတတ်သဖြင့် မာကေးနားမှာ အမြဲတမ်း သူငယ်ချင်းတွေ ဝိုင်းဝိုင်း လည်နေခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် မာကေး အထက်တန်း အောင်မြင်ခဲ့၏။ မိဘများ၏ ဆန္ဒအရ (၁၈) နှစ်သား လူငယ်လေး ဂါစီယာမာကေးသည် ဘိုဂိုတာရှိ ကိုလံဘီယာ အမျိုးသားတက္ကသိုလ်တွင် ဥပဒေ ကျောင်းသား တစ်ဦး ဖြစ်လာခဲ့သည်။

ထိုအချိန်မှာ သူ၏ ကြင်ဖက်ဖြစ်လာမည့် ကလေးမနှင့် စတင်ဆုံဆည်းခဲ့ခြင်း ဖြစ်သည်။ တက္ကသိုလ်မတက်မီ မိဘအိမ် ပြန်လာခဲ့သော မာကေးမှာ အိမ်တွင် အသားညိုညို၊ စကားနည်းနည်း၊ အီဂျစ်နွယ်ဖွား မာစီးဒီးစ် ဘာချာပါဒိုနှင့် စတင် ဆုံဆည်းခဲ့သည်။ ထိုစဉ်က မာစီးဒီးစ်မှာ အသက် (၁၃) နှစ်သာ ရှိသေး၏။ သို့သော်လည်း ထိုကလေးမ၏ ပုံရိပ်သည် မာကေး၏ အတွေးအာရုံကို အကြီးအကျယ် ဖမ်းစားနိုင်ခဲ့သည်။ ထိုအကြောင်း များကို အာရုံယူ၍ မာကေးသည် ဝေးလွင့်ကင်းကွာ နှစ်တစ်ရာကို ဖန်တီးသောအခါ ဗိုလ်မှူးကြီး အော်ရဲလီယာနိုက အရွယ်မရောက်သေးသည့် ရီမီဒီယို့စ်မော့စ်ကိုတီကို စွဲလမ်းတမ်းတနေပုံကို တခမ်းတနား ရေးဖွဲ့ခဲ့ပြန်သည်။

ဤသို့ မနေနိုင် မထိုင်နိုင် အချစ်ဆိပ်တက်နေသော မာကေးသည် မာစီးဒီးစ်ကို မေတ္တာရှိနေကြောင်း ဖွင့်ပြောခဲ့၏။ မာစီးဒီးစ်က သူ့ မေတ္တာကို လက်ခံသော်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ်မတက်ခင် စေ့စပ်ထားနှင့်မည် ဆိုခြင်းကို သဘောမတူ၊ ကျောင်းပြီးအောင် တက်ပါဟု ဆို၏။ ဒီလိုနှင့် နောက် ၁၄ နှစ်ကြာမှ သူတို့ လက်ထပ်ဖြစ်ခဲ့သည်။ အချိန်တန်လျှင် လက်ထပ်မည်ဆိုသည့် နှုတ်ကတိကို မာစီးဒီးစ်က အခိုင်အမာ စောင့်ထိန်းခဲ့သည်လေ။

## ဆာလောင်သည့် နှစ်များ

ကမ္ဘာကျော် စာရေးဆရာကြီးများ၏ ထုံးစံအတိုင်း မာကေးသည် သူ သင်ကြားနေရသည့် ဥပဒေပညာကို နည်းနည်းမှ စိတ်မဝင်စား။ ဒီလိုနှင့် သူ စာသင်ခန်းနှင့် တဖြည်းဖြည်း ဝေးကွာလာခဲ့သည်။ ဘတ်စ်ကားစီး၍ ဘိုဂိုတာမြို့တော် တစ်ခွင် ပြဲပြဲစင်အောင် သူ လျှောက်သွားသည်။ ကဗျာကို အရူးအမူး ဖတ်သည်။ တွေ့ရာနေရာမှ ရတာစားသည်။ စီးကရက်ကို မီးကူးသောက်သည်။ ဆိုရှယ်လစ် ပညာတတ်များ၊ ပန်းချီဆရာများ၊ ဂျာနယ်လစ်များ စသည့် အစိုးရ မျက်စိ စပါးမွေးစူးသော လူများနှင့် ပေါင်းသင်း ဆက်ဆံသည်။ တစ်နေ့မှာတော့ သူ့ဘဝ လမ်းကြောင်းကို ပြောင်းလဲစေမည့် ကိစ္စတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုကိစ္စကတော့ ကပ်ဖ်ကာ၏ အသွင်ပြောင်းခြင်း (The Metamorphosis) ဝတ္ထုကို သူ ဖတ်မိခဲ့ခြင်းတည်း။ မာကေးက ထိုအကြောင်းကို ပြန်ပြောင်း ရေးသားခဲ့ရာတွင်–

"ဝတ္ထုထဲမှာ ဂရီဂေါ်ဆမ်ဆာဟာ တစ်မနက်မှာ ပိုးကြီးတစ်ကောင်အဖြစ် အသွင်ပြောင်းသွားတာကို ဖတ်လိုက်ရတော့ ကျွန်တော် ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်– မင်းရေ ဒါမျိုးတွေ မဖန်တီးနိုင်ဘူးလား" လို့၊ အဖြေက ဖန်တီးနိုင်လွန်းလို့ ဟိုဖက်ကမ်းတောင် လွန်သေးတဲ့"

ဝတ္ထုဟူသည် လေ့ကြီးထိုးရိုးရိုး၊ တစ်လမ်းသွား၊ အစမှ အဆုံးတိုင် ဌာန်ကရိုဏ်းကျနစွာ ရေးဖွဲ့နေရန် မလိုကြောင်း ထိုအချိန်မှစ၍ မာကေး စတင် သဘောပေါက်သွားခဲ့သည်။

"ဝတ္ထုစာပေကို ဒီလို ဖန်တီးလို့ ရတယ်ဆိုတာ ကျွန်တော် မသိခဲ့ဖူးဗျ၊ သိခဲ့ရင် ကျွန်တော် ဟိုးရှေးပဝေသဏီထဲက စာစ ရေးနေလောက်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကပ်ဖ်ကာ ပြောနေတာတွေဟာ ကျွန်တော့ အဖွားပြောတာနဲ့ ယှဉ်လိုက်ရင် အင်မတန်နုသေးတာကိုးဗျ။ အဖွားက ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံး မိစ္ဆာကြီးတွေတောင် အိမ်နောက်ဖေးမှာ သူမွေးထားတဲ့ ကြက်လောက် သဘောထားပြီး ခပ်တည်တည် ပြောခဲ့တာကိုးဗျ"

ဒီလိုနှင့် မာကေး၏ စိတ်အာလျှသည် စာပေအပေါ် အပြင်းအထန် ဆာလောင်တပ်မက်လာခဲ့သည်။ သူမဖတ်ခဲ့ရသည့် စာပေများကို နောက်မှ ရန်သူလိုက်လာသည့်နှယ်

mgyoe.com

mgyoe.com SAMPLE BOOK
တက်သုတ်ရိုက်၍ ဖတ်၏။ ထို့နောက်တွင်တော့ သူ စာစရေးတော့သည်။ သူ၏ ပထမဆုံး ဝတ္ထုတို တတိယအကြိမ်မြောက် အနားယူခြင်း (The Third Resignation) ကို ၁၉၄၆ ခုနှစ်တွင် လစ်ဘရယ် သတင်းစာဖြစ်သော အယ်လ်အက်စ်ပက်တာဒေါက ပုံနှိပ်ဖော်ပြခဲ့သည်။ အယ်ဒီတာ့ မှတ်ချက်ထဲမှာ ကိုလံဘီယာ စာပေပါရမီရှင်သစ်ဟု သူ့ကို ညွှန်းဆိုခဲ့သေးသည်။ မာကေးသည် နောက်ထပ် ဝတ္ထုတို ဆယ်ပုဒ်မျှ ရေးသားပြီး အယ်လ်အက်စ်ပက်တာဒေါ သတင်းစာတွင် ထည့်သွင်း ဖော်ပြခဲ့သည်။ သို့သော် ထိုအချိန်အထိ သူ့ကို ဘယ်သူမှ မသိကြသေး။

လစ်ဘရယ်အသိုင်းအဝိုင်းမှာ မွေးဖွားကြီးပြင်းလာပြီး ကမ်းရိုးတန်းသား တစ်ဦးဖြစ်သည့် မာကေးအဖို့ ဂေတန် လုပ်ကြံခံခဲ့ရသော ၁၉၄၈ ခုနှစ် အကြမ်းဖက်ခြင်းဖြစ်ရပ်ကြီးအပေါ် ထိထိခိုက်ခိုက် ရှုးရှူးမူးမူး ရှိလှသည်။ ထိုအချိန်က သူ ဘိုဂိုတာမှာ ရှိနေခဲ့သည့်အတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင် ပတ်သက်ခဲ့သေးသည်။ သို့သော်လည်း ဘိုဂိုတာရှိ ကိုလံဘီယာ အမျိုးသား တက္ကသိုလ်ကြီး ကမ္ဘာတည်အောင် ယာယီ ပိတ်လိုက်သောအခါ ဂါစီယာမာကေးမှာ မြောက်ပိုင်း မြို့တော် ကာတာဂျီးနားရှိ ကာတာဂျီးနား တက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရသည်။ သို့သော် ဥပဒေကျောင်းသားအဖြစ် အမည်ခံကျောင်းတက်နေရသည်ကို မာကေး ငြီးငွေ့လှပြီ။ ဤသို့ဖြင့် ကာတာဂျီးနားရှိ အယ်လ်ယူနီဗာဆယ် သတင်းစာတွင် ကော်လံစား သတင်းထောက် ဝင်လုပ်၏။ ၁၉၅၀ ပြည့်နှစ်တွင်တော့ သည်းမခံနိုင်တော့သည့် မာကေးသည် ဥပဒေကျောင်းသားဘဝကို ထာဝရစွန့်လွှတ်ပြီး စာရေးခြင်းဖြင့် အသက်မွေးရန် ဘာရန်ကွီလာသို့ ပြန်လာခဲ့တော့သည်။

ထိုအချိန်မှစ၍ ဘာရန်ကွီလာ စာပေ အသိုင်းအဝိုင်းတွင် ကျင်လည် ကျက်စားနေခဲ့သော မာကေးသည် ဟဲမင်းဝေး၊ ဂျိုက်စ်၊ ဝုဖ်နှင့် ဖော့ကနားတို့၏ စာပေများကို အပြင်းအထန် လေ့လာဖတ်ရှုခဲ့၏။ ထိုပုဂ္ဂိုလ်များအနက် သူ့အပေါ် ဩဇာလွှမ်းမိုးမှု အရှိဆုံးက ဝီလီယမ် ဖော့ကနားပင်။ ဖော့ကနား၏ အရေးအသားများက သူ့ကို မှင်သက်လိုက်မော စေခဲ့သည်။ ဖော့ကနား၏ ဖန်တီးထားသည့် ယော့ခ်နာပါတော်ဖွာ စိတ်ကူးယဉ်မြို့ကလေးကို အတွေးဆင့်ပွား၍ မာကေးသည် သူ၏ နာမည်ကျော် ပဋ္ဌလက်မြို့ဖြစ်သည့် မာကွန်ဒိုကို စတင်မိတ်ဆက်ရန် အကြံရခဲ့သည်။ ထိုအချိန်မှ စ၍ ကမ္ဘာ့စာပေလောကတွင် နောင်တစ်ချိန် သိမ့်သိမ့်တုန်သွားစေမည့် လက်တင် အမေရိက၏ ကိုယ်ပိုင်စာပေဟန် ဖြစ်သည့် ပဋ္ဌလက် သရုပ်မှန် (Magical Realism) ဘီးကြီးကို စတင်လှည့်နေခဲ့ပြီဟု ဆိုနိုင်၏။ မာကေးသည် အရင်တုံးက သူရေးခဲ့သည့် ဝတ္ထုများကို အားမရတော့၊ မကြိုက်တော့၊ သရုပ်မှန် ဆန်လွန်းသည်။ တင်ပြပုံ ရိုးလွန်းသည်။ သူ တကယ်ပြောချင်သည့် အရာများကို ထိမိအောင် မပြောနိုင်သေး။ သူ ဘာတွေများ တကယ် ပြောချင်နေပါလိမ့်။ သူ ကိုယ်တိုင်လည်း သေချာတော့ မသိသေး။
mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနှင့် မာကေးသည် သူပြောချင်သည့် အရာကို အသေအချာ သိနိုင်ဖို့အရေး အရှုတ ရှာပုံတော် ဖွင့်ရတော့သည်။ အမေနှင့်အတူ အရာကာတာကာသို့ သူပြန်ခဲ့သည်။ သူငယ်စဉ်ကနေခဲ့သည့် အိမ်အိုဟောင်းကြီးမှာ ခုတော့ ပျက်စီးခြင်းငါးပါး ဆိုက်လျက်ရှိပြီ။ အရာကာတာကာမှာလည်း မြို့ဟောင်း မြို့ပျက် တစ်ခုကဲ့သို့၊ သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ် ငြိမ်သက်လျက်ရှိခဲ့ပြီ။ မာကေးသည် သူပြောချင်သည့် အကြောင်းအရာကို ရေးတေးတေး သိခဲ့ပြီ။ ပြီးပြည့်စုံမှုတော့ မရှိသေး။ သူ ဘာရန်ကွီလာသို့ ပြန်လာခဲ့သည်။ ထိုနှစ်မှာပင် မာကွန်ဒို၏ သရုပ်သကန်ကို ထဲထဲဝင်ဝင် စတင်ဖော်ကျူးသည့် **သစ်ရွက် မုန်တိုင်း** (Beaf Storm) ဝတ္ထုကို သူစတင် ဖန်တီးခဲ့သည်။ ထိုဝတ္ထု တွင် ငှက်ပျောသီး ကုမ္ပဏီ စတင် အခြေချလာစဉ်က အစပြု၍ မာကွန်ဒို ပျက်စီးချိန်အထိ သူ ရေးခဲ့သည်။ သို့သော် မာကွန်ဒိုသည် လက်တင် အမေရိက၏ ယော့ခ်နာပါတော်ဖွာ အဖြစ်၊ ဖော့ကနား ဇာတ်သွင်းခဲ့ခြင်းမျှသာ။ မာကွန်ဒိုဆိုသည်က ဘန်တူး အင်ဒီးယန်း စကား၊ ငှက်ပျောသီးဟု အဓိပ္ပာယ်ထွက်သည်။ ၁၉၅၂ ခုနှစ်တွင် ထိုဝတ္ထုကို ထုတ်ဝေရန်ကြံစည် ခဲ့သော်လည်း ထုတ်ဝေသူက မကြိုက်၊ မာကေးလည်း သူ့ဝတ္ထုကို သူ သိပ်မကြိုက်၊ ဤသို့ဖြင့် သစ်ရွက် မုန်တိုင်းကို အံဆွဲထဲထည့်ကာ မေ့မေ့ပျောက်ပျောက် ထားခဲ့သည်။ ၁၉၅၅ ခုနှစ် ဂါစီယာမာကေး အရှေ့ဥရောပသို့ ရောက်နေချိန်ကြမှ သူ့အပေါင်းအသင်းများက ထိုဝတ္ထုကို ရှာတွေ့ပြီး ပုံနှိပ် ထုတ်ဝေဖြစ်ခဲ့သည်။

ထိုအချိန်အထိ ဂါစီယာမာကေးမှာ ဘာတစ်ခုမှ မည်မည်ရရ အောင်မြင်ခြင်း မရှိသည့် ယောင်ခြောက်ဆယ်သမား တစ်ဦး ဖြစ်နေခဲ့သည်။ ဆင်းရဲခြင်းနွံထဲသို့ တစ်ဝက်မက ကျရောက်ပြီး နွမ်းပါးခြင်း လက်မည်းကြီးဖြင့် ညစ်ထားခြင်း ခံရသော်လည်း သူက အပြုံးမပျက်။ ပျော်ပျော်နေသေခဲ ကမ်းရိုးတန်းသား၏ ဇာတိစိတ်အတိုင်း တစ်ဝါးဝါး၊ တစ်ဟားဟား။ ပချုပ်ဆိုင်အတွင်းက ခန်းဆီးစ 'မ' ကြည့်ရုံမျှမက ပချုပ် ဆိုင်မှာပင် စတည်းချနေထိုင်ခဲ့သော ဂါစီယာမာကေးသည် ဝမ်းရေးအတွက် အယ်လ်ဟာ ရယ်ဒို သတင်းစာတွင် ကော်လံစား သတင်းထောက်အဖြစ် လုပ်ကိုင်ရင်း ပြည့်တန်ဆာများ (မာကေး၏ အလိုအရ ပန်းခြောက်မလေးများ)၊ စီးကရက်များ၊ ကော်ဖီများနှင့် အပေါင်း အသင်းများကြားမှ ဝတ္ထုများ ဆက်လက် ရေးသားနေခဲ့သည်။ ၁၉၅၃ ခုနှစ်မှာတော့ ဆိုင်းမဆင့် ဗုံမပါ အလုပ်မှ နုတ်ထွက်ပြီး နယ်လှည့် စာအုပ် အရောင်းသမား အဖြစ် ကိုလံဘီယာတစ်ခွင် ပြပြစင်အောင် သူငယ်ချင်းတစ်ဦးနှင့်အတူ လျှောက် သွားနေခဲ့သည်။ ထိုကာလများအတွင်း မာစီးဒီးစ်နှင့် စေ့စပ်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှာ မြို့တော် ဘိုဂိုတာသို့ ပြန်လာပြီး အယ်လ်အက်စ်ပက်တာဒေါ သတင်းစာတွင် ရုပ်ရှင် ဝေဖန်သူနှင့် ဝတ္ထုရေးသူ အဖြစ် လုပ်ကိုင်ခဲ့ပြန်သည်။ ဆိုရှယ်လစ် ဝါဒီများနှင့် တဖြည်းဖြည်း ရင်းနှီးလာခဲ့သော ဂါစီယာမာကေးသည် ထိုအချိန်က အာဏာရှင်ဖြစ်သူ ဂူစတာဗိုရိုဂျာပီနီလာ၏ မျက်စိ

mgyoe.com

mgyoe.com SAMPLE BOOK

စပါးမွေးစူးခြင်း မခံရအောင် သတိထား၍ နေထိုင်ခဲ့ရင်းက ဂျာနယ်လစ်အလုပ်ကို စိတ်ဝင်စား လာခဲ့သည်။

သို့သော် ၁၉၅၅ ခုနှစ်တွင် သူ့ကို ဂျာနယ်လစ် ကဏ္ဍာ တစ်ခန်းရပ်ကာ ဝတ္ထု စာပေဖက်သို့ အပြီးအပိုင် ရောက်ရှိစေမည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ ထိုနှစ်တွင် ကယ်လ်ဒတ်စ်ဟု အမည်ရသည့် ကိုလံဘီယာ ဖျက်သင်္ဘောတစ်စင်း ပင်လယ်ထဲတွင် နစ်မြုပ်ခဲ့သည်။ သင်္ဘောသားအားလုံးသေဆုံးပြီး လူးဝစ် အလီဂျန်ဒရို ဗီလက်စ်ကို အမည်ရှိ ရေတပ်သားတစ်ယောက်သာ အသက်ကယ် ဖောကွင်းတစ်ကွင်း စွပ်လျက် ပင်လယ်ထဲတွင် ဆယ်ရက်ခန့် မျောနေပြီး အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့သည်။ သူ့ကို ကယ်ပြီးပြီးချင်း နောက်တစ်နေ့မှာ ဗီလက်စ်ကိုသည် အစိုးရ၏ ဝါဒဖြန့် ကောင်းမှုဖြင့် ဘုမသိ ဘမသိ အမျိုးသား သူရဲကောင်း ဖြစ်ရပြန်တော့သည် တမုံ့။ စွန့်လွှတ် စွန့်စား ရေတပ်သား၊ တိုင်းပြည်ကို စွမ်းစွမ်းတမံ ကာကွယ်သူ၊ လှေခွက်ချည်းကျန် အလံမလှဲ ရှာမှရှားသည့် သူရဲကောင်း၊ နေ့ချင်း ညချင်း သူရဲကောင်း ဖြစ်သွားသည့် ဗီလက်စ်ကိုမှာ ဟိုနေရာမှာ မိန့်ခွန်းပြောလိုက်၊ ဒီနေရာမှာ အမှာစကား ခြွေလိုက်၊ နာရီ၊ ဖိနပ် လူသုံးကုန်ပစ္စည်းများ ကြော်ငြာတွေမှာ သရုပ်ဆောင်လိုက်နှင့် ကြာတော့ သူ သည်းမခံနိုင်တော့။ အမှန်ကို ပြောဖို့ သူ ဆုံးဖြတ်လိုက်သည်။ ကယ်လ်ဒတ်စ် မှာရေတပ်မှ ဖျက်သင်္ဘော ဖြစ်သော်လည်း အမှန်တကယ်တော့ မှောင်ခိုကုန်များကို သယ်ယူပို့ဆောင်နေခြင်း ဖြစ်သည်။ လောဘကြီးပြီး ကုန်ချိန်တွေ မဟားတရား တင်ဆောင်ခဲ့သဖြင့် နစ်မြုပ်ရခြင်း ဖြစ်သည်။ ဒီလိုနှင့် သူ အယ်လ်အက်စ်ပက်တာဒေါ် သတင်းစာတိုက်သို့ ရောက်လာခဲ့သည်။ ထိုအကြောင်းကို သတင်းစာတိုက်မှ လူများကို ဖွင့်ချသည်။ "သင်္ဘောသား တစ်ယောက်၏ ဘဝ ဇာတ်ခုံ" သို့မဟုတ် "ကျွန်တော့် စွန့်စားခန်း အဖြစ်မှန်" ဆိုသည့် သတင်းဆောင်းပါးရှည်ကြီး အဖြစ် သတင်းစာတွင် ထည့်သွင်းရန် ဇာတ်လမ်းရေးဖို့အတွက် ဂါစီယာမာကေးက ရုံးပိုင်း စာရေးဆရာအဖြစ် တာဝန်ယူခဲ့သည်။ ဤသို့ဖြင့် ပြောစမှတ်ပြုရသည့် သတင်းဇာတ်လမ်း ကြီးကို အယ်လ်အက်စ်ပက်တာဒေါ် သတင်းစာတွင် နှစ်ပတ်တိတိ မရပ်မနား ဖော်ပြပြီး သတင်းစာစောင်ရေကလည်း ကြောက်ခမန်းလိလိ တက်လာခဲ့သည်။ အာဏာရှင် ပီနီလာ တစ်ယောက် ဒေါသဖြစ် လိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ အမျိုးသား သူရဲကောင်းကြီး ဗီလက်စ်ကိုအား ရေတပ်မှချက်ခြင်း ထုတ်ပယ်ခဲ့သည်။ ပီနီလာ၏ ဒေါသမျက်စောင်းသည် ဂါစီယာမာကေးအပေါ် သက်ရောက်လာမည်ကို စိုးရိမ်သည့် သတင်းစာတိုက်မှ တာဝန်ရှိသူ များက မာကေးကို အီတလီသို့ စေလွှတ်ကာ အသည်းအသန် နာမကျန်းဖြစ်နေသော ပုပ်ရဟန်းမင်း ပီရပ်စ် ၁၂ ပျံလွန်တော်မူမည့် သတင်းကို သွားယူစေ၏။ သို့သော် ပုပ်ရဟန်းမင်းကြီးက ပျံလွန်တော်မမူဘဲ နာလန်ထ လာခဲ့သည်။ ထို့ကြောင့်လည်း မာကေးမှာ အလုပ်အကိုင်မရှိဘဲ ရောမတွင် သောင်တင်နေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မာကေးသည် ဂျိနီဗာ၊ ရောမ၊ ပိုလန်၊ ဟန်ဂေရီ နေရာအနှံ့ လျှောက်သွားပြီး နောက်ဆုံး ပါရီသို့ရောက်လာခဲ့သည်။ ထိုအချိန်တွင် ပီနီလာအစိုးရက ထိုဇာတ်လမ်းသည် အစိုးရအပေါ် အကြည်ညိုပျက်လောက်အောင် မတော်တရော်တွေ လျှောက်ရေးထားသည်ဆိုသည့် စွဲချက်ဖြင့် အယ်လ်အက်စ်ပက်တာဒေါ် သတင်းစာတိုက်ကို ပိတ်သိမ်းလိုက်သဖြင့် မာကေးလည်း တစ်ခါတည်း အလုပ်ပြုတ်တော့သည်။ ပါရီရှိ လက်တင်ရပ်ကွက်တွင် ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့ နေထိုင်ရင်း သူ **ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါ** (No one writes to the Colonel) အမည်ရှိ ဝတ္ထုလေးတစ်ပုဒ်နှင့် **သောက်သုံးမကျတဲ့မြို့** (This Town of Shit) ဆိုသည့် ဝတ္ထု အစိတ်အပိုင်း တစ်ခု ရေးသားခဲ့သည်။ သောက်သုံးမကျတဲ့မြို့မှာ နောက်ပိုင်း ဖြည့်စွက်ရေးသားပြီး **မိစ္ဆာမြူးချိန်** (In Evil Hour) ဝတ္ထု ဖြစ်လာခဲ့သည်။ ဗိုလ်မှူးကြီးဝတ္ထု ပြီးသည့်အခါ သူ လန်ဒန်သို့ သွားခဲ့သည်။ ထို့နောက် လက်တင်အမေရိကသို့ ပြန်လာခဲ့သည်။ ကိုလံဘီယာသို့မဟုတ်၊ ကိုလံဘီယာ ဒုက္ခသည် အများစု မှီတင်းနေထိုင်ရာ ဗင်နီဇွဲလားနိုင်ငံသို့ ဖြစ်သည်။ ထိုအချိန်တွင် မာကေး၏ ရေးဟန်မှာ ကပ်ဖ်ကာ၊ ဖော့ကနားနှင့် ဟဲမင်းဝေးတို့၏ ဩဇာမှ ကင်းလွတ်စ ပြုလာပြီး သူ့ကိုယ်ပိုင်ရေးဟန်ကို စတင် ထူထောင်နိုင်ပြီ ဖြစ်သော်လည်း သူ မကျေနပ်သေး။ တစ်ခုခု လိုနေသေးသည်။ သူ မျှော်လင့်ထားသည့် အတွေးပုံရိပ်များအတိုင်း ဖြစ်မလာသေး။ သူလိုချင်သည့် လေသံမရတတ်သေး။

ဗင်နီဇွဲလားတွင် သူ့အပေါင်းအသင်းဟောင်း ပလီနီယိုမန်ဒိုဇာနှင့် ပြန်တွေ့ပြီး ကာရာကက်စ် နေ့စဉ် အမည်ရှိ သတင်း စာတစ်စောင်တွင် အချိန်ပိုင်း ဝင်လုပ်ဖြစ်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဂါစီယာမာကေးနှင့် မန်ဒိုဇာတို့သည် အရှေ့ဥရောပ ကွန်မြူနစ် တိုင်းပြည်များသို့ ခရီးထွက်ခဲ့ကြသည်။ ကွန်မြူနစ်ဝါဒသည် ဝိရောဓိ အမိနိုင်ငံ ကိုလံဘီယာအတွက် အဖြေတစ်ခုများ ဖြစ်နိုင်မလား ဆိုသည့် မျှော်လင့်ချက် ကိုယ်စီနှင့်ပေါ့။ မန်ဒိုဇာတော့ မသိ။ ဂါစီယာမာကေးအတွက်ကတော့ ကွန်မြူနစ်ဝါဒသည် သူတို့ ကိုလံဘီယာတွင် အမြစ်တွယ်နေသော အကြမ်းဖက်ဝါဒနှင့် ထူးမခြားနား မျှသာပါ။ ဒီလိုနှင့် သူတို့ ဗင်နီဇွဲလားသို့ ပြန်လာခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဂါစီယာမာကေးသည် ကိုလံဘီယာသို့ မထင်မရှား ပြန်လည်ရောက်ရှိလာခဲ့ပြီး သူ့ကို ဘာရန်ကွီလာတွင် လေးနှစ်လုံးလုံး စောင့်မျှော်နေရှာသော မာစီးဒီးစ်နှင့် လက်ထပ် ထိမ်းမြားခဲ့သည်။ ပြီးတော့ သူတို့ ဇနီးမောင်နှံနှစ်ဦး ဗင်နီဇွဲလားသို့ ချက်ခြင်း ပြန်လည် ထွက်ခွာခဲ့သည်။ မိုမန်တို အမည်ရှိ သတင်းစာ တစ်စောင်တွင် ဝင်လုပ်ခဲ့ပြန်၏။ မကြာပါ။ မိုမန်တိုတွင် ပြဿနာတက်ပြီး အလုပ်မှ ထွက်၏။ ထို့နောက် တော်လှန်ရေးသမား ကက်စရို အောင်ပွဲခံခဲ့သည့် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တော်သို့ ထွက်ခဲ့ကြသည်။ ကက်စရို၏ ကျူးဘား အစိုးရ သတင်းဌာန ပရန်ဆာ လက်တင်နာအတွက် အလုပ်လုပ်ရန် သဘောတူညီမှု ရရှိခဲ့ပြီး ကျူးဘား ခေါင်းဆောင် ကက်စရိုနှင့် ရင်းနှီးသည့် ရင်ဘတ်မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၅၉ ခုနှစ်တွင် မာစီးဒီးစ်သည် သားကြီး ဩရသ ရိုဒရီဂိုကို မွေးဖွားခဲ့သည်။ ထိုအချိန်တွင်သူတို့ မိသားစု အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ဂါစီယာမာကေးမှာ မြောက်အမေရိကတိုက်၏ ပရန့်ဆာလက်တင်နာ သတင်းဌာန တာဝန်ခံ ဖြစ်လာခဲ့သည်။ ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးတွင် ကွန်မြူနစ် သတင်းဌာန တာဝန်ခံ ဖြစ်ရသည်မှာ မလွယ်ရေးချ မလွယ်။ ကက်စရိုကို မြင်ပြင်းကပ်လှသည့် အမေရိကန် လူထုကြောင့် သူ့စိတ်ကြိုက် စာပေများ မဖန်တီးနိုင်မီ နောက်တစ်နေ့ မျက်နှာသစ်စရာ ခေါင်းမရှိတော့မည်ကို စိုးရိမ်ရှာသော မာကေးသည် နောက်တစ်နှစ်တွင် ပရန့်ဆာ လက်တင်နာမှ နှုတ်ထွက်ခဲ့သည်။ မက်ဆီကိုသို့ သူပြောင်းခဲ့သည်။ အမေရိကန် ပြည်ထောင်စုကတော့ ကက်စရို၏ အပေါင်းအသင်းဖြစ်သည့် ဂါစီယာမာကေးကို ၁၉၇၁ ခုနှစ်အထိ ပြည်ဝင်ခွင့် ပိတ်ပင်လိုက်တော့သည်။

မက်ဆီကိုတွင် မာကေးသည် ရုပ်ရှင် ဇာတ်ညွှန်းရေး၏။ ယခင်ရေးထားသော ဝတ္ထုများကို ထုတ်ဝေရန် စိုင်းပြင်း၏။ ဤသို့ဖြင့် **ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါ** ဝတ္ထုသည် ၁၉၆၁ ခုနှစ်တွင် လည်းကောင်း၊ **မေမေကြီး၏ ဈာပန အခမ်းအနား** (Big Mama's Funeral) ဝတ္ထုသည် ၁၉၆၂ ခုနှစ်တွင်လည်းကောင်း အသီးသီး ထွက်လာ ခဲ့သည်။ ထိုအချိန်မှာ ဒုတိယသား ဂွန်ဇာလိုကို မွေးဖွားခဲ့သည်။ ကိုလံဘီယာတွင် ကျန်ရစ်ခဲ့သော သူ့အပေါင်းအသင်းများက ဘိုဂိုတာ ဝတ္ထုပြိုင်ပွဲတွင် ဝင်နွှဲဖို့ အကြံပြု သဖြင့် သူ့ဝတ္ထု **သောက်သုံးမကျတဲ့မြို့**ကို မိစ္ဆာမြူးချိန်ဟု ပြင်ဆင်ဖြည့်စွက် ရေးသား ပေးပို့ ယှဉ်ပြိုင်၏။ နိုင်၏။ စပိန်နိုင်ငံ မက်ဒရစ်တွင် သူ့ဝတ္ထုကို ပုံနှိပ်ထုတ်ဝေ၏။ ၁၉၆၂ မှာပင် မိစ္ဆာမြူးချိန် ထွက်လာခဲ့သည်။ ဂါစီယာမာကေးသည် သူ့စာအုပ်ကို ကြည့်ရင်း ကြက်သေ သေသွားခဲ့သည်။ သူရေးထားတာကို သူ ပြန်မမှတ်မိ။ ထုတ်ဝေသူ သည် သူ့ကို တစ်လုံး တစ်ပါဒမှ မတိုင်ပင်ဘဲ သူ အသေအချာ ရေးထားခဲ့သည့် လက်တင်အမေရိက ဗန်းစကားများနှင့် အဓိပ္ပာယ်ပြည့်ဝသည့် စာကြောင်းများကို အကုန် ဖြတ်ပစ်ပြီး အဘိဓာန်လာ စပိန်စကားလုံးများနှင့် အစားထိုးကာ ရိုက်နှိပ်ခဲ့သည်ကော။ မာကေးတစ်ယောက် အသည်းကို အပ်နှင့်ဆွသလိုခံရခက်လိုက်သည့် ဖြစ်ခြင်း။

မာကေးတစ်ယောက် စိတ်ဓါတ် အကြီးအကျယ် ကျလျက်ရှိသည်။ သူ့ဘဝမှာ ပြောပြလောက်သည့် ဟုတ်ဟုတ်ငြားငြား အောင်မြင်မှုဟူ၍ ဘာမှ မရှိသေး။ သူ့ စာအုပ် တိုင်းမှာလည်း စောင်ရေ ၇၀၀ ထက်ပိုမကုန်။ စာပေလောကမှာလည်း ဂါစီယာမာကေး ဆိုတာ ချိုနဲ့လားလို့ မေးရမည့် အခြေအနေ။ စာမူခဆိုတာ ဝေလာဝေး။ နေနှင့်ဦး၊ နေနှင့်ဦး။ ဂါစီယာမာကေးသည် တစ်ယောက်ထဲ ကြိတ်ပြီး မာကွန်ဒိုအိပ်မက် မက်နေ ခဲ့သည်။ နေသေးသပ၊ ခြံ့ထဲက၊ ချို့ သွေးတမြမြနှင့်ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

# အောင်မြင်ပြီ

သူတင်ပြချင်သည့်၊ သူပြောချင်သည့်၊ သူရေးချင်သည့် အကြောင်းအရာသည် သူ့ဦးနှောက်ထဲတွင် ရုတ်တရက် ချက်ခြင်း ဖျတ်ကနဲ လင်းပွင့်လာခဲ့သည်မှာ ၁၉၆၅ ခုနှစ် ဇန်နဝါရီလအတွင်း မိသားစုနှင့်အတူ အေကာပူလ်ကိုသို့ အပန်းဖြေခရီးထွက်စဉ် အဝေးပြေး ကားလမ်းမပေါ်မှာ ကားမောင်းနေရင်း ပစ္စက္ခ အခိုက်အတန့်လေးမှာ ဖြစ်ပေါ်ခဲ့သည်။ ၁၈ နှစ်သားလောက်ကတည်းက စတင်ကာ နှလုံးသားထဲမှာ သန္ဓေတည်ခဲ့သည့် ဝတ္ထုကြီးတစ်ပုဒ်ကို မည်သို့ တင်ဆက်ရမည်ကို စဉ်းစားနေခဲ့သည်မှာ တကယ်တော့ နှစ်ပရိစ္ဆေတတွေ ကြာခဲ့ပြီဖြစ်သည်။ ထိုအကြောင်းကို မာကေးက ပြန်ပြောင်းပြောပြရာတွင်-

“အဲဒီတုန်းက ဝုန်းကနဲ၊ ဒိုင်းကနဲ ဆိုင်းမဆင့် ဗုံမပါ ကျွန်တော့် ဝတ္ထုကြီးကို ဘယ်လိုရေးရမယ်ဆိုတဲ့ အသိက ဦးနှောက်ထဲကို ဖျတ်ကနဲ ရောက်လာခဲ့သဗျ၊ ဒါနဲ့ပဲ ငယ်ငယ်တုန်းက ကျွန်တော့်ကို ပုံပြောတိုင်း အဖွားပြောလေ့ရှိတဲ့ လေမျိုးနဲ့ ကျွန်တော် ဝတ္ထုကြီးကို စပစ်လိုက်ဖို့ အကြံရလာခဲ့တယ်။ ရေခဲတုံးကြီးကို ကြည့်ဖို့ အဖေခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့တဲ့ မလိမ်မိုး မလိမ္မာအရွယ် ကောင်လေးတစ်ယောက်။ ဒီအကြံဘယ်လို ရလာသလဲဆိုတာ ကျွန်တော်လည်း မပြောတတ်ဖူး၊ ရုတ်တရက်ချက်ခြင်း ကောက်ခါငင်ခါပဲဗျ။ အဖွားက ပုံပြောပြီဆိုရင် အမြဲတမ်း အတည်ပေါက်ပဲ။ ဘယ်လောက် ထူးဆန်းတဲ့ဟာပဲ ဖြစ်ဖြစ် သူ့မျက်နှာ သူ့လေကတော့ ခပ်တည်တည်ပဲဗျ၊ အုတ်နီခဲမျက်နှာဆိုတဲ့ မျက်နှာပေးမျိုးလေ။ ကျွန်တော်လည်း အခု ဝတ္ထုကို အုတ်နီခဲမျက်နှာလေမျိုးနဲ့ စရေးတော့မယ်။ ရေးချင်လှပြီ။ မအောင့်နိုင်တော့ဘူးဗျ”

မာကေးသည် ကားမောင်းနေရင်းက ချက်ခြင်း ပြန်လှည့်ကာ အိမ်သို့ ပြန်လာခဲ့သည်။ ကားကို ရောင်းပြီး သူ့မိန်းမ မာစီးဒီးစ်ကို ပိုက်ဆံတွေ ပုံပေးခဲ့သည်။ အိမ်ထောင်ဦးစီးအဆင့်မှ မှီခို အဆင့်သို့ သူဆင်း၏။ သူ တစ်ခုခုကို သွန်လုပ်ပစ်လိုက်ချင်ပြီ။ နည်းနည်းမှ မအောင့်နိုင်တော့။

“ကျွန်တော်တို့ဆီရှိတဲ့ ပိုက်ဆံနဲ့ဆိုရင် ခြောက်လလောက်တော့ ထိုင်စားနိုင်လိမ့်မယ်လို့ တွက်မိတယ်ဗျ၊ ဒါပေမဲ့ တကယ်တမ်းကြတော့ ကျွန်တော့် ခေါင်းထဲမှာရှိတဲ့ ဝတ္ထုကြီးကို အပြီးသတ်ဖို့ အချိန် တစ်နှစ်ခွဲလောက် ယူလိုက်ရတယ်”

ထိုကာလအတောအတွင်း တစ်နေ့ကို စီးကရက် ခြောက်ဗူးသောက်၍ ဝတ္ထုကြီးကို သရဲမရဲစီးကာ သူရေးခဲ့သည်။ သူ့အခန်းသည် ဆေးလိပ်ငွေ့များနှင့် လှိုင်နေသဖြင့် သူ့အပေါင်းအသင်းများက မာဖီးယား လှိုဏ်ဂူဟု သမုတ်ခဲ့ကြသည်။ ထိုအချိန်အတွင်း မာစီးဒီးစ်မှာ ကြွေးရှင်များ ပတ်လည်ဝိုင်းနေခဲ့သည်။ သို့သော် မည်မျှပင် ခက်ခဲ

mgyoe.com

mgyoe.com SAMPLE BOOK

ပါစေ မာကေးအတွက် စာရွက်လွတ်နှင့် စီးကရက် မပြတ်စေရန် မာစီးဒီးစ်က စီမံဖန်တီးပေးထားခဲ့သည်။ တဖြည်းဖြည်းနှင့် မာကေးသည် ပြောစမှတ်ပြုရလောက်သည့် စာပေဖန်တီးမှုကြီး တစ်ခုကို လုပ်ကိုင်နေပြီ ဖြစ်ကြောင်း သဘောပေါက် လာကြသည့် အပေါင်းအသင်းများ၊ အိမ်နီးနားချင်းများက သူတို့မိသားစုကို ဝိုင်းဝန်း ကူညီခဲ့ကြသည်။

တစ်နှစ်ခန့် အခန်းအောင်းပြီးသောအခါ မာကေးသည် သူရေးသားနေသည့် ဝတ္ထုကြီးမှ ပထမ အခန်းသုံးခန်းကို သူနှင့် အတူ ရုပ်ရှင်ဇာတ်ညွှန်းများ ရေးသားခဲ့သည့် ကားလို့စ်ဖျူရန့်တေးထံသို့ ပို့ပေးလိုက်သည်။ ကားလို့စ်က စုတ်တသတ်သတ်၊ လက်ဖျားတစ်ခါခါ ဖြစ်ခဲ့ရသည်။ နာမည်လည်း မပေးရသေး၊ ပြီးလည်း မပြီးသေးသော်လည်း ဝတ္ထု၏ ဂုဏ်သတင်းက အပြင်လောကတွင် ပျံ့ထွက်လာခဲ့သည်။ ဂါစီယာမာကေးသည် သူ ကိုယ်တိုင်ရော၊ သူ့ဇနီးရော၊ သူ့အပေါင်းအသင်းများ အားလုံးကိုပါ ဝတ္ထုထဲတွင် ထည့်ရေးခဲ့သည်။ နောက်ဆုံး စာမျက်နှာအရောက်မှာတော့ ဝတ္ထု၏ ခေါင်းစဉ်ကို သူ ရှာဖွေ တွေ့ရှိသွားခဲ့သည်။ စပိန်လို Cien años de soledad အင်္ဂလိပ်လို One Hundred Years of Solitude (**ဝေးလွင့်ကင်းကွာ နှစ်တစ်ရာ**) ဟု ဝတ္ထုကို သူ နာမည်ပေးခဲ့ပြီး ရေးပြီးသား စာရွက်ပေါင်း တစ်ထောင့်သုံးရာကျော်၊ နှစ်ကိုတင်း အဆိပ်သင့်လု နီးနီး ညစ်နွမ်းနေသော ခန္ဓာကိုယ်၊ တင်နေသောအကြွေး ဒေါ်လာတစ်သောင်းနှင့် အတူ မာဖီယား လိုဏ်ဂူထဲမှ ဒယိမ်းဒယိုင်ဖြင့် သူထွက်လာခဲ့သည်။ သို့သော် သူပျော်၏။ တုန့်နှိုင်းမမှီအောင် ကျေနပ်သာယာနေ၏။ စာမူကြီးကို အမြန်ဆုံး ထုပ်ပိုး၍ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရီးစ်ရှိ ထုတ်ဝေသူထံ စာတိုက်မှ တစ်ဆင့် ပို့ဆောင်လိုက်သည်။ စာပို့ခ မရှိ၍ နောက်ဆုံးလက်ကျန် အိမ်ထောင်ပရိဘောဂ ပစ္စည်းအချို့ကို ရောင်းချခဲ့ရသေးသည်။

ဤသို့ဖြင့် ၁၉၆၇ ခုနှစ် ဇွန်လတွင် ဝေးလွင့်ကင်းကွာနှစ်တစ်ရာ ဝတ္ထုကြီး ထွက်လာခဲ့သည်။ တစ်ပတ်အတွင်း အုပ်ရေ ရှစ်ထောင် ပြိုက်ကနဲ ကုန်သွားခဲ့သည်။ ထိုအချိန်မှစ၍ အောင်မြင်မှုသည် မာကေးထံသို့ တားမနိုင်ဆီးမရ ဝင်ရောက် လာခဲ့တော့သည်။ စာအုပ်ကို အပတ်တိုင်း အသစ် ပြန်ရိုက်နေရသည်။ သုံးနှစ်အတွင်း အုပ်ရေ ငါးသိန်းရောင်းချ ခဲ့ရသည်။ ဘာသာစကား ၁၄ မျိုးသို့ ပြန်ဆိုခြင်းခံခဲ့ရပြီး အပြည်ပြည် ဆိုင်ရာ ထိပ်တန်း စာပေဆု ၄ ဆု ချီးမြှင့်ခံခဲ့ရသည်။ ကမ္ဘာ့စာပေလောကကို ထိုကဲ့သို့ ဂါစီယာမာကေး ကိုင်လှုပ်ခဲ့ချိန်က သူ့အသက် ၃၉ နှစ်ရှိခဲ့ပြီ။ ခုချိန်တွင် ဝေးလွင့်ကင်းကွာ နှစ်တစ်ရာသည် ဘာသာပေါင်း ၃၀ သို့ ပြန်ဆိုပြီးစီးကာ အုပ်ရေ ဆယ်သန်းကျော်မျှ ထုတ်ဝေ ခဲ့ပြီးပြီ။

ထို ဝေးလွင့်ကင်းကွာ နှစ်တစ်ရာ သည်ပင်လျှင် မာကေးကို လက်တင်အမေရိက စာပေဧကရာဇ် တစ်ပါး ဖြစ်သွားစေခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အနုစာပေလမ်းမှာ ခန့်ညားစွာ လျှောက်လမ်း ခင်းပေးခဲ့သည် ဆိုလျှင်လည်း မှားအံ့မထင်။ သူ့ဝတ္ထု နှစ်တစ်ရာ

mgyoe.com

mgyoe.com SAMPLE BOOK

ထဲကကဲ့သို့ တစ်သက်စားမကုန်သည့် ရွှေသိုက်ကြီးပိုက်မိသလို ငွေကြေး ကျောထောက်နောက်ခံ ပြည့်စုံလာခဲ့သည့် မာကေးသည် ၁၉၆၉ ခုနှစ်တွင် အီတလီနှင့် ပြင်သစ်စာပေဆုများ၊ ၁၉၇၀ ပြည့်နှစ်တွင် အမေရိက၏ တစ်နှစ်အတွင်း အကောင်းဆုံးစာအုပ်ဆု နှင့် အခြား ဆုပေါင်းများစွာကို ဆွတ်ခူးခဲ့သည်။ မာရီယိုဗားဂတ်စ် လိုလိုဆာ အမည်ရှိ ပီရူးစာရေးဆရာက သူ့ဘဝ ဇာတ်ကြောင်းကို ရေးသားထုတ်ဝေခဲ့သည်။ မာကေး ကတော့ စာပေများကို ဆက်လက် ရေးသားပြုစုနေခဲ့သည်။ အာဏာရှင်တစ်ယောက် အကြောင်းကို ရေးသားလိုသောကြောင့် ထိုအချိန်က အာဏာရှင် ဖရန်ကို၏ စစ်ဖိနပ်အောက်မှာ ပြားပြားမှောက်နေသော စပိန်နိုင်ငံ ဘာစီလိုနာ မြို့တွင် သွားရောက်နေထိုင်ရင်း **အပြစ်ကင်းသည့် အီရင်ဒီယာနှင့် အခြားဝတ္ထုတိုများ** (Innocent Erendira and Other Stories) စာအုပ်ကို ၁၉၇၂ ခုနှစ်တွင်လည်းကောင်း၊ ဂျာနယ်လစ်ငယ်ဘဝကို ပြန်ပြောင်း တမ်းတမှုအဖြစ် **ကျွန်တော် ပျော်ရွှင်စွာ မသိ နားမလည်ခဲ့စဉ်က** (When I was Happy and Uninformed) ဝတ္ထုကို ၁၉၇၃ တွင်လည်းကောင်း ထုတ်ဝေ ခဲ့သည်။

စတာလင်ကဲ့သို့ နူးညံ့သည့် လက်ချောင်းများနှင့် ရက်စက်သည့် စိတ်ထားပိုင်ရှင် ကာရစ်ဘီယန် အာဏာရှင် တစ်ဦးအကြောင်းကို ၁၉၇၅ ခုနှစ်ထုတ် **လူကြီးမင်း၏ ဆောင်းဦးရာသီ** (The Autumn of the Patriarch) ဝတ္ထုတွင် သူဖော်ပြခဲ့သည်။ မာကေး ထံမှ နောက်ထပ် မာကွန်ဒို ဇာတ်လမ်းတစ်ပုဒ်ကို ငံ့လင့်နေကြသော ပရိသတ်များအတွက် သပွတ်အူသဖွယ် ရှုပ်ထွေးလှပြီး ရှည်လျားလှသည့် စာကြောင်းများနှင့် လူကြီးမင်း၏ ဆောင်းဦးရာသီမှာ ချဉ်ခြင်းမပြေစရာ ဖြစ်ခဲ့သော်လည်း နက်နဲသည့် စာပေလက်ရာတစ်ခုအဖြစ် နောက်ပိုင်းတွင် လက်ခံလာကြသည်။

## ကြီးရင့်ချိန်

လူကြီးမင်း၏ ဆောင်းဦးရာသီ အပြီးမှာတော့ ဂါစီယာမာကေးသည် အမေရိကန်က ပံ့ပိုးထားသော ချီလီအာဏာရှင် ပင်နိုချေး ရာထူးမှ မဆင်းမချင်း သူ နောက်ထပ် ဝတ္ထုမရေးတော့ဟု ကမ္ဘာကို ကြေငြာခဲ့သည်။ ထိုသို့ ကြေညာနိုင်လောက်သည့် ဩဇာအာဏာကို သူ ရရှိပိုင်ဆိုင်ထားပြီ ဖြစ်ကြောင်းလည်း မာကေးက သူ့ကိုယ်သူ သတိထားမိခဲ့သည်။ မာကေးသည် မက်ဆီကို စီးတီးတွင် အိမ်ကြီးရခိုင်တစ်လုံးဝယ်ကာ နေထိုင်ခဲ့ပြီး ဝင်လာမစဲ တသဲသဲသော သူ၏ ငွေများကို ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ နီကာရာဂွာ၊ အာဂျင်တီးနားနှင့် အန်ဂိုလာ လက်ဝဲလှုပ်ရှားမှု အရေးတော်ပုံများအတွက် ထောက်ပံ့နေခဲ့သည်။ ထိုကြောင့်လည်း အမေရိကန်၏ မျက်စိစပါးမွေးစူးခြင်းကို

mgyoe.com

mgyoe.com SAMPLE BOOK

အကြီးအကျယ်ခံခဲ့ရပြီး ဂါစီယာမာကေး အမေရိကန် ရောက်လာတိုင်း မျက်စိ ဒေါက်ထောက် ကြည့်ခြင်းကို ခံခဲ့ရသည်။ သမ္မတ ကလင်တန် လက်ထက်ရောက်မှ ဂါစီယာမာကေးသည် အမေရိကန်တွင် စိတ်ကြိုက်သွားလာခွင့် ဗီဇာကို ရရှိခဲ့သည်။ ကျူးဘား သမတ ကက်စရိုနှင့် ရင်းနှီးမှုက ပိုမို နက်ရှိုင်းလာခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ထုတ်ဝေကာ ဆရာမြသန်းတင့် ကျေးဇူးကြောင့် မြန်မာ စာပေလောကတွင် မာကေး၏ တစ်အုပ်တည်းသော ဝတ္ထုရှည်အဖြစ် ဘာသာပြန်နိုင်ခဲ့သည့် **မရဏ အိပ်မက်တစ်ခု၏ မှတ်တမ်း** (Chronicle of a Death Foretold) ကို ကက်စရိုက တည်းဖြတ်ပေးခဲ့သည် ဟုပင် ဆိုခဲ့ ကြသည်။

၁၉၈၁ ခုနှစ်တွင် ဂါစီယာမာကေးသည် ပြင်သစ် လီဂျင်းအော့ဖ်အော်နာ ဆုတံဆိပ်ကို ထပ်မံရရှိခဲ့သည်။ ထိုအချိန်တွင် သူ့ဇာတိ ကိုလံဘီယာတွင် ကွန်ဆာ ဗေးတစ် အစိုးရ အုပ်ချုပ်နေခဲ့ပြီး ဂါစီယာမာကေးကို လစ်ဘရယ်ပြောက်ကျား အုပ်စု တစ်စုဖြစ်သည့် အမ်-၁၉ အဖွဲ့ကို ငွေကြေးထောက်ပံ့နေသည်ဟုသော စွဲချက် တင်ခံထားရချိန် ဖြစ်နေသည်။ ထို့ကြောင့် မာကေးသည် ကိုလံဘီယာကို ထာဝရ စွန့်ခွာပြီး မက်ဆီကိုနိုင်ငံတွင် တရားဝင်နိုင်ငံရေး ခိုလှုံခွင့်တောင်းခံကာ အခြေချလိုက်တော့သည်။ သို့သော်လည်း ၁၉၈၂ ခုနှစ် စာပေနိုဗယ်ဆု ချီးမြှင့်ခံရသည့် အခါမတော့ ကိုလံဘီယာ သည် သူ၏ ကျော်ကြားလှသည့် သားကောင်းရတနာကြီးကို မချစ်သော်လည်း အောင့်ကာ နမ်း၍ နိုင်ငံသားအဖြစ် ပြန်လည် လက်ခံခဲ့ရသည်။ သမ္မတသစ် ဘီတန်ကာက ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ဂါစီယာမာကေးကို လာရောက် တွေ့ဆုံခဲ့ရသည်။

၁၉၈၅ ခုနှစ်တွင် ထုတ်ဝေပြီး ၂၀၀၇ ခုနှစ်မှာ ရုပ်ရှင်အဖြစ် တင်ဆက်ခဲ့သည့် **ကပ်တွင်းမှ ချစ်ခြင်း** (Love in the Time of Cholera) ဝတ္ထုကြီး မှာတော့ မာကေးသည် သူ့မိဘနှစ်ပါး၏ ချစ်ခြင်းတရားကို အခြေခံကာ သိမ်သိမ်မွေ့မွေ့၊ ချောက်ချောက်ချားချား တင်ဆက်ထားခဲ့သည်။ ထိုဝတ္ထုကြီးမှာ အောင်မြင်လှသဖြင့် နယူးယောက်တိုင်း သတင်းစာ ကြီးမှာ အမေရိကန် စာရေးဆရာ သောမတ်စ်ပင်ချွန်း ကပင်လျှင် ချီးကျူးရေးသားရသည် အထိဖြစ်ခဲ့သည်။

သူ့နောက်ပိုင်း စာအုပ်များကတော့ အကြောင်းအရာ စုံလာခဲ့သလို ပရိသတ်လည်း ထွေပြားလာခဲ့သည်။ ၁၉၈၉ တွင် ထုတ်ဝေသော အစ္စုတ္တ ဝင်္ဂဘာထဲမှ ဗိုလ်ချုပ်ကြီး (The General in His Labyrinth) ဝတ္ထုတွင် မာကေးသည် စာဖတ်သူကို သူ့ ဇာတ်ကောင် တော်လှန်ရေးသမား ဆိုင်မွန်ဘိုလီးဗား၏ အတွေးဝင်္ဂဘာထဲသို့ ခေါ်ဆောင် ပိတ်သွင်း ခဲ့သည်။ မဂ်ဒယ်လ်လီနာ မြစ်ရိုးတစ်လျှောက် နောက်ဆုံးခရီးကို စုန်ဆင်းလာခဲ့သည့် ဘိုလီးဗား၊ သူ တစ်သက်လုံး မက်လာခဲ့သည့် တစ်သွေးထဲ တစ်သားထဲ ပြည်ထောင်စု လက်တင် အမေရိကား၊ အတော မသတ်သည့် လောဘတရားနှင့် ကျဉ်းမြောင်းသည့်

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံ ချစ်စိတ်များ အောက်မှာ တစ်စစီ ကြေမွပျက်စီးသွား။ ၁၉၉၂ ခုနှစ်ထုတ် **ရွှေပွဲလာ တောသားများ** (Strange Pilgrims) နှင့် အခြား ဝတ္ထုတိုများ မှာတော့ ဥရောပကို အထင်တကြီးဖြင့် သွားရောက်ခဲ့ကြသော လက်တင်အမေရိကသားများ၏ ထူးထွေသည့် အံ့ရာသောဝ် အဖြစ်အပျက်များကို တပေါးပေါး တဟားဟား ဖြစ်အောင် ရင်နာနာဖြင့် သူ ဖန်တီးထားပြန်ခဲ့ပါသေး။ ၁၉၉၄ ခုနှစ်က ထုတ်ဝေခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ရုပ်ရှင်အဖြစ် တင်ဆက်ပြသခဲ့သည့် **ထွေခင်းကစားတဲ့ သေခြင်းတရား** (Of Love and Other Demons) ဝတ္ထုကတော့ ဆယ့်ရှစ်ရာစုနှစ်အတွင်း ကိုလံဘီယာမှာ ဖြစ်ပျက်ခဲ့သည့် ကက်သိုလစ် ခရစ်ယာန်ဘာသာကို မျက်ကန်း ကိုးကွယ်ယုံကြည်မှုက တစ်ဖက်၊ ကမ္ဘာ တည်ကတည်းက ရှိခဲ့လည့် လက်တင်အမေရိကား ရိုးရာ အစွဲအလန်းများနှင့် အာဖရိကန်တို့ သယ်ဆောင်လာသည့် မှော်ပညာကို တိမ်းညွတ်မှုက တစ်ဖက်၊ ကိုလိုနီခေတ်ကာလ ကုန်ဆုံးကာနီး လက်တင်အမေရိက၏ ယုံကြည်မှုဝါဒ လွန်ဆွဲပွဲကြားမှ ပဋိပက္ခ အဖြစ် အပျက်တစ်ခုကို သိမ်သိမ်မွေ့မွေ့၊ လှလှပပနှင့် ခြောက်ခြောက်ချားချား ဖြစ်အောင် သူ တင်ဆက်ခဲ့ပြန်သည်။ ၂၀ ရာစု ကုန်ဆုံးခါနီးမှာတော့ ကိုလံဘီယာနိုင်ငံ၏ အဓိက ပြဿနာတစ်ခု ဖြစ်ခဲ့သည့် **ပြန်ပေးဆွဲခံရသူ တစ်ဦးအကြောင်း** (News of a Kid-napping) ဝတ္ထုကို ဂျာနယ်လစ် အရေးအသားဖြင့် ရေးခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ထုတ်ဝေခဲ့ရင်း စာပေအနုပညာရှင်တစ်ဦး အဖြစ် သူ့ဘဝကို လျှောက်လှမ်းခဲ့လေသည်။

## နေဝင်ချိန်

၁၉၉၉ ခုနှစ်မှာတော့ အသက် ၇၁ နှစ် ရှိနေပြီဖြစ်သည့် ဂါစီယာမာကေးမှာ လင့်ဖ်ကြော ကင်ဆာစွဲကပ်နေကြောင်း တွေ့ရှိခဲ့ရသဖြင့် ကာတာဂျီးနား သို့မဟုတ် မက်ဆီကိုစီးတီးမှ တစ်ဆင့် ရုပ်ရှင်ထုတ်လုပ်သူ သူ့သားရိုဒရီဂို ရှိရာ လော့စ်အိန်ဂျယ်လီးစ် ရှိ ဆေးခန်းသို့ ခေါက်တုန့်ခေါက်ပြန် ကူးကာသန်းကာဖြင့် ယနေ့အချိန် ၂၀၁၁ အထိ ဆေးဝါး ကုသခံနေရတော့သည်။

ကမ္ဘာ့စာပေ ပရိသတ်က ဂါဘိုဟု ချစ်စနိုး ခေါ်ခဲ့ကြသည့် စာရေးဆရာကြီး ဂါစီယာမာကေးသည် ယခုအခါ အတွဲသုံးတွဲ ပါဝင်သော Memoirs ခေါ် ဆရာကြီး ဒေါက်တာသန်းထွန်း လေအရ ငါပြောချင်သမျှ ငါ့အကြောင်း စာအုပ်ကြီးကို ရေးသား ပြုစုလျက်ရှိရာ ၂၀၀၁ ခုနှစ်တွင် ပထမတွဲ **ပြောချင်လို့ အသက်ရှင်နေတာ** (To Live to Tell It) ကို ထုတ်ဝေခဲ့ပြီးခဲ့ပြီ။ စပိန်ဘာသာဖြင့် ထုတ်ဝေခဲ့သမျှ စာအုပ်များထဲတွင် အရောင်းရဆုံး စာရင်းဝင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အင်္ဂလိပ်ဘာသာပြန်ကို အမေရိကန် နိုင်ငံ Knopf စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ထိုစာအုပ်က ၁၉၅၅ ခုနှစ်ထိ ရှင်သန်

mgyoe.com

mgyoe.com
SAMPLE BOOK
လှုပ်ရှားခဲ့သော ဂါစီယာမာကေး၏ ပုံရိပ်များအကြောင်း ဖြစ်သည်။ ယခုအခါတွင် ဝေးလွင့်ကင်းကွာနှစ်တစ်ရာကို ဖန်တီးခြင်းအကြောင်း အဓိက ပါဝင်သည့် အတွဲနှစ်ကို ရေးသားပြုစုပြီး၍ ထုတ်ဝေရန် စိုင်းပြင်းလျက် ရှိသည်။ အသက် ၈၃ နှစ်ရှိပြီဖြစ်သည့် စာရေးဆရာကြီး ဂါဘို သက်တော်ရာကျော် ရှည်ပါစေ။ သူ၏ Memoirs စာအုပ်ကြီးလည်း နောက်ဆုံး အတွဲသုံးအထိ ရေးသား ထုတ်ဝေနိုင်ပါစေ။ ရေးပါဦး- ရေးလိုက်ပါဦး ဂါဘို။


■

mgyoe.com

# ဘူဝမ်းဒီးယား မျိုးဆက်ဇယား

mgyoe.com

SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

နောင် နှစ်ပေါင်းများစွာ အကြာ ဗိုလ်မှူးကြီး အော်ရဲလီယာနိုဘူဝမ်းဒီးယားသည် သူ့ကို ပစ်သတ်ရန် အသင့်ပြင်နေသော လက်မရွံ့တပ်ဖွဲ့နှင့် မျက်နှာချင်း ဆိုင်နေစဉ် ပစ္စက္ခ အခိုက်အတန့်မှာပင် ရေခဲဆိုသည့်အရာကို အရှင်လတ်လတ် မြင်ဖူးနိုင်ရန် အလို့ငှာ သူတို့ကို သူ့အဖေ ခေါ်ဆောင်သွားခဲ့သည့် တစ်ညနေကို အမှတ္တ စိတ်အစဉ်မှာ မှတ်မှတ် ထင်ထင် ရှိနေဆဲ။

အဲဒီ အချိန်တုန်းက မာကွန်ဒိုသည် အိမ်ခြေ နှစ်ဆယ်ခန့်သာရှိသော ပစ္စန္တရစ် အရပ်တစ်ခု ဖြစ်ခဲ့သည်။ သမိုင်းမတင်မီခေတ်က ဒိုင်နိုဆောဥကြီးများအလား ဖွေးဆွတ် နေသည့် ကျောက်လုံးကြီးများကို တိုးလျှိုပေါက် မြင်ရလောက်အောင် ကြည်လင်အေးမြသည့် ရေများ စီးဆင်းရာ အမည်မဲ့ မြစ်ကမ်းနဖူးပေါ်တွင် မေးတင်ထားသည့် ရွာကလေး မာကွန်ဒို။ ထိုအချိန် ကမ္ဘာ့သက်တမ်းက နုနယ်လှသေးသောကြောင့် အရာအားလုံးမှာ သူတို့၏ ဝိသေသကို ညွှန်းဆိုပြမည့် အမည်နာမ မရှိကြသေး။ နှစ်စဉ်နှစ်တိုင်း မတ်လ ဆိုလျှင် ဆယ့်နှစ်ပွဲဈေးသည် ဂျစ်ပစီများ၏ ရွက်ဖျင်တဲကလေးများ မာကွန်ဒို ရွာကလေး အနီးမှာ အစီအရီ ပေါ်ထွန်းလာစမြဲ။ ထိုဂျစ်ပစီများသည် ဒရမ်များကို တရကြမ်းတီး၊ ပလွေများကို နင်းကန်မှုတ်ကာ မာကွန်ဒိုသားတို့ကို သူရို့ ခင်းကျင်းပြသမည့် အံ့ပွဲများ ဆီသို့ အရောက်လာကြဖို့ မြှူဆွယ်တတ်ကြစမြဲ။

မာကွန်ဒို ဇနေပုဒ်ကို သံလိုက်ဆိုသည့် ပစ္စည်းနှင့် ပထမဆုံး စတင် မိတ်ဆက် ပေးခဲ့သည်မှာလည်း ထိုဂျစ်ပစီများပင်။ မာလ်ကွီးယားဒီးစ်ဟု အမည်ရသည့် မုတ်ဆိတ်ဖွားဖွားနှင့် စာကလေးခြေထောက်လို လက်ချောင်း သေးသေးလေးများကို

mgyoe.com

mgyoe.com SAMPLE BOOK

ပိုင်သသည့် ရောမ ဂျစ်ပစီကြီး တစ်ဦးသည် မက်ဆီဒိုးနီးယားမှ မြေလှျောက်ဝိဇ္ဇာခိုရ်၏ အဠမမြောက် အံ့ဖွယ်တန်ခိုးတော်ပြပွဲဟု ကြေညာမောင်းခတ်၍ အိမ်ကြိုအိမ်ကြားမှာ သံလိုက်နှစ်တုံးကို ကြိုးတပ်ပြီး လျှောက်ဆွဲ၏။ သံဖြင့် ပြုလုပ်ထားသော ပစ္စည်းမှန်သမျှ အိမ်ထဲမှ ပြေးထွက်ပြီး သံလိုက်များတွင် ပြေးကပ်ကြသည်ကို ဌာနေ မာကွန်ဒိုသားများ မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသား ငေးကြည့်နေကြ၏။ ဂျစ်ပစီကြီး မာလ်ကွီးယားဒီးစ်က မောင်းကွဲသံကြီးဖြင့် ဤသို့ ဆိုပါချေသေး။

"အရာဝတ္ထုတိုင်းမှာ အသက်ဝိညာဉ် ရှိသဗျ။ အခု မြင်ကြတဲ့အတိုင်း ကျုပ်က သံရဲ့ ဝိညာဉ်တွေကို နှိုးပေးနေတာ"

ဟိုဆေး အာကာဒီယို ဘူဝမ်းဒီးယား၏ စိတ်ကူး စိတ်သန်းများသည် သဘာဝ ထက် သော်လည်းကောင်း၊ ပဥ္စလက်ထက် သော်လည်းကောင်း၊ တံခိုးပြာဋိဟာထက်သော် လည်းကောင်း ဆန်းကြယ်၏။ ထို့ကြောင့် သူ ဤသို့ တွေး၏။

ထို ဂျစ်ပစီကြီး ဆွဲသွားသော တပြောင်ပြောင် တလက်လက် ဝတ္ထုပစ္စည်းသည် အသုံးမကျ၊ တန်ဖိုးမရှိသည့် သံတို သံစများကို သူခေါ်ရာနောက် ကောက်ကောက် ပါအောင် စွမ်းဆောင်နိုင်စွမ်း ရှိခဲ့ပါလျှင် ဘူမိကမ္ဘလာ မြေသားလွှာအောက်မှာ ပုန်းကွယ်၍ ထိုက်တန်သူကို မျှော်လင့်စောင့်စား နေကြကုန်သော ရွှေစင်အတုံးအခဲများကို ဘယ့်နှာကြောင့် ဆွဲဆောင်နိုင်စွမ်း မရှိ ရမည်နည်း။ မာလ်ကွီးယားဒီးစ်ကတော့ သူ့ကို ထိုသို့ လုပ်၍ မရကြောင်း၊ ဤအရာသည် သံလိုက်သာဖြစ်၍ ရွှေလိုက် မဟုတ်ကြောင်း ရိုးရိုးသားသား သတိပေးရှာပါသည်။

သို့သော် ဟိုဆေးက ဂျစ်ပစီတို့၏ ရိုးသားမှုကို အကြီးအကျယ် သံသယရှိသည့် အားလျော်စွာ ထိုအံ့ဖွယ်ပစ္စည်းနှစ်ခုကို သူ၏ အသေတိုရ်မြင်းဟု ကင်ပွန်းတပ်ထားသော မြည်းတစ်ကောင်၊ နို့စားဆိတ်မ နှစ်ကောင်နှင့် ဖွတ်အတင်း အခမ္ဘ နိုင်ထက်စီးနင်း အလဲအထပ် ပြုလိုက်သည်။ ဘူဝမ်းဒီးယားအိမ်၏ စားဝတ်နေရေးအတွက် ထိုသတ္တဝါများ အပေါ် အမှီသဟဲပြုနေရသော သူ့မိန်းမ အာဆူလာ အီဂွါရန်ကလည်း သူ့ကို နားမချနိုင်။

ဟိုဆေးက အာဆူလာကို-

"မင်း ကြည့်နေ၊ မကြာခင် ငါ ရွှေတွေ တန်ချီပြီး ရလာရင် အိမ်ခေါင်မိုးကို ရွှေနဲ့ မိုးပစ်မယ်"

ဟု မစားရ ဝခမန်း ပြော၏။ ဟိုဆေးသည် သူ့စိတ်ကူးကို မဆိုင်းမတွ လက်တွေ့ အကောင်အထည်ဖော်၏။ ဤနေရာ ဤဒေသ ဤမြေကို မြစ်တွင်းပါ မနေရ တစ်လက်မမကျန် ပိုက်စိပ်တိုက်၍ သူ့အဖိုးတန် သံလိုက်တုံးများဖြင့် ဆွဲကြည့် သည်။ သံချေးအထပ်ထပ်တက်နေသော ဆယ့်ငါးရာစုနှစ်က သံချပ်ကာဝတ်ရုံတစ်ခုကို သံလိုက်တုံးများက ဆွဲမိသည်။ ဟိုဆေး တစ်ယောက် ရွှေသိုက်ကြီး ပိုက်မိပြီဟု တစ်ထစ်ချ

mgyoe.com

mgyoe.com

မှတ်ယူကာ သူ့လူ လေးယောက်နှင့် အပြင်းအထန် တူးဖော်၏။ သံချပ်ကာ ဝတ်ရုံအတွင်းမှ ကျောက်ဖြစ်လုနီးပါး အရိုးစုတစ်စု တွေ့ရ၏။ အမျိုးသမီး တစ်ယောက်၏ ဆံနွယ်ခွေကလေး ထည့်ထားသော ကြေးလော့ကက်လေးတစ်ခုက အရိုးစု လည်ပင်းမှာ ဆွဲလျက်သား။

* * *

မတ်လရောက်တော့ ဂျစ်ပစီများ ထုံးစံအတိုင်း ပြန်လာကြပြန်သည်။ ဒီတစ်ခေါက် သူတို့ ယူဆောင်လာသည့် ပစ္စည်းများကတော့ တယ်လီစကုပ် တစ်လုံးနှင့် ဒရမ်ပြားအရွယ် ဧရာမ မှန်ဘီလူးကြီး တစ်လက်။ ဒါတွေကို အမ်စတာဒမ် ဂျူးပညာရှိများ၏ နောက်ဆုံးပေါ် တီထွင်မှုကြီးများဟု ကင်ပွန်းတပ်ကြပြန်သည်။ ဂျစ်ပစီ အမျိုးသမီးတစ်ဦးကို ရွာ၏ တစ်ဖက်စွန်းမှာ ရပ်ခိုင်းထားပြီး တယ်လီ စကုတ်ကို ထိုအမျိုးသမီးတည့်တည့်သို့ ချိန်ထား၏။ ကြိုက်တဲ့လူ လာကြည့်လှည့်၊ တစ်ခါကြည့် ငါးပြား။ နောက်ကျလို့ အပေါက်ဝက လှည့်ပြန်ရလေခြင်း မဖြစ်ရအောင် အချိန်မီ ကြွရောက်ပါလှည့် အို… ရွှေပွဲလာ မာကွန်ဒို ပရိသတ်အပေါင်း သူတော်ကောင်းတို့။

တယ်လီစကုပ်နောက်မှ မာကွန်ဒိုသားတို့၏ စက္ကူအာရုံတွင်းဝယ် ရွာ ဟိုဘက်ထိပ်မှ ဂျစ်ပစီမသည် လက်တစ်ကမ်းအကွာ လှမ်းဆွဲ၍ပင်ရသော အနေအထားမှာ ရောက်နေသည်။ ပါးစပ်ကြီးများ ဟောင်းလောင်းဟနေသော မာကွန်ဒိုသားတို့ကို အကဲခတ်၍ မာလ်ကွီးယားဒီးစ်က ဤသို့ ဥဒါန်းကျူးရင့်ပြန်၏။

"သိပ္ပံပညာဟာ မြေကြောရှုံ့နိုင်တယ်ဗျ။ မကြာခင်မှာ လူသားဟာ ကမ္ဘာပေါ်က ဘယ်နေရာကိုမဆို အိမ်ထဲမှာထိုင်ရင်းက စိတ်တိုင်းကျ ကြည့်နိုင်တော့မှာ"

မာကွန်ဒိုသားများကို တယ်လီစကုပ်ဖြင့် ပါးစပ်ပြဲစေပြီးနောက် ကျောက်ခဲ မတတ်ပူလှသည့် နေ့လယ်ခင်းတစ်ခင်းမှာတော့ ဂျစ်ပစီတို့သည် မှန်ဘီလူး၏ အစွမ်းကို ပြကြပြန်၏။ ကောက်ရိုးများကို လမ်းအလယ်တွင် ချထားလိုက်၍ နေရောင်ကို မှန်ဘီလူး ခံကာစုဝေးစေပြီး ကောက်ရိုးများကို မီးလောင်စေသည်။

သံလိုက်ကိစ္စတွင် မှန်းချက်နှင့် နမ်းထွက် မကိုက်ခဲ့သော ဟိုဆေးသည် မှန်ဘီလူးကို ကြည့်ပြီး ရွှေဉာဏ်တော် ကွန့်မြူးပြန်၏။ ဒီဟာကြီးကို တိုက်ပွဲဝင် လက်နက်အဖြစ် သုံးဖို့ရန် အကြံဉာဏ်သည် သူ့ခေါင်းထဲမှာ ဝင်းခနဲ၊ လက်ခနဲ လျှပ်ပြက်သလို ရောက်လာ၏။

မာလ်ကွီးယားဒီးစ်ထံ သူ သွားပြန်၏။ အကြိတ်အနယ် အချေအတင်၊ ကျားကျားလျားလျား ဈေးစကားပြောကြပြီး နောက်ဆုံးမှာ သံလိုက်နှစ်တုံး၊ ရှေးရွှေဒင်္ဂါး သုံးပြားနှင့် မှန်ဘီလူး အရောင်းအဝယ် တည့်သွားခဲ့၏။

mgyoe.com

mgyoe.com SAMPLE BOOK

အာဆူလာ ငိုလိုက်သည်မှာ အလူးအလဲ။ ဒီရွှေဒင်္ဂါးတွေက သူ့အဖေ၏ အမွေပစ္စည်း။ မသုံးရက်သဖြင့် တစ်သက်လုံး အိပ်ရာအောက်တွင်ထားကာ အရိပ်တကြည့်ကြည့် လုပ်ခဲ့ရသည့် သူ့အသက်ဘူးများ။ သူ့မိန်းမ ငိုရုံမကလို့ သေသေ၊ ဟိုဆေးကတော့ လုံးဝ ချော့ဖို့ စိတ်မကူး။ သိပ္ပံ၏ မာယာကြောတွင် နစ်မျောလျက် လိုအပ်လျှင် အသက် ကိုပင် စွန့်လွှတ်ဖို့ သန္နိဋ္ဌာန် ခိုင်ခိုင်မာမာ ချထားပြီးသူ ပညာကာရီ ပုဂ္ဂိုလ်တစ်ယောက် အဖို့ ဘာမဟုတ်သည့် မိန်းမမျက်ရည်ကြောင့် စိတ်မပျော့စကောင်း။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလျက် ရှိကြသည့် ရန်သူ အင်အားစုများကို တိုက်ထုတ်ရန် အလို့ငှာ မှန်ဘီလူး၏ တန်ခိုး အာနုဘော်ကို သူ စမ်းသပ်ရမည်။ ဘယ်သူ့ကို စမ်းသပ်ကြည့်ရပါ့။

အို ··· အာဇာနည်ဆိုတာ အနစ်နာခံရစမြဲ မဟုတ်လား။ အရင်ဆုံး သူ့ကိုယ်သူ စမ်းသပ်ကြည့်ဖို့ စိတ်ကူး၏။ စိတ်ကူးနေရုံနှင့် မပြီးသေး။ အဟုတ်တကယ် မဆိုင်းမတွ သူ့စိတ်ကူးကို လက်တွေ့ အကောင်အထည်ဖော်လိုက်၏။ သို့ကလိုကြောင့်လည်း အသားကို မီးလောင်ကာ သေရာပါ အမာရွတ်ကြီးတစ်ခု လက်ဆောင်ရလိုက်၏။ စိတ်အားထက်သန်လှသည့် ဟိုဆေးသည် မိန်းမက အပြင်းအထန် ကန့်ကွက်ဆူပူနေသည့်ကြားမှ နောက်တစ်ကြိမ် ကြံစည်ကြိုးစားပြန်၏။ ဒီတစ်ခါတော့ ပြောစမှတ် ပြုရလောက်အောင် ကြီးကြီးကျယ်ကျယ်ကိုလုပ်မှ ဖြစ်မည်။ မှန်ဘီလူးစွမ်းအင်ဖြင့် အိမ်ကို မီးမြှိုက်ကြည့်ရလျှင် ကောင်းမလား၊ ဟိုဆေး အကြီးအကျယ် ဦးနှောက်မှန်တိုင်းဆင်နေ၏။ သူ အခန်းထဲမှ မထွက်၊ သူ၏ ဝရုဇိန်လက်နက် မှန်ဘီလူးစက်ဖြင့် တိုက်ခိုက်နိုင်မည့် ဖြစ်တန်စွမ်းသော မဟာဗျူဟာပေါင်းများစွာကို ဘက်စုံထောင့်စုံ တွက်ချက်ပြီး မှတ်စုများ တကုပ်ကုပ် ထုတ်နေသည်။ နောက်ဆုံးတော့ သရုပ်ဖော်ပုံပေါင်း အသေးစိတ်အနက္ခနှင့် ဟိုဆေး၏ မှန်ဘီလူး သေနင်္ဂဗျူဟာကျမ်းကြီး ဆုံးခန်းတိုင်သွားခဲ့၏။

နေဦး၊ ဤမျှ ခက်ခဲနက်နဲပြီး အစွမ်းထက်လှစွာသော သေနင်္ဂဗျူဟာ ကျမ်းသည် သမ္မတမင်းများနှင့်သာ ထိုက်တန်သည် မဟုတ်တုံလော။ သို့သော် မာကွန်ဒို ဇနပုဒ်မှ မြို့တော်သို့ သွားရာလမ်းသည် စားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်ရမည့်လမ်း။ တောင်တန်းကိုကျော်၊ နွံအိုင်ကိုဖြတ်၊ လှိုင်းထန်သည့် မြစ်များကိုကူး၊ သားရဲကိုသတ်၊ ပလိပ်ကပ်ကို ကြံ့ကြံ့ခံကာ မြို့တော်သို့သွားမည့် ယောကျ်ားဇာနည် အထောက်တော် တစ်ဦးဆီမှာ သူ့ကျမ်းကို အပ်၏။ အကယ်၍သာ အစိုးရမင်းများက အလိုတော်ရှိသည်ဟု နှုတ်ကပါဌ် စကား မြွက်ကြားခဲ့သည် ဆိုပါလျှင် မည်သည့် တန်ဖိုးကို ပေးဆပ်ရသည် ဖြစ်စေ သူကိုယ်တိုင် မြို့တော်သို့ စွန့်စား လာရောက်၍ ပြည်ချစ်တပ်မတော်ကို နေရောင်ခြည်စစ်ပွဲအတွက် မှန်ဘီလူး သေနင်္ဂဗျူဟာများကို ကိုယ်တိုင် သင်ကြား ပေးပါမည့်အကြောင်း အထပ်ထပ် မှာကြား၏။

mgyoe.com

ထိုအချိန်မှစ၍ ဟိုဆေး လည်တဆန့်ဆန့်နှင့် စောင့်မျှော်လိုက်သည်မှာ နှစ်ပေါင်းများစွာ ကြာညောင်းသွားခဲ့သည်။ ပေါ်မလာ အတော်ကြာဇာတ် ခင်းသွားမှန်း သေချာသွားသောအခါ စိတ်ပျက်လက်ပျက်ဖြင့် သူကျရှုံးသွားသည့်အကြောင်း မာလ်ကွီးယားဒီးစ် ထံသွား၍ ညည်းတွားရာ၏။ ဂျစ်ပစီကြီးက မှန်ဘီလူးကို ပြန်ယူရာပါသည်။ အလဲအထပ်သဘောဖြင့် ပေါ်တူဂီမြေပုံအချို့နှင့် ရေကြောင်းပြကိရိယာ အချို့ကို ဟိုဆေးအား ပေး၏။ သုံးစွဲပုံ သုံးစွဲနည်းအတွက် သူကိုယ်တိုင်ထုတ်ထားသော မှတ်စုများကိုလည်း ရက်ရက်ရောရော ပေးသောကြောင့် သူတို့ ခွဲခွာချိန်ဝယ် ဟိုဆေးသည် သံလိုက် အိမ်မြှောင်ကဲ့သို့သော ကိရိယာအချို့ကို ကိုင်တွယ် သုံးစွဲနိုင်ချေပြီ။

မိုးတွင်း တစ်တွင်းလုံး ဟိုဆေးတစ်ယောက် အခန်းတွင်းမှ မထွက်။ သူ၏လက်တွေ့ စမ်းသပ်ချက်များကို မည်သူ တစ်ဦးတစ်ယောက်မျှ မနှောင့်ယှက် နိုင်စေရန် အလို့ငှာ အိမ်နောက်ဘက်ရှိ သူကိုယ်တိုင် ဆောက်လုပ်ထားသော အခန်းငယ်လေးထဲမှာ တကုပ်ကုပ် အလုပ်တွေ ရှုပ်နေ၏။ အိမ်ထောင်ဦးစီး အဆင့်မှ မှိုခို အဆင့်သို့ ဆင်းပြီး ပညာရေးယာဉ်ကြောမှာ ပျော်ပျော်ကြီး နစ်မျော၏။ ညကာလများတွင် အိမ်နောက်ဘက် မြေကွက်လပ်တွင် ခြေစုံရပ်၍ အနန္တစကြဝဠာ တိုက်တစ်သောင်းမှ ကြယ်များကို စူးစိုက်ကြည့်ကာ ပညာဉာဏ်အလင်း ဖွင့်နေသော ဟိုဆေး။

နေ့အခါတွင် နေမွန်းတည့်ချိန်ကို အတိအကျ သိနိုင်ဖို့ မီးထွက်အောင် ပူသည့်နေပူကြီးထဲ မတ်တတ်ရပ် သုတေသန မကြာခဏ ပြုလုပ်သောကြောင့် အပူရှပ်ကာ သေမလို မကြာခဏ ဖြစ်ခဲ့ရသော ဟိုဆေး။

ခုတော့လည်း အချိန်တန်တော့ နွားပိန်ကန်ခဲ့ပြီ။ ပညာအတောင်အလက် စုံခဲ့ပြီ။ သီတာ ခုနစ်တန်ကို ကျော်လွှားနိုင်စွမ်း ရှိခဲ့ပြီ။ နယ်သစ်ပယ်သစ်များ ရှာဖွေနိုင်စွမ်း ရှိတော့မည်။ ထို ဟိုဆေး၊ အနီ ဟိုဆေး၊ လူစွန့်စား ဟိုဆေး၊ လူစွမ်းကောင်း ဟိုဆေး၊ ပညာရှင် ဟိုဆေး၊ ပါရမီရှင် ဟိုဆေး။ မကြာမီ သူ့အမည်ကို သမိုင်းမော်ကွန်းသစ် ရေးထိုးနိုင်တော့အံ့။

အာဆူလာသည် ကလေးများကိုထိန်းရင်း ခါးကျိုးမတတ် အလုပ်လုပ်နေရချိန်ဝယ် ဟိုဆေးကား တစ်ကိုယ်တည်း စကားတွေပြော၊ အိမ်ထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ တစ်ယောက်တည်း ဇယားရှုပ်နေ၏။ နောက်တော့ ချက်ချင်းဆိုသလို အေးချမ်းတည်ငြိမ်သွားပြန်၏။ စုန်းပြူးစားခံရသလို ပါးစပ်မှ တတွတ်တွတ် ရွတ်နေပြန်၏။ ဒီဇင်ဘာလ၏ တစ်နေ့သော အင်္ဂါ၊ မိသားစု နေ့လယ်စာစားချိန်မှာတော့ ဟိုဆေးသည် တစ်ချိန်လုံး သူ့ကျောပေါ် ထမ်းထားရသည့် ပညာ ဝန်ထုပ်ဝန်ပိုးကြီးကို လွှတ်ချလိုက်တော့သည်။ ကလေးနှစ်ယောက်သည် ထိုစဉ်က သူတို့အဖေ ဖြစ်ပျက်နေပုံကို သူတို့ တစ်သက် တော်တော်နှင့် မေ့နိုင်မည်မထင်။ ဟိုဆေးက ပညာရှိဆန်ဆန် စကားစပြော၏။

mgyoe.com SAMPLE BOOK

"တကယ်တော့ ကမ္ဘာကြီးဟာ လိမ္မော်သီးလို လုံးဝန်းနေသကွ"

အာဆူလာ တစ်ယောက် ပေါက်ကွဲပြီ။ ဒေါသက ကျောမထိ လိုမ့်တက်လာသည်။

"ဒီမှာ ရှင် ရူးမယ် ဆိုလည်း ကိုယ့်ဘာသာကိုယ် အေးအေး ဆေးဆေးရူး၊ ဂျစ်ပစီတွေနဲ့ပေါင်းပြီး ပေါက်ပန်းဈေး အရူးချေးပန်း စကားတွေကို ကျုပ်ကလေးတွေ လာမပြောနဲ့"

သူ၏ ပစ္စည်းများကို ပေါက်ခွဲလျက် ဒေါသကို အစွမ်းကုန် ဖောက်ခွဲနေသော အာဆူလာကိုဟိုဆေး မတုန်မလှုပ် ကြည့်နေလိုက်၏။ မိန်းမများ၏ ဒေါသဆိုသည်က နေလာနှင်းပျောက် မဟုတ်လား။ ဖက်ပြိုင်အန်တုနေရန် မလို။

ဟိုဆေးသည် ရွာသားများကို သူ့စမ်းသပ်ခန်းသို့ ဖိတ်ခေါ်၏။ မည်သူမျှ နားမလည်သော သူ၏ သီအိုရီများကို ပါးစပ်မှ အမြှုပ်ထွက်မတတ် ရှင်းပြ၏။ သူ့အပြောအရ အရှေ့ရူးရူးသို့ တစိုက်မတ်မတ် ရွက်လွှင့်သွားလျှင် နောက်ဆုံးတွင် မူလထွက်ခွာရာ နေရာသို့ ပြန်ရောက်မည်ဆိုပဲ။ ဟိုဆေးတစ်ယောက် သွက်သွက်ခါအောင် ရူးသွားပြီဟု တစ်ရွာလုံးက မှတ်ချက်ချ၏။

သို့သော်လည်း ဂျစ်ပစီများ ပြန်လည် ရောက်ရှိလာသောအခါ မာကွန်ဒိုတစ်လောကလုံးက အရူးဟု သတ်မှတ်ခြင်း ခံထားရသည့် ဟိုဆေးသည် အင်မတန်ထူးခြားသော၊ ဉာဏ်ပညာ ကြီးကျယ်သော အာဂပုဂ္ဂိုလ်တစ်ဦး ဖြစ်ရပြန်တော့သည် တမုံ့။ မာလ်ကွီးယားဒီးစ်အနေဖြင့် အခြားသူများ လက်တွေ့ လုပ်ဆောင်အောင်မြင်ပြီးခဲ့သော အလုပ်တစ်ခုကို တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးပါဘဲလျက် မာကွန်ဒိုလို ရွာစွန် ဇနပုဒ်မှနေ၍ ဟောကိန်းထုတ်နိုင်သော ဟိုဆေး၏ ဇာတိသဘာဉာဏ်ကို အကြီးအကျယ် အမွှမ်းတင် ဂုဏ်ပြု၏။ ပညာရှိ သူတော်ကောင်းများ စံပယ်ရာ မာကွန်ဒိုရွာမှ ပညာပါရမီထူးသူ တစ်မိပေါက် တစ်ယောက်ထွန်း ဟိုဆေး။ မာလ်ကွီးယားဒီးစ်သည် ဟိုဆေးကို အမှန်တကယ် ကြည်ညိုလေးစားကြောင်း လက်တွေ့သက်သေပြသည့်အနေဖြင့် လက်ဆောင်တစ်ခုကို ဖုတ်ပူမီးတိုက် စီစဉ်တော့၏။ သူပေးမည့် လက်ဆောင်က မာကွန်ဒိုရွာမှ ဉာဏ်စဉ်အလင်းရ ဝိဇ္ဇာဓိုရ်အတွက် အဂ္ဂိရတ်ဓာတ်ခန်းတစ်ခု။

သို့သော်လည်း ထိုအချိန်မှာ မာလ်ကွီးယားဒီးစ်သည် အလွန် အင်မတန်လျင်မြန်စွာ အိုစာလာသလို ထင်ရသည်။ မာကွန်ဒိုသို့ သူတို့ ဂျစ်ပစီ တစ်သိုက်စရောက်ခါစက မာလ်ကွီးယားဒီးစ်သည် ဟိုဆေးနှင့် အသက်ချင်း မတိမ်းမယိမ်း။ ဟိုဆေးက တစ်နေ့ တခြား သန်မာကြံ့ခိုင်လာပြီး မြင်းတစ်ကောင်ကို နားရွက်က ဆွဲလှဲနိုင်လောက်အောင် အင်အားရှိနေချိန်မှာပင် မာလ်ကွီးယားဒီးစ်က ဘိုးကြီးအိုအလား ထင်မှတ်ရလောက်အောင် ကျသွားသည်။ အမှန်တကယ်တော့ ဂျစ်ပစီတို့ ထုံးစံ

mgyoe.com

mgyee.com  SAMPLE BOOK 

ရေကြည်ရာမြက်နုရာ တစ်ကမ္ဘာလုံး ခြေဦးတည့်ရာ လျှောက်သွားကြရင်း အမှတ်တမဲ့ ရခဲ့သော ရောဂါများသည် ခုမှ မာလ်ကွီးယားဒီးစ်ကို နူရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်း ကြခြင်းသာ။

ဟိုဆေးအတွက် အင်္ဂရိတ်ဓာတ်ခန်း ဆောက်လုပ်ပေးနေချိန်မှာပင် သေခြင်း တရားသည် သူ့နောက်မှ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပြီ။ သူ့ဘောင်းဘီ အနားစများကိုပင် သေမင်းက နမ်းရှုပ်နေခဲ့ပြီ။ သို့သော် ကျီစယ်ရုံ ကျီစယ်၍ တကယ် မခေါ်သေး။ နို့ပေသီ ဆင်ကျီစားရာ ဆိတ်မခံသာ ဆိုသလိုပင် သေမင်း၏ ကျီစယ်မှုကို မာလ်ကွီးယားဒီးစ် အလူးအလဲ ခံနေရ၏။ ရောဂါဝေဒနာ ထွေထွေရာသည် တပ်တောင်တာ ဗိုလ်ထုဖြင့် မာလ်ကွီးယားဒီးစ်ထံသို့ ရောက်လာခဲ့သည်။ မြေနိမ့်ရာ လှံစိုက်ခံနေရသည့် သနားစရာ မာလ်ကွီးယားဒီးစ်။

အရင်တုန်းကတော့ ဒီလို မဟုတ်။ ပါရှားတွင် ခံစားခဲ့ရသော ပလာဂရာ (ဗီတာမင်ဘီတူး ချို့တဲ့သည့်ဝေဒနာ။ ဝမ်းလျှောခြင်း၊ အရေပြားရောင်ရမ်းခြင်းနှင့် မှတ်ဉာဏ်ချို့ယွင်းခြင်း ဟူသော လက္ခဏာရေးသုံးပါးဖြင့် လူကို နှိပ်စက်၏) သည် လည်းကောင်း၊ မလေးရှား ကျွန်းဆွယ်တွင် စွဲကပ်ခဲ့သော စကာဗီ (ဗီတာမင်စီ ချို့တဲ့သည့် ဝေဒနာ။ မကြာခဏ ဖျားခြင်း၊ အနာကျက်ခဲခြင်း၊ သွားဖုံးသွေးယိုခြင်း၊ ရေစီးကမ်းပြို လိုက်ခြင်း၊ အရိုးကျိုးလွယ်ခြင်းတို့ ဖြစ်တတ်သည်) သည် လည်းကောင်း၊ အလက်ဇန်း ဒရီးယားတွင် မိတ်ဖွဲ့ခဲ့သော အနာကြီးရောဂါသည် လည်းကောင်း၊ ဂျပန်တွင် နဖူးတွေ့ ဒူးတွေ့တွေ့ခဲ့သော ဘယ်ရီ ဘယ်ရီ (ဗီတာမင်ဘီဝမ်း ချို့တဲ့သည့် ရောဂါ။ ဖောရောင်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အားအင်ကုန်ခန်း မောပန်းလွယ်ခြင်းတို့ ဖြစ်တတ်၏) သည် လည်းကောင်း၊ မက်ဒါဂါစကားတွင် ခရီးသွားဟန်လွဲ ကြုံခဲ့ရသော အကျိတ် ပလိပ် ရောဂါသည် လည်းကောင်း သူ့ကို အသက်နှင့်ခန္ဓာ ကင်းကွာစေခြင်းငှာ မစွမ်းသာခဲ့ကြ။ သူသည် စစ္စလီကျွန်းတွင် ငှေကြီးနှင့် ကြုံတုန်းကလည်း အပြုံးမပျက်။ မက်ဂျယ်လန် တွင် သင်္ဘောမှောက်တော့လည်း အေးအေးဆေးဆေး။ အမြဲတ မသေဆေး စားထားသော ပုဂ္ဂိုလ်ဟု တစ်ချိန်က ကိုယ့်ကိုယ်ကိုယ် သွေးနားထင်ရောက်ခဲ့သော မာလ်ကွီးယားဒီးစ်သည် ခုတော့ စိတ်ဓာတ် အကြီးအကျယ် ကျဆင်းနေသော လူအိုကြီးလုံးလုံး ဖြစ်သွားခဲ့ပြီ။

ကျီးကန်းတစ်ကောင် အတောင်ပံ ဖြန့်ထားသလို အသွင်သဏ္ဌာန်ရှိသည့် ဦးထုပ်မည်းကြီးကို ဆောင်းပြီး ရာစုနှစ်တစ်စုမျှကြာပြီ ထင်ရလောက်အောင် ဟောင်းနွမ်း စုတ်ပြတ်နေသော ကတ္တီပါအကျီကို ဝတ်ထားသည့် လူအိုကြီး မာလ်ကွီးယာဒီးစ်။ ပညာရှိကြီး မာလ်ကွီးယားဒီးစ်။ ထို မာလ်ကွီး၊ အနီမာလ်ကွီးသည် ဘယ်ကလောက် ပညာဉာဏ်ကြီးကြီး လူထဲကလူသာ ဖြစ်သည့်အတွက် မြေကြီးနှင့် ကင်းကွာ၍ မရစကောင်း။ မာလ်ကွီးယားဒီးစ်သည် အိုမင်းမစွမ်း ဖြစ်ရခြင်းအပေါ် ညည်းညူ၏။

mgyee.com

mgyoe.com SAMPLE BOOK

ဆင်းရဲတွင်းနက်လှသည့်အတွက် ငြူစူ၏။ စကာဗီ၏ နှိပ်စက်မှုကြောင့် သွားတွေ ကျွတ်ထွက်ကုန်သည့်အပေါ် စိတ်ဆင်းရဲ၏။ ထိုသွားတွေ ကျွတ်ကုန်ကတည်းက သူ ခပ်တည်တည်ကြီး ဖြစ်သွားခဲ့သည်မှာ ကြာပြီ။ သွားပေါ်အောင် ရယ်ပြုံးခြင်းအမှုကို သတိထား၍ ဆင်ခြင်နေရ၏။ အသက်ရှုကျပ်လောက်အောင် ပူလှသည့် မွန်းတည့်ချိန် တစ်နေ့မှာ မာလ်ကွီးယားဒီးစ်က ဟိုဆေးကို ထိုအကြောင်းများ ရင်ဖွင့်၏။

သူ့အတွက် တစ်သက်မခွဲ ရှေ့လက်တွဲရမည့် မိတ်ဆွေစစ်ကို ရလိုက်ပြီမှန်း ဟိုဆေး အသေအချာ သိလိုက်သည်။ သူ့ကလေးများကလည်း မာလ်ကွီးယားဒီးစ်၏ ထူးထွေတည့် အံ့ရာသောဝ် ပုံဝတ္ထုဆန်းများ အလျဉ်တွင် ပါးစပ်ကလေးများ အဟောင်းသားနှင့် ပက်လက်ရော၊ မှောက်ခုံပါ မျောနေကြသည်။ ထိုအချိန်က ငါးနှစ်ပင် မပြည့်တတ်သေးသော်လည်း အော်ရဲလီယာနိုသည် အဲဒီတုန်းကမြင်ကွင်းကို စိတ်အာရုံဝယ် ပြက်ပြက်ထင်ထင် မှတ်မိနေဆဲ ဖြစ်၏။ မာလ်ကွီးယားဒီးစ်က နေရောင်စူးရှလွန်း၍ ရောင်ပြန် တလက်လက်ထနေသော ပြတင်းပေါက်ကို ကျောပေးပြီးထိုင်ကာ နဖူးနှင့်နားထင်မှ ချွေးများ၊ ဆံပင်တွင် လိမ်းထားသည့် အဆီများက မျက်နှာပေါ် စီးကျလျက်၊ အသံနက်ကြီးဖြင့် စကားပြောနေပုံကို သူ ဘယ်တော့မှ မမေ့နိုင်။ သူ့အစ်ကို ဟိုဆေးအာကာဒီယို သည်လည်း ထိုနည်း လည်းကောင်း။ ဟိုဆေး အာကာဒီယိုကတော့ မမေ့နိုင်ရုံမျှမက ထိုမြင်ကွင်းကို သူမှတစ်ဆင့် ဆင်းသက်လာသော သား၊ မြေး၊ တီ၊ တွတ်၊ ကျွတ် အထိ မျိုးဆက်အမွေအဖြစ် လက်ဆင့်ကမ်းပေးခဲ့သည်။ သူတို့အမေ အာဆူလာ အတွက်လည်း ထိုနေ့က မြင်ကွင်းသည် အော့နှလုံးနာလောက်အောင် မမေ့နိုင်သောမြင်ကွင်း ဖြစ်နေပြန် ပါသေး။ သူတို့ရှိသည့် ဓာတ်ခန်းထဲသို့ အာဆူလာ ဝင်လာချိန်ဝယ် မာလ်ကွီးယားဒီးစ်သည် ပြဒါးပုလင်း တစ်လုံးကို နမော်နမဲ့ ချခွဲခဲ့ပြီးပြီ။

အာဆူလာက နှာခေါင်းကိုရှုံ့ရင်း-

"နံလိုက်တာ၊ ငရဲပြည် ရောက်နေသလား အောက်မေ့ရတယ်" ဟုဆို၏။

"အို… အို… မဟုတ်သေးဘူးလေ၊ ငရဲပြည်က အက်စစ် အချဉ်နံ့ရှိတယ်ကွဲ့၊ ဒီအနံ့က ဒါမျိုး မဟုတ်ဘူး"

မာလ်ကွီးယားဒီးစ်က အမှားပြင်ပေးနေသေးသည်။

အာဆူလာက သူ့ကို နည်းနည်းမျှ ဂရုမစိုက်။ ကလေးများကို ဘုရားရှိခိုးဖို့ ခေါ်သွား၏။ နောက်ပိုင်း မာလ်ကွီးယားဒီးစ်အကြောင်း စဉ်းစားမိတိုင်း ထိုနေ့က ပြဒါးခိုး အနံ့ဆိုးကို အာဆူလာ နှာခေါင်းထဲမှာ ရလာသလိုလို ရှိ၏။

ပါရမီရှင် ဟိုဆေးအတွက် အင်္ဂရတ် ဓာတ်ခန်း။ ဖန်ခွက်များ၊ ဖန်အိုးများ၊ ဖန်ပြွန်များဖြင့် ပြည့်နှက်လျက်။ ပြဒါးရှင်လုံး၊ ဓာတ်လုံး၊ သံသေ တစ်ဆွေဝ၊ ပြဒါးသေ တစ်ပြည်ဝစေမည့် မှော်ဓာတ်လုံးများ ထုတ်လုပ်ရာနေရာ။ မာလ်ကွီးယားဒီးစ်က ဂြိုဟ်ခုနစ်လုံးကို ကိုယ်စားပြုသည့် သတ္တုခုနစ်မျိုးကိုလည်း မေတ္တာလက်ဆောင်

mgyoe.com

mgyoe.com SAMPLE BOOK

ထည့်သွင်းပေးထားသေးသည်။ ရွှေကို ပြဟ္မာ့တန်ခိုးဖြင့် နှစ်ဆတိုးစေမည့် ဝိဇ္ဇာဓိုရ်၏ မိုးဇက်နှင့် ဖိုဆီမက်စ်တို့၏ ဖော်မြူလာများ၊ ဓာတ်လုံးဖော်နည်းကားများက အစုံအလင် တစ်ပုံတစ်ပင်။

လွယ်ကူ ရိုးရှင်းသည့် ရွှေနှစ်ဆတိုးမည့် ဖော်မြူလာ၏ ကွန်ချက် မိသွား ပြန်သော ဟိုဆေးသည် အာဆူလာကို ရက်သတ္တပတ်ပေါင်းများစွာ ဖြားယောင်း သွေးဆောင်ပြီး မြှုပ်ထားသော ရွှေဒင်္ဂါးများကို ဖော်ယူစေ၏။ အာဆူလာကလည်း ထွေထွေထူးထူး ငြင်းမနေတော့။ နားအေးလျှင် ပြီးရောဆိုသည့် သဘောဖြင့် ထုတ်ပေး လိုက်သည်။

ဟိုဆေး အလုပ်စချေပြီ။ လုံတစ်လုံးထဲသို့ ကြေးနီ၊ ခဲနှင့် အခြားပစ္စည်းပစ္စယ များထည့်၍ ထောင်း၏။ ကြက်ဆူဆီဖြင့် ညောင်စေးကျအောင်ကျို၏။ တင်လဲရည် ခပ်ပျစ်ပျစ်နှင့်တူသော အရည်တစ်မျိုးကိုရ၏။ နောက်တစ်ဆင့်က ပိုအရေးကြီးလာပြီ။ ငြိုပ်ခုနှစ်လုံးကို ကိုယ်စားပြုသော သတ္တုခုနစ်မျိုးကို ရောကျို၍ ပြဒါးရောထည့်၊ ဆိုက်ပရပ်စ် သံလွင်ဆီနှင့် ရောကျို၍ပေါင်းခံ။ ထိုပေါင်းခံရည်ကို ပထမအဆင့် ရခဲ့သည့် တင်လဲလို အရည်နှင့်ရော၊ ရွှေဒင်္ဂါးများထည့်၍ မီးပြင်းတိုက်ပြီး ကျိုထည့်လိုက်ရာ အာဆူလာ အသက်တမျှ တန်ဖိုးထားခဲ့သော အမွေပစ္စည်း ရွှေဒင်္ဂါးများသည် လုံအောက်ခြေမှာ မဲသဲ၍ ပြားကပ်ကုန်တော့သည် တကား။

နောက်နှစ် မတ်လ ဂျစ်ပစီများ ပြန်ရောက်လာသောအခါ အာဆူလာနှင့် တကွ တစ်ရွာလုံးလိုလို သူတို့ကို ခါးခါးသီးသီး ဖြစ်နေခဲ့ကြပြီ။ သို့သော်လည်း စပ်စုချင်စိတ်သည် အကြောက်တရားနှင့် အမုန်းတရားတို့ထက် ပို၍ အားကောင်း ပြင်းထန်ရကား နားကွဲမတတ် ဆူညံသောဘင်သံနှင့် ရွှေပွဲလာ ပရိသတ်အပေါင်းကို အာပေါင်အာရင်းသန်သန် အော်ဟစ်ခေါ်နေသော အုံ့ပွဲ ကြော်ငြာသမားတို့ကို ပညာရှိ သူတော်ကောင်း မာကွန်ဒို ရွာသားများ မလွန်ဆန်နိုင်ခဲ့ကြ၊ တစ်ယောက်ပြီး တစ်ယောက် အုပ်စုလိုက်ကြီး ဂျစ်ပစီတို့၏ ကြည့်ချင်ပွဲရှိရာ ရွက်ဖျင်တဲကလေးသို့ ရောက်လာကြ၏။ ရုံဝင်ကြေး တစ်ယောက် တစ်ပြားပေး၍ အတွင်းသို့ ဝင်၏။

အို… ကြည့်စမ်းပါ့ မာလ်ကွီးယားဒီးစ်ကို။ သွားအဖွေးသားကို အားပါးတရ ပြုံးရယ်ပြလျက်၊ ပါးရေလည်း မတွန့်တော့၊ ရောဂါတွေ အားလုံးလည်း ရှိပုံမရတော့။ ယခင် သေခါနီး ဘိုးကြီးအိုပမာ မာလ်ကွီးယားဒီးစ်ကို အမြဲ မြင်ခဲ့ရသော ရွာသားများအဖို့ နှငယ်ပို့ပျံမျှစ်နေသော ခုရုပ်ပုံလွှာသည် ဂျစ်ပစီတို့ ပြောပြောနေသော တန်ခိုးတော် အနန္တ၏ သက်သေပြချက်လေလား။

မာလ်ကွီးယားဒီးစ်က သွားများကို ရုတ်တရက် ဆွဲချွတ်လိုက်သည်ကို မျက်ဝါး ထင်ထင် တွေ့လိုက်ကြရသောအခါ ရွာသူ၊ ရွာသားတို့၏ အကြောက်တရားသည်

mgyoe.com

mgyoe.com SAMPLE BOOK

အထွတ် အထိပ်သို့ ရောက်သွားခဲ့သည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မာလ်ကွီးယားဒီးစ်သည် ချွတ်ထားသော သွားများကို ပါးစပ်ထဲသို့ ပြန်ထည့်ကာ ပရိသတ်ကို သွားဖြဲပြလိုက်သည်။

ဟိုဆေးလို ပါရမီရှင် အတွက်ပင် ထိုပြကွက်သည် ရင်သပ်ရှုမော ဖြစ်ခဲ့ရသည်။ မာလ်ကွီးယားဒီးစ်၏ ပညာအလင်းသည် အန္တိမအဆင့်သို့ ရောက်ခဲ့ပြီလော။ ရိုးရှင်းလွယ်ကူလှသည့် ဤတန်ခိုးအား လိုချင်တပ်မက်စိတ်သည် ဟိုဆေးအဖို့ သူစမ်းသပ်နေဆဲ အဂ္ဂိရတ်ပညာကို စွန့်လွှတ်ရန် သန္နိဋ္ဌာန်ကို အလွယ်တကူပင် ချမှတ်စေ၏။ ထိုစိတ်ကြောင့် ဟိုဆေးမှာ မအိပ်နိုင် မစားနိုင် ဖြစ်လာပြန်သည်။ အချိန်ရှိသ၍ အိမ်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်းသာ အချိန်ကုန်နေသည်။ အာဆူလာကိုလည်း တတွတ်တွတ် ပြော၏။

"ကမ္ဘာပေါ်မှာ မယုံနိုင်လောက်အောင် တန်ခိုးပြာဋိဟာပြတဲ့ကိစ္စတွေ ဖြစ်နေပြီကွ။ တို့ကသာ ဒီမှာ မြည်းတွေ၊ လားတွေလို ငထုံငထိုင်းဘဝနဲ့ နေနေရတာ"

မာကွန်ဒိုရွာကို စတည်ကတည်းက ဟိုဆေးကို သိခဲ့ကြသူတွေကတော့ မာလ်ကွီးယားဒီးစ်၏ သွေးဆောင်မှုကြောင့် အပြောင်းလဲကြီး ပြောင်းလဲလျက်ရှိသော ဟိုဆေးကို ငေးမောနေကြရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်ခဲ့ကြ။

မူလကတော့ ဟိုဆေး အာကာဒီယို ဘူဝမ်းဒီးယားသည် ဤရွာကလေးမှာ ဩဇာတိက္ကမ ကြီးလှသည့် စတင် ရွာတည်ထောင်ခဲ့သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။ အလုပ်ကြိုးစား၏။ အိမ်ကို ခင်တွယ်၏။ သားသမီးကို ချစ်၏။ ပရဟိတ အလုပ်ကို ဝါသနာပါ၏။ သူ့အိမ်သည် တစ်ရွာလုံးမှာ အကောင်းဆုံး၊ အလှဆုံး၊ ကျက်သရေအရှိဆုံး၊ အိမ်သစ်ဆောက်လိုလျှင် သူ့အိမ်ကို နမူနာယူရသည့် စံပြအိမ်။ သေးသော်လည်း သပ်ရပ်၏။ ထမင်းစားခန်းသည် လည်းကောင်း၊ အိပ်ခန်းနှစ်ခန်းသည် လည်းကောင်း၊ အိမ်နောက်ဖေး မြေကွက်လပ်ရှိ ရောမ သစ်ကြားပင်ကြီးတစ်ပင် ပါရှိသည့် ဥယျာဉ်ကလေးသည် လည်းကောင်း၊ တိရစ္ဆာန် မွေးမြူရေးခြံသည် လည်းကောင်း အရာခပ်သိမ်းသည် အေးချမ်းငြိမ်သက်၍ နှစ်လိုဖွယ်အသွင်ကို ဆောင်၏။ သူ့အိမ်ဝင်းအတွင်း မဝင်နိုင်ရန် တင်းတင်းကျပ်ကျပ် တားမြစ်စောင့်ကြည့်ရသည့် တစ်မျိုးတည်းသော သတ္တဝါမှာ တိုက်ကြက်သာ ဖြစ်၏။

အာဆူလာသည် ယောကျ်ားနှင့် အတူ မောင်တစ်ထမ်း မယ်တစ်ရွက် အလုပ်လုပ်နိုင်သူ ဖြစ်သည်။ သေးသေးကွေးကွေးနှင့် အကြောမာလှသော သန်မာ ဖျတ်လတ်သည့် ထိုမိန်းမသည် မိုးလင်းမှမိုးချုပ် တကုပ်ကုပ်ဖြင့် အလုပ်လုပ်နိုင်လွန်းသည်။ သူ့အိမ်၏ သိပ်သည်းသော မြေသားကြမ်းခင်းသည် လည်းကောင်း၊ ရွှံ့နံရံများသည် လည်းကောင်း၊ လက်လုပ် သစ်သားပရိဘောဂ ပစ္စည်းများသည် လည်းကောင်း အာဆူလာ၏ ကျေးဇူးဖြင့် အမြဲတမ်း သန့်ရှင်းသပ်ရပ်လျက် ရှိသည်။ အဝတ် သေတ္တာကြီးများသည်လည်း အမြဲတမ်း

mgyoe.com

ပရုတ်နံ့လှိုင်လျက်။

ဟိုဆေးသည် ရွာ၏ ရပ်မိရပ်ဖတစ်ဦး ဖြစ်၏။ ရွာစတည်ကတည်းက သူ့လက်သူ့ခြေ။ ရွာရှိအိမ်များ အားလုံး မြစ်ထဲမှ ရေကို ရယူရာ၌ လည်းကောင်း၊ နေရောင်ခြည်ကို ခံစားရာ၌ လည်းကောင်း သူလည်း မသာ ကိုယ်လည်း မနာရလေအောင် လက်မွန်မဆွ စီမံခန့်ခွဲသူသည် ဟိုဆေးပင် ဖြစ်၏။ ရွာလူဦးရေ အယောက်သုံးရာ ပြည့်ချိန်အထိ မာကွန်ဒိုသည် စည်းစည်းလုံးလုံးနှင့် အလုပ်ကြိုးစားသော ရွာကလေး ဖြစ်ခဲ့သည်။ ထိုအချိန်ထိ မည်သူမျှ အသက်သုံးဆယ် မကျော်ကြသေး။ မာကွန်ဒိုတွင် သေခြင်းတရားနှင့် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့သူလည်း ခုထိ တစ်ယောက်မျှ မရှိ။

တစ်ခုပြောစရာ ရှိသည်ကတော့ ဟိုဆေးသည် ငှက်ဖမ်း ဝါသနာအိုး ဖြစ်၏။ မာကွန်ဒိုရွာ တည်ပြီးပြီးချင်း ငှက်လှောင်အိမ် အမျိုးမျိုးကို ဖန်တီးပြီး ရသမျှ ကြက်တူရွေး၊ ကနေရီ၊ နံ့ပြီစုတ် အစရှိသည့် ငှက်ပေါင်းစုံကို မွေးထားရာ တစ်အိမ်လုံး ငှက်အော်သံ၊ တွန်သံများဖြင့် ဆူညံပွက်လောရိုက်နေတတ်သဖြင့် အာဆူလာမှာ နားထဲတွင် ပျားဖယောင်း ဆို့ထားရရှာသည်။ မာလ်ကွီးယားဒီးစ်တို့ ဂျစ်ပစီအုပ်စု မာကွန်ဒိုသို့ ပထမဦးဆုံးအကြိမ် ရောက်လာပြီး ခေါင်းကိုက်ပျောက်ဆေး အပါအဝင် ပရဆေး မျိုးစုံကို လာရောက်ရောင်းချကြသောအခါ နွံအိုင်ပတ်လည်ဝိုင်းလျက် ဧကစာရီ ကျင့်နေသော မာကွန်ဒိုကို ဘယ်နည်း ဘယ်ပုံ ရောက်လာကြသနည်းဟု ရွာသူရွာသားများ ဒွိဟဖြစ်ကြသည်။ ဂျစ်ပစီများက ငှက်အော်သံများ ကြားရသော အရပ်သို့ မှန်းဆပြီး လျှောက်ရင်း ရောက်လာကြပါသည်ဟု ရိုးရိုးသားသား အဖြေပေးကြရှာသည်။

အဲဒီလို ပရဟိတစိတ် ရှိသော၊ လူကြီးလူကောင်းဆန်သော၊ ဉာဏ်ပညာကြီးသော ဟိုဆေးထံမှ စိတ်ကောင်း စိတ်မြတ်များသည် ဂျစ်ပစီတို့၏ သံလိုက်မာယာ၊ မှန်ဘီလူးမာယာ၊ ဓာတ်လုံးမာယာများကြားဝယ် ပျောက်ဆုံးကုန်ကြပြီထင်၏။ ဟိုဆေးသည် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် နေတတ်သော အလုပ်ကြိုးစားသည့် ရွာသူကြီးအိမ်ထောင်ဦးစီးဘဝမှ မုတ်ဆိတ်ဖားဖား၊ အဝတ်အစား ဖိုးရိုးဖားရား၊ ကြေးလက်လေးသစ်ဖြင့် ပျင်းကြောဆွဲသော ဝဲစားဘဝသို့ အသွင်ပြောင်းလာသည်ကို မကြည့်ရက်သည့် အာဆူလာခမျာ သူ့မုတ်ဆိတ် ညှဉ်းသိုးသိုးကို မီးဖိုချောင်သုံးဓားဖြင့် ဖြတ်ပေးရသည်မှာလည်း အကြိမ်ကြိမ်အခါခါ။ ရွာသားများကတော့ ဂျစ်ပစီတို့၏ ပြုစားခြင်းကို အလူးအလဲ ခံနေရရှာသည့် ဟိုဆေးကို မေတ္တာ မပျက်ကြပါ။ ဟိုဆေးတစ်ယောက်ထင်ရာစိုင်းနေသည်ကို သူလုပ်သမျှ ဟုတ်သပဟု မှတ်ယူကာ ဝိုင်းကြ ဝန်းကြသည့်သူ့တပည့် သာဝကများကတော့ အလုပ်ပျက်၊ အကိုင်ပျက်၊ မိသားစုနှင့် ပြဿနာတက်ကြရရှာသည်။

ယခင်ကတော့ ဟိုဆေးသည် ရွာပတ်ဝန်းကျင် ပထဝီ အနေအထားကို လုံးဝလျစ်လျူရှုထားသူ ဖြစ်၏။ သူသိသည်က ရွာ၏ အရှေ့ဘက်စူးစူးသို့ ဦးတည်သွားလျှင်

mgyoe.com

mgyoe.com SAMPLE BOOK

လူသာမန်တို့ မည်သို့မျှ ဖြတ်သန်းသွား၍ ရနိုင်မည် မဟုတ်သော တောင်တန်းကြီးများ တွေ့လိမ့်မည်။ ထိုတောင်တန်းများ၏ ဟိုမှာဘက်တွင်တော့ ရိုင်ယိုဟာချာမြို့ ရှိသည်။ သူ့အဘိုး အော်ရဲလီယာနိုဘူဝမ်းဒီးယား၏ အဆိုအရ အင်္ဂလိပ်ဓားပြ ဆာဖရန်စစ် ဒရိတ်သည် ထိုနေရာတွင် မိကျောင်းဖမ်းပွဲ ကျင်းပခဲ့သည်။ အမြောက်ဖြင့် ထုကာ ဖမ်းမိသော မိကျောင်းများကို ပြောင်းပင်ရိုးများဖြင့် တွဲချည်ပြီး သူ့ရှိပြည်ရှင် အဲလိဇဘက် ဘုရင်မ သခင်ကို ဆက်သခဲ့သည်ဆိုပဲ။

လွန်ခဲ့သည့် နှစ်ပေါင်း များစွာတုန်းကတော့ ဟိုဆေးနှင့် စိတ်တူ ကိုယ်တူ လူငယ်များသည် ဇနီး၊ မယား၊ သမီး၊ သားများကို လက်ဆွဲခေါ်ဆောင်ပြီး အိမ်ထောင် ပရိဘောဂများ၊ အိမ်မွေးတိရစ္ဆာန်များပါမကျန် ယူဆောင်ကာ ဒီတစ်သက် ဖြတ်ကျော်၍ မရဟု ယူဆခဲ့ကြသည့် တောင်တန်းကြီးများကို အံခဲကျော်လွှားခဲ့ကြသည်။ သူတို့ ရည်ရွယ်ချက်က ပင်လယ်ထွက်ပေါက်ရှိသော နေရာတစ်ခုတွင် အခြေချရန်။ နှစ်ဆယ့် ခြောက်လလုံးလုံး မရပ်မနား ခရီးနှင်ခဲ့သော်လည်း ထင်တိုင်းမပေါက်၊ လိုရာ မရောက်ခဲ့ ကြသောအခါ ရောက်သည့် နေရာမှာပင် ဟိုဆေး၏ ဦးဆောင်မှုဖြင့် မာကွန်ဒိုရွာသာယာ ကို တည်ထောင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ လာရာလမ်းကို သူတို့ ဘယ်တော့မှ ခြေဦး ပြန်မလှည့်ခဲ့ကြတော့။ ထို့ကြောင့်လည်း ဟိုဆေးအဖို့ ရွာမှထွက်သည့် လမ်းဆိုသည်မှာ အတိတ်သို့ ခြေဦးပြန်လှည့်ခြင်းမျှသာ ဖြစ်သည့်အတွက် ရွာ၏ ပထဝီဝင် အနေအထားကို လုံးဝ စိတ်မဝင်စား။

ရွာ၏ တောင်ဘက်မှာတော့ အပေါ်ယံ တင်းနေသော နွံအိုင်ကြီးများ ရှိ၏။ ဂျစ်ပစီတို့၏ အဆိုအရ အဆိုပါ နွံအိုင်ကြီးများမှာ အဆုံးအစမရှိ ကျယ်ပြန့်လှသည်တဲ့၊ ရွာအနောက်ဘက်ရှိ ဧရာမ ရေအိုင်ကြီးထဲမှ ရေများသည် ထိုနွံအိုင်များနှင့် ဆက်နေပုံရ၏။ ထိုရေအိုင်ကြီး အတွင်းမှာ သင်္ဘောသားများကို ဘဝပျက်အောင် လုပ်တတ်သည့် ရေသူမ များလည်း ရှိသည်ဟုဆိုကြ၏။ ဂျစ်ပစီများသည် အဆိုပါ အနောက်ဘက် ရေလမ်းကြောင်းမှ ခြောက်လခန့် ရွက်လွှင့်ခဲ့ကြပြီး နောက်ဆုံး မြည်းကလေးများနှင့်သာ သွားလာနိုင်သော စာပို့လမ်းကို တွေ့ခဲ့၍ မာကွန်ဒိုသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာနိုင်ကြခြင်း ဖြစ်သည်။

ပထဝီဝင် အနေအထားကို မသိပင် မသိသော်ငြားလည်း ဟိုဆေး၏ တွက်ချက် မှုများအရတော့ မာကွန်ဒိုနှင့် ကမ္ဘာ့သစ်ကို ဆက်သွယ်နိုင်မည့် တစ်ခုတည်းသော လမ်းကြောင်းမှာ မြောက်ဘက်လမ်းကြောင်း ဧကန်အမှန် ဖြစ်၏။ သို့ဂ. ဒိုကြောင့်လည်း တစ်နေ့မှာတော့ ဟိုဆေးသည် မြေပုံများ၊ လမ်းကြောင်းရှာ ကိရိယာများကို အိတ်ထဲ ထည့်ကာ ရွာစတည်ကထည်းက သူ့နောက်လိုက် ဖြစ်ခဲ့သော အဌေဝါသိက တပည့်ကြီး များကို လက်နက်များ ကိုင်စွဲစေလျက် စွန့်စားခန်းကြီး တစ်ခုကို စတင်ခဲ့တော့သည်။

mgyoe.com

ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်နိုင်ဖို့အတွက် သူတို့ နယ်သစ်ပယ်သစ် ရှာဖွေကြတော့မည်။ ရှာဖွေကြဦးမည်။

ခရီးစဉ် စစချင်းမှာတော့ သူတို့အဖို့ စာဖွဲ့လောက်အောင် အခက်အခဲ မတွေ့ကြသေး။ မြစ်ရိုးတစ်လျှောက် သူတို့ အောက်ဘက်ကို ဆင်းကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သံချပ်ကာအင်္ကျီ ရခဲ့သည့်နေရာအထိ ဆင်းကြသည်။ ထို့နောက် မြစ်ကြောင်းကို ဖယ်ခွာကာ သစ်တောအုပ်ထဲသို့ ဝင်ကြ၏။ လိမ္မော်ပင်များကြားမှာ လမ်းကြောင်းကို ခက်ခက်ခဲခဲ ရှာကြရသည်။ ခရီးထွက်ပြီး တစ်ပတ်ကြာသော် ရိက္ခာအတွက် သမင်တစ်ကောင် ရရှိကြ၏။ တစ်ဝက်သာစား၍ ကျန်တစ်ဝက်ကို အခြောက်လှန်းကာ နေ့ဖို့ညစာ ထားလိုက်ကြ၏။ ဒီလိုနှင့် မွဲပြာပြာ အသားနှင့် အော်ဂလီဆန်စရာ အရသာရှိသော ကြက်တောများကို ဖမ်းဆီးစားသောက်ရမည့် အရေးမှ သူတို့ ရှောင်လွှဲနိုင်ခဲ့ကြသည်။ ဆယ်ရက်ကျော်လာသော် နေရောင်ကို မမြင်ရတော့။ သစ်တောအုပ်ကြီးက နေပြောက်ပင် မထိုးနိုင်။ မြေကြီးသည် ပျော့ပြဲပြဲ စိုစိစိ ဖြစ်လာ၏။ ဒိုက်နှင့်မှော်များသည်ထက် များလာပြီး ငှက်သံ၊ မျောက်သံတို့နှင့် ဝေးသည်ထက် ဝေးလာခဲ့ကြ၏။ အရာခပ်သိမ်းသည် တိတ်ဆိတ်ငြိမ်သက်ခြင်း ကြီးစိုးလျက်။ တစ်ပတ်လုံးလုံး အိပ်မက်ထဲ လမ်းလျှောက်နေသကဲ့သို့ သူတို့ လျှောက်ကြသည်။ လာရာလမ်းကိုလည်း မမှတ်မိကြတော့။ အိမ်ပြန်ဖို့လမ်းလည်း မရှာတတ်တော့။ သူတို့ ဘွတ်ဖိနပ်များသည် အငွေ့တထောင်းထောင်း ထနေသည့် နွံအိုင်ပူများထဲ မကြာခဏမြုပ်ကာ စုတ်ခဲ့ပြီ။ သူတို့ ဓားမြှောင်များသည်လည်း ကြာနွယ်များ၊ ကုန်းတစ်ပိုင်း ရေတစ်ပိုင်း နေတတ်သည့် ရွှေရောင်လိပ်ပျင်းများကို ခုတ်ရ ဖြတ်ရလွန်းသဖြင့် တုံးခဲ့ပြီ။

ဟိုဆေးကတော့ ဤသို့ အမိန့်ရှိ၏။

"ကောင်းပြီလေ၊ ဆက်သွားကြတာပေါ့၊ ယုံကြည်ချက်ကိုတော့ မပျက်စေနဲ့ ဟေ့"

ဟိုဆေးသည် သံလိုက်အိမ်မြှောင် အားကိုးဖြင့် သူ့လူများကို ခုထိ မမြင်ရသေးသည့် မြောက်စူးစူးသို့ မှန်းဆခေါ်ဆောင်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကျိန်စာသင့်နေသော ဤနယ်မြေမှ သူတို့ လွတ်မြောက်ရမည်။ လွတ်ကို လွတ်ရမည်။

တစ်ညလုံး သူတို့ ခရီးပြင်းနှင်ကြသည်၊ လရောင်မသာ၊ ကြယ်ရောင်မရှိ ပိန်းပိတ်အောင် မှောင်သောည။ ခြေကုန်လက်ပန်း ကျသွားသောအခါ လက်နက်များကို ဘေးချ၍ ကြိုးခုတင်များဆင်ကာ အသေကောင်များလို တုံးခနဲ အိပ်ပျော်သွားကြသည်။ နှစ်ပတ်အတွင်း ပထမဆုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြသောည။

သူတို့ နိုးသောအခါ ကောင်းကင်မှာ ထွက်ပြူစနေမင်းကို တွေ့လိုက်ကြရသည်။ အံ့သြလွန်းသဖြင့် စကား မပြောနိုင်ကြ။ နံနက်ခင်း အလင်းရောင်အောက်မှာ သူတို့ မြင်လိုက်ရသည်က ဧရာမ စပိန်ရွက်သင်္ဘောကြီး တစ်စင်း။ ဦးပိုင်းသည် အနည်းငယ်

mgyoe.com

စောင်းလျက်၊ ရွက်တို့က စုတ်ပြတ်ညစ်ထေးလျက်၊ သင်္ဘောဝမ်းထဲရှိ ကြယ်ငါး အသေကောင်များ၊ ရေမှော်များသည် နှစ်ပရိစ္ဆေဒ ကြာလွန်းလှသဖြင့် ကျောက်ဖြစ်စ ပြုနေပြီ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အချိန်ကာလ သုံးပါးစလုံး၏ နှောင့်ယှက်ခြင်းမှ ကင်းဝေးသော အထီးကျန် ရွက်သင်္ဘောကြီး။ ဟိုဆေးတို့ နယ်သစ်ပယ်သစ် ရှာဖွေ သူများသည် သင်္ဘောတစ်စီးလုံး ပိုက်စိပ်တိုက် ရှာဖွေပါသော်လည်း တောထနေသော အလေ့ကျ ပေါက်ပင်များမှတစ်ပါး အခြား ဘာအဖိုးတန် ပစ္စည်းမျှ မတွေ့။

ပသို့ဆိုစေ သင်္ဘောတွေ့ပြီဆိုလျှင် ပင်လယ်နှင့် နီးလာပြီ မဟုတ်လော။ ဟိုဆေးကတော့ ဒီကိစ္စကို ကံကြမ္မာ၏ ပြက်ရယ်ပြု လှည့်စားချက်ဟု ယူဆသည်။ တစ်သက်လုံး ရှာတုန်းက မတွေ့ခဲ့သော ပင်လယ်ထွက်ပေါက်သည် ခုတော့လည်း မရည်ရွယ်ဘဲ ဘွားခနဲ တွေ့ရတော့မည် မဟုတ်လား။

နှောင် နှစ်ပေါင်းများစွာ ကြာလာသောအခါ တော်လှန်ရေးခေါင်းဆောင် ဗိုလ်မှူးကြီး အော်ရဲလီယာနို ဘူဝမ်းဒီးယားသည် ထိုနေရာမှ ဖြတ်သွားရန် အကြောင်းဖန် လာ၏။ စာပို့လမ်းကြောင်း ဖောက်ပြီးပြီဖြစ်သော ထိုနေရာမှာ ဘိန်းခင်းများကြားဝယ် ရွက်သင်္ဘောအိုကြီး၏ တစ်စိတ်တစ်ပိုင်းကို သူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရသော အခါတွင်မှ ထိုဖြစ်ရပ်များသည် သူ့အဖေ စိတ်ကူးနှင့် ရူးပြီးထင်ရာမြင်ရာ လုပ်ကြံ ဖန်တီးခဲ့သော ဇာတ်လမ်း မဟုတ်ကြောင်း အသေအချာ သိခဲ့ရသည်။ သို့သော် ဤကုန်းခေါင်ခေါင်ပေါ်သို့ သင်္ဘော ဘယ်လို ရောက်နေမှန်း သူမည်သို့မှ စဉ်းစား၍ မရ။

ရွက်သင်္ဘောတွေ့သည့် နေရာမှ နောက်ထပ် လေးရက်ခန့် ခရီးပြင်းနှင်ခဲ့ကြပြီး နောက် ညစ်ထေးသော ရေလှိုင်းများဖြင့် အမြှုပ်ထနေသော ပင်လယ်ပြင်ကြီးကို နဖူးတွေ့ ဒူးတွေ့ တွေ့ကြရသောအခါ ဟိုဆေးတစ်ယောက် မအံ့သြတော့ပါ။ သူ မျှော်လင့်ထားပြီး သောကိစ္စ မဟုတ်တုံလော။ သူ အားပါးတရ ဟစ်ကြွေးလိုက်သည်။

"သောက်ကျိုးနည်း၊ လက်စသတ်တော့ ကျုပ်တို့ရဲ့ မာကွန်ဒိုဟာ ရေပတ်လည် ဝိုင်းနေတဲ့ နေရာပဲ"

မာကွန်ဒိုသည် ကျွန်းဆွယ်တစ်ခုပေါ်တွင် တည်ရှိနေကြောင်းကို နယ်သစ်ရှာ စွန့်စားခန်းခရီးစဉ်ကြီးမှ အပြန် ဟိုဆေးရေးခြစ်ခဲ့သော မြေပုံများမှတစ်ဆင့် နှောင်းလူများ သိခွင့်ရခဲ့ကြသည်။ မာကွန်ဒိုလို နေရာမျိုးကို ရှာတည်မိခဲ့ကြသည့် သူတို့သည် မည်မျှ မိုက်မဲခဲ့ကြသနည်း။ ဟိုဆေးသည် စဉ်းစားရင်း ယူကျုံးမရဖြစ်ကာ အပူလုံးကြွလာ၏။ သူ့မိန်းမ အာဆူလာကို ဤသို့ ဤနှယ် မချီတင်ကဲ သူ ပြော၏။

"ငါတို့ဟာ တစ်သက်လုံး မာကွန်ဒိုကလွဲလို့ ဘယ်မှ မရောက်ဖူးခဲ့ကြဘူး၊ ဒီမှာပဲ အမြစ်တွယ်သလို နေခဲ့ကြတဲ့အတွက် သိပ္ပံပညာရဲ့ အသီးအပွင့်တွေကိုလည်း ဘာမှ မခံစားခဲ့ရဘူး"

mgyoe.com

ဟိုဆေးသည် သူ့ခတ်ခန်း အတွင်းမှ လပေါင်းများစွာ အပြင်မထွက်ဘဲ အပြင်းအထန် စဉ်းစား ဆင်ခြင်သုံးသပ်၏။ နောက်ဆုံးမှာ မာကွန်ဒိုရွာကို ပို၍ ကောင်းသောနေရာကို ရွှေ့ပြောင်းရန် စီမံကိန်းကြီး တစ်ခုကို သူရလိုက်၏။

ဒီတစ်ခါတော့ အာဆူလာသည် နပ်သွားပြီ၊ သူ့ယောကျ်ားနှင့် အတိုက်အခံ လုပ်မနေတော့။ အလိုက်သင့် အလျားသင့်ပြောပြီး ရွာထဲမှ ဟိုဆေး နောက်လိုက် တို့၏ ဇနီးမယားများကို တိတ်တိတ်ကျိတ်၍ စည်းရုံး၏။ ဟိုဆေးကတော့ ဘာမျှမသိ။ အားပါးတရ စီမံကိန်းဆွဲကောင်းတုန်း။ အာဆူလာသည် ဘာမှ မသိနားမလည်ဟန်ဖြင့် သူ့ယောကျ်ားကို တစေ့တစောင်း အကဲခတ်၏။ သူ့ခတ်ခန်းမှ ပစ္စည်းများကို သေတ္တာကလေးများထဲ စိတ်ရှည်လက်ရှည် ထည့်နေရှာသော ဟိုဆေးကို ကြည့်၍ သနားမိသေးသည်။ ပြီးအောင် ထည့်ချင်လည်း ထည့်ပါစေလေ။ သေတ္တာများကို သံရိုက်၊ အပေါ်မှ သူ့အမည် ရေးပြီးသည့်အချိန်ထိ အာဆူလာ အသာကြည့်နေခဲ့သည်။ သို့သော် မကြာခင်မှာပင် ဟိုဆေးတစ်ယောက် အခြေအနေကို ရိပ်မိစ ပြုလာသည်။ ရွာပြောင်းမည့် အစီအစဉ်ကို သူ့နောက်လိုက်များ အပါအဝင် တစ်ရွာလုံးက အင်းမလှုပ်၊ အဲမလှုပ် လုပ်နေကြသည်။ ဒီလိုနှင့် ဟိုဆေး ဘာတွေ လုပ်နေတာလဲဟု အာဆူလာက မသိချင် ယောင်ဆောင်ပြီး မေးတော့ သူက ခါးခါးသီးသီး ဖြေ၏။

"ငါက အားလုံးကောင်းဖို့လုပ်ခဲ့တာ၊ အခု ဘယ်သူမှ မသွားချင်ဘူးဆိုတော့ တို့မိသားစုပဲ သွားကြတာပေါ့၊ ဉာဏ်နည်းတဲ့ကောင်တွေ၊ မာကွန်ဒို ဇနပုဒ်မှာ ခွေးသေ ဝက်သေ နေရစ်ကြပေတော့" တဲ့။

အာဆူလာ စိတ်မဆိုးတော့ပါ။ သူ အေးအေးဆေးဆေး ပြန်ပြောခဲ့၏။

"ကျွန်မတို့လည်း မသွားနိုင်ပါဘူး၊ သားသမီးတွေ ရှိသေးတယ်လေ"

"ဒီမြေမှာ လူတစ်ယောက်မှ မသေဖူးသေးဘူးကွ၊ လူသေ မမြှုပ်ဖူးတဲ့ မြေပေါ်မှာ လူရှင်တွေ မနေကောင်းဘူး"

ပညာရှိ ဟိုဆေးက သို့ကလို ငါ့စကား နွားရ အကြောင်းပြန်လေတော့ အာဆူလာ လေသံ နည်းနည်းတင်းရပြီ။

"ဒါဆို ကျွန်မ သေပေးလိုက်မယ်လေ၊ ရှင်တို့ လူသေ မြှုပ်ထားတဲ့ ဒီမြေ ပေါ်မှာပဲ ဆက်နေကြပေါ့"

ဟိုဆေးသည် အာဆူလာကို ဒီလောက် ခေါင်းမာလိမ့်မည်ဟု မထင်မိခဲ့။ အာဆူလာကို နည်းမျိုးစုံဖြင့် ဆွဲဆောင်နိုင်ရန် ဟိုးဆေး တစ်ယောက် ကြိုးစားသော်လည်း အကြောင်းမထူး။

"ရှင့်ရဲ့ မထော်မနမ်း အလုပ်တွေကို ရပ်တန်းကရပ်ပြီး သားတွေအတွက် အချိန်လေး ဘာလေး ပေးပါလား ဟိုဆေးရယ်။ ဟိုမှာ ကြည့်စမ်း၊ ရှင့်သားတွေ သောင်းကျန်းနေလိုက်ကြတာ မျောက်တွေကျနေတာပဲ"

myoe.com

ဟိုဆေးသည် အာဆူလာ၏ စကားကို တစ်သဝေမတိမ်း နာခံပြီး ပြတင်းပေါက်မှ ကြည့်လိုက်၏။ ဥယျာဉ်ထဲတွင် ခြေဗလာဖြင့် လျှောက်ပြေးနေကြသော ကလေးများ၊ ဒီကလေးတွေ ဘယ်က ဘယ်လို သူတို့ဆီ ရောက်လာပြီး ဒီလောက်ထိ ကြီးလာကြပါလိမ့်၊ အာဆူလာက အိမ်သန့်ရှင်းရေး ဆက်လုပ်နေ၏။ ကလေးများကို ငေးကြည့်နေသော ဟိုဆေးသည် မျက်ရည်စို့လာသဖြင့် လက်ခုံဖြင့် သုတ်လိုက်သည်။ ထို့နောက် သက်ပြင်းကြီးတစ်ချက် လေးလေးလံလံ ချလိုက်တော့သည်။ သူ ရှုံးပြီ။

"အေးလေ… ဒါဆိုလည်း ကလေးတွေကို ပစ္စည်းတွေ ပြန်ထုတ်ဖို့ ဝိုင်းကူကြဦးလို့ ပြောလိုက်ကွာ"

အကြီးကောင် ဟိုဆေးအာကာဒီယိုသည် အသက် ဆယ့်လေးနှစ်ရှိပြီ။ ခေါင်းကလေးထောင့်၊ ဆံပင်ထူထူနှင့် အဖေဟိုဆေး၏ ရုပ်ရည်သွင်ပြင်နှင့် ချွတ်စွပ်။ သို့သော် သူ့အဖေလို စိတ်ကူးဉာဏ်မရှိ။ မာကွန်ဒိုရွာ မတည်မီ တောင်တန်းများကို ဖြတ်ကျော်နေသည့် မဟာခရီးရှည်ကြီးအတွင်း သူ့ကို မွေးဖွားခဲ့သည်။ အကောင်းပကတိကလေး ထွက်လာသည့်အတွက် မိဘနှစ်ပါး အထူးသဖြင့် အာဆူလာက ဘုရားသခင်ကို ကျေးဇူးတင်မဆုံး။

ဒုတိယသား အော်ရဲလီယာနိုသည် မာကွန်ဒိုရွာ တည်ပြီး ပထမဆုံး မွေးဖွားသည့်ကလေး ဖြစ်၏။ လာမည့် မတ်လတွင် ခြောက်နှစ် တင်းတင်း ပြည့်မည်။ မွေးကတည်းက မျက်စိဖွင့်လျက် မွေးသောကလေး၊ ချက်ကြိုးဖြတ်နေစဉ်မှာပင် အခန်းထဲမှ သူလက်လှမ်းမီရာ ပစ္စည်းများကို ဟိုကိုင် ဒီကိုင်၊ အနားမှာ ဝိုင်းနေသော မီးတွင်းကြည့် ပရိသတ်ကြီးကို အကြောက်အလန့်မရှိ ခပ်တင်းတင်း ကြည့်နေခဲ့၏။ နောက်ဆုံးတော့ သူ့အကြည့်က အိမ်ခေါင်မိုးတွင် ရပ်သွား၏။ ခေါင်မိုးကို မမှိတ်မသုန် စိုက်ကြည့်နေလိုက်သည်မှာ မိုးသည်းထန်စွာရွာ၍ ခေါင်မိုးကြီး တစ်ခုလုံး ကျွံကျလာတော့မည့်ပုံစံမျိုး။ သူ့သား အငယ်ကောင်၏ ထိုအကြည့်ကို အာဆူလာ ပြက်ပြက်ထင်ထင် မှတ်မိနေခဲ့သည်မှာ လွန်ခဲ့သည့် သုံးနှစ်က ဖြစ်၏။ သုံးနှစ်သား အော်ရဲလီယာနိုသည် သူ ဟင်းချက်နေတုန်း မီးဖိုခန်းထဲသို့ တောက်တက်တောက်တက်ဖြင့် ဝင်လာသည်။ မီးဖိုခန်း တံခါးဝမှ နေ၍ မပီကလာဖြင့် ဟင်းအိုးကို စိုက်ကြည့်ရင်း–

"ဟင်းအိုး မှောက်ကျတော့မယ်" ဟု ပြော၏။

အော်ရဲလီယာနို ပြောလိုက်သည့် အခိုက်အတန့်မှာပင် မီးဖိုပေါ် အံဝင်ခွင်ကျ တင်ထားသော ဟင်းအိုးသည် ကြမ်းပေါ်သို့ ခွမ်းခနဲ ကျကွဲတော့သည်။ အာဆူလာက ထိုအကြောင်းကို ဟိုဆေးကို ပြောပြ၏။ သို့သော် ဟိုဆေးက အရေးမစိုက်၊ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ဟုသာ သဘောထား၍ ခပ်ပေါ့ပေါ့ နေ၏။ ကလေးဆိုတာ ဘာမှမသိသေးတဲ့ အမိုက်ကလေး တွေဟု သဘောထားခြင်းကြောင့် လည်းကောင်း၊

myoe.com

m g y e e . c o m  SAMPLE BOOK 

သူ၏ စိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်ရန် ကြံစည်ကြိုးစားနေရသဖြင့်လည်းကောင်း ဟိုဆေးမှာ ကလေးတွေကို ဂရုစိုက်ဖို့ အချိန် မရှိခဲ့။

သို့သော် ထိုနေ့လယ်တုန်းကတော့ သူ့သားများကို သူကိုယ်တိုင်ခေါ်၍ ပြောင်းရွှေ့ရန် ထုပ်ပိုးထားပြီးသော ပစ္စည်းပစ္စယများကို သားအဖတစ်သိုက် ပြန်လည် ထုတ်ယူနေကြ၏။ ဘယ်သူ့မျှ အဝင်မခံသော သူ့စာတတ်ခန်းအတွင်းသို့ သားများကို ခေါ်သွား၏။ စာတ်ခန်းနံရံများတွင် ထူးဆန်းသော မြေပုံများ ချိတ်ဆွဲထားသည်ကို ကလေးနှစ်ယောက်က ပါးစပ်ကလေးများ အဟောင်းသားဖြင့် ငေးမောနေခဲ့ကြသည်။ ဟိုဆေးက ကလေးများကို ပညာအမွေ စတင်မျှဝေ၏။ အာဖရိကတိုက်၏ တောင်ဘက်စွန်းရှိ အချိန့်ရှိသ၍ ထိုင်ပြီး စဉ်းစားခန်းဝင်နေသော မဟာပညာကျော်များ အကြောင်း၊ အေဂျီယန်ပင်လယ်အော်ကို ဆလိုနီကာဆိပ်ကမ်း ရောက်သည်အထိ ကျွန်းတစ်ကျွန်းပြီး တစ်ကျွန်း ခုန်ကူးပြီး ခရီးသွားနိုင်သည့် အကြောင်း၊ အဖေ သင်ပေးလိုက်သည့် ထို အကြောင်းခြင်းရာများသည် နှစ်ပေါင်းများစွာ ကုန်လွန်ပြီးသည့်တိုင်အောင် သားနှစ် ယောက်၏ ဦးနှောက်ထဲတွင် သံမှိုဖြင့် နှက်လိုက်သလို စွဲမြဲသွားခဲ့သည်။ ဗိုလ်မှူးကြီး အော်ရဲလီယာနိုသည် ပူအိုက်သော မတ်လတစ်နေ့လယ်တွင် ရူပဗေဒ ပညာရပ်ကို သားများအား ရောက်တတ်ရာရာ သင်နေရင်းက သူ့အဖေ ဖြစ်သွားပုံကို ခုထိ မျက်စိထဲမှ မထွက်။ ဟိုဆေးသည် လက်များကို ဆန့်တန်းလျက် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ငြိမ်ငြိမ်ကြီး ရပ်နေ၏။ ဂျစ်ပစီတို့၏ ဗုံသံ၊ ခရာသံများက သူ့နားထဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာသည်။ မင်းဖစ်မှ နောက်ဆုံးပေါ် တွေ့ရှိမှုကြီးဆိုပဲ။

ဒီတစ်ခေါက် ရောက်လာခဲ့ကြသည့် ဂျစ်ပစီတွေက မူလလက်ဟောင်း ဂျစ်ပစီများ မဟုတ်။ လူသစ်တွေ၊ ဂျစ်ပစီ ဘာသာစကား တစ်မျိုးတည်းသာ ပြောတတ်ကြသည်။ ပါလာသည့် ပစ္စည်းများကတော့ စုံပါပေ့။ ရောင်စုံ အသွေးစုံ ကြက်တူရွေးများ၊ တစ်နေ့ ရွှေဥအလုံးတစ်ရာ ဥသည်ဆိုသော ကြက်မတစ်ကောင်၊ အကြားအမြင်ရနေသော မျောက်ထီးတစ်ကောင်၊ အင်္ကျီကြယ်သီးပေါက်လည်း တပ်နိုင်၊ အဖျားကိုလည်း ကျစေနိုင်သော ဘက်စုံသုံး စက်တစ်လုံး၊ မေ့ချင်သည့် အစိတ်အပိုင်းကို ချက်ချင်း မေ့ပျောက်နိုင်စွမ်းရှိသည်ဆိုသော ကိရိယာတစ်ခု၊ အချိန်ကုန်လိုသူများအတွက် အလွယ်တကူ အချိန်ကုန်စေသည်ဆိုသည့် ဘာမှန်းမသိသောဟာကြီးတစ်ခု အပါအဝင် ပစ္စည်းအမျိုးအမည်ပေါင်း အစုံအလင် တစ်ပုံတစ်ပင် ပါလာကြ၏။

သူတို့ ပါလာသည့် ပစ္စည်းများ အားလုံးကို မှတ်မိနိုင်ဖို့ မှတ်ဉာဏ်ကောင်းစက်တစ်လုံး တီထွင်ရလျှင် ကောင်းမလားဟု ဟိုဆေး စဉ်းစားနေမိသည်။ ဒီတစ်ခေါက်တော့ တကယ့် ပွဲတော်ကြီး ဖြစ်သည်။ ရွှေရောင်သွားများနှင့် ကျွမ်းဘားသမားများ၊ လက်ခြောက်ဖက်နှင့် မျက်လှည့်ဆရာများ။ အို ... ဟိုဆေးသည် လက်တစ်ဖက်တွင် ကလေးတစ်ယောက်စီကို ကိုင်ဆွဲလျက် အရူးတစ်ယောက်လို ပွဲခင်းထဲမှာ လမ်းလျှောက်

mgyee.com

နေသည်။ ဘယ်မလဲ မာလ်ကွီးယားဒီးစ်၊ သူ့ကို ပညာဉာဏ် အလင်းတွေ ဖွင့်ပေးခဲ့သော မဟာပညာကျော် မာလ်ကွီးယားဒီးစ်ကို မတွေ့ပါလား။ တွေ့သမျှ ဂျစ်ပစီတွေကို သူ မေးသော်လည်း နားမလည်ကြ။ နောက်ဆုံး မာလ်ကွီးယားဒီးစ် အမြဲစတည်းချရာ တဲနေရာတွင် တဲထိုးနေသော အာမေးနီးယန်းဂျစ်ပစီ တစ်ယောက်နှင့် တွေ့တော့မှ နည်းနည်း အဆင်ပြေသွားသည်။ ထိုအာမေးနီးယန်းက စပိန်လို ထမင်းစား ရေသောက် ပြောနိုင်၏။

"မာလ်ကွီးယားဒီးစ် သေသွားပြီဗျ" တဲ့။

ဟိုဆေးသည် ကျောက်ရုပ်သဖွယ် ငူငူကြီး ရပ်နေမိသည်။ ဟုတ်မှ ဟုတ်ပါ့မလား။ ဖြစ်ရော ဖြစ်နိုင်ရဲ့လား။ နောက်ပိုင်း လာကြသော ဂျစ်ပစီ အုပ်စုများထံမှ ရသည့် သတင်းစကားအရ မာလ်ကွီးယားဒီးစ်သည် စင်ကာပူကမ်းခြေတစ်နေရာတွင် အဖျားကြီးပြီး ဆုံးသွားခဲ့သဖြင့် သူ့အလောင်းကို ဂျာဗားပင်လယ်အော်၏ အနက်ဆုံး အပိုင်းတွင် ရေချခဲ့ကြသည်ဟု တညီတညွတ်တည်း ဆိုခဲ့ကြသည်ကော။ ဟိုဆေး ရင်ကွဲမတတ် ခံစားရသော်လည်း ကလေးများကတော့ ထိုအကြောင်းကို လုံးဝ စိတ်မဝင်စား။ မင်းဖစ်မှ နောက်ဆုံးပေါ် တွေ့ရှိမှုကြီးကို မြင်ချင်လှပြီ။ ရွှက်ဖျင်တဲ အဝင်ဝမှ ကြော်ငြာ သမား၏ အဆိုအရတော့ ဆော်လမွန်ဘုရင်ကြီး၏ ပညာခန်းဆိုပဲ။

ဟိုဆေးသည် ရုံဝင်ခ ပြားသုံးဆယ် ပေးလိုက်ပြီး ကလေးနှစ်ယောက်နှင့် အတူ တဲထဲဝင်၏။ အတွင်း၌ ခေါင်းတုံးပြောင်အောင် ရိတ်ထားပြီး ကိုယ်အထက်ပိုင်း ဗလာကျင်းကာ အမွေးအမှင် ထူထပ်လှသော လူ့ဘီလူးကြီး တစ်ကောင်ကို တွေ့ရသည်။ နှာခေါင်းမှာ ကြေးနီကွင်းကြီး ဖောက်စွပ်ထားသော၊ သံခြေချင်း ခတ်ထားသော အဆိုပါ လူ့ဘီလူးကြီးသည် ပင်လယ်ဓားပြတွေ သုံးလေ့ရှိသော သေတ္တာလေး တစ်လုံးကို စောင့်ကြပ်လျက် ရှိသည်။ သူတို့ သားအဖတစ်သိုက်အတွက် လူ့ဘီလူးက သေတ္တာကို အသာ ဖွင့်ပြလိုက်သည်။

အထဲမှာ အရာဝတ္ထုတစ်ခု ရှိနေ၏။ အလွန်ကြည်လင်ပြီး ထုတ်ချင်း ပေါက်အောင် မြင်ရသော လေးထောင့် အတုံးကြီး တစ်တုံးသည် နေရောင် အောက်ဝယ် မျက်စိကျိန်းလောက်အောင် တဖျပ်ဖျပ် လက်နေ၏။ ဟိုဆေး ပါးစပ်ကြီး အဟောင်းသားဖြင့် စိုက်ကြည့်နေသည်။ သူ့နှုတ်မှလည်း တီးတိုး ရေရွတ်လိုက်၏။

"ဘုရား-ဘုရား- ဒါဟာ ကမ္ဘာပေါ်မှာ အကြီးဆုံး စိန်တုံးကြီးပါလား"

လူ့ဘီလူး ဂျစ်ပစီကြီးက သူ့ကို စိုက်ကြည့်ရင်း ပြန်ပြောလိုက်၏။

"စိန်တုံးကြီး မဟုတ်ဘူးဗျ၊ အဲဒါ ရေခဲတုံးကြီး"

ဟိုဆေး နားမလည်ပါ။ ထို အတုံးအခဲကြီးကို လက်ဖြင့် ထိကြည့်ဖို့ ကြိုးစား၏။ လူ့ဘီလူးက ဟန့်တားလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ထိကြည့်ချင်ရင် နောက်ထပ် ငါးပြား ထပ်ပေးရမယ်"

ဟိုဆေးက မဆိုင်းမတွ ပေးလိုက်ပြီး ထိုအတုံးပေါ် လက်ကို တင်လိုက်၏။ မိနစ်ပေါင်းများစွာကြာအောင် လက်မလွှတ်။ သူ့နှလုံးသားကတော့ ဂမ္ဘီရပညာ၏ အဆုံးစွန်သော လျှို့ဝှက်ချက်ကို တွေ့ရှိ လိုက်ရသလို သောမနဿ၊ ဒေါမနဿများဖြင့် တဖျတ်ဖျတ်ခုန်လျက်။ နောက်ထပ် ဆယ်ပြား ထပ်ပေးလိုက်ပြီး သားနှစ်ယောက်လုံးကို ကိုင်ခိုင်းသည်။ တစ်သက်မှာ တစ်ခါဆိုသလို ရနိုင်ခဲ့သည့် အတွေ့အကြုံကို သားများကို ရစေချင်လှသော်လည်း အကြီးကောင် သားဟိုဆေးက ထိုဟာကြီးကို ကိုင်ဖို့ အကျောက် အကန်ငြင်း၏။ အော်ရဲလီယာနိုကတော့ ခပ်တည်တည်ပင်။ ရှေ့တစ်လှမ်းတိုးလိုက်ပြီး အတုံးပေါ် လက်တင်လိုက်သည်။ ထို့နောက် မျက်စိပျက် မျက်နှာပျက်နှင့် ချက်ချင်း လက်ပြန်လွှတ်လိုက်ပြီး-

"အမယ်လေး၊ ပူလိုက်တာဗျ"

ဟု ညည်းတွား ရေရွတ်နေ၏။ အဖေ ဟိုဆေးကတော့ နည်းနည်းမျှ ဂရုမစိုက်။ သူ့အကြည့်က ထိုအတုံးဆီမှ မခွာ၊ ခု မာလ်ကွီးယားဒီးစ် အပါအဝင် အားလုံးကို သူ မေ့သွားပြီ။ နောက်ထပ် ငါးပြား ထပ်ပေးလိုက်ပြီး လက်ကို အတုံးပေါ် တင်ပြန်၏။ ဟိုဆေးသည် မျက်စိများကို မှိတ်လိုက်ပြီး တစ်စုံတစ်ခုကို ခပ်တိုးတိုးဖြင့် ထပ်ကာ ထပ်ကာ ရေရွတ် နေတော့သည်။

"ဒါဟာ အကျွန်ုပ်တို့ ခေတ်ရဲ့ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး တီထွင် ကြံဆမှုကြီးပါပဲ"

* * *

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

ဆယ့်ခြောက်ရာစုနှစ်တွင် အင်္ဂလိပ် အမျိုးကောင်းသား ပင်လယ်ဓားပြကြီး ဆာဖရန်စစ်ဒရိတ်က ရိုင်ယိုဟာချာမြို့ကို ကျူးကျော် သိမ်းပိုက်နေချိန်ဝယ်၊ အာဆူလာ အိဂွါရန်၏ ဘင်မကြီးသည် နားကွဲမတတ် ဆူညံသော အမြောက်သံများနှင့် ငရဲပွက်သလို အော်ဟစ်နေသော လူသံများ၊ အချက်ပေး ခေါင်းလောင်းသံများကြောင့် အကြောက်ကြီး ကြောက်ပြီး လုပ်မိလုပ်ရာ မီးတောက်နေသော မီးဖိုပေါ်သို့ ဖင်ထိုင်ချမိခဲ့သည်။ ထိုဖြစ်ရပ်၏ အကျိုးဆက်အနေဖြင့် အောက်ပိုင်းတစ်ပိုင်းလုံး မီးလောင်ခံလိုက်ရသော ထိုမိန်းမကြီးသည် သူ့လက်ကျန် ဘဝတစ်လျှောက်လုံး သုံးစား၍မရသည့် အိမ်ထောင်ရှင်မ တစ်ဦးအဖြစ် စခန်းသွားခဲ့ရရှာသည်။ သူထိုင်ချင်ပြီဆိုလျှင် ခေါင်းအုံးများ ခံထားသော ထိုင်ခုံပေါ်တွင် ဖင်တစ်ခြမ်းစောင်း၍ ထိုင်ရ၏။ သူ၏ အင်မတန် ရယ်စရာ ကောင်းလှသော လိမ်ဖည်ဖည် လမ်းလျှောက်ဟန်ကြောင့် လူမြင်ကွင်းတွင် ဘယ်တော့မှ လမ်းမလျှောက်။ လူမှုကိစ္စ အားလုံးကို စွန့်လွှတ်၍ အိမ်တွင်းချည်း အောင်းနေတော့သည်။ သူ့နား ကပ်လိုက်လျှင် အမြဲတမ်း ညှော်နံ့လိုလို ရတတ်သေး၏။

အရုဏ်တက်လာလျှင် သူ့ကို အမြဲလိုလို အိမ်ဘေး မြေကွက်လပ်တွင် တွေ့ရ၏။ အနည်းဆုံးတော့ ထွက်ပြူလာသော နေမင်းကို ကြည့်နေရခြင်းသည် အမြဲလိုလို မက်တတ်သည့် အိပ်မက်ထဲမှ သူ့အိပ်ခန်း ပြတင်းကို ကျော်ဝင်လာပြီး သူ့ကို အသေအကြေ ကိုက်ခဲရန် ကြိုးစားသည့် အင်္ဂလိပ် ဓားပြကြီး၏ ခွေးဆိုးကြီးများ အန္တရာယ်မှ လွတ်ကင်းသည် မဟုတ်လား။

mgyoe.com

ဤဖြစ်ရပ်များ မဖြစ်ခင်ကတော့ သူသည် သူ၏ခင်ပွန်း ကုန်သည် အာရာဂိုနက်စ် အတွက် ရင်သွေးနှစ်ဦး မွေးဖွားပေးခဲ့ပြီး ဖြစ်သည်။ ခင်ပွန်းသည် ပိုင်ဆိုင်သော စည်းစိမ်တစ်ဝက်ခန့်မှာလည်း သူ့ဆေးဖိုးအဖြစ် ပြုတ်ပြုတ်ပြန့်ခဲ့ရပြီ။ နောက်ဆုံးတော့ သူ့ခင်ပွန်းသည် လုပ်ငန်းအားလုံး ရောင်းချလိုက်ပြီး မိသားစုကို ခေါ်ဆောင်ကာ ပင်လယ်နှင့်ဝေးသော၊ တောင်ခြေနှင့်နီးသော အေးချမ်းသည့် အင်ဒီးယန်းတို့ ဌာနေ ရွာကလေးတစ်ရွာမှာ အခြေချခဲ့တော့သည်။ နေအိမ်အသစ်တွင်တော့ အိပ်မက်ဆိုး အမြဲမက်တတ်သော ဇနီးသည်အတွက် ပြတင်းပေါက် လုံးဝ မပါသော အိပ်ခန်းတစ်ခန်း ဆောက်လုပ်ပေး၏။

ထိုရွာကလေးတွင် ဆေးရွက်ကြီး စိုက်ပျိုးသော ရွာနေရွာခံ တစ်ဦးဖြစ်သည့် ဒွန်ဟိုဆေး အာကာဒီယို ဘူဝမ်းဒီးယားနှင့် အာဆူလာ၏ ဘင်ထီးကြီး အာရာဂိုနက်စ် တို့သည် လုပ်ငန်းစပ်တူ လုပ်သောဘဝသို့ ရောက်ခဲ့ကြသည်။ ကံအကျိုးပေးကောင်း သဖြင့် လုပ်ငန်းအကြီးအကျယ် ဖြစ်ထွန်းခဲ့သည်။ ရာစုနှစ်ပေါင်းများစွာ ကုန်လွန်ခဲ့သော အခါ ရွာနေရွာခံ၏ ကျွတ်ထီးကလေးနှင့် အာရာဂိုနက်စ်၏ ကျွတ်မကလေးတို့သည် ပါတနာကောင်း ပီသစွာ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားခဲ့ကြသည်။ အာဆူလာ သည် သူ့ယောကျ်ား ဟိုဆေး၏ ထူးထွေသည့် အံ့ရာသောဝ် အပြုအမူများကို ကြုံလေသည့် အခါတိုင်း သူ့ကို ဒီအခြေအနေ ရောက်အောင် တွန်းပို့ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း သုံးရာက ရိုင်ယိုဟာချာမြို့ကို ဆာဖရန်စစ်ဒရိတ် ဝင်ရောက်စီးနင်းခဲ့သည့် ကျိန်စာသင့်သော ထိုရက်ကိုသာ ကျိန်ဆဲပြီးရင်း ကျိန်ဆဲနေမိတော့သည်။ တကယ်တော့လည်း သူတို့ နှစ်ယောက်သည် အချစ်ကြောင့် ဆိုခြင်းထက် ပဋ္ဌာန်းဆက်ပါ၍ ညားကြခြင်း သာပါလေ။

မောင်လည်နှမလည် အပြန်အလှန် ယူခဲ့ကြသည့် မျိုးနွယ်စု နှစ်စုမှ ဆင်းသက်လာသည့် သူတို့ ဇနီးမောင်နှံသည် မောင်နှစ်မဝမ်းကွဲလည်း တော်စပ်နေကြ ပါသေး။ သူတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များ လက်ထက်ထဲက တစ်ရွာတည်းနေ၊ တစ်ရေ တည်းသောက်၊ အလုပ်အတူ လုပ်ခဲ့ကြပြီး အင်ဒီးယန်းရွာကလေးကို ပြည်နယ်တစ်ခုလုံးမှာ အကောင်းဆုံးမြို့ဖြစ်အောင် ဖန်တီး တည်ဆောက်ခဲ့သည့် မျိုးနွယ်စုနှစ်စုသည် သူတို့ မွေးလာကတည်းက ပေးစားဖို့ ကြံစည်ထားပြီး ဖြစ်၏။ သို့သော်လည်း ဟိုဆေးနှင့် အာဆူလာ အရွယ်ရောက်၍ တစ်ဦးအပေါ်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်လာကြသော အခါမှာတော့ ထိုသို့ ပေးစားရန် ကြံစည်ထားသည့် နှစ်ဖက်ဆွေမျိုးများက သူတို့၏ ချစ်ခြင်း၊ သူတို့၏ မင်္ဂလာပွဲကို ပျက်အောင် ကြံစည်ကြပြန်လေတော့သည်။ သူတို့၏ အဆိုအရ အပြန်အလှန် ဖင်ပြန်ခေါင်းပြန် ဆွေမျိုးတော်နေကြသော အမျိုးအနွယ်နှစ်စု အချင်းချင်း ပြန်ယူနေကြသည့် အစဉ်အလာကို ရပ်တန်းကရပ်မှ ဟသ်ာကိုးသောင်းဓာတ်

m s y o e . c o m

mgyoe.com SAMPLE BOOK

အဖြစ်ဆိုးမျိုးကို တားဆီးနိုင်မည်ဆိုပဲ။ ကြောက်စရာ သာဓကကြီး တစ်ခုကလည်း သက်သေပြစရာ အရန်သင့် ရှိနေသည်ကိုး။ အာဆူလာ၏ အဒေါ်တစ်ယောက်သည် ဟိုဆေး၏ ဦးလေးတစ်ယောက်နှင့် ရိုးရာမပျက် ယူ၏။ သားတစ်ဦး ထွန်းကား၏။ ထိုသားသည် သူ့ဘဝတစ်လျှောက်လုံး ဘောင်းဘီပွကြီးများကိုသာ ဝတ်ဆင်ပြီး အသက် ၄၂ နှစ်အထိ လူပျိုစစ်စစ် ဘဝဖြင့်နေကာ ဘဝကို နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့ရရှာသည်။ သူ မွေးလာကတည်းက ဖင်မှာ အမွေးစုစုနှင့် ဝက်မြီးတိုလေးတစ်ခု ပါလာခဲ့သည်။ ထိုအမြီးကလေးကြောင့် အရှက်သည်းပြီး မိန်းမများကို ဝေရာမဏီ လုပ်ခဲ့သည်။ နောက်ဆုံး သူ့အဖြစ်ကို မကြည့်ရက်သည့် သူ့သူငယ်ချင်း အမဲသားသည်က အမြီးကလေးကို ဓားဖြင့် ခုတ်ပေးခဲ့ရာ သွေးလွန်ပြီး သေရှာလေ၏။

သို့သော်လည်း ထိုအချိန်က အသက်ဆယ့်ကိုးနှစ်အရွယ် ဟိုဆေးကတော့ ဤသို့ ဤနှယ် ရဲရဲတောက် ကြေညာခဲ့၏။

"ကျုပ်ကတော့ ကျုပ်သားသမီးမှာ ဘာအမြီး ပေါက်ပေါက် သောက်ဂရုမစိုက်ဘူး၊ အဲဒီ ဝက်မြီးက ကျုပ်ကို စကားပြောလာရင်တော့ တစ်မျိုးပေါ့လဗျာ"

သုံးရက်တိုင်ကျင်းပသော ပွဲတော်ချိန်တစ်ခုအတွင်း သူတို့ လက်ထပ်ခဲ့ကြသည်။ အကယ်၍သာ အာဆူလာ့အမေက သူတို့ မွေးဖွားလာမည့် သားသမီးများ၏ ဖြစ်လတ္တံ့သော ကြောက်စရာ့ အသွင်သဏ္ဌာန်ဆိုးအတွက် ရင်လေးပြီး အာဆူလာကို ယောကျ်ားနှင့် အတူမနေဖို့ တိတ်တိတ်ကျိတ်ပြီး စကားမထည့်ထားခဲ့ပါလျှင် သူတို့ အိမ်ထောင်ရေးသည် သာသာယာယာ ပျော်ပျော်ရွှင်ရွှင် ဖြစ်မည်မှာ မြေကြီးလက်ခတ် မလွဲပင်။ ခုတော့ မင်္ဂလာဆောင်ပြီးမှ အာဆူလာ အကြောက်ကြီး ကြောက်နေမိသည်။ ညဘက် အိပ်မောကျနေတုန်း သန်မာတောင့်တင်းလှသည့် သူ့ခင်ပွန်းက သေးသေးကွေးကွေး သူ့ကို အနိုင်အထက်ပြုပြီး ကာမကို ဖွတ်အတင်း အဓမ္မ ရယူခဲ့သော် ဘယ့်နှယ်လုပ်ရပါ့။ အမေနှင့် အပြင်းအထန် ဆွေးနွေးပြီး သားအမိနှစ်ယောက် ထူးထွေတည့် အုံ့ရာသောဝ် အကြံအစည်ကို အကောင်အထည်ဖော်ကြ၏။

ထိုအချိန်မှ စ၍ အာဆူလာသည် သားရေဖုံး အတွင်းခံတစ်ထည်ကို ရှေ့တည့်တည့်တွင် ဇရာမ သံသော့ခလောက်ကြီး တစ်ခုခတ်ကာ စိတ်တိုင်းကျ ဝတ်ဆင်ပြီးမှ စိတ်ချလက်ချ အိပ်တော့၏။ ဒါကိုက သူ၏ ညစဉ် နိစ္စဓူဝ အလုပ် ဖြစ်လာသည်။ ဒီလိုနှင့် ညပေါင်းများစွာ၊ လပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။ နေ့ခင်း နေ့လယ်များတွင် ဟိုဆေးက သူ၏ တိုက်ကြက်များနှင့် အလုပ်ရှုပ်နေချိန်ဝယ် အာဆူလာက သူ့အမေထံ သွား၍ စက်ချုပ်နေလိုက်သည်။ ညဘက်ကျလျှင်တော့ တိတ်တိတ် ဆိတ်ဆိတ် သာသာယာယာ ဇနီးမောင်နှံ ချစ်တင်းနှောနေရမည့်အစား သူတို့ အိပ်ခန်းတွင်းမှ မထိတ်သာ မလန့်သာ နပန်းသတ်သံများကို နာရီပေါင်းများစွာ အကာလ ညအခါများမှာ

mgyoe.com

ကြားရပါ များလာသော အိမ်နီးနားချင်းများသည် ဒီလင်မယား တစ်ခုခုတော့ မှားနေပြီ ဖြစ်ကြောင်း ဝမ်းတွင်းပါ အာရုံသိဖြင့် သိကုန်ကြ၏။ သို့ကလိုကြောင့် သူတို့ အချင်းချင်း တီးတိုး တီးတိုး သဖန်းပိုးလုပ်ကြ၏။ ဒီလိုနှင့် လက်ထပ်ပြီး တစ်နှစ်ကြာသည်အထိ အာဆူလာသည် အပျိုစင်တစ်ယောက် ဘဝနှင့်ပင် ရှိသေးကြောင်း၊ အဘယ့်ကြောင့် ဆိုသော် ဟိုဆေးသည် ယောကျ်ားမပီသ၍ ဖြစ်ကြောင်း ကောလာဟလတစ်ခု ပြန့်လာခဲ့၏။ အဆိုပါသတင်းကို နောက်ဆုံးမှ ကြားမိသူက ကာယကံရှင် ဟိုဆေး။ သူက အာဆူလာကို အေးဆေးတည်ငြိမ်စွာ ဤသို့ ပြော၏။

"မင်းနဲ့ ငါ့အကြောင်း လူတွေ ပြောနေကြတာ ကြားတယ် မဟုတ်လား အာဆူလာ"

"အို ... လျှာအရိုး မရှိတိုင်း လျှောက်ပြောနေကြတာ၊ ပြောစမ်းပါစေတော်၊ သူတို့ပြောသလို မဟုတ်မှန်း ကျွန်မတို့ နှစ်ယောက်လုံး သိကြတာပဲ"

နောက်ခြောက်လ အထိ အခြေအနေသည် ပိုနေမြဲ၊ ကျားနေမြဲ။ သို့သော် ကံအကြောင်းမလှသည့် တစ်ခုသော တနင်္ဂနွေနေ့မှာတော့ ဟိုဆေးသည် ပရူဒန်စရို အဇွိလာကို ကြက်တိုက်ရာတွင် အနိုင်ကြီး နိုင်လိုက်သည်။ ဒေါပွနေသော အရှုံးသမားသည် လူပုံအလယ်တွင် အားလုံး ကြားလောက်သည့် အသံဖြင့် ဟိုဆေးအား-

"ဂုဏ်ယူပါတယ်ကွာ၊ ငါ့ကောင်ကြီး လူကသာ အစွမ်းအစမရှိတာ၊ ကြက်က တော့ စွမ်းသားပဲဟ၊ ဒီကြက်ကို မင်းမိန်းမနဲ့ အိပ်ခိုင်းလိုက်ပါလား"

ဟု ပြောင်ပြောင်တင်းတင်း စော်ကားလိုက်၏။

ဟိုဆေးသည် သူ့တိုက်ကြက်ကို အေးအေးဆေးဆေး သိမ်းလိုက်၏။ ထို့နောက် ပရိသတ်ဘက်သို့ လှည့်ပြီး-

"ကျုပ် - အခု ပြန်လာခဲ့မယ်" ဟု ခပ်အေးအေး ပြော၏။

ပရူဒန်ခရိုကို စိုက်ကြည့်ပြီး-

"သွား ... အိမ်ပြန်ပြီး လက်နက် တစ်ခုခု သွားယူ၊ ငါမင်းကို ဒီနေရာမှာတင် သတ်မယ်" ဟု တစ်လုံးချင်း ပြော၏။

ဆယ်မိနစ်ခန့် အကြာတွင် သူ့ ဘိုးအေကြီး၏ လက်စွဲတော် လှံကြီးကိုကိုင်ပြီး ဟိုဆေး တကယ်ပဲ ပြန်ရောက်လာ၏။ ထိုအချိန်တွင် မြို့လူထု တစ်ဝက်ခန့် ထိုနေရာသို့ ရောက်နေကြပြီ။ သူတို့ကို အုန်းအုန်းကျွက်ကျွက် ဝိုင်းကြည့်နေကြ၏။ ပရူဒန်ခရိုက အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေသော်လည်း သူ့မှာ ခုခံဖို့ အချိန်မရှိရှာပါ။ ဟိုဆေးသည် နွားသိုးတစ်ကောင်၏ ခွန်အားမျိုးဖြင့် လှံကို ပစ်ထည့်လိုက်၏။ ဘိုးအေကြီး ကိုယ်တိုင် ကျားသစ်ကိုသတ်ရန် အထူးတလည် စီမံထားသော ထက်မြည့်နေသည့် လှံသွားသည် ပရူဒန်ခရို၏ လည်မျိုကို ထုတ်ချင်းခပ် စိုက်ဝင်သွား၏။

mgyee.com

mgyoe.com SAMPLE BOOK

ထိုညမှာပင် ဟိုဆေးသည် သွေးစွန်းနေသော လှံကြီးကိုင်ပြီး အိပ်ခန်းထဲ ဝင်သွား၏။ အာဆူလာ ဝတ်ထားသော သားရေအတွင်းခံ၏ အဓိက နေရာတွင် ခတ်ထားသော သော့ခလောက်ကြီးကို လှံဖြင့် ရွယ်ရင်း–

"ခု ဖွင့်လိုက်စမ်း" ဟု ခပ်ပြတ်ပြတ် အမိန့်ပေး၏။

အာဆူလာသည် ဟိုဆေး၏ တစ်ကြောင်းတည်းသော စိတ်ကို ကောင်းစွာ သဘောပေါက်သည်။ ပြောသည့်အတိုင်း မလုပ်ခဲ့လျှင် အကြောင်းဆိုးသွားမည်ကို ကောင်းစွာ ဆင်ခြင်မိ၏။ သူ တစ်ခွန်းတော့ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"နောက်ပိုင်း ဖြစ်လာသမျှ ကိစ္စအားလုံး ရှင်တာဝန်ယူရမှာနော်"

ဟိုဆေးက လှံကြီးကို မြေသားကြမ်းပြင်ပေါ် ဆောင့်စိုက်လိုက်ပြီး–

"ဘာမှ ထပ်မပြောနဲ့တော့၊ ငါတို့ကလေးတွေမှာ ဝက်မြီးပါရုံမကလို့ တီရစ္ဆာန်လေးတွေပဲ မွေးမွေး၊ ကိုယ့်သားသမီး ကိုယ် တာဝန်ယူ စောင့်ရှောက်ရမှာပဲ။ မင်းကြောင့် ငါ လူထပ်မသတ်ချင်ဘူး အာဆူလာ" ဟု ပြောလိုက်သည်။

ထိုညသည် အေးစက်တိတ်ဆိတ်၍ လကလေး သာနေသော ဇွန်လ၏ ညတစ်ည ဖြစ်သည်။ သူတို့ တစ်ညလုံး မအိပ်ကြ။ အရုဏ်လာချိန်အထိ အိပ်ရာထက်တွင် အတိုးချ၍ အချစ်စစ်ပွဲ ဆင်နွှဲနေကြ၏။ အိပ်ခန်းပြတင်းကိုဖြတ်၍ ညင်ညင်သာသာ တိုက်ခတ်လာသော လေပြည်လေညင်းကလေးသည် စကားတစ်ခွန်းအတွက် အသက်ပေးခဲ့ရသည့် ပရူဒန်ဓရီအတွက် သူ့ဆွေမျိုး သားချင်းများ၏ အော်ဟစ် ငိုကြွေးသံများကို သယ်ဆောင်လာရသဖြင့် အကျည်းတန် အရုပ်ဆိုးသွားခဲ့သည်။

ပရူဒန်ဓရီ ကိစ္စသည် ဂုဏ်သိက္ခာနှင့် အသက်လဲလှယ်ခဲ့သည့်ကိစ္စ ဖြစ်ကြောင်း အားလုံး သိခဲ့ကြ၍ ပြဿနာ မရှိခဲ့သော်လည်း သူတို့ လင်မယားနှစ်ယောက်ကတော့ ထိုနေ့မှစ၍ အိပ်ကောင်းခြင်း မအိပ်ရတော့။ တစ်ညတွင် အာဆူလာသည် အိပ်မပျော် သဖြင့် အိပ်ခန်းတွင်းမှထွက်ပြီး ရေသောက်ဖို့အသွား ရေအိုးအနီးတွင် ပရူဒန်ဓရီအဝိုလာကို ဘွားခနဲ တွေ့လိုက်ရ၏။ ပရူဒန်ဓရီသည် တစ်ကိုယ်လုံး ပြာနှမ်းနေ၏။ သူ့မျက်နှာက ဝမ်းနည်းကြေကွဲသောအသွင်ကို ဆောင်နေ၏။ ဟိုဆေး လှံနှင့် ထိုးထားသော လည်ပင်းမှ အပေါက်ကို မြက်များဖြင့် ဆို့ထား၏။ အာဆူလာ ကြောက်စိတ်မဝင်မိ၊ ပရူဒန်ဓရီကို သနားစိတ်သာ ရှိ၏။ အိပ်ခန်းထဲ ပြန်ဝင်လာပြီး ဟိုဆေးကို ထိုအကြောင်း ပြောပြ၏။

ဟိုဆေးက စိတ်၏ အထင်အမြင် အာရုံလှည့်စားမှုမျှသာ ဖြစ်ကြောင်း အာဆူလာကို ပြောသည်။ သို့သော်လည်း နောက်နှစ်ရက်ခန့်အကြာတွင် အာဆူလာ တစ်ယောက် ပရူဒန်ဓရီကို တွေ့ရပြန်၏။ ဒီတစ်ခါတော့ ပရူဒန်ဓရီက ရေချိုးခန်းထဲမှာ။ လည်ပင်းအပေါက်ကို ဆို့ထားသည့် မြက်ထုံးမှာ ကပ်ငြိနေသော သွေးခဲကို ရေဖြင့် ဆေးကြောနေသည်။ နောက်တစ်ညမှာတော့ မိုးရွာထဲတွင် လျှောက်သွားနေသော ပရူဒန်ဓရီကို တွေ့ပြန်၏။ တစ်ညမှာတော့ ဟိုဆေးသည် သူ့မိန်းမ၏ ထင်ယောင်မှားမှု

mgyoe.com

mgyoe.com
များကို ဖြေရှင်းရန် လှံကိုကိုင်ပြီး အိမ်အပြင် ထွက်သွားလိုက်သည်။ အိမ်ဘေး ကွက်လပ်ထဲမှာ ရပ်နေသော ပရူဒန်ဓရို တစ္ဆေကို သူ မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။

ဟိုဆေးက အော်ပြောလိုက်သည်။

"ပရူဒန်ဓရို၊ မင်းနေရာ မင်းပြန်စမ်း၊ ငါ့အိမ်နောက်ထပ်လာရင် နောက်တစ်ခါ ထပ်သတ်လိုက်မှာနော်"

ပရူဒန်ဓရိုက နေရာမှ မရွေ့။ ဟိုဆေးကလည်း တစ်ဆံခြည်မျှင်တောင် မလှုပ်ရှားဘဲ နေရာတွင်ပင်ရပ်၍ လူနှင့်တစ္ဆေ အကြည့်ခြင်း ပြိုင်နေကြသည်။ ထိုညမှစ၍ ဟိုဆေး ကောင်းကောင်း အိပ်မပျော်တော့။ မိုးပေါက်တွေ တဖွဲဖွဲကျနေသော ညက သူ့ကို စိုက်ကြည့်နေသော ပရူဒန်ဓရို၏ ကြောက်စရာ အကြည့်ကို အမြဲတမ်း မြင်ယောင်နေတော့သည်။ ထို့ကြောင့် အာဆူလာ့ကို သူ ပြော၏။

"ပရူဒန်ဓရိုဟာ အတော့်ကို ခံစားခဲ့ရရှာတယ်နဲ့ တူတယ်ကွာ၊ ဘဝပြောင်းသွားတာတောင် သူ့မှာ အရမ်းကို အထီးကျန်နေရတယ်"

အာဆူလာ နားလည်ပါသည်။ နောက်တစ်ကြိမ် အိမ်ထဲတွင် ပရူဒန်ဓရိုကို တွေ့ပြန်၏။ သူ့လည်ပင်း အပေါက်ပိတ်သည့် မြက်ခြောက်ထုံးကို ဆေးရန် ရေအိုး လိုက်ရှာနေပုံရသည်။ အာဆူလာသည် သူတို့ အိပ်ခန်း အပါအဝင် တစ်အိမ်လုံးအနှံ့ ရေအိုးတွေ ချပေးထားလိုက်သည်။ တစ်ညမှာတော့ အိပ်ခန်းထဲတွင် ထိုင်လျက် မြက်ထုံးကို ရေဆေးနေသော ပရူဒန်ဓရိုတစ္ဆေကို ဟိုဆေးကိုယ်တိုင် တွေ့လိုက်ရသည်။ သူ ဆက်ပြီး သည်းမခံနိုင်တော့။

"ပရူဒန်ဓရိုရေ၊ ငါတို့ ဒီမြို့က ထွက်သွားတော့မယ်လေကွာ၊ နော်၊ သွားနိုင်သလောက် ဟိုး ... အဝေးကြီးကို သွားမယ်၊ ဘယ်တော့မှ ပြန်မလာတော့ဘူးကွာ၊ ငါ ကတိပေးတယ် သူငယ်ချင်း၊ မင်းလည်း လွတ်ရာကျွတ်ရာကို သွားပါတော့ကွာ၊ သွားတော့နော်"

ဤသည်ကား ဟိုဆေးတို့ တစ်သိုက် တောင်တန်းကြီးများကို အသက်နှင့်ရင်းပြီး ကျော်ဖြတ်ကာ နယ်သစ်ပယ်သစ် ရှာခဲ့ရသည့် အဓိက အကြောင်းရင်း ဖြစ်တော့သည်။ အဲဒီတုန်းက ဟိုဆေးက ခပ်ငယ်ငယ်၊ သူ့ခရီးစဉ်ကို စွန့်စားခန်းတစ်ခု အဖြစ် သဘောထားကာ သူနှင့် ရင်ခုန်သံတူကြသော သူ့အပေါင်းအသင်းများကလည်း သူတို့ မိသားစုများကို ခေါ်ဆောင်ကာ ဟိုဆေးတို့ လင်မယားနှင့်အတူ တပျော်တပါး လိုက်ပါ လာခဲ့ကြသည်။ ဘယ်ကိုရောက်၍ ဘယ်ကိုပေါက်မည် ဆိုခြင်းကို ဘယ်သူမျှ မသိကြ။ သူတို့ မထွက်ခွာမီ ဟိုဆေးသည် အိမ်ဘေးရှိ မြေကွက်လပ်တွင် သူ့လှံကို ထာဝရ မြှုပ်နှံခဲ့သည်။ တယုတယ မွေးထားသော တိုက်ကြက်အားလုံးကို လည်လှီးသတ်သည်။ ပရူဒန်ဓရိုအတွက် သူ လုပ်နိုင်တာ အားလုံး လုပ်ပေးခဲ့သည်။
mgyoe.com

mgyoe.com SAMPLE BOOK

ဦးတည်ရာမဲ့ ခရီးရှည်ကြီးအတွက် အာဆူလာ ယူဆောင်ခဲ့သော ပစ္စည်းများမှာ သူတို့၏ မင်္ဂလာဝတ်စုံများ၊ မရှိမဖြစ် အိမ်သုံးပစ္စည်းများနှင့် အဖေ့အမွေ ရွှေဒင်္ဂါး သေတ္တာလေး တစ်လုံးမျှသာ။

ပြောခဲ့ပြီးသည့်အတိုင်း သူတို့ ခရီးစဉ်တွင် ဦးတည်ရာ မည်မည်ရရ မရှိ။ ရိုင်ယိုဟာချာနှင့် ဆန့်ကျင်ဘက်လမ်းကိုသာ သူတို့ လျှောက်ခဲ့ကြခြင်း ဖြစ်သည်။ သူတို့ ဘယ်သွားမည်ဆိုတာကို ဘယ်သူ့ကိုမျှ မပြောခဲ့။ တကယ့်ကို အဓိပ္ပာယ်မဲ့သည့် ခရီးစဉ်တစ်ခု ဖြစ်၏။

ဒီလိုနဲ့ပဲ သူတို့ ခရီးထွက်ခဲ့သည်မှာ ဆယ့်လေးလခန့် ကြာသွား၏။ မျောက်သားကင်၊ မြွေသားစွပ်ပြုတ်တို့ဖြင့် နှစ်ပါးသွားနေရသည့် အာဆူလာသည် ခရီးစဉ်အတွင်း ကလေးတစ်ယောက် မျက်နှာမြင်၏။ ဝက်မြီးလည်းမပါ၊ မျောက်ရုပ်၊ မြွေရုပ်လည်း မထွက်၊ ပကတိ လူသားစစ်စစ်ကလေး။ ထို့ကြောင့်လည်း ခရီးစဉ် တစ်ဝက်လောက်ကို ယောကျာ်းနှစ်ယောက် ထမ်းသည့် ထမ်းစင်ပေါ်မှ လိုက်ရသည်။ အာဆူလာ လုံးဝ လမ်းမလျှောက်နိုင်၊ သွေးနုသားနု သားဦးကိုယ်ဝန်မှာ ခရီးကြမ်း ထွက်ရသည်မို့ ခြေထောက်တွေက ဖောရောင်ကားပြီး သွေးကြောတွေက ထုံးနေ၏။ ပိန်လိမ်ခြောက်ကပ်နေသော ခန္ဓာကိုယ်၊ အိပ်ချင်မူးတူး မျက်လုံးကလေးများနှင့် ခရီးသည် ကလေးငယ်များကို ကြည့်ရသည်မှာ သနားစရာ ကောင်းလှသော်လည်း ထိုကလေးများ သည် သူတို့ မိဘများထက်ပင် ကျန်းမာသေးသည်။ သူတို့အတွက် ထိုခရီးရှည်ကြီးသည် ပျော်စရာအတိ ဖြစ်သည်။

နှစ်နှစ်တိတိ မရပ်မနား ခရီးနှင်ခဲ့ကြပြီးနောက် တစ်မနက်ဝယ် တောင်တန်း ကြီးများ၏ အနောက်ဘက် ဆင်ခြေလျှော တစ်နေရာတွင် အံ့မခန်း ကြီးမားသည့် နွံအိုင်ကြီး တစ်အိုင်ကို တွေ့လိုက်ကြရသည်။ ထိုနွံအိုင်နားတွင် အင်ဒီးယန်းအုပ်စုတစ်စုကို တွေ့ရသည်။ စတင် ခရီးနှင်လာကတည်းက ပထမဆုံး လူသားနှင့် တွေ့ရခြင်းပင်။ သို့သော် သူတို့ မျှော်လင့်သည့် ပင်လယ်ကို အစအနပင် ရှာမတွေ့။

နွံအိုင်ကြီးထဲတွင် တဝဲဝဲတလည်လည်နှင့် လပေါင်းများစွာ ကြာခဲ့ပြန်၏။ နောက်ဆုံးတော့ ဖန်သားပြင်လို ကြည်လင်လှသည့် ရေများ တသွင်သွင် စီးဆင်းနေသည့် မြစ်ငယ်လေး တစ်မြစ်နားသို့ သူတို့ ရောက်ခဲ့ကြတော့သည်။ ထိုနေရာတွင် ခရီးတစ်ထောက် နားကာ အမောဖြေ စခန်းချလိုက်ကြ၏။

နှစ်ပေါင်းများစွာ ကြာသောအခါ ဒုတိယ ပြည်တွင်းစစ်ပွဲကြီးအတွင်း ဗိုလ်မှူးကြီးအော်ရဲလီယာနို ဘူဝမ်းဒီးယားသည် သူ့အဖေ ဟိုဆေး သွားခဲ့သည့် လမ်းကြောင်းအတိုင်း ရိုင်ယိုဟာချာမြို့သိမ်းတိုက်ပွဲ အတွက် ခရီးပြင်းနှင်ခဲ့ရသည်။ ခြောက်ရက်မျှ သွားအပြီးတွင် ဤခရီးကို ထွက်ခွာရန် ကြံစည်ခြင်းသည် အလွန်ရူးနှမ်းသူ များသာ လုပ်နိုင်စွမ်းသော အရာမှန်း အော်ရဲလီယာနို သဘောပေါက်သွားခဲ့သည်။
mgyoe.com

မည်သို့ပင် ဆိုစေကာမူ ယာယီက ကမ္ဘာတည်ခဲ့ပြီ။ ဟိုဆေးနှင့် သူ့လူများ ကတော့ အမည်မဲ့ မြစ်ကမ်းနဖူးတွင် အခြေချလိုက်ကြပြီ။ ခရီးစဉ်တစ်လျှောက် သူတို့ လူဦးရေမှာ လုံး၀ မလျော့ဘဲ တပြွတ်ပြွတ်မွေးလာသည့် ကလေးများကြောင့် ပို၍သာ တိုးလာခဲ့သည်။ ခရီးစထွက်ကတည်းက သူတို့အားလုံး သေခြင်းတရားကို ထွေခင်းကစားဖို့ ဆုံးဖြတ်ထားပြီးကြသူများ ဖြစ်သည့်အတွက် မည်သူ တစ်ဦးတစ်ယောက်မျှ မတုန် လှုပ်ကြ။ ရောက်တဲ့ အရပ်မှာ ပျော်အောင် နေမည်။ ရတာလေးနဲ့ ၀အောင် စားမည်၊ ရှိတာလေးနဲ့ လှအောင် ၀တ်မည်။ တွေ့တဲ့လူနဲ့ တည့်အောင် ပေါင်းဖို့ကတော့ မည်သူ တစ်ဦးတစ်ယောက်မျှ မတွေ့သေး။

တစ်ညတော့ ဟိုဆေး အိပ်မက်တစ်ခု မက်သည်။ သူတို့ ရောက်နေကြသော ဤမြစ်ကမ်းနဖူးမှာ အိမ်ကလေးတွေ အစီအရီ ရှိနေသော စည်ကားဆူညံလှသည့် မြို့ကလေး တစ်မြို့ကို အိပ်မက်ထဲမှာ သူတွေ့ရသည်။ အိမ်ကလေးများက ထူးဆန်းလှစွာ မှန်နံရံများဖြင့် တညီတညာ တည်ဆောက်ထားကြသည်။ မြို့အမည်မေးတော့ သူတို့က သူတစ်ခါမျှ မကြားဖူးသော၊ ဘာအဓိပ္ပာယ် ရှိမှန်းလည်း မသိသော အမည်တစ်ခုကို ပြောကြ၏။ ထိုအမည်သည် သူ့အိပ်မက်ထဲတွင် ပဲ့တင်သံထပ်လောက်အောင် ဟိန်းသွား ၏။ မာကွန်ဒို ... မာကွန်ဒို။

နောက်တစ်နေ့မှာတော့ ဟိုဆေးသည် သူ့လူများကို ပင်လယ်ရှာရန် အကြံကို လက်လျှော့လိုက်ဖို့ ဖျောင်းဖျ၏။ မြစ်ကမ်းနဖူးမှ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခိုင်း၏။ ဤသို့ဖြင့် ညီညာပြန့်ပြူးသော နေရာလေးတစ်ခု သူတို့ ရလာကြသည်။ ထိုနေရာတွင်ပင် ဗျာဒိတ်ပါ အမည်နာမအတိုင်း မာကွန်ဒိုဟု အမည်ပေး၍ ရွာတည် လိုက်ကြတော့သည်။

ဟိုဆေးသည် နှစ်ပေါင်းများစွာကြာလာသည့်တိုင် သူ့အိပ်မက်ထဲက မှန်နံရံများ ရှိသော အိမ်ကလေးများသည် မည်သည့် အဓိပ္ပာယ်ကို ဖော်ညွှန်းကြောင်း မသိခဲ့ရ။ ယခု ရေခဲတုံးကြီးကို တွေ့လိုက်ရချိန်မတော့ နှစ်ပေါင်းများစွာ အဝိဇ္ဇာ အမှောင်ဖုံးခဲ့သော သူ၏ ဦးနှောက်မှာ ဖျတ်ခနဲ ဉာဏ်အလင်းပွင့်သွား၏။ ဟိုဆေးသိပြီ။ သူ သဘောပေါက်ပြီ။ အိပ်မက်ကို အကောင်အထည် ဖော်နိုင်ပြီ။ သူတို့ ရွာဘေးမှာရှိသော မြစ်ကလေး အတွင်း တသွင်သွင် စီးနေသည့် ကြည်လင်အေးမြလှသည့် ရေကို ကုန်ကြမ်းအဖြစ်သုံးပြီး ရေခဲတုံးများဖြစ်အောင် ကြံစည်နိုင်ပြီဆိုလျှင် သူ့အိပ်မက်ထဲက မှန်နံရံများဖြင့် ကာထား သော အိမ်ကလေးများကဲ့သို့ သူတို့ရွာမှ အိမ်များအားလုံး ရေခဲနံရံဖြင့် မဆောက်နိုင် ပြီလော။ ကျောက်ခွဲအောင် ပူသည့်နေမင်းကို မှုစရာမလိုတော့။ တံခါးချက်များ အပူကြောင့် တွန့်လိမ် ရွဲ့စောင်းကုန်မည်ကို မစိုးရိမ်ရတော့။ မာကွန်ဒိုသည် ဟေမန္တမြို့တော် ဖြစ်စေရမည်ပေါ့။ သို့သော် သူတစ်ဦးတည်း အင်အားဖြင့် ရေခဲစက်ရုံကြီး အောင်မြင်စွာ တည်ဆောက်နိုင်ခြင်း ရှိ၊ မရှိကတော့ မသေချာ။ အဘယ်ကြောင့်ဆိုသော် ယခုအခါ ဟိုဆေးသည် သားများ၏ ပညာရေးအတွက် ကိုယ်ဖိရင်ဖိ အချိန်ပေးနေရသည့်ခုလေ။

mgyoe.com

အထူးသဖြင့် အငယ်ကောင် အော်ရဲလီယာနိုသည် ပညာရေးတွင် ထူးချွန်လှသည်ကော။ အင်္ဂလိပ်ပညာတွင် ဝမ်းတွင်းပါ ပါရမီ ထူးလှသည့်ကလေး။ ဟိုဆေးသည် ဖုန့်တသောသော ဖြစ်နေသည့် ဓာတ်ခန်းကိုရှင်း၏။ မာလ်ကွီးယားဒီးစ်၏ အင်္ဂလိပ်ကျမ်းများကို ပြန်လှန်၏။ သူအတတ်ဆန်းသဖြင့် လုံအောက်ခြေတွင် မည်းတူးပြားကပ်ကာ ချပ်ခဲကြီးဖြစ်နေသော အာဆူလာ၏ ရွှေဒင်္ဂါးများကို ရွှေပြန်ဖြစ်အောင် သားအဖ နှစ်ယောက် အပြင်းအထန် ကြိုးစားနေ၏။ အကြီးကောင် သားဟိုဆေးကတော့ သူတို့နားသို့ မကပ်။ အဖေဟိုဆေးနှင့် သူ့ညီ အော်ရဲလီယာနိုတို့ စိတ်ရော ကိုယ်ပါ နှစ်ကာ ဓာတ်ခန်းဝင်နေချိန်အတွင်း သားဟိုဆေးသည် အသံတွေ ဝင်လာ၏။ အပေါ် နှုတ်ခမ်းအထက်နားမှာ ဝက်ခြံတွေ ပေါက်လာ၏။ သူ ကြီးကောင်ဝင်လာပြီ။ တစ်ညတော့ ကိုယ်တုံးလုံးဖြင့် ခြေပစ်လက်ပစ် အိပ်ပျော်နေသော သားဟိုဆေးကို တွေ့လိုက်ရသောအခါ အမေဖြစ်သူ အာဆူလာမှာ သွေးလေချောက်ချားသွား၏။ ရှက်သလိုလို၊ သားကလေးကို သနားသလိုလို၊ သူ့ကိုယ်သူ သနားသလိုလို ဘယ်လိုကြီးမှန်း မသိသော ခံစားမှုတစ်မျိုး ရင်ထဲမှာ ဖြစ်လာခဲ့သည်။

ဩော် … ဘာလိုလိုနှင့် သားဖြစ်သူပင် လူ့ဘဝကို ပျော်ပျော်ကြီး ပျံသန်းဖို့ အတောင်အလက် စုံပါပေါ့လား။ သို့သော်လည်း ထိုအတောင်အလက်က သတ္တဝါနှင့် မမျှအောင် ကြီးလွန်း၊ ထွားလွန်းလှပါကလား။ နောက်တော့လည်း တတိယမြောက် ကိုယ်ဝန်ကို ဆောင်လိုက်ရသော အာဆူလာသည် ထိုအကြောင်းများကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။

ထိုအတောအတွင်း ပျော်ပျော်နေတတ်သော၊ ပါးစပ်ကြမ်းသော၊ အာပြဲသော ရွာခံ မိန်းမတစ်ယောက် သူတို့အိမ် လာလည်၏။ ထိုမိန်းမက သူ့ကိုယ်သူ တားရော့ဒ် ပညာရှင်ဟုဆို၏။ အရုပ်များ ရိုက်နှိပ်ထားသည့် ကတ်ကလေးများမှတစ်ဆင့် လူတစ်ဦး၏ ရှေ့ဖြစ်ဘဝ ကံကြမ္မာကို ဖတ်ကြားနိုင်သည်ဆိုပဲ။ အာဆူလာ စိတ်ဝင်စားသွားသည်။ အထူးသဖြင့် သားဟိုဆေး၏ ကံကြမ္မာကို သူ သိချင်နေသည်။

ဟိုဆေး၏ ကံအကြောင်းမလှသည့် ဖြစ်ရပ်ကို အာဆူလာ ထိုမိန်းမကို ပြောပြလိုက်သည်။ အမျိုးသမီးက အာပြဲကြီးနှင့် ရယ်လိုက်သည်မှာ တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားမတတ်ပင်။ ပြီးတော့ ပြောလိုက်သေးသည်။

"အဲဒါ အစ်မ ထင်သလို မဟုတ်ဖူးရှင့်၊ သူက ကံကောင်းတာ"

သူ့အထင်ကို နိမိတ်ဖတ် ကတ်ပြားများဖြင့် သက်သေထူဖို့ဟုဆိုကာ နောက် ရက်အနည်းငယ်ကြာသော် ထိုမိန်းမ ထပ်လာပြန်၏။ မီးဖိုခန်းနောက်မှ စပါးကျီထဲသို့ သားဟိုဆေးကို ခေါ်ပြီး သော့ပိတ်လိုက်၏။ ထိုမိန်းမသည် သူ့ကတ်ပြားများကို ခနော်ခနဲ့ ခုံရှည်တစ်လုံးပေါ် တင်လိုက်ပြီး ပါးစပ်မှ တတွတ်တွတ် ရွတ်နေ၏။ သူဘာလုပ်မလဲ ဆိုတာကို စောင့်ကြည့်နေရင်း သားဟိုဆေး အိပ်ငိုက်လာသည်။ ရုတ်တရက် ထိုမိန်းမ၏ လက်များက သားဟိုဆေး၏ မတော်ရာကို လှမ်းကိုင်လိုက်၏။

mgyoe.com

“အလိုလေး … ဘုရားရေ”

သူ့ပါးစပ်မှ အာမေဋိတ်သံ ထွက်သွားသည်။ သူ ဒါပဲ ပြောနိုင်ရှာ၏။ ထိုဖြစ်ရပ်အတွက် ပေးရန်အကြံ သူ့မှာ မရှိ။ သို့သော် သားဟိုဆေးသည် သူ့ကို တစ်ချိန်လုံး စိုက်ကြည့်နေ၏။ နောက်ဆုံး သူ့ချိုင်းကြားထဲမှ မီးခိုးစော်လိုလို အနံ့အသက်တို့သည် သားဟိုဆေး၏ အရေပြားပေါ်တွင် စွဲသွားခဲ့သည်။ ခုချိန်မှာ သားဟိုဆေးအနေဖြင့် တတ်နိုင်လျှင် သူနှင့် တစ်ချိန်လုံး ဒီလိုမျိုး နေချင်စိတ်သာ ရှိ၏။ တစ်သက်လုံး စပါးကျီထဲမှ မထွက်ချင်တော့။ သူ၏ အလိုလေး … ဘုရားရေ ဆိုသည့် အသံကို ဆက်ကာ ဆက်ကာ ကြားချင်နေတော့သည်။

တစ်နေ့မှာတော့ ဆန္ဒနှင့်အာလယကို ဘယ်လိုမျှ မချုပ်တည်းနိုင်သော သားဟိုဆေးသည် ထိုမိန်းမ၏အိမ်သို့ အရဲစွန့်၍ အလည်သွား၏။ ဧည့်ခန်းထဲမှာ စကားတစ်လုံးမျှ မပြောဘဲ တောင့်တောင့်ကြီး ထိုင်နေ၏။ ခုတော့လည်း ထိုမိန်းမ အပေါ်မှာ သူ့ဘာဆန္ဒမှ မရှိပြန်တော့။ ထိုမိန်းမက သူနှင့် စပါးကျီထဲမှာ တွေ့ခဲ့သလို မဟုတ်ဘဲ အနံ့အသက်ကအစ ပြောင်းလဲနေ၏။ သူစွဲလမ်းခဲ့ရသော မီးခိုးနံ့ သင်းသင်း မရပြန်တော့။ ဧည့်ခံသော ကော်ဖီကို အမြန်သောက်၍ အိမ်ထဲမှ စိတ်ပျက်လက်ပျက် ထွက်လာခဲ့သည်။ ညဘက်ကျတော့ သူ အိပ်မပျော်။ ထို မိန်းမအပေါ် ချင်ခြင်းက ပြင်းထန်စွာ တပ်လာပြန်သည်။ ယခု တစ်ခေါက်ချင်ခြင်းကတော့ စပါးကျီထဲမှ မီးခိုးနံ့ ဂန္ဓာရုံကို မဟုတ်ဘဲ နေ့လယ်က တွေ့ခဲ့သည့် ထိုမိန်းမ၏ ရူပါရုံကို ဖြစ်နေပြန်သည်။

ဆန့်တငင်ငင် ရက်ပေါင်းများစွာကြာခဲ့ပြီး တစ်ရက်မှာတော့ ထိုမိန်းမသည် သားဟိုဆေးကို သူ့အိမ်သို့လာရန် ဆိုင်းမဆင့် ဗုံမပါ ဖိတ်ခေါ်၏။ အိမ်တွင် သူနှင့် သူ့အမေ နှစ်ယောက်တည်းသာ ရှိ၏။ နိမိတ်ဖတ် ကတ်ပြားများဖြင့် ရှေ့ဖြစ်ဟောမည် ဆိုသော အကြောင်းပြချက်ဖြင့် သားဟိုဆေးကို အိပ်ခန်းထဲသွင်း၏။ ထို့နောက်မှာတော့ … ။

သား ဟိုဆေးသည် ပထမတော့ တစ်ကိုယ်လုံး နတ်ကျသလို တုန်လာ၏။ ထို့နောက် အရှင်လတ်လတ် နဂ်ပြည် ရောက်သွားသလို ခံစားရ၏။ အဲဒီနောက်တော့ အကြောက်တရားသည် သူ့ကို ပြင်းထန်စွာ ဖိစီးနှိပ်စက်၏။ ညကျလျှင် လာခဲ့ဦးဟု ထိုမိန်းမက ကလူ၏သို့ မြူ၏သို့ ဖိတ်ခေါ်သည့်အခါ သားဟိုဆေး မဆိုင်းမတွ ခေါင်းညိတ်ပြလိုက်သည်။ သို့သော် သူ ဘယ်တော့မှ မလာတော့ဟု သန္နိဋ္ဌာန် ချလိုက်သည်။

ထိုည အိပ်ရာထဲသို့ အရောက် သူ၏ သန္နိဋ္ဌာန် ကျိုးပျက်လေ၏။ မှောင်ထဲမှာ အဝတ်အစားကို မမြင်မစမ်းဖြင့် ဝတ်၏။ သူနှင့် တစ်အိပ်ရာတည်း အိပ်သော သူ့ညီ အော်ရဲလီယာနို၏ အိပ်မောကျနေသော အသက်ရှူသံ မှန်မှန်ကို နားထောင်၏။ ဟိုဘက်အခန်းက အဖေ ဟိုဆေး၏ ချောင်းခြောက်ဆိုးသံကို နားစွင့်၏။ အိမ်ဘေး ကွက်လပ်က

ကြက်မများ၏ တရှိုရှို အသက်ရှူသံများ၊ ခြင်များ၏ တဝီဝီအော်သံများ၊ ထိုအသံများထက် ပိုကျယ် ပိုမြည်သော သူ၏ နှလုံးခုန်သံများ အားလုံးကို နားထဲမှာ ကြားနေရသည်။ သူ့ကိုယ်သူ ဘာလုပ်နေမှန်း ရေရေရာရာ မသိဘဲ မှောင်မည်း တိတ်ဆိတ်နေသည့် လမ်းပေါ်သို့ သူရောက်လာပြီ။

အိမ်တံခါးကို သော့ခတ်ထားပါစေဟု သူ ဆုတောင်းမိသည်။ သို့သော် သားဟိုဆေး၏ ဆုတောင်းကား မပြည့်ရှာ။ အမျိုးသမီး၏ အိမ်တံခါးသည် စေ့တောင် စေ့မထား။ ဟဟလေးတောင် ပွင့်နေသေးသည်။ လက်ချောင်းထိပ်ကလေးများဖြင့် တံခါးကို အသာလေးလှပ်သည်။ ဆီပျား ကင်းဝေးသော တံခါးပတ္တာများ၏ ကျွီခနဲ မြည်သံသည် နှလုံးသားထဲအထိ ဝင်သွားသလို ထင်ရသည်။ အသံတစ်စိမ့် မထွက်အောင် သတိထား ခြေဖော့နင်း၍ အိမ်ထဲဝင်လာချိန်မှာပင် ထိုအနံ့ကို သူရလိုက်၏။ သူ့ဧည့်ခန်းထဲ မှာပင် ရှိနေသေးသည်။ ထိုဧည့်ခန်းထဲတွင် အမျိုးသမီး၏ အစ်ကိုသုံးယောက်သည် ကြိုးခုတင် ကိုယ်စီဖြင့် အိပ်စက်ကြကြောင်းကို သူ သိလည်း မသိ၊ မှောင်နှင့်မည်းမည်းမှာ မြင်လည်း မမြင်မိ။ နေ့လယ်က ရောက်ခဲ့သော အိပ်ခန်းရှိရာသို့သာ မဲနေမိသည်။ အလို ··· တစ်ခုခုကို သူ ခလုတ်တိုက်မိသည်။ အမှန်က ကြိုးခုတင် တစ်ခုမှ ကြိုးစဖြစ်၏။ ဟောက်သံတစ်ချက် ထွက်လာတော့မှ ဧည့်ခန်းထဲတွင် လူအိပ်ကြောင်း သတိထားမိသည်။ အသံတစ်သံ ထွက်လာသဖြင့် လန့်ပြီး တုန်သွားသည်။

"အို ··· ဒီနေ့ ဗုဒ္ဓဟူးနေ့ပါကလား"

လက်စသတ်တော့ အိပ်မက်မက်ပြီး ယောင်နေတာကိုး။

အိပ်ခန်း တံခါးကို အသာတွန်းလိုက်သည်။ တံခါးက မြေကြီး ကြမ်းခင်းနှင့် တိုက်ပြီး 'ဂျစ်ဂျစ်' ဆိုသောအသံ ထွက်သွားသည်။ ပိန်းပိတ်အောင်မှောင်သော အမှောင်ထုအတွင်းမှာ သားဟိုဆေး ချာချာလည်သွားသည်။ ကြည့်ရတာ သူအခန်းမှားပြီ ထင်၏။ အမှန်တကယ်လည်း သူ ဖွင့်လိုက်သော အိပ်ခန်းအတွင်းမှာ အမျိုးသမီး၏ အမေ၊ သူ့ညီမ၊ သူ့ညီမ ယောကျ်ားနှင့် ကလေးနှစ်ဦး အိပ်စက်ကြ၏။ ဘယ်မတုံး ထိုမိန်းမ။ ဘာဖြစ်လို့ သူ့ကို မတွေ့ရဘဲ သူ့ရနံ့ကို ရှူမိနေရသလဲ။

ဟင် ··· သားဟိုဆေး သတိထားမိသွားသည်။ ဒီရနံ့က သူ့ကိုယ်က ထွက်နေတာပဲ။ သူ မလှုပ်မယှက် အကြာကြီး ရပ်နေလိုက်သည်။ ထိုအချိန်မှာပင် တစ်စုံတစ်ယောက်၏ လက်ချောင်းများက သူ့ မျက်နှာကို လာထိသည်ကို ခံစားလိုက်ရသည်။

သူ မအံ့ဩမိပါ။ မသိစိတ်က မျှော်လင့်ထားပြီး ဖြစ်၏။ ထိုလက်ချောင်းများ ခေါ်ဆောင်ရာနောက်သို့ သူ လိုက်သွား၏။ ဘယ်နေရာရောက်နေပြီလည်း သူ မသိ။ ထိုလက်များက သူ့အဝတ်များကို ချွတ်ပစ်နေတော့လည်း ငြင်းဆန်ဖို့ရန် အားမရှိ။

mgyoe.com

အာလူးအိတ် တစ်အိတ်လို တရွတ်တိုက်ဆွဲခံရတော့လည်း သူမှာ မသိတာသိ။ သူ ရှူနေရသောအနံ့က အမျိုးသမီးထံမှ အရင်ရနေကျ မီးခိုးနံ့လို အနံ့မျိုးမဟုတ်၊ အမိုးနိုးယား နံ့လို စူးစူးပြင်းပြင်း။ အမျိုးသမီး၏ မျက်နှာကို အာရုံထဲမှာ ပုံဖော်ကြည့်သည်။ သူ့အမေ အာဆူလာ၏ မျက်နှာကြီး မြင်လာသဖြင့် သူ လန့်သွား၏။ သူ ဘာလုပ်နေမှန်း သူ့ ဘာသာသူပင် အသေအချာ မသိသည့် အလုပ်တစ်ခုကို အကြာကြီး လုပ်နေမိသည်။ သည်းတုန် အူတုန်ခံစားမှုတွေကို တစ်ပြုံတစ်မကြီး ခံစားနေရ၏။ သူ ထွက်ပြေးချင်သည်။ တစ်ချိန်တည်းမှာပင် ထိုနေရာတွင် တစ်သက်လုံး ဤအခြေအနေမျိုးဖြင့် နေသွားချင်သည်။

အမျိုးသမီး၏ အမည်မှာ ပီလာတာနီယာ။ မာကွန်ဒိုရွာသို့ ပြောင်းရွှေ့ အခြေချခဲ့သည့် ကနဦး မာကွန်ဒိုသားများတွင် တစ်ဦးအပါအဝင် ဖြစ်၏။ သူ့ဆန္ဒနှင့် သူပြောင်းလာခြင်းတော့ မဟုတ်။ သူ့မိသားစုက တရွတ်တိုက် ဆွဲခေါ်လာခြင်း ဖြစ်သည်။ အကြောင်းရင်းက သူ ဆယ့်လေးနှစ်သမီးတည်းက သူ့ကာမကို ဖွတ်အတင်း အဓမ္မ ရယူခဲ့သည့် အမျိုးသားတစ်ဦးနှင့် အသက်နှစ်ဆယ့်နှစ်နှစ် ရောက်သည့်တိုင် တူနှစ်ကိုယ် ကာမ အပေးအယူ လုပ်နေသောကြောင့်ပင်။ ပီလာတာနီယာနောက်သို့ ကမ္ဘာဆုံးတိုင် လိုက်ခဲ့မည်ဟု ထိုအမျိုးကောင်းသားက ကျိန်တွယ်ကတိပြု၏။

နောက်ဆုံးတော့ စောင့်ရတာ မောသွားသည့် ပီလာတာနီယာသည် နိမိတ်ဖတ် ကတ်ပြားများဖြင့် သုံးရက်အတွင်း၊ သုံးလအတွင်း၊ သုံးနှစ်အတွင်း ပင်လယ်ကို ရောက်စေရမည်ဟု ကောင်းနိုးရာရာ ရှည်ရှည်၊ ပုပု၊ ပိန်ပိန်၊ ဝဝ ယောကျ်ားများကို နတ်လမ်းညွှန်ရင်း အိပ်ရာထဲသွင်းသည့် အလုပ်၌သာ ပျော်မွေ့နေတော့သည်။ ချစ်သူကို စောင့်နေတုန်း ခြေကုန်လက်ပန်း ကျသွားသော ပီလာတာနီယာသည် နှလုံးသားမှတစ်ပါး အားလုံးသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ ပျို့မျစ်နုနယ်ခြင်း မရှိတော့ပေ။ သို့သော် ထိုပျို့မျစ်နုနယ်နေသေးသော နှလုံးသားဖြင့်ပင် လူပျို့ပေါက်လေး သားဟိုဆေးကို ညတိုင်း သူ့အိပ်ခန်းသို့ ခေါ်ဆောင်နိုင်စွမ်း ရှိနေသေးသည်။

သားဟိုဆေးသည် ပီလာတာနီယာ၏ ဆေးချက်မိနေပြီ ဖြစ်၏။ နေ့အချိန် များတွင် ညဘက်က ရင်သိမ့်တုန်ဖြစ်ရပ်များကို စားမြုံ့ပြန်ရင်း သူငေးနေ၏။ တစ်ခါ တလေ နေ့ခင်းကြောင်တောင် ပီလာတာနီယာက သူ့အိမ် လာလည်၏။ ပါးစပ်မှ အမြုပ်ထွက်မတတ် စကားပြော၏။ အာပြဲကြီးဖြင့် အော်ရယ်၏။ သို့သော် ထိုအာပြဲကြီး ကပင် ညညကျလျှင် သူ့အား ခန်းဆောင်နီ့အိပ်မက်တွေ ပေးတတ်သေး၏။

သားဟိုဆေးသည် သူ့ကိုစွန့်သူ ရှုပ်နေသဖြင့် ဘစ်အိမ်လုံး အုတ်အော်သောင်းတင်း ဖြစ်နေသည်ကို ဂရုမပြုမိ။ အဖေဟိုဆေးနှင့် အငယ်ကောင် အော်ရဲလီယာနိုတို့ အာခေါင်ခြစ်ပြီး ဟစ်ကြွေးနေကြသည်ကို ကြားသော်လည်း ဘာမှန်းမသိ။

အောင်ပြီ။ အောင်ပြီ။ အောင်ပြီ။ ဟိုဆေး အောင်ပြီ။ အော်ရဲလီယာနို အောင်ပြီ။

mgpoe.com

myoe.com SAMPLE BOOK


သူတို့သည် လွန်ခဲ့သော နှစ်ပရိစ္ဆေဒ များစွာကတည်းက လုံထဲတွင် မဲသဲပြီး အပြားလိုက်ကြီး ကပ်နေသော အာဆူလာ၏ ရွှေများကို အခြားသတ္တု အညစ်အကြေးများနှင့် ခွဲခြားနိုင်ခဲ့ပြီ။ ထိုသို့ အောင်မြင်မှု ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန် သူတို့ သားအဖ ရက်ပေါင်းများစွာ ကြိုးစားခဲ့ကြရသည်။ ခုတော့ ဝီရိယအကျိုးကို ခံစားရပြီ။

အာဆူလာလည်း ပျော်သည်။ အင်္ဂါရတ်ပညာကို ဖန်ဆင်း ပေးသနားတော်မူသည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်မိသည်။ ထိုသတင်းကြားသော ရွာသူရွာသားများ အားလုံး ဘီစကွစ်မုန့်များတွင် မာလကာသီး ဂျယ်လီ ညှပ်လျက် ပျော်ပွဲရွှင်ပွဲ၊ စားပွဲသောက်ပွဲ ကျင်းပရန် ဟိုဆေး၏ အင်္ဂါရတ် ဓာတ်ခန်းဆီသို့ သူ့ထက်ငါ အလုအယက် ပြေးလာကြသည်။

ဟိုဆေးက ရွာသားများအား သူ၏ အောင်မြင်မှုကို ပြသ၏။ သားဟိုဆေးလည်း လူအုပ်ကြားတွင် ဝင်ရောရင်း ကြောင်တောင်တောင်နှင့် သူ့အဖေကို ငေးကြည့်နေသည်။ လက်ဖဝါးပေါ်တွင်တင်ထားသော ဝါလွှဲလှဲ့ အပုံကလေးကို သူ့သား မျက်နှာနား ထိုးပြပြီး-

"ဒါ ဘာနဲ့ တူလဲ"

ဟု အဖေ ဟိုဆေးက မေးလိုက်သည်။ သားဟိုဆေးကလည်း သူ့အမြင်ကို ရိုးသားစွာ ဖြေလိုက်သည်။

"ခွေးချေးပုံနဲ့တူတယ်"

ခွပ်ခနဲ အသံတစ်ချက်ကြားလိုက်ရပြီး သားဟိုဆေး မျက်လုံးထဲ ကြယ်တွေလတွေ မြင်သွားသည်။ အဖေ ဟိုဆေး ရှက်ရှက်ဖြင့် ထိုးထည့်လိုက်သော သားဟိုဆေး၏ မျက်နှာမှ ဒဏ်ရာကို ညကျတော့ ပီလာတာနီယာက ကြင်နာယုယစွာ ကုသပေးပါသည်။ ထိုညက သားဟိုဆေး၏ ဒဏ်ရာကို မထိခိုက်စေဘဲ သူတို့ နှစ်ယောက် ညင်ညင်သာသာ ကြင်ကြင်နာနာ ချစ်ကြသည်။ ပြီးတော့ နှစ်ကိုယ်ကြား ချစ်စကားတွေ ဖလှယ်ကြသည်။ သားဟိုဆေးက အသံတုန်ကြီးဖြင့် ပြော၏။

"ကျွန်တော်တော့ တစ်သက်လုံး မမနဲ့ ခုလိုမျိုး နှစ်ယောက်တည်း နေချင်တယ်ဗျာ၊ ဘာအနှောင့်အယှက်မှ မရှိချင်တော့ဘူး"

ပီလာတာနီယာက သားဟိုဆေးကို မြှောက်ပေး၏။

"ကောင်းတာပေါ့ မောင်လေးရဲ့၊ တို့ နှစ်ယောက်တည်းဆိုရင် မီးအိမ်လေးထွန်းပြီး တစ်ယောက်မျက်နှာ တစ်ယောက် အကြာကြီး စိုက်ကြည့်နိုင်မယ်နော်၊ တို့လည်း စိတ်ရှိလက်ရှိ အားရပါးရ အော်ချင်တိုင်း အော်လို့ရမယ်၊ တို့ နားနားလေးကို ကပ်ပြီး မောင်လေးကလည်း ကိုယ်ပြောချင်တာတွေ ပြောလို့ရမယ်၊ ဟုတ်တယ် မဟုတ်လား ဟင်"

အာကျယ်မကြီး၏ ထိုအကြင်နာစကားလေးများက သားဟိုဆေးကို အားတွေ

myoe.com

ဖြစ်ထွန်းစေသည်။ ပီတိတွေဖြာစေသည်။ ထိုပီတိများကို သူတစ်ယောက်တည်းသာမက အခြား သူတွေကိုလည်း စားသုံးစေချင်သော သားဟိုဆေးသည် မရည်ရွယ်ဘဲနှင့် ဖြစ်ကြောင်းရယ် ကုန်စင်ကို သူညီ အော်ရဲလီယာနိုကို ဖောက်သည်ချမိတော့သည်။

ငယ်လွန်းလှသေးသော အော်ရဲလီယာနိုသည် သူ့အစ်ကို ပြောသမျှအားလုံးကို လုံးစေ့ပတ်စေ့ နားမလည်။ သားဟိုဆေး လုပ်နေသော အလုပ်သည် အန္တရာယ်ကြီး ကြောင်း၊ စွန့်စားရသော အလုပ် ဖြစ်ကြောင်းတော့ သူသဘောပေါက်သည်။ သို့သော် သားဟိုဆေး၏ ဇာတ်လမ်းကို ကြားပါများတော့ သာယာလာသည်၊ ယစ်မူးလာသည်၊ မိန်းမောလာသည်။ သူ့အစ်ကို၏ ခံစားချက်များနှင့် ထပ်တူထပ်မျှ သူလည်း ခံစားလာရသည်။ သူ ခြောက်လျှင်ကြောက်၊ သူချော့လျှင် ပျော့လာသည်။ ညဘက် သားဟိုဆေး အပြင်ထွက်လျှင် အော်ရဲလီယာနိုသည် ပြန်အိပ်၍ မရတော့။ ဒီအချိန်လောက်ဆိုလျှင် ဘယ်လို၊ ဒီအချိန်လောက်ဆိုလျှင် ဘယ်ဝါ ဖြစ်နေလောက်ပြီဟု အိပ်ရာထဲလှဲ၍ တသိမ့်သိမ့် တငြိမ့်ငြိမ့် စိတ်ကူးယဉ်နေသည်မှာ အရုဏ်တက်ချိန် သူ့အစ်ကို ပြန်ရောက်လာသည်အထိ။

ထိုအချိန်မှစ၍ အိပ်ရာဝင်ချိန်အထိ ဒီည ဖြစ်ခဲ့သမျှ အဝဝကို ညီအစ်ကို နှစ်ယောက် စားမြုံ့ပြန်ကြပြန်သေးရာ ရက်နည်းနည်း ကြာလာသောအခါ နှစ်ယောက်လုံး အိပ်ရေးပျက်၍ မူးဝေကုန်ကြတော့သည်။ အော်ရဲလီယာနိုသည် အဂ္ဂိလည်း မရတ်ချင်တော့။ သူ့အဖေ၏ ပညာဉာဏ် အလင်းတို့ကိုလည်း စိတ်မဝင်စားတော့၊ သူ့အစ်ကိုနှင့် နှစ်ယောက်တည်း အိပ်ရာထဲမှာ တွတ်ထိုးနေရသည့် အရသာကို ဘာနဲ့မှ မလဲနိုင်သလို ဖြစ်လာသည်။ နှစ်ကိုယ်တည်း ဇေကစာရီ ကျင့်နေရသည်မှာ အရသာ ရှိလှပါဘိ။ အာဆူလာသည် သူ့သား နှစ်ယောက်ကိုကြည့်၍-

"ကောင်လေးတွေ ကြည့်ရတာ ကြောင်တောင်တောင်၊ ငေါင်တောင်တောင်နဲ့၊ ကြည့်ရတာ ဗိုက်ထဲမှာ သန်တွေရှိတယ် ထင်တယ်"

ဟု သူ့ဘာသာ ကောက်ချက်ချပြီး သန်ချဆေးတွေ ဖွတ်အတင်းတိုက်၏။ ကောင်လေး နှစ်ယောက်ကလည်း ဘာမှန်း မသိဘဲ သောက်လိုက်မိ၏။ ထိုနေ့တွင် နှစ်ယောက်လုံး အိမ်သာအိုးနှင့် ခွာ၍ မရ၊ ဝမ်း ဆယ့်တစ်ခါစီ သွားကြ၏။ နောက်ဖေး အိုးထဲမှ နှင်းဆီရောင် သန်ကောင်များကို တွေ့သမျှလူ လိုက်ပြကြသည်။ အာဆူလာ အကြီးအကျယ် ကျေနပ်သွားသည်။

အော်ရဲလီယာနိုသည် သူ့အစ်ကို၏ စွန့်စားခန်းများကို အူမချေးခါး မကျန် သိနေပြီ ဖြစ်သော်လည်း မရှင်းသည့် အချက်တစ်ချက် ရှိနေသေးသည်။ တူနှစ်ကိုယ် ချစ်ရည်လူးခြင်း ဆိုတာကို သူ နားမလည်။

"အဲဒါက ဘယ်လို နေလဲဟင်"

mgyoe.com

mgyoe.com

သားဟိုဆေးက သူညီ သဘောပေါက်နိုင်ရန် တစ်ချက်တည်း ပိုင်ပိုင်နိုင်နိုင် ဖြေလိုက်သည်။

"ငလျှင်လှုပ်နေသလိုပဲကွ"

ဇန်နဝါရီလတစ်လ၏ ကြာသပတေးနေ့ နံနက် နှစ်နာရီတွင် အာဆူလာသည် သမီးလေး အမာရန်တာကို ဖွားမြင်၏။ အာဆူလာသည် မွေးခါစ နီတာရဲကလေးကို စေ့စေ့စပ်စပ် စစ်ဆေးသည်။ လူသား ပကတိ စစ်စစ်ပါပဲ။ အော်ရဲလီယာနိုကတော့ ထိုဟာကလေးကို သတိမထားမိသေး။ တစ်အိမ်လုံး လူတွေ ပြည့်နှက်နေသည်ကိုတော့ သိလိုက်သည်။ ညဆယ့်တစ်နာရီ ထိုးပြီးကတည်းက သူ့အစ်ကို အိမ်ပြင်ထွက်သွားသည်။ ခုဆိုလျှင် ပီလာတာနီယာထံသို့ ရောက်နေလောက်ပြီ။ အရဏ်တက်ချိန်ထိ သားဟိုဆေးကို အော်ရဲလီယာနို မရပ်မနားရှာ၏။ တွေ့မယ့်တွေ့တော့ သူ့အမေ အခန်းထဲမှာ မွေးကင်းစ ညီမလေးကို ချီလျက် ဘာအပြစ်မှ မလုပ်ထားသည့် ခြောက်ပြစ်ကင်း သဲလဲစင် ရုပ်မျိုးဖြင့် သားဟိုဆေးကို တွေ့ရသည်။

နောက်တစ်ကြိမ် ဂျစ်ပစီများ ပြန်ရောက်လာကြသောအခါ အာဆူလာသည် မီးတွင်းမှ ထွက်ခါစ ရှိသေးသည်။ ဟိုတစ်ခေါက်က ရေခဲတုံး ယူလာပြသော ဆပ်ကပ်၊ မျက်လှည့်သမားများပင် ဖြစ်၏။ မာလ်ကွီးယားဒီးစ်တို့လို ပညာသည် ဂျစ်ပစီ အုပ်စုနှင့် မတူဘဲ သူတို့ အုပ်စုက အပေါ်ယံ ပကာသန ဟန်ပြသမားများ ဖြစ်ကြ၏။ ရေခဲကို ယူလာပြသော်လည်း ဘယ်လိုသုံးရမလဲ၊ ဘာအသုံးကျမလဲဆိုတာ တစ်စွန်းတစ်စမျှ မပြော။ ဒီတစ်ခေါက် သူတို့ ယူလာသည့် အဓိကပစ္စည်းက ကော်ဇောပျံတဲ့။ ထိုကော်ဇောပျံ ဆိုသည့် ဟာကြီးသည်လည်း မာကွန်ဒိုသူ၊ မာကွန်ဒိုသားများ သယ်ယူပို့ဆောင်ရေး မြန်ဆန်ချောမွေ့စေရန်အတွက် မဟုတ်ရေးချ မဟုတ်။ အပျော်သက်သက်တဲ့။ သူတို့ အိမ်တွေပေါ်ကနေ စက္ကန့်ပိုင်းလောက် ဖြတ်ပျံရဖို့အရေး မာကွန်ဒိုသားတို့သည် ကော်ဇောပျံ စီးနင်းခ ပေးချေဖို့အရေး အိပ်ရာအောက်မှာ မြှုပ်နှံသိမ်းဆည်းထားသော နောက်ဆုံး လက်ကျန် ရွှေတိုရွှေစလေးများကို တူးကြရပြန်သည် တမုံ့။

ကော်ဇောပျံကြောင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဆူညံပွက်လောရိုက်နေခြင်းသည် သားဟိုဆေးနှင့် ပီလာတာနီယာတို့အတွက် အကွက်ကောင်း ဖြစ်၏။ လူအုပ်ကြီးထဲတွင် အုတ်ရောရော ကျောက်ရောရောဖြင့် လက်ချင်းချိတ်၍ ပေါ်ပေါ်တင်တင် သွားနိုင်သည်။ ချစ်ရည်ရွှန်းလဲ့သည့် မျက်ဝန်းနှစ်စုံ အကြာကြီး အကြည့်ချင်း ဖလှယ်နိုင်သည်။ အချစ်ဆိုတာ အခြားအခြားသော ပျော်ရွှင်မှုတွေအားလုံးထက် နက်ရှိုင်း၊ ကြမ်းတမ်းသည့် မမေ့ရက်စရာ ခံစားမှုပေကပဲ။ သို့သော် တစ်နေ့မှာတော့ ထိုအခြေအနေကို အလုံးစုံ ပျက်ယွင်းစေမည့်ကိစ္စ ဖြစ်ပေါ်လာသည်။ စတင်ဖန်တီးသူက ပီလာ ဖြစ်၏။ သားဟိုဆေး၏ အကြင်နာ၊ အယုအယများကြောင့် အားတက်သည့်ထက်

mgyoe.com

m.gyoe.com

တက်လာသည့် ပီလာသည် ထင်မိယောင်မှားဖြစ်လာခဲ့ပြီး ဝုန်းခနဲ ဒိုင်းခနဲ မစဉ်းစား မဆင်ခြင်ဘဲ ပြောချလိုက်တော့သည်။

"မင်းတော့ ယောကျ်ားစင်စစ် ကေန်ဖြစ်ပြီ မောင်လေးရေ"

ပီလာ့စကား သူ နားမလည်။ ဘာပြောတာပါလိမ့်။ ထိုအချိန်မှာပင် သူ ကောင်းကောင်းကြီး နားလည်သည့် ပီလာ၏ နောက်ဆက်တွဲ စကားကြောင့် ကမ္ဘာကြီး တစ်ခုလုံး သူ့ခေါင်းပေါ် ပြုတ်ကျလာသလို သားဟိုဆေး ခံစားလိုက်ရသည်။

"သိလား မောင်လေး၊ မင်းတော့ ကလေးအဖေ ဖြစ်တော့မယ်"

သားဟိုဆေးတစ်ယောက် ရက်ပေါင်းများစွာ အိမ်ထဲမှ အိမ်ပြင် မထွက်။ ပီလာက မကြာခဏ သူ့အိမ် ရောက်လာတတ်သည်။ အိမ်ပေါက်ဝမှာ ပီလာ၏ ပြဲလှ လန်လှသောအသံကို ကြားလိုက်ရသည်နှင့် သားဟိုဆေးသည် အဖေဟိုဆေး၏ အင်္ဂရိတ် ဓာတ်ခန်းထဲသို့ အပြေးအလွှား ဝင်ပုန်းလေ့ရှိ၏။ အင်္ဂရိတ် ဓာတ်ခန်းသည် အာဆူလာ၏ အားပေးမှုကြောင့် ပြန်လည် အသက်ဝင်နေသည်မှာ ကြာခဲ့ပြီ။ ပညာအပေါ် ပြန်လည် စိတ်ဝင်စားလာသော၊ ငယ်သေး၍ နားမလည်ရှာသော၊ အမိုက်အမဲကလေး သားဟိုဆေး ကို အဖေဟိုဆေးက လှိုက်လှဲစွာ ကြိုဆို၏။ သူ၏ တစ်ဆင့်တက် ပညာခန်းဖြစ်သော ဓာတ်လုံးရှာပုံတော်ခရီးတွင် တစ်တပ်တစ်အား ပါဝင်စေသည်။

တစ်နေ့လယ်တွင် ဟိုဆေးတို့ သားအဖတစ်တွေ အင်္ဂရိတ်ဓာတ်ခန်းမှာ ဖိုဝင်နေ ကြတုန်း ပြတင်းပေါက်မှတစ်ဆင့် ကော်ဇောပျံ ဖြတ်သွားသည်ကို မြင်လိုက်ကြရသည်။ ကလေးတစ်သိုက်က ကော်ဇောပျံပေါ်တွင် ပျော်ရွှင်ရယ်မြူးလျက်၊ ဂျစ်ပစီ တစ်ယောက်က ကော်ဇောပျံကို မောင်းနှင်စေစားလျက်၊ မြေပြင်ထက်မှ ကလေးများက စိတ်လှုပ်ရှားစွာ လက်ဝှေ့ယမ်းပြကြလျက်။

အဖေ ဟိုဆေးကတော့ ကော်ဇောပျံကို မျက်မွေးထော်၍ပင် မော်မကြည့်ပါ။ သားနှစ်ယောက်ကို သူ ပြောလိုက်သည်။

"လုပ်ကြစမ်းပါစေကွာ၊ ဓာတ်လုံး အောင်မြင်လို့ကတော့ ဒီလို ကော်ဇောပျံမျိုး မပြောနဲ့၊ တို့သားအဖတစ်တွေ ရှိန်းဆာယာ ပိုမောက်တဲ့ ကိုယ်ပျောက်ခရီးစဉ် ပြဲပြဲစင်အောင် နှင်ကြဦးမှာ"

သားဟိုဆေး အဖို့တော့ မြေလျှိုးမိုးပျံနိုင်မည်ဟု သူ့အဖေ ဟိုဆေး အထင် ရောက်နေရှာသော ဓာတ်လုံးသည် ခုထိတော့ ဘာမှ မဟုတ်သည့် အလုံးတစ်ခုမျှသာပါ။ သားဟိုဆေးသည် သူ့သောကကို ဓာတ်လုံးက မကယ်နိုင်မှန်း အသေအချာ သိသောအခါ ယူကျုံးမရ၊ အပူလုံးကြွပြီး အိပ်ရာထဲလဲတော့သည်။ သူ မအိပ်နိုင်၊ မစားနိုင် ဖြစ်လာ သည်။ သူ့အဖေလို အင်္ဂရိတ်ကို တန်းတန်းစွဲ လိုက်စားနိုင်လျှင် ကောင်းလေစွ။

အော်ရဲလီယာနိုကတော့ သူ့အစ်ကို သားဟိုဆေး ဓာတ်ခန်းထဲတွင် ကပ်နေခြင်းမှာ

m.gyoe.com

ဓာတ်လုံးလုပ်ချင်၍ မဟုတ်မှန်း သိသလိုလိုရှိ၏။ သို့သော် သူလည်း သိပ်မသေချာလှ။

တစ်ညတော့ သားဟိုဆေးသည် လုပ်နေကျအတိုင်း အိပ်ရာမှထသည်။ သို့သော် သွားနေကျအတိုင်း ပီလာတာနီယာ့အိမ်သို့ မသွား။ ထိုအစား သူရောက်သွားသည်က ဂျစ်ပစီတို့၏ ကြည့်ချင်ပွဲများဆီသို့ ဖြစ်၏။ ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း လူတွေ အုံခဲနေသည့် ကြည့်ချင်ပွဲတစ်ခုကို ရောက်သွားသည်။ သူ တိုးဝှေ့ ကြည့်လိုက်သည်။ အလို… လူပုံအလယ်မှာ အလွန့် အလွန်ကို ချောမောလှပသော ဂျစ်ပစီမလေး တစ်ဦးကို သူတွေ့လိုက်ရ၏။ ကောင်မလေးက ငယ်လွန်းလှသေးသည်။ ကလေးသာသာ လေး။ ရောင်စုံပုတီးတွေ တစ်ထွေးကြီး ဆွဲထားသော ထိုဂျစ်ပစီမလေးသည် မိဘကို စော်ကား သဖြင့် လူဘဝမှ မြွေဘဝသို့ အရှင်လတ်လတ် ပြောင်းသွားသူ တစ်ဦး၏ ဇာတ်ကြောင်းကို ပရိသတ်အား ရှင်းပြနေ၏။ သူ့ကိုယ်တွေ့ဆိုပဲ။ များမကြာခင် ထို မြွေလူကို ရွှေပွဲလာ ဧည့်ပရိသတ်အပေါင်း မျက်ဝါးထင်ထင် ရှုမြင်ကြရတော့မည်။

သားဟိုဆေးသည် မြွေလူတွေ၊ မျောက်လူတွေ စိတ်မဝင်စားပါ။ မြွေလူကို လှောင်အိမ်ဖြင့် ထည့်လာတော့ သူရှေ့ဆုံးသို့ရောက်အောင် အတင်းတိုးသည်။ ဂျစ်ပစီမ ကလေး၏ နောက်တည့်တည့်သို့ သူရောက်လာသည်။ ဂျစ်ပစီမလေးကို သူ့ကိုယ်ကြီးဖြင့် အတင်း ဖိကပ်ထားလိုက်သည်။ ကောင်မလေးက အလန့်တကြား ရုန်းရုန် ကြိုးစား၏။ သူက ပို၍ ကပ်ထားလိုက်၏။ ခဏနေတော့ ကောင်မလေး၏ခေါင်း သူ့ဘက်လှည့် လာသည်။ သူ့ကိုမြင်တော့ မခို့တရိုလေး ပြုံး၏။ ဂျစ်ပစီ နှစ်ယောက်က မြွေလူကို ပြသပြီး၍ လှောင်အိမ်ထဲ သွင်းလိုက်သည်။

ထို့နောက် အောင်မြင်ကျယ်လောင်သော အသံဖြင့်-

"ရွှေပွဲလာ ဧည့်ပရိသတ် အပေါင်းတို့ ခင်ဗျား၊ ခု ဆက်လက်ရှုစားရမှာ ကတော့ မကြည့်သင့်တာကို ကြည့်မိတဲ့အတွက်၊ မမြင်အပ်တာကို မြင်မိတဲ့အတွက် နှစ်ပေါင်း တစ်ရာငါးဆယ်တိုင်အောင် ညတိုင်း ညတိုင်း ကိုယ့်ခေါင်းကို ခုတ်ဖြတ်ပြီး အပြစ်ဒဏ် ခံနေရရှာတဲ့ အပြစ်သူ သမီးပျိုကလေးပဲ ဖြစ်ပါတယ်"

သားဟိုဆေးနှင့် ဂျစ်ပစီမလေးတို့သည် မယောင်မလည်ဖြင့် လူအုပ်ကြားမှ ထွက်လာခဲ့ကြ၏။ တဲတစ်လုံးထဲသို့ ဦးတည်ကြ၏။ အဝတ်တွေ ချွတ်ကြ၏။ ရမ္မက် ပြင်းစွာ အနမ်းချင်း ဖလှယ်ကြ၏။ ဂျစ်ပစီမကလေးက အထပ်ထပ် ဝတ်ထားသော အဝတ်များ၊ အတွင်းခံ ကိုယ်ကျပ်အင်္ကျီများ၊ ဂါဝန်၊ ဘောင်းဘီတို တစ်လွှာပြီး တစ်လွှာ ချွတ်၏။

အဝတ်တွေ ကုန်သွားတော့မှ ဂျစ်ပစီမလေးသည် ဖားကလေးတစ်ကောင် သာသာမျှသာ ရှိကြောင်း သားဟိုဆေး မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။ ခြေထောက် ကလေးတွေက ကြက်ခြေထောက်ကလေးတွေအလား၊ ကိုယ်လုံးကလေးက အရာရာကြီး

mgyoe.com

SAMPLE BOOK

သော သားဟိုဆေးကြီး၏ လက်ကြီးနှစ်ဖက်ဖြင့် ဖျစ်ညှစ်ဆုပ်နယ်လိုက်လျှင် ဂျွတ်ခနဲ ကျိုးကြေသွားမလား အောက်မေ့ရသည်။ သို့သော် ကောင်မလေးက အကောင်သေး သလောက် အဆိပ်ပြင်းမည့်ပုံ၊ သားဟိုဆေးကို အတင်းဖက်ပြီး ကျားပိန်တွယ်တွယ် ထား၏။ သားဟိုဆေးတစ်ယောက် ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်ရပြီ။ သူတို့ ဝင်နေသည့် ရွက်ဖျင်တဲကြီးမှာ ဂျစ်ပစီတို့၏ ကြည့်ချင်ပွဲ ပစ္စည်းများ ထားသိုရာ ဂိုဒေါင်တဲကြီး ဖြစ်နေသည်။ တဲခေါင်မိုးတွင် ချိတ်ထားသော မီးအိမ်ကြီးကလည်း တဲတစ်ခုလုံးကို ထိန်ထိန်လင်းစေသည်။ သားဟိုဆေးသည် အိပ်ရာပေါ်တွင် ပက်လက်ကြီးလန်ပြီး ကိုယ်တုံးလုံးဖြင့် ဘာလုပ်ရမှန်း မသိ ဖြစ်နေသည်။ ဂျစ်ပစီမကလေးကလည်း ကြားလေ သွေးလျှင် ဝေးမှာစိုးသည့်အလား သူ့ကို တောက်တဲ့ကပ် ကပ်ထားသည်။

ထိုအချိန်တွင် အလွန်ဝဖြိုးသော ဂျစ်ပစီမကြီးတစ်ဦး တဲထဲ ဝင်လာ၏။ သူ့နောက်မှ ယောက်ျား တစ်ယောက်လည်း ပါလာ၏။ ထိုသူကို သားဟိုဆေး တစ်ခါမျှ မမြင်ဘူး၊ ရွာသားလည်း မဟုတ်၊ ဂျစ်ပစီ အုပ်စုထဲမှလည်းမဟုတ်။

ဂျစ်ပစီမကြီးနှင့် သူစိမ်းယောက်ျားတို့သည် နောက်မှ ရန်သူလိုက်လာသည့် အလား အဝတ်အစားတွေကို ဒရောသောပါး ချွတ်နေကြသည်။ ထိုအခိုက် ဂျစ်ပစီမ ကြီးက အိပ်ရာပေါ်မှ သားဟိုဆေးတို့ စုံတွဲကို တွေ့သွား၏။ သားဟိုဆေး၏ လူနှင့် မလိုက်လောက်အောင် ထွားကျိုင်းသန်မာလှသော အတောင်အလက်ကို မျက်လုံးကြီး ပြူး၍ ကြည့်ပြီး-

"ဟဲ့-ကလေးက သတ္တဝါနဲ့ လက်နက်နဲ့ မမျှပါကလား" ဟု အာမေဍိတ် ပြုလိုက်သည်။

အလိုက်သိသော သူစိမ်းယောက်ျားက ထိုမိန်းမကြီးကို သူတို့ မမြင်ကွယ်ရာသို့ ဆွဲခေါ်သွား၏။ ထိုစုံတွဲကြောင့် သားဟိုဆေး၏ မစွမ်းရင်းလည်းရှိ ကန်စွန်းခင်းလည်း ငြိသည့် တဏှာပေမသည် ထိတိုင်းကြွလာ၏။ ဂျစ်ပစီမလေး၏ အရိုးတို့သည် ကျိုးကြေ သွားမတတ်၊ အရေပြားတို့သည် ချွေးတို့ဖြင့် တစက်စက်၊ မျက်လုံးများသည် မျက်ရည်ကြည်တို့ ပြည့်နှက်လျက်။ သားဟိုဆေး၏ နှလုံးသားသည် ဂျစ်ပစီမလေး၏ နားရွက်ထဲမှတစ်ဆင့် သူ့ခန္ဓာကိုယ် အတွင်းသို့ အလုံးလိုက် ဝင်ရောက်သွားပြီး ပါးစပ်ထဲမှ ပြန်ထွက်လာသကဲ့သို့ ခံစားလိုက်ရသည်။ စကားတစ်ခွန်းမျှ ပြောစရာ မလိုဘဲ သူတို့ နှစ်ယောက် နားလည်မှု ရသွားကြသည်မှာ ကြာသပတေးည။ စနေနေ့ညတွင်တော့ သားဟိုဆေးသည် ခေါင်းကို အဝတ်နီကလေး ပတ်ကာ ဂျစ်ပစီအုပ်စု နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။

သားဟိုဆေး ပျောက်နေမှန်း ပထမဆုံး သိသူမှာ သူ့အမေ အာဆူလာ ဖြစ်၏။ အာဆူလာသည် ငယ်ထိပ်မြွေပေါက် ခေါင်းမီးတောက်ပြီး တစ်ရွာလုံး လိုက်ရှာ၏။

m gyobook.com

mgyoe.com SAMPLE BOOK

ဂျစ်ပစီတို့၏ တဲစုနေရာတွင် အမှိုက်များကို မီးရှို့ထားသော မီးခိုးတန်းကလေးများမှ တစ်ပါး အခြားမရှိ။ အချို့ကတော့ သားဟိုဆေးကို ဂျစ်ပစီများ၏ တဲထဲမှ ပစ္စည်းများကို ထုပ်ပိုးပေးနေကြောင်း၊ မြွေလူလျှောင်အိမ်ကို လှည်းပေါ်တင်နေကြောင်း တွေ့လိုက်သည်ဟု ပြောကြ၏။

အိမ်ကို အာဆူလာ အော်ပြီး ပြေးလာသည်။

"ဟိုဆေးရေ၊ ရှင့်သားတော့ ဂျစ်ပစီ ဖြစ်သွားပြီတော့်"

ဟိုဆေးက ဆေးကြိတ်ဆုံထဲမှဆေးကို အထောင်းမပျက်၊ ဖိုအထိုးမပျက်ဘဲ ပြန်ပြော၏။

"ကောင်းတာပေါ့ အာဆူလာ၊ သူ တကယ်လိုက်သွားပါစေလို့ ငါဆုတောင်းတယ်၊ ဒါမှ သူ တကယ့်ယောကျ်ားကောင်း တစ်ယောက် ဖြစ်မှာ"

အာဆူလာသည် ဟိုဆေးကို ဘာမျှ ပြန်မပြောတော့။ ဂျစ်ပစီတွေ ဘယ်ကို ထွက်သွားသလဲ ဆိုတာကို ရွာထဲတွင် စုံစမ်း၏။ သူ့စိတ်ထဲတွင် ဂျစ်ပစီများကို သူ အမီလိုက်နိုင်မည်ဟု ထင်နေပုံရ၏။ အာဆူလာသည် ရွာမှ ထွက်ခွာသွားတော့သည်။ ဝေးသည်ထက်ဝေးသွားပြီ။ အပြန်လမ်းကို ဘယ်လိုမှ ရှာမတွေ့နိုင်တော့သည့် နေရာကို အာဆူလာ ရောက်သွားခဲ့ပြီ။

ထိုအကြောင်းကို ဟိုဆေးသည် ညရှစ်နာရီ ထိုးပြီးမှ သိတော့သည်။ မွေးကင်းစ အမာရန့်တာလေး၏ တက်မတတ်၊ ချက်မတတ် ငိုသံကြောင့် အခန်းထဲ ဝင်ကြည့်မိမှပင် အာဆူလာ မရှိတော့မှန်း သူ သိလိုက်ရသည်။ ဟိုဆေး ခေါင်းမီးတောက်သွားသည်။ ချက်ချင်း လူစုပြီး အမာရန့်တာကို ရွာခံ အမျိုးသမီးတစ်ယောက်လက် အပ်၏။ ပြီးတော့ အာဆူလာ ရှာပုံတော် ဖွင့်ခဲ့ကြသည်။ နောက်သုံးရက်ကြာတော့ သူတို့ ပင်ပန်းကြီးစွာဖြင့် ရွာပြန်ရောက်လာကြသည်။ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးတောင် မတွေ့ခဲ့ကြ။

နောက်ရက်သတ္တပတ်ပေါင်း များစွာအတွင်း ဟိုဆေးသည် အလွန်အလုပ်များသောပုဂ္ဂိုလ် ဖြစ်လာသည်။ အမာရန့်တာကို ရေချိုးပေးရ၊ အဝတ်ဝတ်ပေးရ၊ နို့တိုက်ရ၊ ချော့သိပ်ရ၊ သီချင်းဆိုပြရနှင့် အချိန်တွေ ဘယ်လို ကုန်သွားမှန်း မသိ၊ အာဆူလာ ပြန်ရောက်သည်အထိ အိမ်မှုကိစ္စများကို ကူပေါ့မည်ဆိုကာ ပီလာတာနီယာက သူ့အိမ်သို့ ဖွတ်အတင်း ရောက်လာသည်။ ပီလာ အိမ်ထဲဝင်လာသည်နှင့် ဒီကိစ္စ အားလုံး၏ အဓိကတရားခံမှာ သင်းဖြစ်ကြောင်း အော်ရဲလီယာနို ချက်ချင်းသိလိုက်သည်။ ပီလာ့ကို သူ စိုက်ကြည့်နေလိုက်သည်။ သူ့အကြည့်ဒဏ်ကို မခံနိုင်၍လား မပြောတတ်၊ ပီလာသည် နောက်နေ့များတွင် ရောက်မလာတော့။

အချိန်ယန္တရားသည် အရာရာကို နေရာမှန်ရောက်အောင် ပြုလုပ်ပေးစမြဲ။ အဖေ ဟိုဆေးနှင့် သားအငယ်ကောင် အော်ရဲလီယာနိုတို့သည် ဓာတ်ခန်းသို့ ပြန်ဝင်ကြ၏။ လပေါင်းများစွာ ပစ်ထားသော ဓာတ်ခန်းအလယ်တွင် ငှူငှူကြီးရပ်ပြီး ဘာစလုပ်ရမလဲ

mgyoe.com

လုပ်ရမှန်း မသိ။ ပြဒါးခိုးများမွန်နေသော ဓာတ်ခန်းအလယ်ကောင်တွင် ဆင်ထားသော ပုခက်ထဲအိပ်နေသည့် အမာရန်တာကလေးမှာ သူ့အဖေနှင့် သူ့အစ်ကိုကို မျက်လုံးပြူး ကလေးဖြင့် ကြည့်နေရှာ၏။

အာဆူလာ ပျောက်သွားပြီး လပေါင်းများစွာ ကြာသောအခါ အိမ်မှာ ထူးဆန်းသည့် ကိစ္စအချို့ ဖြစ်ပျက်ခဲ့သည်။ စားပွဲပေါ်တင်ထားသော ဖန်ခွက် အလွတ်တစ်လုံးသည် မမရအောင် လေးလံလာခြင်း၊ ဓာတ်ခန်း အလုပ်စားပွဲပေါ်မှ ရေတာကောင်းသည် ဘာမီးမှ မဖိုဘဲ ပွက်ပွက်ဆူလာခြင်း၊ အမာရန်တာ၏ ပုခက်သည် အကြောင်းမရှိဘဲ ဓောက်ထိုး မိုးမျှော် လည်သွားခြင်း ဆိုသော အဖြစ်အပျက်များ တန်းစီ ဖြစ်ခဲ့သည်။ ဓာတ်ခန်း တန်ခိုး ပြခြင်းပေလော၊ သူတို့၏ လိုတရဓာတ်လုံး ခရီးပေါက်ခြင်းကို ပြသသည့် အဖြစ်အပျက်များပေလော။ ဘုရားမှသာ သိပေလိမ့်မည်။

ငါးလခန့် အကြာတွင် အာဆူလာသည် ဝုန်းခနဲ မိုးပေါ်မှ ကျလာသလို ရွာကို ပြန်ရောက်လာသည်။ အာဆူလာသည် ရွာမှာ တစ်ခါမျှ မမြင်ဖူးသော အဝတ်သစ် အစားသစ်များကိုဝတ်ပြီး လှလှပပ ကြွကြွရွရွ ပြန်ရောက်လာခြင်း ဖြစ်သည်။ ဟိုဆေးသည် အာဆူလာကို ကြည့်ပြီး ဟစ်ကြွေးလိုက်၏။

"ဒါပဲလေ၊ ဒီလိုပဲ ဖြစ်ရမယ်၊ ဒီလိုဖြစ်မယ်ဆိုတာ ငါ အစကတည်းက သိသားပဲ"

တကယ်တော့ အာဆူလာ ပျောက်နေစဉ် အချိန်အတွင်း သူ အကြိမ်ပေါင်း များစွာ ဆုတောင်းခဲ့သည်။ ဓာတ်လုံး အောင်မြင်ဖို့၊ အိမ်တံခါးတွေ ရွှေဖြစ်စေဖို့နှင့် မထင်မှတ်တာတွေ ဖြစ်လာဖို့။ ခုတော့ မထင်မှတ်တာတွေ ဖြစ်ခဲ့ပြီ။ အာဆူလာ ပြန်ရောက်လာပြီ။

အာဆူလာသည် ဟိုဆေး တစ်ယောက် စိတ်လှုပ်ရှားလွန်း၍ တုန်တုန်ရီရီ ဖြစ်နေသည်ကို စိတ်မဝင်စားပါ၊ ဟိုဆေးကို ဝတ်ကျေတမ်းကျေ ရွှတ်ခနဲ နမ်းလိုက်ပြီး–

"တံခါးပေါက်ဝကို ကြည့်လိုက်စမ်း ဟိုဆေး" ဟု ပြောလိုက်သည်။

ဟိုဆေး လှမ်းကြည့်လိုက်သည်။ လမ်းပေါ်မှာ လူအုပ်ကြီး တစ်အုပ်၊ သို့သော် လာနေကျ ဂျစ်ပစီများ မဟုတ်။ ထိုလူများသည် သူတို့လိုပင် ဖြောင့်စင်းသော ဆံပင်များနှင့် ညိုမောင်းသော အသားအရေ ရှိ၏။ သူတို့ပြောသော ဘာသာစကား ကိုပင် ပြောကြသည်။ ပစ္စည်းများစွာ တင်လာသော မြည်းများ၊ ပရိဘောဂများနှင့် နိစ္စဓူဝ အသုံးပြုရသည့် ပစ္စည်းများစွာ တင်လာသော နွားလှည်းများ။ သူတို့ ဘယ်က လာခဲ့ကြသနည်း။

ဟိုဆေး ပါးစပ်ဟောင်းလောင်း ဟသွားသည်မှာ တော်တော်နှင့် ပြန်မပိတ်နိုင်။ နွံအိုင်ကြီး၏ တစ်ဖက်၊ ရွာမှ နှစ်ရက်ခရီး အကွာအဝေးတွင် လတိုင်းလတိုင်း မြို့တော်မှ စာများ ရောက်နိုင်သော၊ လူသုံးကုန် ပစ္စည်းကောင်း မြောက်မြားစွာ ရနိုင်သော၊

mgyoe.com

mgyoe.com SAMPLE BOOK

စီးပွားလမ်း ဖြောင့်ဖြူးသော၊ သာယာသည့် ဘဝများကို ထူထောင်နိုင်သော မြို့တွေ ရှိနေသည် ဆိုပဲ။ အာဆူလာသည် မူလ ရည်မှန်းချက် ဖြစ်သော ဂျစ်ပစီများကို မတွေ့၊ သို့သော် သူ့ယောက်ျား အာခေါင်ခြစ်၍ ကြုံးဝါးပြီး တစ်သက်လုံး ရှာခဲ့သည့် ဆက်သွယ်ရေးလမ်းကြောင်းကို သူ တွေ့ခဲ့ပါပေါ့လား။

* * *

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

မွေးဖွားပြီး နှစ်ပတ် အကြာတွင် ပီလာတာနီယာ၏ သားကလေးသည် သူ့အဘိုး၊ အဘွားများအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ အာဆူလာက သူ့မြေးဆိုသော ထိုကလေးအား မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် လက်ခံ၏။ ဟိုဆေးကတော့ ထိုကလေးသည် သူ့သွေးသားဖြစ်၍ စောင့်ရှောက်သင့်သည်ဆိုသော အယူအဆကို ခါးခါးသီးသီး ဖြစ်နေ၏။ ထိုအတွက်ကြောင့်လည်း အာဆူလာနှင့် ရန်ပွဲကြီး ဆင်နွှဲလိုက်ရသေးသည်။ နောက်ပိုင်းတော့လည်း ဟိုဆေးက လက်ခံလာပါသည်။ ကလေးကို ဟိုဆေးအာကာဒီယိုဟုပင် အမည်ပေး၏။ သို့သော် အမည်တွေ ရောထွေးရှုပ်ကုန်မည် စိုးသဖြင့် အာကာဒီယို ဟုသာ ခေါ်ကြသည်။

အဲဒီ အချိန်တုန်းက ဟိုဆေးတို့အိမ်မှာ အပြောင်းအလဲတွေ အများကြီး ဖြစ်နေသောကြောင့် ကလေးပြုစုရေးသည် ဒုတိယတန်းစားအဆင့်သို့ လျှောကျသွားခဲ့သည်။ ဤသို့ဖြင့် အမာရန်တာနှင့် အာကာဒီယိုတို့ နှစ်ဦးသည် ဗီစီတာစီယွန်၏ လက်ပေါ်ဝယ် ကြီးပြင်းခဲ့ကြရသည်။ ဗီစီတာစီယွန်သည် ဂွါဂျီယို အင်ဒီးယန်းအနွယ် အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူသည် သူ့အစ်ကိုတစ်ယောက်နှင့်အတူ မာကွန်ဒိုသို့ ရောက်လာခဲ့သည်။ ရောက်လာခဲ့သည် ဆိုခြင်းထက် ထွက်ပြေးလာသည်ဆိုလျှင် ပိုမှန်မည်။ သူတို့မျိုးနွယ်စုကို နှစ်ပေါင်းများစွာ ခြောက်လှန့်နေသော ကူးစက်တတ်သည့် အိပ်မပျော် ရောဂါကပ်ကြီးကို ရှောင်လွှဲရန် ရောက်မိရောက်ရာ၊ ပြေးမိပြေးရာပြေးရင်း မာကွန်ဒိုသို့ ရောက်လာခဲ့သည်။ မောင်နှမ နှစ်ယောက်လုံး စကားနည်းလှပြီး မရပ်မနား အလုပ်လုပ်နိုင်ကြသည်။ အာဆူလာက ကလေးထိန်းဖို့ အတွက် ဗီစီတာစီယွန်ကို မျက်စိကျ၏။ ဗီစီတာစီယွန်

mgyoe.com

mgyoe.com

ကလည်း အမာရန်တာနှင့် အာကာဒီယို အသက်မတိမ်းမယိမ်း တူဝရီး နှစ်ယောက်ကို ကိုယ်ဖိရင်ဖိပြုစု၏။ ထို့ကြောင့်လည်း ကလေးနှစ်ဦးမှာ စပိန်စကား မတတ်ခင် ဂွါဂျီယို အင်ဒီးယန်းစကားကို အရင်တတ်ခဲ့သည်။ ပေါက်ပေါက်ရှာရှာ ဟင်းများဖြစ်သည့် အိမ်မြှောင်စွပ်ပြုတ်တို့၊ ပင့်ကူဥပြုတ်တို့ကို သူတို့အမေ အာဆူလာ မသိစေဘဲ ဗိစိတာစီယွန်က ကလေးနှစ်ယောက်ကို ကျွေး၏။ အာဆူလာကတော့ စီးပွားရေး ကိစ္စများဖြင့် နပန်းလုံးနေရသဖြင့် ကလေးတွေကို သိပ်ဂရုမစိုက်နိုင်။

မာကွန်ဒိုသည် အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။ မာကွန်ဒို၏ ရေခံ မြေခံ ကောင်းမှု၊ မြေဆီသြဇာ ကောင်းမှုတို့သည် အာဆူလာ ခေါ်လာခဲ့သော လူများမှ တဆင့် တစ်ဆင့်စကား တစ်ဆင့်နား အဆင့်ဆင့် ပျံ့နှံ့သွားခဲ့သည်။ အတိတ်ကာလတုန်းက အေးချမ်းငြိမ်သက်သည့် မြစ်ကမ်းနဖူးမှ ရွာကလေး၊ အထီးကျန် တစ်ကိုယ်တည်း ဧကစာရီ ကျင့်နေခဲ့သည့် ရွာကလေးသည် စတိုးဆိုင်များ၊ အလုပ်ရုံများနှင့် ပျားပန်းခပ်မျှ စည်ကားသော မြို့ကလေးဘဝသို့ အသွင် ကူးပြောင်းလာခဲ့သည်။ လမ်းပန်း ဆက်သွယ်ရေးသည် အချိန်တိုတိုအတွင်း မယုံနိုင်လောက်အောင် ကောင်းလာ၏။ ကုန်သည်လမ်းမကြီးသည် ဖြောင့်ဖြူးလျက်။

အဆိုပါလမ်းမှ ပထမဆုံး ရောက်လာခဲ့သော ကုန်သည်များမှာ ဘောင်းဘီပွကြီး များနှင့် နားကွင်းကြီးများ ဆင်မြန်းထားသော အာရပ် များဖြစ်သည်။ သူတို့တွင် ပါလာသော ရောင်စုံဖန်ပုတီးများနှင့် မာကွန်ဒို ရွာသားတို့၏ ငှားများ၊ တောအုပ်တွင်းမှ ခက်ခက်ခဲခဲ ဖမ်းယူရသော ကြက်တောများကို မျှမျှတတ လဲလှယ်ကြသည်။

ထိုအချိန်မှစ၍ ဟိုဆေးသည် အားရသည် မရှိတော့ပါ။ တကယ့် အစစ်အမှန် ဘဝ၏ ဆန်းကြယ်မှုမှာ သူ၏ စိတ်ကူးယဉ် ကမ္ဘာထဲမှ ဉာဏ်ကွန့်မြူးချက်များထက် အပြတ်အသတ် သာလွန်သည်ဟု သူ ထင်မြင် ယူဆလာပြန်သောကြောင့် ဟိုဆေးသည် ခုအခါ အင်္ဂါရတ်ဓာတ်ခန်းနှင့် တစိမ်းပြင်ပြင်ဖြစ်၍ နေလေပြီ။ ခုအခါတွင် ဟိုဆေးသည် ဟိုးရှေးပဝေသဏီက မာကွန်ဒိုရွာကို စ၍ တည်ထောင်ခဲ့သော၊ ရှင်လန်းတက်ကြွသော၊ တရားမျှတသော၊ ပရဟိတစိတ်ရှိသော ဟိုဆေး ပြန်ဖြစ်သွားခဲ့ပြီ။ သူရွေးထားသည့်မြေ၊ သူ့အိပ်မက်ပါ ဗျာဒိတ်အတိုင်း အမည်ပေးထားသောရွာတွင် အိမ်တွေ စဆောက် ကတည်းက သာတူညီမျှ ဖြစ်အောင် စီမံခန့်ခွဲပေးခဲ့သော ဟိုဆေးသည် ခု လမ်းသစ်တွေ ဖောက်၊ အိမ်သစ်တွေ ဆောက်နေသည့် အသွင်သစ် မာကွန်ဒိုတွင် မရှိမဖြစ် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဖြစ်လာသည်။ တရားမျှတခြင်း၏ ပြယုဂ် ဖြစ်လာသည်။

ဟိုဆေးသည် သူ့အရပ် သူ့ဒေသဝယ် အခြေချလာသော လူသစ်များအား သူများ မရသော အခွင့်အရေးကို တစ်စုံတစ်ယောက်က အခွင့်ကောင်းယူ၊ အခွင့်ထူးခံ၍ ရသွားခြင်းမျိုး၊ လက်သင့်ရာ စားတော် ခေါ်သွားခြင်းမျိုး မဖြစ်ရလေအောင် ဂရုစိုက်သည်။

mgyoe.com

SAMPLE BOOK

စနစ်တကျ စီမံခန့်ခွဲသည်။ ထို့ကြောင့်လည်း မာကွန်ဒိုတွင် သူမသိဘဲ၊ သူ့ကို မတိုင်ပင်ဘဲ အိမ်တစ်လုံး၊ နံရံတစ်ချပ်ပင် ဆောက်ခွင့် မရှိသလောက်ကို ဟိုဆေးမှာ အာဏာ လက်ကိုင်ရလာသည်။ ဟိုဆေးသည် မာကွန်ဒို၏ ခေါင်းကိုင်အဖ၊ အတိုင်ပင်ခံ၊ မြေယာ ခန့်ခွဲရေး ဥက္ကဋ္ဌ၊ တရားသူကြီး၊ အရာရာ ဟိုဆေး မပါလျှင် မပြီး။

ဒီလိုနှင့် အချိန်တန်တော့ ဆပ်ကပ်သမား ဂျစ်ပစီများ ရောက်လာကြပြန်၏။ ဒီတစ်ခါတော့ ပို၍ ကြီးကျယ်ခမ်းနား၊ လူနှင့် ဝန်စည်စလယ်များလည်း ပိုများလာ၏။ ပထမတော့ သားဟိုဆေး ပြန်ပါလာပြီ အထင်နှင့် ဂျစ်ပစီများကို အူလှိုက်သည်းလှိုက် ကြိုဆိုခဲ့ကြသည်။ သို့သော် သားဟိုဆေးနှင့်တူတာ အမွေးတစ်မျှင်တောင် မတွေ့ရ သောအခါ ထိုဂျစ်ပစီ အုပ်စုကို မြို့ထဲသို့ ခြေတစ်လှမ်းတောင် မဝင်ဖို့နှင့် နောင် ကိုလည်း ဘယ်တော့မှ မလာဖို့ ဟိုဆေးနှင့် အာဆူလာက အမိန့်ထုတ်လိုက်သည်။

သူတစ်ပါးကို လှည့်ဖြားဖို့၊ သောက၊ ဗျာပါဒ၊ ဒုက္ခများကို တနင့်တပိုးပေးဖို့ သက်သက် ရောက်လာကြသည့် ဂျစ်ပစီများကို နောက်တစ်ခါ မတွေ့လို မမြင်လိုတော့။ သို့သော်လည်း ဟိုဆေး၏ ရင်ထဲမှာတော့ မာလ်ကွီးယားဒီးစ်ကို တမ်းတနေဆဲ၊ သတိရ နေဆဲ၊ မာလ်ကွီးယားဒီးစ်၏ ထက်မြက်လှသော ဉာဏ်ပညာကို အားကျနေဆဲ၊ သူ၏ တီထွင်မှုများကို တိမ်းညွှတ်နေဆဲ။ နောက်ပိုင်း ရောက်လာသမျှ ဂျစ်ပစီများထံမှ သတင်းစကားအရတော့ မာလ်ကွီးယားဒီးစ်တို့ အုပ်စုတစ်စုလုံး ဝိဇ္ဇာဉာဏ် အလင်းပေါက်၍ ထုံကူးသွားပြီဟု ဆိုကြပြန်သည်။

အိပ်မက်များ၊ အတွေးများ၊ စိတ်ကူးများ၏ နှိပ်စက်မှုမှ ခေတ္တ လွတ်မြောက် နေသည့် ထိုခဏဝယ် ဟိုဆေးသည် အမိန့်များ၊ အာဏာများ၊ ဆောင်ရန် ရှောင်ရန်များ၊ လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များကို အချိန်တိုတိုအတွင်း ဖန်တီးနိုင်ခဲ့သည်။ အိမ်တိုင်းမှာ လှောင်အိမ်များဖြင့် အလှမွေးထားသော ငှက်တို့ နေရာတွင် အာရပ်တို့ထံမှ နွားနှင့် လဲထားသော သံစုံနာရီများ အစားဝင်ရောက်လာခဲ့ပြီ။ ငှက်များကတော့ ကောင်းကင်မှာ လွတ်လွတ်လပ်လပ် ပျံသန်းခွင့် ရကြပြီ။ နာရီဝက်တစ်ခါ မြို့ထဲတွင် နာရီတီးလုံးသံများ ကြားနေရပြီ။ နာရီသံများကား မွန်းတည့်ချိန်တွင် အကျယ်လောင်ဆုံး၊ အဆူညံဆုံး။ ယခင်က မည်သူ့မှ အဖေခေါ်စရာ မလိုခဲ့သော မာကွန်ဒို၏ အချိန်ကာလသည် ခုအခါ နာရီ၏ ထိန်းချုပ်မှုအောက်တွင် မလူးသာ၊ မလွန့်သာ ဖြစ်နေရရှာသည်။

လမ်းဘေး ဝဲယာ တစ်ဖက်တစ်ချက်တွင် ကမ္ဘာတည်သ၍ ရှင်သန်နိုင်သော ဗာဒံပင်များ စိုက်ဖို့ရန် အကြံဉာဏ်ကို ဟိုဆေးပင်ပေးခဲ့သည်။ လက်တွေ့လည်း အကောင်အထည်ဖော်ခဲ့သည်။ နှစ်ပေါင်းများစွာ ကြာလာသောအခါ မာကွန်ဒိုတွင် သွပ်မိုးရောင် တပြောင်ပြောင်နှင့် သစ်သားအိမ်များ၊ နှစ်ပရိစ္ဆေဒ ကြာလှပြီဖြစ်သော လမ်းမကြီးများနှင့် လမ်းဘေးမှ အိုမင်း၊ ရွတ်တွ၊ ကိုင်း[illegible]၊ ဖုန်တက်ရေသော ဗာဒံပင်

myanmar.com

mgyoe.com SAMPLE BOOK
များကို တွေ့ရဆဲ ဖြစ်သော်လည်း ထိုအခင်းအကျင်းကို မည်သူ စတင်ခဲ့မှန်း ဘယ်သူမှ သတိမရတော့။

အဖေ ဟိုဆေးက တည်ဆောက်ပြုပြင် မာကွန်ဒို တစ်ခွင်အတွက် အမိန့်များ ထုတ်၊ အမေ အာဆူလာက ကြက်သားပေါက်များနှင့် ငါးများ ရောင်းဝယ် ဖောက်ကား သော လုပ်ငန်းဖြင့် ငွေတွေ ဝင်လာမစဲ တသဲသဲ ဖြစ်နေချိန်ဝယ် အော်ရဲလီယာနိုသည် ဖခင်စွန့်ပစ်ထားသော ဓာတ်ခန်းတွင် ငွေထည်များကို ပန်းထိမ်လုပ်သည့် အတတ်ပညာကို မိမိဘာသာ တီထွင်လေ့လာနေ၏။ အော်ရဲလီယာနိုသည် အချိန်တိုအတွင်း နတ်ရေကန်ထဲ ပစ်ချလိုက်သလို အရွယ်ရောက်လာခဲ့သည်။ သူ့အစ်ကို သားဟိုဆေး ချန်ထားခဲ့သော အဝတ်အစားများပင် သူနှင့် မတော်တော့သဖြင့် အဖေဟိုဆေး၏ အဝတ်အစားများကို ယူဝတ်နေရပြီ။ ဗီစီတာစီယွန်ကတော့ သူ့အတွက် အဝတ်အစားသစ်များကို ချုပ်ပေး ရှာပါသည်။

အော်ရဲလီယာနို၏ ကြီးကောင်ဝင်ချိန်သည် သားဟိုဆေးနှင့် လားလားမျှ မတူ။ လူပျိုပေါက်ချိန်မှစ၍ အော်ရဲလီယာနိုသည် အကြီးအကျယ် စကားနည်းသွား၏။ မည်သူနှင့်မျှ အပေါင်းအသင်း မလုပ်၊ ဟက်ဟက်ပက်ပက် စကား မပြောတော့ဘဲ တစ်ကိုယ်တည်းနေ၏။ အခြား တစ်ဖက်မှာတော့ သူ၏ မွေးရာပါ သိဒ္ဓိပေါက်သည့် မျက်လုံးအကြည့်များက ပို၍ စူးရှလာသည်။ ပန်းထိမ်အတတ်ကို အာရုံစူးစိုက်လွန်းသဖြင့် ဓာတ်ခန်းအပြင်သို့ စားချိန်သောက်ချိန်မှအပ ထွက်ခဲလှသည်။

အဖေ ဟိုဆေးက အထီးကျန်လှသည့် သူ့သား အော်ရဲလီယာနိုကို လက်ကိုင် ငွေကြေးအပြင် အိမ်သော့များ အားလုံး အပ်ထား၏။ မိန်းမ တစ်ယောက်လောက် ခေါ်ချင်လည်း ခေါ်လာပါစေလေ။ သို့သော် အော်ရဲလီယာနိုသည် အဖေ ပေးထားသော ငွေဖြင့် ငွေပန်းထိမ် လုပ်ငန်းတွင် လိုအပ်သော ပစ္စည်းများ ဝယ်၏။ အိမ်သော့များကို ရွှေကွပ်၏။ ထိုအချိန်မှာ အမာရန်တာနှင့် အာကာဒီယိုတို့ သွားနှစ်ချောင်းစီ ပေါက်ကြပြီ။ တစ်ချိန်လုံး အင်ဒီးယန်းမကြီး၏ ဂါဝန်အနားစကို ဆုပ်ကိုင်ထားပြီး ဂွါဂျီရို အင်ဒီးယန်း စကားကိုသာ တတွတ်တွတ် ပြောနေကြသည့် ကလေးနှစ်ယောက်၏ ထူးဆန်းသော၊ ရိုင်းစိုင်းသော အပြုအမူများအတွက် အာဆူလာက ဟိုဆေးကို အပြစ်တင်၏။

"ဘမျိုးဘိုးတူဆိုတာ တကယ်မှန်တယ်၊ ရှင်က ရူးတူးတူး ကြောင်တောင်တောင် လုပ်တော့ ရှင့်သမီးနဲ့ ရှင့်မြေးကလည်း ကြောင်တောင်တောင် ရိုင်းတိုင်းတိုင်း ဖြစ်တာပေါ့။ အရင်းစစ်တော့ ရှင့်အပြစ်ပဲ"

အာဆူလာအဖို့ ကလေးနှစ်ယောက်၏ ရိုင်းစိုင်းမှုသည် ဖင်မှာ ဝက်မြီး ပေါက်သလောက်ကို ကြောက်စရာ ကောင်းနေသည်။ သူ ထိုသို့တွေးနေစဉ် အော်ရဲလီယာနို က သူ့အမေကို တစ်ချက် စိုက်ကြည့်လိုက်သည်။ အာဆူလာ တုန်သွား၏။ ဒီကောင်လေး

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ကို ထူးထူးဆန်းဆန်း ကြည့်နေပြန်ပြီ။ အော်ရဲလီယာနိုက ခပ်တိုးတိုး ပြောလိုက်သည်။

"တစ်ယောက်ယောက်တော့ ကျွန်တော်တို့အိမ်ကို လာနေပြီ အမေ"

ငယ်စဉ်ကတည်းက ပြောတိုင်း မှန်ကန်ခဲ့သော အော်ရဲလီယာနို၏ နိမိတ်စကားကို အာဆူလာ အထပ်ထပ် ဆင်ခြင်သုံးသပ်၏။ တစ်ယောက်ယောက်လာတာ ဘာဆန်းသလဲ။ မာကွန်ဒိုကို နိစ္စဓူဝ လူစိမ်းတွေ ခြေရာချင်းထပ်အောင် ဝင်နေ ထွက်နေကြတာပဲ။ သို့သော် အော်ရဲလီယာနိုက ဆက်ပြော၏။

"ဘယ်သူ လာနေသလဲတော့ သေချာမသိဘူး၊ ဒါပေမဲ့ လမ်းမှာတော့ ရောက်နေပြီ၊ သေချာပေါက် အိမ်ကို ရောက်လာလိမ့်မယ်"

ထို တနင်္ဂနွေနေ့မှာတော့ သူ့နိမိတ် စကားအတိုင်း ရီဘက်ကာ ရောက်လာခဲ့သည်။ အဲဒီအချိန်က ရီဘက်ကာသည် ဆယ့်တစ်နှစ် အရွယ်သာ ရှိသေး၏။ သူ့ထံတွင် ဟိုဆေး အာကာဒီယို ဘူဝမ်းဒီးယားထံသို့ လိပ်မူထားသော စာတစ်စောင်လည်း ပါလာသည်။ မန်နာဟူရီ ဆိုသည့် အရပ်မှ ထည့်လိုက်သောစာ။ ဘယ်သူက ဘာအတွက် ထိုစာကို ပေးလိုက်မှန်းကို စာဖတ်ပြီးချိန်အထိ ဘယ်သူမျှ သေချာ မသိ။

ရီဘက်ကာဆီမှာ သေတ္တာလေးတစ်လုံး။ လက်ကိုင်မှာ ပန်းကနုတ်တွေ ထွင်းထားသော လှုပ်ကုလားထိုင်လေးတစ်ခု။ လားသားရေဖြင့် ချုပ်ထားပြီး လှုပ်လိုက်လျှင် ကလောက်-ကလောက် အသံမြည်နေသော အိတ်ကလေးတစ်လုံး ပါလာသည်။ ထိုအိတ်ကလေးထဲတွင် သူ့ မိဘနှစ်ပါး၏ အရိုးများ ထည့်ထားသည်ဟု ဆိုသည်။

ဟိုဆေးနှင့် အာဆူလာသည် မိတ်ရှုပ်စွာဖြင့် စာကို ဖတ်ကြပြန်၏။ အဖေ ဟိုဆေးထံသို့ လိပ်မူထားသည်က ဧကန်မုချ။ စာကို အင်မတိ အင်မတန် နွေးထွေးသော စကားလုံးများဖြင့် စဖွင့်ထားသည်။ အချိန်တွေလည်း ကြာညောင်း၊ ခရီးတွေလည်း ကွာဝေးလှသော်လည်း တစ်စုံတစ်ဦးသည် ဟိုဆေးတို့လင်မယားကို ချစ်ခင်ဆဲ၊ တမ်းတဆဲ၊ သတိရဆဲ၊ လွမ်းဆွတ်ဆဲ ဖြစ်ကြောင်း၊ ဟိုဆေး၏ မြင့်မြတ်လှသော စိတ်နေစိတ်ထား၊ ကြီးကျယ်ခမ်းနားလှသော ကရုဏာ၊ စေတနာ၊ မေတ္တာတော်အနန္တကို လေးလေးနက်နက် နှလုံးသွင်း၍ နေစရာ မရှိ၊ စားစရာ နတ္ထိ ဖြစ်နေရှာသော အုတ်ကြား မြက်ပေါက်၊ ရေမျောကမ်းတင် မိဘမဲ့ ကလေးငယ်ကို ဘူဝမ်းဒီးယားအိမ်သို့ အရောက် ပို့ပေးလိုက်ပါကြောင်း၊ ဤကလေးသည် အာဆူလာ၏ အစ်ကို နှစ်ဝမ်းကွဲ၊ ဟိုဆေးနှင့် လည်း ဆွေမကင်းမျိုးမကင်း ဖြစ်သည့် နီကာနိုအူလိုအာနှင့် ဇနီးသည် ရီဘက်ကာ မွန်တီယာယ်တို့၏ ရှုမငြီးသည့် ချစ်သမီးကလေး ရီဘက်ကာဖြစ်ကြောင်း၊ သူ့မိဘနှစ်ပါးမှာ ထာဝရ ဘုရားသခင်၏ မြင့်မြတ်သော နိုင်ငံတော်သို့ ခေါ်ယူတော်ကောက်ခြင်း ခံလိုက်ရပြီဖြစ်ပြီး ရုပ်ကလာပ် အကြွင်းအကျန်များကို သမီးရီဘက်ကာနှင့် ထည့်ပေးလိုက်သောကြောင့် ၎င်းတို့ကို ခရစ်ယာန် ထုံးတမ်းစဉ်လာနှင့်အညီ သင်္ဂြိုဟ်ပေးစေလို

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင်း အစရှိသဖြင့် ရေးသားထား၏။ စာက ပြည့်စုံလှ၏။ အမည်နာမများမှာလည်း နိုင်မာလှ၏။ ခက်သည်က မန်နာယူရီ ဆိုသည့်နေရာ၊ စာပို့လိုက်သူ၏ အမည်နှင့် စာထဲပါသော သူတို့ ဆွေမျိုးဆိုသူများ၏ အမည်ကို ဟိုဆေးရော အာဆူလာပါ တစ်ခါမျှ မကြားဖူး၊ မမြင်ဖူး၊ မတွေ့ဖူးခြင်း ဖြစ်၏။

ကလေးမလေးထံမှ နောက်ထပ် ဘာမျှမေးမရတော့။ ရောက်လာကတည်းက သူပါလာသော လှုပ်ကုလားထိုင်လေးပေါ်မှာ ထိုင်၊ လက်မကို စုပ်ပြီး၊ မေးသမျှ၊ ပြောသမျှ မျက်လုံးပြူးကြီးဖြင့် လိုက်ကြည့်နေ၏။ ရီဘက်ကာဆိုသော ကလေးမလေး သည် အစင်း အစင်းများပါသော ဟောင်းနွမ်း စုတ်ပြတ်နေသည့် အင်္ကျီမည်းကြီးကို ဝတ်၊ သားရေ ရှူးဖိနပ်များကိုစီးပြီး ဆံပင်ကို ဖဲပြားနက်တစ်ခုဖြင့် ချည်နှောင်ထား၏။ အသားအရေက အစိမ်းရောင်သန်းပြီး ဝမ်းဗိုက်က ဗုံတစ်လုံးလို လုံးဝန်း မာတောင့် နေသည်။ ကြည့်ရတာ ဝေတ်မွတ်ခေါင်းပါးမှုနှင့် ကျန်းမာရေး ချို့တဲ့မှုတို့သည် သူ၏ ဖွားဖက်တော်များ ဖြစ်ပေလိမ့်မည်။ တစ်ခုခုစားဖို့ ကျွေးလိုက်သည်နှင့် စားစရာကို ဒူးပေါ်တင်ထားသော ပန်းကန်ပြားထဲ ထည့်လိုက်သည်။ လုံးဝ မစား။ ဆွံ့အ-နားမကြား ဒုက္ခိတလေးများလား။ သို့သော် အင်ဒီးယန်းမကြီးက ရေသောက်မလားဟု ဂွါဂျီယို အင်ဒီးယန်း စကားဖြင့် မေးတော့ ခေါင်းညိတ်ပြလေသည်။

ဟိုဆေးနှင့် အာဆူလာသည် ထွေထွေထူးထူး ပြောမနေတော့ဘဲ ရီဘက်ကာကို အိမ်မှာပင် ခေါ်ထားလိုက်ကြသည်။ အော်ရဲလီယာနိုက ခရစ်ယာန် သူတော်စင်တို့၏ အမည်များကို ရီဘက်ကာအား စိတ်ရှည် လက်ရှည် သင်ပေးသော်လည်း ထိုအလုပ်က ကျဲပါးစောင်းတီးမျှသာ။ ထိုအချိန်အထိ မာကွန်ဒိုတွင် သေဆုံးသူ တစ်ယောက်မျှမရှိသည့် အတွက် သုသာန်လည်းမရှိ။ ထို့ကြောင့် ရီဘက်ကာ့ မိဘနှစ်ပါးဆိုသော အရိုးစုများကို ခရစ်ယာန်ထုံးစံနှင့်အညီ သင်္ဂြိုဟ်ဖို့ ဆိုသည်မှာ ဝေးစွခြောက်ပါး။

ရီဘက်ကာသည် ဘူဝမ်းဒီးယား မိသားစုဝင် တစ်ယောက် ဖြစ်လာဖို့ အတော်ကို အချိန်ယူခဲ့ရသည်။ သူသည် အိမ်ထောင့် တစ်နေရာတွင် လက်မစုပ်ရင်း လှုပ်ကုလားထိုင် လေးဖြင့် တစ်ချိန်လုံး ထိုင်နေသည်။ သံစုံနာရီများမှ နာရီဝက်တစ်ခါ ထွက်ပေါ်လာသော တေးသံစုံကလွဲ၍ သူ ဘာမျှ စိတ်မဝင်စား။ ဘာမျှလည်း ကျွေး၍မရ။ ဘာမျှလည်း မစားသည်မှာ ရက်ပေါင်းများစွာကြာ၏။ ရီဘက်ကာသည် ဘာမျှ မစားပါဘဲနှင့် ဘာကြောင့်များ အာဟာရ ပြတ်မသေသည်ကို ဘယ်သူမှ စဉ်းစား၍ မရ။ နောက်ဆုံး အိမ်သို့ တိတ်ဆိတ်သော ခြေလှမ်းများဖြင့် ရောက်လာတတ်သော၊ ဘာမဆိုသိသည့် အင်ဒီးယန်းများနှင့်တွေ့မှ အဖြေပေါ်တော့သည်။ အင်ဒီးယန်းများက အသေအချာ လေ့လာ စောင့်ကြည့်ပြီးနောက် ရီဘက်ကာ၏ အစားအစာမှာ အိမ်ဘေး မြေကွက်လပ်ထဲမှ နွံ့စေးမြေနှင့် ခြံစည်းရိုးသုတ်သည့် ထုံးအနှစ်တို့ ဖြစ်ကြောင်း လေ့လာတွေ့ရှိ ဖော်ထုတ်ခဲ့သည်။

mgyoe.com

ထိုအရာများကို ခိုးကြောင်ခိုးဝှက် စားသုံးနေသည်ကို ထောက်ရှုလျှင် ရီဘက်ကာ၏ မိဘများ၊ သို့တည်းမဟုတ် သူ့ကို ကျွေးမွေး ပြုစုခဲ့သူသည် ထိုအကျင့်ကို ပျောက်စေရန် အကြမ်းပတမ်း ကြိုးစားခဲ့ပုံ ပေါ်သည်။ ထိုအချိန်မှစ၍ သူတို့သည် ရီဘက်ကာကို မျက်ခြည်မပြတ် စောင့်ကြည့်ကြရတော့သည်။ ရီဘက်ကာ ခိုးမစားနိုင်ရန် အိမ်ဘေး မြေကွက်လပ်ကို နွားချေးများဖို့၏။ ခြံစည်းရိုးနှင့် အိမ်နံရံများကို ငရုတ်ရည်ဖြင့် သုတ်၏။ ဒီလို လုပ်ခြင်းအားဖြင့် ရီဘက်ကာ၏ အစွဲကိုချွတ်ရန် ကြိုးစားကြသော်လည်း ရီဘက်ကာသည် လိမ္မာပါးနပ်စွာဖြင့် သူစားစရာကို ရှာဖွေနိုင်ဆဲ ဖြစ်၏။ ထိုအခါ အာဆူလာသည် ပို၍ ပြင်းထန်သော နည်းလမ်းများကို သုံးတော့သည်။

အာဆူလာသည် လိမ္မော်ရည်နည်းနည်းနှင့် ခါးသက်သက် ရူးဘတ်ပင် အချို့ကို ခွက်ထဲထည့်ပြီး အိမ်ပြင်မှာထားကာ နှင်းခါးရိုက်စေ၏။ နောက်တစ်နေ့တွင် မိုက်ဟောင်း လောင်း ဖြစ်နေသော ရီဘက်ကာကို ကျွေး၏။ မြေကြီးစားသော ဓလေ့ကို ပျောက်ဖို့ လိမ္မော်ရည်နှင့် ရူးဘတ်ပင်သည် စွမ်းလှသော ဆေးဖြစ်ကြောင်း အာဆူလာကို ဘယ်သူ ကမျှ သင်မပေးခဲ့။ ဟောင်းလောင်းဖြစ်နေသော အစာအိမ်ထဲသို့ ခါးသက်သော အစာ ဝင်သွားလျှင် အသည်းတွင် စွမ်းအင် သက်ရောက်လိမ့်မည်ဟု သူ့ဘာသာ ကောက်ချက် ချပြီး လက်တွေ့ အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

ရီဘက်ကာသည် လူကသာ အရိုးပဒေသာ၊ အားကတော့ သန်လှ၏။ ဆေး တိုက်တော့မည်ဆိုလျှင် အိမ်သားအားလုံး သူ့ကိုဝိုင်းချုပ်ပြီး နွားတစ်ကောင်လို ကြိုးဖြင့် တုပ်ရသည်။ သတိလက်လွတ် ဖြစ်သူများ အကန်ခံရသည်။ အကိုက်ခံရသည်။ တံတွေးဖြင့် အထွေးခံရသည်။ အင်ဒီးယန်းများကတော့ ရီဘက်ကာ့ အစွဲကို ဤဘဝတွင်တော့ ချွတ်ဖို့ မလွယ်ဟု ကဲ့ရဲ့သင်္ဂြိုဟ် အတင်းဆိုကြ၏။ ထိုစကားကို ပြန်ကြားသောအခါ အာဆူလာသည် ရီဘက်ကာအတွက် ကုထုံးတွင် ကျာပွတ်ကိုပါ ထည့်သွင်းဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။

ရူးဘတ်ပင်၏ အစွမ်းလား၊ ကျာပွတ်၏ အစွမ်းလား၊ နှစ်ခုလုံးပေါင်းပြီး အစွမ်းပြသည်လား ဝေခွဲ၍ မရမီမှာပင် ရီဘက်ကာ၏ အခြေအနေသည် တဖြည်းဖြည်း ကောင်းလာ၏။ အမာရန်တာနှင့် အာကာဒီယိုတို့ ကစားလျှင် သူပါ ဝင်ကစား၏။ သူ့ကိုယ်သူ ကလေးနှစ်ယောက်၏ အစ်မကြီးပုံစံ ဖမ်းလာ၏။ အစားအသောက်ကိုလည်း အငမ်းမရ စား၏။ အိမ်ထောင်ပရိဘောဂ ပစ္စည်းများကိုလည်း မှန်မှန်ကန်ကန် သုံးတတ် လာ၏။ စပိန်စကားကိုလည်း ချောချောမောမော ပြောတတ်လာ၏။ လက်မှုပညာတွင် အလွန် ထူးချွန်လာ၏။ နာရီတီးလုံးအလိုက် သူ့ဘာသာ တီထွင်ထားသော စကားလုံး သံစဉ်များကိုထည့်၍ သီချင်းဆိုတတ်လာ၏။ ဤသို့ဖြင့် ရီဘက်ကာသည် ဘူဝမ်းဒီးယား မိသားစု၏ တင်းပြည့် မိသားစုဝင်တစ်ယောက် ဖြစ်လာခဲ့ပြီ။ အမာရန်တာကို ညီမလေး၊

mgyoe.com
အာကာဒီယိုကို မောင်လေး၊ အော်ရဲလီယာနိုကို ဦးလေး၊ ဟိုဆေးကို အဘိုးဟု သူခေါ်၏။ သူ့ကိုယ်သူတော့ ရီဘက်ကာ ဘူဝမ်းဒီးယားပေါ့။ တကယ်တော့လည်း ထိုအမည်နာမ သည်ပင်လျှင် သူသေဆုံးချိန်အထိ ဘဝတစ်လျှောက်လုံးအတွက် တစ်ခုတည်းသော ဂုဏ်သိက္ခာ ဖြစ်လာခဲ့သည်။

ရီဘက်ကာ့ ဝေဒနာ ပျောက်ကင်းသွားပြီးသည့်နောက် သူ့ကို ကလေး နှစ်ယောက်၊ ကလေးထိန်း အင်ဒီးယန်းမကြီးတို့နှင့်အတူ တစ်ခန်းထဲ အိပ်စေသည်။ တစ်ညမှာတော့ အခန်းထောင့်မှ ထူးဆန်းသည့် ပြတ်တောင်း ပြတ်တောင်း အသံ တစ်ခုကြောင့် ဗီစီတာစီယွန် လန့်နိုးလာသည်။ ပထမတော့ အခန်းထဲကို သားရဲတိရစ္ဆာန် တစ်ကောင်ကောင် ဝင်နေပြီဟု ထင်လိုက်မိသည်။ အသေအချာ ကြည့်လိုက်တော့ အခန်းထောင့်ရှိ လှုပ်ကုလားထိုင်လေးပေါ်တွင် လက်မလေးကိုစုပ်ပြီး မှောင်ထဲမှာ ကြောင်မျက်လုံးအလား ဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ထိုင်နေသည့် ရီဘက်ကာ။ ဗီစီတာစီယွန်သည် နေရာတွင်ပင် သေသွားသလို ခံစားလိုက်ရသည်။ ဒီမျက်လုံးများ၊ ဒီမျက်လုံးများကို သူ ဘယ်တော့မှ မမေ့။ သူနှင့် သူ့အစ်ကိုကို နန်းညွှန့် နန်းလျာ မင်းသားနှင့်မင်းသမီးဘဝမှ စွန့်လွှတ်စေကာ မွေးဌာနေ နန်းတော်ဟောင်းကြီးမှ ခွဲပြေး၊ ဝက်ပြေး ထွက်ပြေးစေခဲ့သော အိပ်မပျော် ပလိပ်ကပ်ရောဂါဆိုးကြီး၏ ရှေ့ပြေးလက္ခဏာဖြစ်သည့် မှောင်ထဲမှ ကြောင်မျက်လုံးများ။

နောက်တစ်နေ့ နံနက်တွင် ဗီစီတာစီယွန်၏အစ်ကို ကာတာရူးရီကို ရှာမတွေ့တော့။ ဗီစီတာစီယွန်ကတော့ ဘယ်ကိုမှ မပြေးတော့ပါ။ သူ သဘောပေါက်သွားခဲ့ပါပြီ။ ထိုရောဂါကပ်ဆိုးသည် သူဘယ်ကိုပြေးပြေး ကမ္ဘာဆုံးတိုင် သူ့နောက်လိုက်နေမည်မှာ သေချာလှသည်။ ဘူဝမ်းဒီးယားများကတော့ ဗီစီတာစီယွန်၏ သတိပေးချက်ကို မည်သို့မျှ နားမလည်နိုင်စွမ်း မရှိခဲ့ကြ။ ဟိုဆေးကဆိုလျှင်–

'အိပ်စရာ မလိုဘူးဆိုတော့ အလုပ်ရှုပ် သက်သာတာပေါ့ဟ၊ အဲဒါ မကောင်းဘူးလား'

ဟူ၍ပင် ရယ်သွမ်းသွေးနေလိုက်သေးသည်။ သူက ဆက်ပြော၏။

'အိပ်မပျော်တော့ အလုပ်ပိုလုပ်၊ ပိုတီထွင်၊ ကောင်းတာတွေ ပိုလုပ်နိုင်တာပေါ့'

ဗီစီတာစီယွန် သက်ပြင်းချမိသည်။ တကယ့် အန္တရာယ်ကို သူတို့ နားမလည် နိုင်ရှာကြပါကလား။ သူက ထပ်ရှင်းပြ၏။ အိပ်မပျော် ကပ်ရောဂါ၏ ကြောက်မက်ဖွယ် အကောင်းဆုံး ဝေဒနာသည် အိပ်၍မပျော်ခြင်း သက်သက်မဟုတ်။ ခန္ဓာကိုယ် ပင်ပန်း နွမ်းနယ်ခြင်းလည်းမဟုတ်၊ မှတ်ဉာဏ်ဆုံးရှုံးခြင်း၊ မေ့တတ်ခြင်း၊ ဘာကိုမျှ မမှတ်မိတော့ ခြင်းသာ ဖြစ်ကြောင်း အားလုံး သဘောပေါက်အောင် သူ ကြိုးစားပြော၏။

လူတစ်ယောက်မှာ အိပ်မပျော်ကပ်ဆိုး စတင်ကပ်ငြိပြီဆိုလျှင် ကလေးဘဝက
mgyoe.com

ကိစ္စများကို စတင်၍ မေ့လာမည်။ ထို့နောက် အရာဝတ္ထုများ၏ အမည်နာမ၊ ထို့နောက် လူအမည်များ၊ နောက်တော့ ကိုယ့်နာမည်ပင် ကိုယ်မေ့သွားမည်။ နောက်ဆုံး လုံးဝ အတိတ်မရှိသော လူတစ်ယောက်ကဲ့သို့ ဘာဆို ဘာမှ မမှတ်မိနိုင်တော့ဟု ဆို၏။

ဟိုဆေးသည် တက်မတတ်၊ ချက်မတတ် ရယ်၏။ အင်ဒီးယန်းတို့၏ အရူး အနှမ်း လုပ်ဇာတ်များအနက် ဒီတစ်ခါလောက် အဓိပ္ပာယ်ကင်းမဲ့ပြီး ရယ်စရာကောင်းတာ မရှိ။ ဟိုဆေးက သို့ကလို ရယ်ရွှန်းဖတ်ရွှန်း လုပ်နေသော်လည်း အာဆူလာက ကြောက်လာသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရီဘက်ကာကို ကလေးတွေနှင့် အတူ မသိပ်တော့။ အခန်းခွဲသိပ်လိုက်သည်။

ရက်သတ္တပတ်ပေါင်းများစွာ ကြာညောင်းသွားပြန်သည်။ ဗီစီတာစီယွန်၏ အကြောက်တရားများ ပြေပျောက်စပြုပြီ ဖြစ်သည့် ထိုတစ်ညဝယ် ဟိုဆေး တစ်ယောက် အိပ်ရာထဲတွင် တလူးလူး တလွန့်လွန့် ဖြစ်နေသည်။ အိပ်ပျော်အောင် ဘယ်လိုမျှ ကြိုးစား၍ မရဘဲ သူ မျက်စိကြောင်နေ၏။ အာဆူလာလည်း ထိုနည်း လည်းကောင်း၊ သက်ပြင်း တဟင်းဟင်းချကာ တွန့်လိမ်နေသည့် ဟိုဆေးကို အကျိုးအကြောင်းမေးတော့–

"ပရူဒန်စီရို အကွီလာအကြောင်းတွေ တွေးနေမိတယ်"

ဟု ပြန်ဖြေ၏။ ထိုညက သူတို့ နှစ်ယောက်လုံး တစ်မိနစ်တောင် အိပ်မပျော်ခဲ့။ နောက်တစ်နေ့တွင်လည်း နွမ်းခြင်း၊ နုံးခြင်း မဖြစ်ကြဘဲ လန်းလန်းဆန်းဆန်း ရှိနေကြသဖြင့် ညက အကြောင်းတွေကို မေ့သွားကြတော့သည်။ နေ့လယ်စာ စားချိန်တွင် အော်ရဲလီယာနိုက ထူးထူးဆန်းဆန်း ကိစ္စတစ်ခုကို ပြော၏။ ညက တစ်ညလုံး အာဆူလာ့ မွေးနေ့တွင် လက်ဆောင်ပေးရန် ရွှေထည်ပစ္စည်း တစ်ခုကို ဓာတ်ခန်းထဲတွင် သူစမ်းသပ် နေရင်း မိုးလင်းသွား၏။ မနက်ကျတော့ အလွန်အမင်း နေလို့ထိုင်လို့ ကောင်းပြီး အားအင် ပြည့်ဖြိုးလာသလိုတောင် ခံစားနေရသည်ဆိုပဲ။ တတိယနေ့သို့ ရောက်သည်အထိ သူတို့ ဘာမျှ မဖြစ်ကြသေး။ သို့သော် နာရီပေါင်း ငါးဆယ်ကျော် သူတို့ တစ်မှေးမျှ မအိပ်ကြရသည်ကိုတော့ သိနေကြသည်။ ဗီစီတာစီယွန်က–

"ကလေးတွေလည်း မအိပ်ကြဘူး၊ ဒီကပ်ဆိုးက အိမ်တစ်အိမ်ကို ဝင်ပြီဆိုရင် အိမ်ရှိ လူကုန် အကုန်ခံရတာပဲလေ" ဟု ဆို၏။

ခုတော့ သူတို့ သိကြပါပြီ။ အိပ်မပျော် ပလိပ်ကပ်ဆိုးသည် သူတို့အိမ်ကို ဝင်မွှေချေပြီ။ အာဆူလာသည် သူ့အမေထံမှ ရခဲ့သော မတောက်တခေါက် ဆေးပညာ အသိဖြင့် အပင်တွေ၊ အရွက်တွေကို ထုထောင်းကျိုချက်ပြီး မိုဝဲစေသော်လည်း ဒီတစ်ခါ ဆေးစွမ်းမထက်တော့။ ညဘက်တွင် လုံးဝအိပ်မပျော်၊ နေ့ဘက်တွင် မတ်တတ်ကြီး အိပ်မက် မက်နေကြသလို ခံစားလာကြရပြီ။ ထင်မိယောင်မှားဖြစ်တာလား၊ အာရုံမှား တာလား၊ အမြင်မှားတာလား၊ ကိုယ့်အိပ်မက် ကိုယ်မက်ကြသလို၊ သူများ အိပ်မက်တွေပါ

mgyoe.com SAMPLE BOOK

ယူမက်နေမိသလို ထင်နေကြသည်။ ဤသို့ ဤနယ် အိပ်မက်ချင်း ဖလှယ်ကြရင်း အိမ်ထဲမှာ အိပ်မက်ထဲမှ လူများဖြင့် ပြည့်ကျပ်လာခဲ့သည်။

မီးဖိုထဲမှ လှုပ်ကုလားထိုင်လေးမှာထိုင်ရင်း ရီဘက်ကာ ငုတ်တုတ်ကြီး အိပ်မက် မက်နေသည်။ အဖြူဆွတ်ဆွတ် ဝတ်စုံတွင် ရွှေကြယ်သီးများ တပ်ထားသော လူချော လူခံ့ လူရည်သန့် တစ်ယောက်က သူ့ကို နှင်းဆီပန်းစည်းကြီး ပေး၏။ ပန်းစည်းထဲမှ နှင်းဆီတစ်ပွင့်ကို ထိုလူ့လက်ကို တွဲထားသော အမျိုးသမီးက ယူလိုက်ပြီး ရီဘက်ကာ့ ခေါင်းမှာ ပန်ပေးလိုက်သည်။

အိပ်မက်ချင်း ဖလှယ်နေမှုကြောင့် ထိုမြင်ကွင်းကို မြင်နေရသော အာဆူလာသည် ထိုအမျိုးသားနှင့် အမျိုးသမီးကို တွေ့လျှင်တွေ့ချင်း ရီဘက်ကာ၏ မိဘနှစ်ပါး ဖြစ်မှန်း တန်းသဘောပေါက်၏။ သို့သော် သူ့ဘဝ တစ်လျှောက်လုံး သူတို့ကို တစ်ခါမျှ မမြင်ဖူးခဲ့သည်မှာ သေချာလှသည်။

ဟိုဆေးသည် အိမ်မှ တိရစ္ဆာန်များကို မြို့ထဲတွင် သွားရောင်းပြီး အိပ်မပျော် ပလိပ်ကပ်ကို တစ်မြို့လုံး ဖြန့်ဝေသလို ဖြစ်ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ် နိုင်အောင် ဖြစ်နေသည်။ သူ့ကြောင့် ခုအခါ မာကွန်ဒိုတစ်မြို့လုံးသည် အိပ်မပျော် ပလိပ်ကပ်၏ အရသာရှိလှသော နိဒါန်းကို မြိန်မြိန်ရှက်ရှက် သုံးဆောင်နေကြ၏။ တနင်္လာနေ့ အရုဏ်တက်ချိန်မှာတော့ တစ်မြို့လုံး အိပ်ပျော်သည့်လူ တစ်ယောက်မှ မရှိတော့။ အိပ်မပျော်၍ ကြောက်ကြမည် ထင်ပါသလား၊ ဝေးစွခြောက်ပါး၊ ကြောက်ရ လန့်ရမည့်အစား တစ်မြို့လုံး အိပ်မပျော်သဖြင့် အုန်းအုန်းကျွက်ကျွက် ပျော်ရွှင်နေကြသည်။ ထိုအချိန်တုန်းက မာကွန်ဒိုသည် တည်ဆဲ၊ ဆောက်ဆဲ၊ တိုးဆဲ၊ ချဲ့ဆဲ ဖြစ်သဖြင့် လုပ်စရာတွေက များလှသည်။ မြို့သူ မြို့သားများသည် ရွှင်လန်းတက်ကြွစွာ တကုပ်ကုပ်နှင့် အလုပ်လုပ်ကြ၏။

နောက်ဆုံး လုပ်စရာ မကျန်တော့သောအခါ နံနက် သုံးနာရီ မှောင်ကြီး မည်းကြီးထဲတွင် တစ်မြို့လုံး တစ်ယောက်နှင့် တစ်ယောက် လက်ချင်းချိတ်ကာ အိမ်ပြင်ထွက်ပြီး နာရီသံကို စည်းချက်ကျကျ လိုက်လံ ရေတွက်နေကြတော့သည်။ ဘယ်သူမှ မပင်ပန်းကြ။ သို့သော် ထင်မိယောင်မှား အိပ်မက်များ၏ နှိပ်စက်မှုကိုတော့ စတင် ခံစားလာကြရပြီဖြစ်၏။ ထိုအိပ်မက်များ၏ဒဏ်ကို မခံနိုင်သူများကတော့ ကိုယ့်ကိုယ်ကိုယ် ပင်ပန်းနွမ်းနယ်သွားအောင် လုပ်မိလုပ်ရာ လျှောက်လုပ်ကြ၏။ ပင်ပန်းလာလျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေမည်လား ဆိုသည့် မျှော်လင့်ချက် ကိုယ်စီနှင့်ပေါ့။ မြို့သူမြို့သားများသည် ဝိုင်းဖွဲ့၍ ထိုင်ကြ၏။ မရပ်မနား စကားပြောကြ၏။ နိစ္စဓူဝ အဖြစ်အပျက်များ၊ ထူးထွေတည့် အံ့ရာသောဝ် အကြောင်းများ မှသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကြားလာခဲ့ရသည့် ကြက်အီး ပေါက်သည့် ပုံပြင်အထိ ထပ်တလဲလဲ ပြောကြ၏။ အဆိုပါ ကြက်အီးပေါက်သည့် ပုံပြင်တို့မှာ

mgyoe.com

mgyoe.com SAMPLE BOOK


အခါတစ်ရာ၊ အခါတစ်ထောင်၊ အခါတစ်သိန်း မရပ်မနား ပြောသူကလည်း ပြောသည်။ နားထောင်သူကလည်း နားထောင်သည်။ ပြန်ပြောရဦးမလား၊ ဟုတ်ကဲ့ ဆိုလည်း ပြော၏။ ပြန်ပြောရဦးမလား၊ မပြောပါနဲ့တော့ ဆိုလည်း ပြော၏။ ဒီလိုနှင့် ညပေါင်းများစွာ သံသရာ လည်နေခဲ့သည်။

မာကွန်ဒို တစ်မြို့လုံး ရောဂါကူးစက်ခဲ့ပြီ ဖြစ်ကြောင်း ဟိုဆေး အသေအချာ သိရသောအခါ သူသည် မြို့မိ မြို့ဖများ၊ သြဇာတိက္ကမကြီးသူများနှင့် အိမ်ထောင်ဦးစီး များကို အရေးပေါ် အစည်းအဝေးခေါ်၏။ အိပ်မပျော် ပလိပ်ရောဂါကပ်အကြောင်း ရှင်းပြ၏။ နွံအိုင် ဟိုဘက်တွင်ရှိသော အခြား မြို့များသို့ ရောဂါပျံ့မသွားစေရန် အစီအမံများ လုပ်ကြဖို့ သဘောတူကြသည်။ ဤကား မာကွန်ဒိုတစ်မြို့လုံး ဆိတ်လည်ပင်းမှ ချူများကို ဆွဲဖြုတ်ကြခြင်း၏ အခြေခံ အကြောင်းတရားတည်း။

ထိုချူကလေးများကို မြို့တံခါးအဝင်ဝမှာ ချိတ်ဆွဲထား၏။ မာကွန်ဒိုမြို့ထဲသို့ ဝင်လာသော လူစိမ်း ဧည့်သည်သည် ထိုချူကလေးများကို ယူပြီး တစ်လမ်းလုံး လှုပ်လာရသည်။ ချူသံကြားလျှင် ထိုသူသည် ရောဂါမဖြစ်သေးသူဟု သူတို့ သတ်မှတ် ကြသည်။ မာကွန်ဒိုတွင် နေချိန်အတွင်း ထိုလူစိမ်းများသည် မြို့တွင်းမှ အစာကို မစားရ၊ မြို့ထဲမှ ရေကို မသောက်ရ။ ကပ်ရောဂါသည် အစားအသောက်မှ တစ်ဆင့်၊ ပါးစပ်မှ တစ်ဆင့် ကူးစက်နိုင်သည် မဟုတ်လော။

ဒီလိုနည်းဖြင့် သူတို့သည် အိပ်မပျော် ပလိပ်ကပ်ကို မာကွန်ဒို ဒေသမှ အခြားသို့ ပျံ့ထွက်မသွားအောင် ထိန်းထားနိုင်ခဲ့သည်။ ကပ်ရောဂါ ထိန်းချုပ်ရေး လုပ်ငန်း၏ အစောဆုံး ကွာရန်တင်းကို မာကွန်ဒိုတွင် စတင်ခဲ့သည်ဟု ဆိုချင်လည်း ဆိုနိုင်သည်။ နောက်ဆုံးမှာတော့ ဤဖြစ်ရပ်သည် သဘာဝ တရား၏ ဖြစ်စဉ်တစ်ခု ဖြစ်ကြောင်းနှင့် အိပ်မပျော်ရောဂါကို စိတ်ပူစရာ မလိုကြောင်း အများညီညွတ်စွာ ဆုံးဖြတ်ခဲ့သော တစ်နေ့မှာတော့ သူတို့ ချူကို ရုပ်သိမ်းခဲ့ကြသည်။

အိပ်မပျော် ပလိပ်ကပ်၏ နောက်ဆက်တွဲ ဖြစ်ရပ်ဆိုးဖြစ်သည့် မှတ်ဉာဏ် လျော့ပါးခြင်းကို ကာကွယ်ရန် ဖော်နည်းကားကို စတင်တွေ့ရှိခဲ့သူမှာ အော်ရဲလီယာနို ဖြစ်၏။ ဒါကလည်း အကြောင်းတိုက်ဆိုင်၍ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် မတော်တဆ တွေ့ခဲ့ခြင်း ဖြစ်သည်။ အော်ရဲလီယာနိုသည် မာကွန်ဒိုတွင် စွန့်ဦးတီထွင် အိပ်မပျော်ရောဂါရှင် ဖြစ်သည့်အတွက် ရောဂါစသည့် ကာလများအတွင်း ငွေပန်းထိမ် အတတ်ကို ဌာန်ကုန်အောင် တတ်ခဲ့လေပြီ။ တစ်ရက်မှာတော့ ပန်းထိမ် လုပ်ငန်းသုံး အောက်ခံပေတုံး၏ အမည်ကို ဘယ်လိုမှ စဉ်းစား၍ မရ။ အော်ရဲလီယာနို ဖြစ်ပျက် နေပုံကို ကြည့်ပြီး စိတ်မရှည်နိုင်သော အဖေ ဟိုဆေးက–

"အဲဒါ ပေ လဟ၊ ပေ၊ ပေ"

mgyoe.com

 gyoe.com SAMPLE BOOK 

ဟု ပြောပြလိုက်၏။ အော်ရဲလီယာနိုသည် စာရွက်ပိုင်းလေး တစ်ခုပေါ်တွင် 'ပေ' ဟုရေးလိုက်ပြီး ပေပေါ်တွင် ကပ်ထားလိုက်၏။ အမှန်တော့လည်း ဒါသည် အိပ်မပျော် ပလိပ်ကပ်၏ နောက်ဆက်တွဲဝေဒနာ မှတ်ဉာဏ်လျော့ပါးခြင်း မဟုတ်သေးပါ။ ပေဆိုသည့် နာမည်ကိုက ခက်၍ မမှတ်မိခြင်းမျှသာ။ သို့သော် နောက်ရက်များတွင်တော့ အဂ္ဂိရတ်ဓာတ်ခန်းမှ ပစ္စည်းတိုင်းလိုလိုကို သူ နာမည်ခေါ်ရ ခက်လာသည်။ အမည် မေ့လာသည်။ ဒီလိုနှင့် ပစ္စည်းတိုင်းမှာ ကပ်ထားသော အမည်နာမ စာရွက်ပိုင်းကလေးများ အစီအရီ ပေါ်ပေါက်လာခဲ့သည်။

အဖေ ဟိုဆေးက သူ့ငယ်စဉ်ဘဝ အကြောင်းများကို မေ့စပြုလာပြီဟု ညည်းတွားသောအခါ အော်ရဲလီယာနိုသည် သူ၏ ဆေးနည်းကို ဖခင်ဖြစ်သူထံ မျှဝေ၏။ ဟိုဆေးက အကြီးအကျယ် သဘောကျပြီး ထိုဆေးနည်းကို တစ်မြို့လုံး ဖြန့်ဝေ၏။ အိမ်မှာလည်း ဖောဖောသီသီသုံး၏။ ဤသို့ဖြင့် အိမ်ရှိ ပစ္စည်းအားလုံးမှာ-

'စားပွဲ'၊ 'ကုလားထိုင်'၊ 'နာရီ'၊ 'တံခါး'၊ 'နံရံ'၊ 'အိပ်ရာ'၊ 'ကလောင်တံ' ဆိုသည့် အညွှန်းစာရွက်များ အစီအရီ ပေါ်ပေါက်လာသည်။ ခြံထဲရှိ တိရစ္ဆာန်များ၊ အပင်များပေါ်တွင်လည်း-

'နွား'၊ 'ဆိတ်'၊ 'ဝက်'၊ 'ကြက်'၊ 'ဂေါ်ဖီထုပ်'၊ 'ငှက်ပျော' ဆိုသည့် အညွှန်းစာရွက် ကလေးများ ကိုယ်စီကိုယ်ငနှင့် တင့်တယ်ချင်တိုင်း တင့်တယ် နေတော့သည်။

အိပ်မပျော် ပလိပ်ကပ်ဆိုးသည် မှတ်ဉာဏ်လျော့နည်းခြင်းမှသည် အတိတ်မေ့ ဝေဒနာဆီသို့ ဦးတည်လာခဲ့သောအခါ ပစ္စည်းပစ္စယတို့၏ နာမည်ကို စာရွက်မှ တစ်ဆင့် သိရသော်လည်း ၎င်းတို့ကို မည်သို့ သုံးရမည်၊ ဘာအတွက် သုံးရမည်ကို မေ့လျော့လာကြသည်ကို ဟိုဆေး လေ့လာတွေ့ရှိရ၏။ ဒီလိုနှင့် အညွှန်းစာရွက်သည် ရှည်သည်ထက် ရှည်လာတော့သည်။ နွားမတစ်ကောင်၏ လည်ပင်းတွင် ကပ်ထားသော အညွှန်းစာရွက်ကို လေ့လာကြည့်ပါက-

'ထိုအရာသည် နွားမဆိုသော အကောင် ဖြစ်၏။ နံနက်တိုင်း ထိုအကောင်ထံမှ နို့ညှစ်ရမည်။ ထိုနို့ ဆိုသည့် ဖြူဖွေးဖွေးအရည်ကို မီးဖိုပေါ်တင်၍ ပွက်ပွက်ဆူအောင် ကျိုရမည်။ ထို့နောက် ကော်ဖီဆိုသည့် မည်းတူးတူး အရည်ထဲထည့်၍ နံနက်စာ သုံးဆောင်ရန် ဖြစ်သည်' ဆိုတာမျိုးကို တွေ့ရလိမ့်မည်။

ထိုအချိန်မှစ၍ မာကွန်ဒို လူ့အဖွဲ့အစည်း၏ နေ့စဉ် ဘဝတွင် စကားလုံးများက လွှမ်းမိုး နေရာယူလာကြတော့သည်။ စကားလုံးများ၏ စေစားရာကို လူတွေ လိုက်လုပ် နေကြရတော့သည်။ ထိုအခြေအနေသည်လည်း ကြာကြာတော့ မခံ။ နောက်ဆုံး ရေးသားထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ပမာဒ လေခ၍ မေ့လျော့ကုန်ကြ

mgyoe.com

လေသောအခါ အိပ်မပျော်၊ ပလိပ်ကပ်၏ နောက်ဆက်တွဲ ဝေဒနာသည် ကုရာနတ္တိ ဆေးမရှိ ဖြစ်လာတော့သည်။

အစတုန်းကတော့ မြို့အဝင်လမ်းတွင် စာလုံးအကြီးကြီးဖြင့် ပြူးပြဲနေအောင် 'မာကွန်ဒို' ဟု ရေးပြီး ဆိုင်းဘုတ်ကြီး ထောင်ထား၏။ လမ်းမကြီး တစ်ခုပေါ်တွင်လည်း 'ဘုရားသခင် ရှိနေ၏' ဟူသော ဆိုင်းဘုတ် အကြီးကြီးတစ်ခု ထောင်ထား၏။ ဒီလိုနဲ့ ဘုရား၊ တရားမမေ့၊ ကိုယ်နေတဲ့မြို့ကို မမေ့ဘဲ အတော်လေး အဆင်ပြေခဲ့ကြသေးသည်။ အိမ်တိုင်း အိမ်တိုင်းမှာလည်း သူ့နည်းသူ့ဟန်ဖြင့် မှတ်ဉာဏ်နှိုးဆွ စာရွက်ပိုင်းကလေးတွေ ပွစာကြဲနေခဲ့သည်။ သို့သော် အမည်နာမနှင့် ရည်ညွှန်းစကားလုံးများကို မေ့လေ လျော့လေ ကြသောအခါ လူတို့သည် စာပါ စကားလုံးများအစား သူတို့ ကြံစည် ပုံဖော်ထားသော စကားလုံးများဖြင့် အစားထိုး သုံးစွဲလာကြသည်။ အဆိုပါ နည်းလမ်းသည် မထော်မနမ်း ဖြစ်သော်ငြားလည်း အသုံးတည့်၏။ ကိုးရိုးကားရား နိုင်သော်ငြားလည်း အလုပ်ဖြစ်၏။

ဤအချိန် ဤကာလအတွင်း မာကွန်ဒို၏ ဆယ်လီဘရစ်တီ စာရင်းသို့ ချက်ချင်း ဝင်လာသူမှာ ပီလာတာနီယာ ဖြစ်၏။ ယခင်က အနာဂတ် ရှေ့ဖြစ်ဟော ဆရာမ ပီလာသည် ခုချိန်ကာလသမယမှာ အတိတ် နောက်ဖြစ်ဟော ဆရာမကြီးအဖြစ် အမည်ဂုဏ်သတင်း ကျော်စောလာ၏။ မာကွန်ဒိုမှ အတိတ်မေ့ လူသားများ၏ ကံကြမ္မာ သည် ပီလာ၏ ကတ်ပြားများပေါ်တွင် အခြေပြု တည်ဆောက်ထားသလို ဖြစ်လာသည်။ အတိတ်ကာလကို စဉ်းငယ်မျှ မမှတ်မိတော့သည့် ဖခင်တစ်ယောက်အဖို့ သူသည် ပြီးခဲ့သော ဧပြီလက မာကွန်ဒိုကို ရောက်ရှိလာသည့် အသားမည်းမည်း လူတစ်ယောက်ဟု သူ့နောက်ကြောင်းကို သိချင်သိရမည်။ အတိတ်ဆိုသည်ကို စာလုံးပင် မပေါင်းတတ် တော့သည့် မိခင်တစ်ယောက်အတွက် သူဟာ ဘယ်ဘက်လက်မှာ ရွှေလက်စွပ်တစ်ကွင်း စွပ်ထားပြီး ပြီးခဲ့သောအင်္ဂါနေ့က ဖွားမြင်သော အသားနက်နက် အမျိုးသမီး တစ်ယောက်ဟု ပီလာတာနီယာ၏ ကျေးဇူးတော်အနန္တဖြင့် မှတ်မိချင် မှတ်မိမည်။

စိတ်မချမ်းမြေ့စရာ ထိုအခြေအနေကို မြင်ရတွေ့ရသည့် ဟိုဆေးသည် ရှေးယခင် ကာလက ဂျစ်ပစီတို့၏ တီထွင်မှုများကို ရှားရှားပါးပါး ဖျတ်ခနဲ သတိရလိုက်မိသည်။ သူ့ဆရာသခင် မာလ်ကွီးယားဒီးစ်ကိုယ်တိုင် သူ့ကို ပါရမီရှင်ဟု ကင်ပွန်း တပ်ခဲ့သည် မဟုတ်လော။ ဟုတ်ကပြီ။ ဒီ ပါရမီကို အသုံးချ၍ လောကအတွက် မှတ်ဉာဏ်စက်ကို အကျွန်ဟိုဆေး ဘဝပေး၍ တီထွင်လတ္တံ့။

လူကို ဗဟိုချက်ဝင်ရိုးအဖြစ် ထားပြီး ဖြစ်ပုံပျက်ပုံ အလုံးစုံကို တတ်နိုင်သမျှ အစအဆုံး စဉ်းစားကာ ဖြစ်တန်စွမ်းများ အားလုံးကို ရေးသားထားသည့် လည်ပတ် နေသော အဘိဓာန်တစ်ခုမှာ အရှိန်မြင့် ကိရိယာကို တပ်ဆင်။ ဒါဆိုလျှင် လူ၏ မျက်လုံးထဲတွင် စာသားများ အကြောင်းအရာများ ဖြစ်ရပ်များ မရပ်မနား ပေါ်ပေါက် လာပြီး မှတ်ဉာဏ် ပြန်ကောင်းလာဖွယ် ရှိ၏။ အိပ်မပျော်၍မေ့၊ မေ့၍ အိပ်မပျော်၊

mgyyie.com

myoe.com

အိပ်လည်းမပျော် မေ့လည်း မေ့နေသည့်ကြားမှ မှတ်ဉာဏ်ကောင်းစက် တီထွင်နိုင်သည့် ပါရမီရှင် ဟိုဆေးလိုလူ ဇမ္ဗူမှာ ရှိသေးလိမ့်လား။

မှတ်ဉာဏ်စက်၏ ပထမအဆင့်ဖြစ်သော ဟိုဆေး၏ အဘိဓာန်တွင် အကြောင်းအရာပေါင်း တစ်သောင်းလေးထောင်ခန့် ရေးသားပြီးသောအခါ မြို့အဝင် လမ်းမပေါ်တွင် ဖောင်းကားနေသည့် အိတ်ကြီးတစ်လုံးကို ကိုင်ဆွဲကာ အဝတ်မည်းကြီး အုပ်ထားသော လှည်းတစ်စီးကို တွန်းလာသည့် ထူးဆန်းသော သွင်ပြင်ပိုင်ရှင် အဘိုးကြီးတစ်ဦး၏ ဗဟိဒ္ဓ ရုပ်ပုံလွှာသည် မာကွန်ဒိုသားတို့၏ စက္ကူအာရုံတွင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့သည်။ သူက ဟိုဆေး၏အိမ်ကို တန်းတန်းမတ်မတ် လျှောက်လှမ်းလာခဲ့သည်။

အိမ်ရှေ့တံခါးဖွင့်ပေးသော ဗီစီတာစီယွန်သည် အဘိုးကြီးကို မြင်မြင်ချင်း ပစ္စည်းတစ်ခုခု လာရောင်းသည့် တစ်နယ်တစ်ကျေးမှ ကုန်သည်တစ်ဦးဟု ထင်မှတ်မိ၏။ သူက အဘိုးကြီးကို သနားမိပါသေးသည်။ မာကွန်ဒိုလို မေ့လျော့ခြင်း မြို့တော်မှာ သူ ဘာပစ္စည်းမျှ ရောင်းရမည်မထင်။ အဘိုးကြီးက တကယ့်ကို ချုံးချုံးကျ အိုမင်းလှပြီ။ သိပ်တော့ မသေချာလှသော်လည်း သူ့အသံ၊ သူ့ဟန်များကို ကြည့်ရသည်မှာ သူသည် အချိန်မှန် အိပ်စက်၍ အတိတ်မမေ့သော ကမ္ဘာမှ လာသူ ဖြစ်မည် ထင်ရသည်။

ထိုအချိန်တွင် ဟိုဆေးသည် ဦးထုပ်မည်းကြီးတစ်လုံး ဆောင်း၍ ဧည့်ခန်းထဲတွင် ထိုင်ပြီး နံရံတစ်ခုလုံး ပြည့်နေသည့် အညွှန်းစာများ၊ အညွှန်းကို ပြန်ညွှန်းသည့် စာများ၊ အညွှန်းထဲက အညွှန်းကို ညွှန်းဆိုသော စာများကိုဖတ်ရင်း မှတ်ဉာဏ်သွေးနေ၏။ ဟိုဆေးသည် ဧည့်သည်ကြီးကို ဖက်လဲတကင်း ကြိုဆို၏။ ထိုလူကြီးကို အရင်ဘဝကများ သိခဲ့လေသလား။ ရင်းရင်းနှီးနှီး သိသည်ဟု ထင်သော်လည်း သူ မမှတ်မိ။

ဧည့်သည်ကြီးသည် သူ့အမှားကို ချက်ချင်းသိ၏။ သူလည်း ချက်ချင်း မေ့သွားသလို ခံစားရသည်။ သို့သော် မာကွန်ဒိုသားတွေလို နိစ္စဂုဝ ကိစ္စတွေနှင့် အရာရာကို မေ့လျော့ခြင်းမဟုတ်။ သူမေ့သည့် အရာကို သူကောင်းကောင်းသိနေသည်က ခက်လှသည်။ သူမေ့လျော့နေသည်က သေခြင်းတရား။ အဘိုးကြီးသည် ဖောင်းကားနေသည့် သူ့အိတ်ကြီးကို ဖွင့်၏။ စုံစီနဖာ ဗရုတ်သုတ်ခ ပစ္စည်းများစွာကြားမှ ဖန်ပုလင်း အများအပြား ပါဝင်သည့် သေတ္တာငယ်လေး တစ်လုံးကိုထုတ်ပြီး ဖွင့်လိုက်၏။ ဖျော့တော့တော့ အရောင်ရှိသည့် ဆေးရည်များပါဝင်သည့် ပုလင်းလေးတစ်လုံးကို ထုတ်ပြီး ဟိုဆေးကို တိုက်လိုက်၏။

ဟိုဆေးတစ်ယောက် ဦးနှောက်ထဲမှာ မိုးကြိုးပစ်ချလိုက်သလို မီးပွင့်ထွက်သွားသည်။ အံ့သြစရာ ကောင်းလွန်းလှသည်။ နတ်ဝှက်ထားသကဲ့သို့ ပျောက်ဆုံးနေသော သူ့မှတ်ဉာဏ်သည် ဦးနှောက်ထဲတွင် ဘွားခနဲ တစ်မုဟုတ်ချင်း ပြန်ပေါ်လာ၏။ သူ့မျက်လုံးအိမ်ထဲမှာ မျက်ရည်စများ ဝေသီလာ၏။ ဟိုဆေးသည် ဧည့်ခန်းထဲမှ အညွှန်းစာရွက်များကပ်ထားသော ပရိဘောဂများ၊ နံရံပေါ်တွင် စိတ်ရှိလက်ရှိ ရေးထားသော

myoe.com

ကြောင်လွန်း ပေါလွန်းလှသည့် အညွှန်းစာများကို လိုက်ကြည့်ရင်း အရှက်ကြီး ရှက်နေမိသည်။ ထို့နောက် သူ့ကို အတိတ်မေ့ အိပ်မက်ဆိုးမှ ကယ်တင်ခဲ့သော ဧည့်သည်ကြီးကို ဖြည်းဖြည်းချင်း လှည့်ကြည့် လိုက်သည်။ ဟာ… မာလ်ကွီးယားဒီးစ်။

မှတ်ဉာဏ် ပြန်လည်ရရှိခြင်း အထိမ်းအမှတ် မာကွန်ဒို မြို့လုံးကျွတ် အောင်ပွဲ သဘင်အခမ်းအနားကို ဝှဲချီးကျင်းပနေစဉ် အချိန်အတွင်း ဟိုဆေးနှင့် မာလ်ကွီးယာဒီးစ် မိတ်ဆွေဟောင်း နှစ်ဦးသည် အလွမ်းသယ်နေကြ၏။ ဂျစ်ပစီကြီးက မာကွန်ဒို၌ပင် အခြေချတော့မည်ဟု ဆိုသည်။ သူသေပြီဆိုသည့် သတင်းနှင့် ပတ်သက်၍ မာလ်ကွီးယားဒီးစ်က ရှင်းပြရာတွင် သေခြင်းတရားကို အထီးကျန်စွာ ရင်ဆိုင်ရမည်ကို ပျင်းလွန်း၍ သေခြင်းကို မေ့လျော့ပြီး ပြန်လာခဲ့သည်ဟု ဆို၏။ သူ၏ ဘဝတဏှာကို ခင်တွယ်မှုကြောင့် ယခင်ရှိခဲ့သော ဝိဇ္ဇာဉာဏ်အလင်းများ ကွယ်ပျောက်ကုန်ပြီဟုလည်း ဆိုသေး၏။

ယခုအခါတွင်တော့ သူသည် သေမင်းဆိုသည့်ငနဲ ဘယ်လိုမှ ရှာမတွေ့ နိုင်မည့်၊ မာကွန်ဒို ကဲ့သို့သော၊ ကမ္ဘာလောက၏ အမှောင်ရိပ်ရှိ သေခြင်းကင်းသော ထောင့်ကလေး တစ်ထောင့်တွင် ပုန်းကွယ်နေရင်း ဒက်ဂွါရီယိုတိုက်ပ် ဓာတ်ခန်းကို ပျိုးထောင်ရင်း ဘဝကို ကုန်ဆုံးစေတော့မည် ဆိုပဲ။

ဘာလဲ ဒက်ဂွာရီယိုတိုက်ပ် ဓာတ်ခန်း။ မှတ်ဉာဏ် ပြန်ကောင်းခါစ ဟိုဆေး တစ်ယောက် ဦးနှောက်တွေ ချာချာလည် ရပြန်သည်။ ဒီလို တီထွင်မှုမျိုး၊ ဉာဏ်ပညာမျိုး၊ ပါရမီမျိုးကို သူ့ဘဝတစ်လျှောက် မကြုံခဲ့ဖူးသည်မှာ အမှန်ပါ။ သတ္တုဖြင့် ပြုလုပ်ထားသော ဒက်ဂွါရီယိုတိုက်ပ် ကိရိယာကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရချိန်ဝယ် သူ့နှုတ်တွေ ဆွံ့သွားခဲ့ရသည်။

ဒီနေ့တော့ ဘူဝမ်းဒီးယား မိသားစုကို ဒက်ဂွါရီယိုတိုက်ပ်မည့် မင်္ဂလာ နေ့ထူး နေ့မြတ် ဖြစ်သည်။ ဟိုဆေးသည် မီးခိုးရောင်သမ်းနေပြီ ဖြစ်သော ဆံပင်ကို သ၏။ ကော်လာအမာ ကြွေတိုက်၊ ကြေးကြယ်သီးတပ် ရှပ်အင်္ကျီကို အကျအနဝတ်၍ တောင့်တောင့်ကြီး ရပ်နေ၏။ သူ့ပုံစံကို ကြည့်ပြီး အာဆူလာက–

'ကြောက်ချေးပန်းနေတဲ့ ဗိုလ်ချုပ်ကြီးနဲ့ တူတယ်' ဟု ဆိုကာ ဝါးလုံးကွဲ ရယ်နေ၏။

သူတို့ကို ဒက်ဂွါရီယိုတိုက်ပ်မည့် ထိုဒီဇင်ဘာ နံနက်ခင်းတွင် ဟိုဆေး တစ်ယောက် သည်းတုန်အူတုန် ကြောက်လန့် နေသည်ကတော့ အမှန်ပါ။ ကော်ပြား တစ်ချပ်ပေါ်တွင် သူ့ဗဟိဒ္ဓသွင်ပြင်ကို ဘယ်နည်း ဘယ်ပုံ ထာဝရ ထင်ကျန် စေနိုင်မည် နည်း။

အာဆူလာကတော့ မာလ်ကွီးယားဒီးစ်နှင့် ပတ်သက်သည့် အတိတ်ကာလ၏ ခါးသီးသော အတွေ့အကြုံများကို ပြည်ဖုံးကားချလိုက်ပြီး မာလ်ကွီးယားဒီးစ်ကို အိမ်တွင်

m g y o e . c o m

mgyoe.com

နေခွင့် ပေးလိုက်ပြီ။ သို့သော်လည်း (သူ၏ စကားအတိုင်း အတိအကျ ဆိုရပါမူ) သူ့ကို ဒက်ဂွါရီယိုတိုက်ပ်မည့် ကိစ္စကိုတော့ လုံးဝ ခွင့်မပြုနိုင်။ သူ၏ မြေးများ၊ မြစ်များ၊ တီများ၊ ကျွတ်များ ကြောင်စီစီ မျက်နှာပေးနှင့် သူ့ကို ကြည့်ပြီး အစဉ်အဆက် ပြောင်လှောင်ကြမည်ကို မခံစားနိုင်။ ထိုနေ့ နံနက်က အာဆူလာသည် အိမ်ရှိ ကလေးများ အားလုံးကို အကောင်းဆုံး အဝတ်များ ဆင်ပေး၏။ မျက်နှာချေ အဖွေးသား လိမ်းပေး၏။ ရိုးတွင်းခြင်ဆီစွပ်ပြုတ် တစ်ပန်းကန်စီ တိုက်၏။ ပြီးတော့ မာလ်ကွီးယားဒီးစ်၏ ကိရိယာရှေ့တွင် အသက်အောင့်၍ မျက်နှာသေကြီးများဖြင့် နှစ်မိနစ်ခန့် တောင့်တောင့်ကြီး ရပ်ရင်း မိသားတစ်စုလုံး ဒက်ဂွါရီယို အတိုက်ခံကြတော့သည်။ ထို ဘူဝမ်းဒီးယား မိသားစု ပုံရိပ်လွှာသည် နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခဲ့၏။ အော်ရဲလီယာနိုက အနက်ရောင် ကတ္တီပါဝတ်ရုံကြီးဝတ်ပြီး အမာရန်တာနှင့် ရီဘက်ကာကြားမှာ ပျင်းရိပျင်းတွဲနှင့် ကြောင်စီစီ ရပ်လျက်။ နောင် နှစ်ပေါင်းများစွာအကြာ ဗိုလ်မှူးကြီး အော်ရဲလီယာနိုဘဝဖြင့် သေဒဏ်စီရင်ခံရချိန်၊ သေနတ်သမားများ၏ ရှေ့တွင် ရပ်နေရချိန်မှာလည်း သူ့ပုံစံက ဒက်ဂွါရီယို အတိုက်ခံရသည့် နံနက်ကလိုပင် ပျင်းရိပျင်းတွဲ ကြောင်စီစီ။ ထိုအချိန်အထိ သူ၏ ကံကြမ္မာကို သူ ခံစား အာရုံယူ၍ မရသေး။

ခုအခါ အော်ရဲလီယာနိုသည် ပန်းထိမ်အတတ်တွင် ပါရဂူမြောက်ခဲ့ပြီ။ သူ့လက်ရာမှာ နွံတောပတ်လည် မြို့များတွင် အလွန်ရေပန်းစား လူကြိုက်များ၏။ သီးခြား ပန်ထိမ်အလုပ်ခန်း မရှိသေးသည့်အတွက် သူသည် ဓာတ်ခန်းကို မာလ်ကွီယားဒီးစ်နှင့် မျှဝေ သုံးစွဲနေရ၏။ ဂျစ်ပစီကြီးနှင့် သူ့အဖေတို့ နော်စတြာဒန်းမာစ့် ဟောကိန်းကို ဓာတ်ခန်းအတွင်း ခုနှစ်သံချီ ငြင်းနေကြချိန်များတွင်တော့ သူ အပြင် ခဏထွက်နေရ၏။ အော်ရဲလီယာနို၏ ဝင်ငွေသည် သူ့အမေ အာဆူလာ၏ ကြက်သား ပေါက် ရောင်းရသည့် ငွေထက် များစွာ သာလွန်ခဲ့ပြီ။ သူသည် အရွယ်ရောက်ပြီ ဖြစ်သော်လည်း လက်တွဲဖော် အမျိုးသမီး မရှိသေးသည့်အတွက် အားလုံးက အံ့အားသင့်နေကြ၏။

လပေါင်းများစွာ ကုန်လွန်သွားပြန်၏။ ရှေးယခင် နှစ်ပရိစ္ဆေဒပေါင်းများစွာ ကတည်းက မာကွန်ဒိုကို ရောက်လာလေ့ရှိသော သီချင်းသည်ကြီး ဖရန့်စစ္စကို ရောက်လာ၏။ သူသည် အသက် နှစ်ရာခန့်ရှိပြီ။ တစ်သက်လုံး မနေမနား ခရီးသွားကာ တွေ့ခဲ့ရသော အတွေ့အကြုံများကို ကိုယ်တိုင်ရေး၍ ကိုယ်တိုင်ဆိုသော သီချင်းသည်ကြီး တစ်ဦး ဖြစ်၏။ အကယ်၍များ တစ်စုံတစ်ယောက်က သူ့အကြောင်းကို အများသိစေလို၍ ဖြစ်စေ၊ တစ်နယ်တစ်ကျေးသို့ အမှာစကား ပါးလိုလျှင် ဖြစ်စေ ဖရန့်စစ္စကိုကို အသပြာ နှစ်ပြား ဉာဏ်ပူဇော်ခ ပေးရ၏။ ထိုအခါ ထိုအမှာစကားကို ဖရန့်စစ္စကိုက သီချင်းထဲ ထည့်ဆိုလိုက်တော့သည်။ ထိုနည်းလမ်းဖြင့်ပင် သူ့အမေ ဆုံးပါးသွားကြောင်း သတင်းစကားကို

mgyoe.com

mgyoe.com SAMPLE BOOK
အာဆူလာ သိခွင့်ရခဲ့သည်။ ထို့ကြောင့် ယခုတစ်ခေါက် ဖရန်စစ္စကို လာသောအခါ သားပုိဆေးထံမှ သတင်းစကားလေးများ ပါလာမည်လားဟု မျှော်လင့်မိသည်။

လောကတစ်ခွင်၏ အဖြစ်အပျက်များကို နားကြားလိုကြသဖြင့် မာကွန်ဒို တစ်မြို့လုံး ဖရန်စစ္စကို၏ သတင်းသီချင်းကို နားထောင်ကြ၏။ ဖရန်စစ္စကိုက အသံတုန်ကြီးဖြင့် စတင် သီဆို၏။

"အမည်မသိတဲ့ လူတစ်ယောက်ဟာ
မိစ္ဆာကြီးကို နှိမ်နင်းကာ
မာကွန်ဒိုမှ ပျောက်သွားတာ
အိပ်မပျော် ပလိပ်ကပ် အတွင်းပါ
တစ်ညမှာတော့ သူ့အသွင်
ဘွားခနဲဖြင့် ပေါ်လာစဉ်
ကာတာရီနို၏ စတိုးဆိုင်တွင်"

ထိုအချိန်မှာပင် အင်ဒီးယန်း လေးယောက်သည် ထမ်းစင်တစ်စင်ကို ထမ်းပြီး မြို့ထဲ ဝင်လာကြ၏။ ထမ်းစင်ပေါ်မှာတော့ အလွန်ဝသည့် မိန်းမကြီး တစ်ဦးနှင့် ထီးကလေး ဆောင်းထားသော မူလက်တို အမျိုးအနွယ် အပျိုပေါက် ကောင်မလေး တစ်ယောက် ပါလာသည်။ သူတို့သည် ကာတာရီနို၏ စတိုးဆိုင်အတွင်းသို့ ဝင်သွားကြသည်။

ထိုညက ကာတာရီနို၏ စတိုးဆိုင်သို့ အော်ရဲလီယာနို ရောက်ခဲ့သည်။ ဖရန်စစ္စကိုကြီးကို လူအုပ်ကြီး အလယ်တွင် ထိုင်လျက်သား တွေ့ရ၏။ ဖရန်စစ္စကိုသည် သတင်းသီချင်းများကို မောင်းကွဲ တုန်ယင် ကီးမဝင်သော အသံကြောင်ကြီးဖြင့် သီဆိုနေသည့် အချိန်မှာပင် ဆိုင်နောက်ဘက်က အခန်းတစ်ခန်းထဲကို လူတွေ တစ်ယောက်ပြီး တစ်ယောက် ဝင်လိုက်၊ ထွက်လိုက် လုပ်နေကြသည်။ အခန်းရှေ့မှာတော့ နေ့လယ်တုန်းက တွေ့ခဲ့ရသည့် မိန်းမဝကြီးက လှုပ်ကုလားထိုင် တစ်လုံးဖြင့် အမြိုင့်သား ထိုင်နေသည်။ ကာတာရီနိုကတော့ မကြုံစဖူး များလှသည့် လူအုပ်ကြီးကို ချဉ်စုတ်စုတ် ကြံအရက်တွေ လိုက်ရောင်းရင်း အလွန် အလုပ်များနေသည်။

သန်းခေါင်ယံအချိန် ရောက်သည်အထိ အပူရှိန်က မကျသေး။ စတိုးဆိုင်ထဲမှာတော့ လူနံ့၊ လူငွေ့များကြောင့် သည်းမခံနိုင်လောက်အောင် ပူလောင်နေသော်လည်း အော်ရဲလီယာနိုသည် ဖရန်စစ္စကို၏ သတင်းသီချင်းကို သည်းခံ၍ နားထောင်၏။ သူတို့ ဘူဝမ်းဒီးယား မိသားစုအတွက် သတင်းမပါကြောင်း သေချာသောအခါ အိမ်သို့ ပြန်ဖို့ ပြင်၏။ လှုပ်ကုလားထိုင်ပေါ်က မိန်းမဝကြီးသည် သူ့ကို လက်ယပ်ခေါ်လိုက်ပြီး-

"မောင်လေးလည်း ဝင်လေ၊ ပြားနှစ်ဆယ်ပဲ ကျမယ်" ဟု ပြောလိုက်၏။
mgyoe.com

mgyoe.com SAMPLE BOOK

အော်ရဲလီယာနိုသည် မိန်းမကြီး၏ ဒူးနှစ်လုံးကြားမှ အိတ်ထဲသို့ ပိုက်ဆံကို ပစ်ထည့်လိုက်ပြီး ဘာမှန်းညာမှန်း မသိဘဲ အခန်းထဲ ဝင်လိုက်၏။ နေ့လယ်က မိန်းမဝကြီးနှင့်အတူ ထမ်းစင်ပေါ်မှာ ပါလာသော မူလက်တို အပျိုပေါက်မလေးသည် ခုတင်တစ်လုံးပေါ်တွင် မိမွေးတိုင်း ဖမွေးတိုင်း လဲလျောင်းနေ၏။ ထိုညက အော်ရဲလီယာနို မတိုင်ခင်လူပေါင်း ခြောက်ဆယ့်သုံးယောက်တိတိ ထိုအခန်းထဲသို့ ဝင်စို့၊ ထွက်စို့ လုပ်ပြီးခဲ့ပြီ။ အင်အားကို မဟားတရား အသုံးပြုခဲ့သဖြင့် ဖြိုင်ဖြိုင်ကျခဲ့သော ချွေးစက်များ၊ သက်ပြင်းများ၊ တစ်ဖျာ၊ နှစ်ဖျာ၊ သုံးဖျာ၊ ခြောက်ဆယ့်သုံးဖျာ၏ နှိပ်စက်မှုကြောင့် အခန်းတွင်း လေထု၏ ပုပ်အဲ့အဲ့ အနံ့အသက်က အော်ရဲလီယာနို၏ ဂန္ဓာရုံကို နှိုးဆွ၏။ မူလက်တိုမလေးက သူ့ခန္ဓာကိုယ်အောက်ရှိ ရွှဲနစ်နေသော အဝတ်စကို ထုတ်ပြီး အစွန်းတစ်ဖက်အား အော်ရဲလီယာနိုကို ကိုင်ခိုင်းထား၏။ အဝတ်စက သားရေပြား အလား လေးလံလှသည်။ သူတို့နှစ်ယောက် အဝတ်စကို ညှစ်ချ၏။ ခုတင်ပေါ်မှ ဖျာကို တစ်ဖက်လှန်၏။

အော်ရဲလီယာနို စိတ်လှုပ်ရှားနေ၏။ ရှေ့ဆက်ပြီး ဘာလုပ်ရမည်ကို ယောကျ်ားတို့၏ မွေးရာပါ ဇာတိသဘာဝအရ သူနောကျေအောင် သိထား၏။ သို့သော် သူ့ဒူးတွေ တုန်လာသည်။ ပူလောင်နေသော အရေပြားတွင် ကြက်သီးမွေးညင်းတွေ ထောင်ထလာသည်။ ဆန္ဒ၏ ခေါ်ဆောင်ရာသို့ ကောက်ကောက်ပါအောင် လိုက်ချင်လာသည်။ အားလုံး ပြင်ဆင်ပြီး၍ မူလက်တိုမလေးက သူ့ကို အဝတ်တွေချွတ်ဖို့ ပြောသောအခါ သူက-

"အခန်းရှေ့က မိန်းမကြီးက ငါ့ကို ပြားနှစ်ဆယ်ပေးပြီး အခန်းထဲဝင်လို့ ပြောတယ်။ မြန်မြန်လေးလို့လည်း ပြောလိုက်သေးတယ်"

ဟု တောင်စဉ် ရေမရ ရှင်းပြနေ၏။ ဘာပဲပြောပြော မူလက်တို ကောင်မလေး က သူ့ကို နားလည်ပါသည်။

"နောက်ထပ်ပြားနှစ်ဆယ် ထပ်ထည့်လိုက်ရင် ရှင် ကြာကြာနေလို့ရမယ်"

ဟု စေတနာ ရှေ့ထားပြီး အော်ရဲလီယာနိုကို ရှင်းပြလိုက်သည်။

ဝတ်လစ်စားလစ် ဖြစ်သွားသောအခါ အော်ရဲလီယာနို အရှက်သည်းလာသည်။ ကြည့်စမ်းပါ။ သူ့အတောင်အလက်သည် သူ့အစ်ကို သားဟိုဆေး၏ အတောင်အလက်နှင့် နှိုင်းယှဉ်လျှင် သိမ်ငယ် သေးနုပ်လှသည်တကား။ မူလက်တို အပျိုပေါက်မက မည်မျှပင် စေ့ဆော်စေကာမူ အော်ရဲလီယာနိုသည် မတုန်မလှုပ် ဖြစ်နေသည်။

သူက အက်ကွဲကွဲ အသံဖြင့်-

"ငါ နောက်ထပ် ပြားနှစ်ဆယ် ထပ်ပေးလိုက်ပါ့မယ်" ဟုပြောလိုက်သည်။

ကောင်မလေးက သူ့ကို ကျေးဇူးတင်စွာဖြင့် ကြည့်နေ၏။ သူ့ကျောကုန်းသည် အသားနီလန်မတတ် နီရဲနေသည်။ သူ့အရေပြားက အရိုးမှာ ကပ်နေသည်။ အဆမတန် ပင်ပန်းလွန်းသဖြင့် အသက်ကို ဖုတ်လိုက် ဖုတ်လိုက် ရှူနေရှာသည်။

mgyoe.com

လွန်ခဲ့သော နှစ်နှစ်၊ မာကွန်ဒိုမှ ဝေးလံလှသည့် လောက၏ တစ်နေရာဝယ် ဖယောင်းတိုင် မီးမငြိမ်းမိဘဲ သူ အိပ်ပျော်သွားခဲ့သည်။ ရုတ်တရက် လန့်နိုးလာတော့ သူ့ဘေးမှာ မီးတောက်တွေဝိုင်းလျက်၊ ဒီလိုနှင့် အဘွားနှင့်သူတို့နှစ်ယောက် နေကြသော အိမ်ကလေးသည် ပြာပုံဘဝသို့ အသွင်ပြောင်းခဲ့သည်။ ထိုအချိန်မှစ၍ အဘွားသည် သူ့ကို လက်တွဲကာ တစ်မြို့ဝင် တစ်မြို့ထွက်နှင့် သူ့ကို အိပ်ရာထက်သို့ ပို့ဆောင်ပြီး တစ်ခါဝင် ပြားနှစ်ဆယ်ဓာတ်လမ်း စတော့သည်ဟု ဆို၏။ မိန်းကလေး၏ တွက်ချက်မှု အရ အိမ်တန်ဖိုး ပြန်ရဖို့အတွက် တစ်ည အယောက်ခုနစ်ဆယ်နှုန်းဖြင့် ခုနစ်နှစ် လုပ်အားပေးရမည်တဲ့။ ဒါမှပဲ စားစရိတ်၊ သွားစရိတ်၊ ခရီးစရိတ်၊ အထမ်းသမားစရိတ် အားလုံးလည်း ကျေမည်ဆိုပဲ။

သူ့အဘွား မိန်းမဝကြီးက အခန်းတံခါးကို ဒုတိယအကြိမ် ခေါက်သောအခါ အော်ရဲလီယာနိုသည် ကိုယ်ထိလက်ရောက် ဘာတစ်ခုမျှ မလုပ်လိုက်ရဘဲ လက်လွတ် ခွက်ချတ်ဖြင့် စိတ်ဒုက္ခကြီးစွာ ပြန်ထွက်လာခဲ့ရသည်။ ထိုညက သူ လုံးဝ အိပ်မပျော်။ မူလက်တို အပျိုပေါက်မလေး အကြောင်းကို စဉ်းစား၏။ ထိုကောင်မလေးကို ကြင်နာ သနားသော ကရုဏာစိတ်နှင့် ကောင်မလေး၏ ရင်ခွင်မှာ နှစ်မွှန်းလိုသော တဏှာစိတ်တို့ သူ့ရင်ထဲမှာ အားပြိုင်နေသည်။ သူ့ကို ချစ်ချင်သည်၊ ကာကွယ်ချင်သည်၊ ဒုက္ခတွင်းမှ ဆွဲထုတ်ချင်သည်။

အရုဏ်တက်ချိန်မှာတော့ သူ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည်။ မူလက်တိုမကလေးကို သူလက်ထပ်မည်။ သူ့အဘွား လောဘအိုး ပြိတ္တာမကြီး လက်ထဲမှ ကယ်တင်မည်။ လူခုနစ်ဆယ်ကို ပေးခဲ့သော သုခချမ်းသာကို သူတစ်ယောက်တည်း အားပါးတရ ခံစားမည်။ ဟုတ်ပြီ။ နံနက် ဆယ်နာရီ ထိုး၍ ကာတာရီနို၏ စတိုးဆိုင်ကို သူရောက်သွားတော့ မူလက်တိုမကလေး မရှိတော့။ သူတို့ မာကွန်ဒိုမှ ထွက်ခွာ သွားကြပြီ။

တရွေ့ရွေ့ ကုန်ဆုံးသွားသော အချိန်သည် သူ၏ ရူးရူးမိုက်မိုက် အကြံအစည် ကို ကုစားသွားသော်လည်း သူ့ရင်ထဲမှ အလိုမကျမှုနှင့် ဆန္ဒမီးလျှံကိုတော့ ပိုမို တောက်လောင်စေခဲ့သည်။ အော်ရဲလီယာနိုသည် အလုပ်ကို အရူးအမူးလုပ်သည်။ သူ၏ အသုံးမကျမှုအတွက် အရှက်တရားသည် သည်းထန်စွာ ဖြစ်ပေါ်၏။ တစ်သက်လုံး ဣတ္ထိယကို ဝေရာမဏိရန် သန္နိဋ္ဌာန် ပြင်းပြင်းထန်ထန် ချမှတ်၏။

ထိုအချိန်တွင် မာလ်ကွီးယားဒီးစ်သည် မာကွန်ဒိုတွင် မြင်မြင်သမျှ အရာရာကို ဒက်ဂွါရီယိုတိုက်ပ်ပြီး ဓာတ်ခန်းထဲတွင် ပုံဖော်နေသည်။ ဟိုဆေးသည် ထိုင်၍ စဉ်းစား နေ၏။ သူ၏ ပုံရိပ်လွှာ၊ မာကွန်ဒို၏ ပုံရိပ်လွှာ၊ တောတောင်ရေမြေ သဘာဝ၏ ပုံရိပ်လွှာကို ဒက်ဂွါရီယိုတိုက်ပ်နိုင်လျှင် ဘုရားသခင်၏ ပုံရိပ်လွှာကို အဘယ့်ကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK
ဒက်ဂွါရီယို မတိုက်နိုင်အုံ့နည်း။ အကယ်၍သာ ဘုရားသခင်ကို ဒက်ဂါရီယိုတိုက်ပ် လိုက်နိုင်လျှင် သူတည်ရှိကြောင်းကို တစ်လောကလုံးသိအောင် သိပ္ပံနည်းကျ သက်သေ ပြနိုင်မည်။ လောကတစ်ခွင် သိမ့်သိမ့်တုန်သွားမည်။ ဒါဟာ အဟုတ်တကယ် မှန်သည့် ဟိုဆေး၏ နောက်ဆုံးပေါ် အကြံအစည်။

မာလ်ကွီးယားဒီးစ်ကတော့ နော်စတြာဒန်းမာစ့် ဟောကိန်းကို ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖော် စိစစ်နေ၏။ ဟောင်းနွမ်းလှပြီ ဖြစ်သော ကတ္တီပါဝတ်ရုံကြီး ထဲမှ မွဲလှမှိန်လှသော လက်စွပ်များ စွပ်ထားသည့် စာကလေး ခြေထောက်လို လက်ချောင်း ပိန်ပိန်ကလေးများကို တလှုပ်လှုပ်လုပ်ရင်း မာကွန်ဒို၏ အနာဂါတ်ကို တွက်ချက် ဟောကိန်းထုတ်၏။ ဟောစာတမ်း တစ်စောင်လည်း တကုပ်ကုပ် ရေး၏။ သူ့အလိုအရ မာကွန်ဒိုသည် မှန်လုံအိမ်ကြီးများဖြင့် ကြီးကျယ်ခမ်းနားသော မြို့တော်ကြီး ဖြစ်လာချိန်ဝယ် ဘူဝမ်းဒီးယား မိသားစုမှာ အစအနပင် မကျန်အောင် ပျောက်ကွယ် သွားလိမ့်မည်တဲ့။ ထိုစကားကိုကြားတော့ ဟိုဆေးက မိုးချုန်းသလို အသံကြီးဖြင့် မာလ်ကွီးယားဒီးစ်ကို အော်၏။

"ခင်ဗျား မှားနေပြီ၊ မှန်လုံအိမ် မဟုတ်ဘူးဗျ၊ ရေခဲအိမ်တွေ ဖြစ်ရမှာ၊ ပြီးတော့ ဘူဝမ်းဒီးယားမျိုးဟာ ကမ္ဘာဆုံးတိုင် ထာဝရ တည်မြဲဦးမှာ"

အာဆူလာ၏ ကြက်သားပေါက် ရောင်းဝယ်ရေး လုပ်ငန်းမှာ တစ်နေ့တခြား ပို၍ ကြီးကျယ်လာသည်။ အနားယူရမည့် အရွယ်သို့ ရောက်နေပြီ ဖြစ်သော်လည်း အာဆူလာသည် ရှင်လန်းဆဲ၊ တက်ကြွဆဲဖြစ်၏။ တစ်နေ့တော့ အိမ်ဘေး မြေကွက်လပ်မှာ အင်ဒီးယန်းမကြီးနှင့်အတူ အလုပ်လုပ်နေတုန်း နေရောင်အောက်မှာ အင်မတန်လှပသော အပျိုပေါက်မကလေး နှစ်ယောက် စက်ချုပ်နေကြသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ ရီဘက်ကာနှင့် အမာရန်တာ။ အဝတ်သစ်၊ အစားသစ်များဖြင့် နေနှစ်စင်းလို အလှချင်း ပြိုင်နေကြသည်။ အသေအချာကြည့်တော့ ရီဘက်ကာက ပိုလှ၏။ အသား ခပ်လတ်လတ်၊ ရွှဲနေသော မျက်လုံးများ၊ အချုပ်အလုပ် ကျွမ်းကျင်လှသည့် လက်များကို ပိုင်သထားသော အလှပဂေးကလေး။ အမာရန်တာကတော့ ပို၍ ငယ်ဂုဏ်ရှိ၏။ သူတို့ နှစ်ယောက် နားမှ အာကာဒီယိုကတော့ ကလေးသာသာ ရှိသေးသော်လည်း သူ့အဖေ သားဟိုဆေး၏ အဆက်အပေါက်နှင့် တထေရာတည်း။

အာကာဒီယိုသည် ဦးလေးဖြစ်သူ အော်ရဲလီယာနိုထံမှ စာရေး၊ စာဖတ်နှင့် ပန်းထိမ်ပညာကို ကြိုးကြိုးစားစား သင်ယူနေ၏။ ထိုအချိန်မှာ အာဆူလာ ရုတ်တရက် သတိပြုလိုက်မိ၏။ သူ့သားသမီးတွေ ကြီးလှပါပကော။ အတောင်အလက် စုံကြပါ ပကော။ ဒီလိုနှင့် သူ အနှစ်နှစ်အလလ စုဆောင်းထားသော ပိုက်ဆံများကို ထုတ်ယူ လိုက်သည်။ သူ ဆုံးဖြတ်ပြီးပြီ။ အိမ်ပြင်ရမည်။ အိမ်ကို ချဲ့ရမည်။
mgyoe.com

mgyoe.com
SAMPLE BOOK

ဧည့်ခန်းကို နှစ်ဆောင်ထားလိုက်သည်။ ထမင်းစားခန်းကို လူဆယ့်နှစ်ယောက်စာ ဖြစ်အောင် တိုးချဲ့လိုက်သည်။ အိပ်ခန်းကိုးခန်း ဖွဲ့စည်းလိုက်သည်။ နေ့လယ်နေ့ခင်း နားဖို့ ပေါ်တီကိုပါသော နှင်းဆီဥယျာဉ် တစ်ခုကို ဖန်တီးလိုက်သည်။ မီးဖိုခန်းနှ ်ခန်း လုပ်လိုက်သည်။ သားဟိုဆေးနှင့် ပီလာတို့ 'အလို…ဘုရားရေ' ခဲ့ကြသော စပါးကျီကို ဖျက်ပစ်လိုက်ပြီး နှစ်ဆကြီးသော ကျီအသစ်ကို တည်လိုက်သည်။ အရိပ်ကောင်းသည့် သစ်ပင်ကြီးတွေအောက်မှာ စိတ်တိုင်းကျဆောက်ထားသော ရေချိုးခန်းကို ကျားတစ်ခန်း၊ မတစ်ခန်း ခွဲလိုက်သည်။ အိမ်နောက်ဘက်မှာ မြင်းဇောင်း၊ ကြက်ခြံနှင့် နွားခြံကို ကျယ်ကျယ်ဝန်းဝန်း ပြုပြင်လိုက်သည်။ အာဆူလာသည် အိမ်ပြင်သည့် အလုပ်ကို ပန်းရန်၊ လက်သမား ဒါဇင်ပေါင်းများစွာဖြင့် ဖုတ်ပူမီးတိုက်လုပ်၏။ ဤသို့ဖြင့် မာကွန်ဒိုမြေမဟီဝယ် အကြီးဆုံး၊ အကောင်းဆုံး၊ အအေးဆုံးသော ဘူဝမ်းဒီးယား စံနန်းဆောင်ကြီး ရုပ်လုံးပေါ်လာတော့သည်။ ဟိုဆေးကတော့ ဒါတွေအားလုံးကို သိသလိုလို၊ မသိသလိုလို၊ သူ ဖန်တီးထားသော စိတ်ကူးကမ္ဘာထဲမှာ ဘုရားသခင်ကို ဒက်ဂွါရီယိုတိုက်ပ်ရန် ချောင်းနေ၏။

အိမ်သစ်ကြီး ပြီးခါနီးတွင် အာဆူလာသည် ဟိုဆေးကို အိပ်မက်ကမ္ဘာမှ ရုတ်တရက် လှုပ်နှိုး၏။ သူ့လက်ထဲတွင် စာရွက်တစ်ရွက် ကိုင်ထား၏။ သူတို့၏ အဖြူရောင် ဆေးသုတ်ပြီးသွားသော အိမ်သစ်ကြီး၏ ရှေ့မျက်နှာစာကို အပြာရောင် ဆေးပြောင်းသုတ်ဖို့ ညွှန်ကြားလွှာ။ ဟိုဆေးသည် စာကိုဖတ်၏။ အောက်မှ ရေးထိုးထားသော လက်မှတ်ကို ကြည့်၏။ သူ လုံးဝ နားမလည်။ အာဆူလာကို မေးလိုက်၏။

"ဒီ ကောင်က ဘာလဲ"

အာဆူလာက နှာခေါင်းရှုံ့ရင်း–

"အုပ်ချုပ်ရေးမှူးတဲ့ တော်ရှေ့၊ ကျုပ်တို့ မြို့ကို အုပ်ချုပ်ဖို့ အစိုးရက လွှတ်လိုက်တဲ့ အုပ်ချုပ်ရေးမှူးတဲ့တော့"

မာကွန်ဒို၏ အသစ်စက်စက် အုပ်ချုပ်ရေးမှူး ဒွန်အပိုလီနာမော့စ်ကိုတီ သည် တိတ်တိတ်ဆိတ်ဆိတ်ပင် ရောက်လာခဲ့သည်။ သူတို့၏ တိုလီမုတ်စပစ္စည်းများကို နွားနှင့် လဲဖို့ နွံအိုင်ကို ဖြတ်လာသော ကနဦး အာရပ်ကုန်သည်တစ်ယောက် တည်ထောင် ဖွင့်လှစ်ထားသော ဟိုတယ် ဂျက်ကော့ဘ်တွင် တည်းနေ၏။ ထို့နေ့မှာပင် ဘူဝမ်းဒီးယား အိမ်မှ နှစ်ဘလောက်သာဝေးသော လမ်းတစ်လမ်းတွင် အခန်းတစ်ခန်းငှား၏။ စားပွဲ၊ ကုလားထိုင်များကို ဝယ်၏။ ရုံးခန်း ပြင်ဆင်၏။ အခန်းတံခါးတွင် အုပ်ချုပ်ရေးမှူးရုံးဟု သူကိုယ်တိုင် သုတ်ဆေးဖြင့် ရေး၏။ မာကွန်ဒိုအတွက် သူထုတ်ပြန်သော ပထမဆုံး အမိန့်မှာ အမျိုးသားလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေအိမ်အားလုံးကို ဆေးပြာ သုတ်ရန် ဟူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဟိုဆေးသည် အမိန့်စာကိုကိုင်ရင်း အုပ်ချုပ်ရေးမှူးရုံးသို့ တရကြမ်း ချီတက်လာ၏။ ရုံးခန်းငယ်ကလေးထဲတွင် ကြိုးပုခက်ဖြင့် နှပ်နေသော အုပ်ချုပ်ရေးမှူးကို ရေကန်အသင့် ကြာအသင့် တွေ့ရ၏။

ခရီးရောက်မဆိုက် ဟိုဆေးသည် စာရွက်ကို ထောင်ပြရင်း–

''ဒါ ခင်ဗျား လက်ချက်လား'' ဟုမေးလိုက်သည်။

အသားနီစပ်စပ်နှင့် အုပ်ချုပ်ရေးမှူးက ကြောက်အားလန့်အားဖြင့် 'ဟုတ်တယ်' ဟု ဖြေ၏။

''ဘယ်သူ့ အမိန့်နဲ့ ထုတ်တာလဲ''

ဒွန်အပိုလီနာမော့စ်ကိုတီက အံဆွဲထဲမှ စာရွက်တစ်ရွက်ကို ထုတ်၍ ဟိုဆေးကို ပြရင်း–

''ကျုပ်က ဒီမြို့ရဲ့ အုပ်ချုပ်ရေးမှူးပါ'' ဟု ရှင်းပြလိုက်၏။ ဟိုဆေးက စာရွက်ကို လှည့်ပင် မကြည့်။ မော့စ်ကိုတီကို တည်ငြိမ်အေးဆေးစွာ ပြောလိုက်သည်။

''ဒီမြို့မှာ စာရွက်စာတမ်းနဲ့ အမိန့်ထုတ်လေ့ မရှိဘူးဗျ။ ဘာအုပ်ချုပ်ရေးမှူးမှလည်း မလိုဘူး၊ ဘယ်သူ့ကို ဘာလုပ်၊ ဘယ်ဝါ့ကို ညာလုပ် ဆိုတာလည်း ဆုံးဖြတ်ပေးဖို့ မလိုဘူး''

ဟိုဆေးသည် ဒွန်အပိုလီနာ မော့စ်ကိုတီနှင့် မျက်နှာချင်းဆိုင်ရင်း မာကွန်ဒို သမိုင်းကြောင်းကို အေးအေးသက်သာ ရှင်းပြနေခဲ့သည်။ ဇနပုဒ်အဖြစ် စတည်ကတည်းက ခုအခြေအနေ ရောက်သည်အထိ ဘယ်သူ့ကိုမျှ အပူမကပ်ဘဲ ကိုယ့်လက် ကိုယ့်ခြေ တည်ထောင်ထားခဲ့ခြင်း ဖြစ်သောကြောင့် ဘယ်သူကမှ မာကွန်ဒိုအတွက် ပူပင်ပေးနေစရာ မလို၊ အုပ်ချုပ်ပေးနေစရာ အကြောင်း မရှိ။

''ဒီမှာက အားလုံး အေးအေးချမ်းချမ်းပဲ၊ စတည်ကတည်းကက ခုထိ အကုန်ကျန်းကျန်းမာမာ ချမ်းချမ်းသာသာပဲ။ သုသာန် မရှိတာကိုသာ ကြည့်ပါတော့''

အမှန်တကယ်လည်း အစိုးရမင်းများက လျစ်လျူရှုထားသဖြင့် ဝမ်းနည်းကြေကွဲ ကူကယ်ရာမဲ့နေသူ မာကွန်ဒိုတွင် တစ်ယောက်မျှ မရှိ။ ရှေ့လျှောက်လည်း ဒီလိုပင် နေချင်ကြ၏။ ဟိုဆေး၏ အဆိုသည် မာကွန်ဒိုသားအားလုံး၏ သဘောထား အမှန်ပင် ဖြစ်တော့သည်။

ဒွန်အပိုလီနာမော့စ်ကိုတီသည် အဖြူဆွတ်ဆွတ် ဂျာကင်ကို ကောက်ဝတ်လိုက်သည်။ ဟိုဆေးက ဆက်ပြောသည်။

''တကယ်လို့ ခင်ဗျားအနေနဲ့ ရိုးရိုး သာမန်အရပ်သား တစ်ယောက်လို မာကွန်ဒိုမှာ အခြေချချင်တယ်ဆိုရင် ကျုပ်တို့က အချိန်မရွေး ကြိုဆိုလျက်ပါပဲ။ ဒါပေမဲ့ ခုလိုမျိုး အိမ်တွေကို ဘာအရောင်သုတ်၊ ညာအရောင်သုတ် အမိန့်တွေ ပေးဦးမယ်

mgyoe.com

mgyoe.com SAMPLE BOOK
ဆိုရင်တော့ ခုပဲ အထုပ်ပြင်ပြီး လာရာလမ်းကို ပြန်ကြ။ ကျုပ်အိမ်က ခု ခင်ဗျား ဝတ်ထားတဲ့ ဝတ်စုံလို အဖြူရောင်ဆွတ်ဆွတ်၊ ခင်ဗျားက ပြာခိုင်းတိုင်း ပြာရမတဲ့လား"

ဒွန်အပိုလီနာမော့စ်ကိုတီသည် မျက်နှာတစ်ပြင်လုံး ဖွေးဆွတ်သွား၏။ သူက နောက်တစ်လှမ်း ဆုတ်လိုက်ပြီး အံကိုကြိတ်ကာ-

"ခင်ဗျား ပြန်တော့၊ ကျုပ်မှာ လက်နက်ရှိတယ်၊ ဘာအောက်မေ့နေလဲ" ဟု တုန်တုန်ယင်ယင် ပြောလိုက်၏။

ဟိုဆေးသည် သူ့ကိုယ်သူ ဘာလုပ်မိမှန်း သေချာ မသိလိုက်ခင်မှာပင် မြင်းတစ်ကောင်ကို ဆွဲလှဲချနိုင်သော ခွန်အားမျိုးဖြင့် မော့စ်ကိုတီကို အင်္ကျီကော်လာမှ ကိုင်ပြီး ဆွဲမြှောက်လိုက်သည်။ ထို့နောက် သူ့လက်ထဲမှာ ယက်ကန် ယက်ကန် ဖြစ်နေရှာသော အုပ်ချုပ်ရေးမှူးကို စိုက်ကြည့်ရင်း-

"ကျုပ် ခင်ဗျားကို အသက်ရှင်နေတာပဲ မြင်ချင်တယ်ဗျာ၊ ခင်ဗျား သေသွားပြီး တစ်ဘဝလုံး ကျုပ်နောက် တကောက်ကောက် လိုက်နေမှာကို မလိုလားဘူး"

ဟု ပြောလိုက်သည်။ ဟိုဆေးသည် မော့စ်ကိုတီကို ထိုပုံစံအတိုင်း တစ်လမ်းလုံး ကိုင်သွားပြီး မြို့အဝင်လမ်းပေါ်သို့ ပစ်ချလိုက်တော့သည်။

နောက်တစ်ပတ်အကြာတွင် မော့စ်ကိုတီသည် ပြောင်းတိုသေနတ်များ ကိုင်စွဲထားသော ခြေဗလာနှင့် စစ်သား ခြောက်ယောက်၊ နွားလှည်း တစ်စီးဖြင့် တင်ဆောင်လာသော သူ့ဇနီးနှင့်သမီး ခုနစ်ယောက်တို့နှင့်အတူ မာကွန်ဒိုသို့ ပြန်ရောက်လာသည်။ သူတို့နောက်မှ အိမ်ထောင် ပရိဘောဂပစ္စည်း အပြည့်အသိပ် တင်ဆောင်လာသော လှည်းနှစ်စီး လိုက်လာ၏။ အိမ်သားများနှင့် ငယ်သားများကို ဟိုတယ်ဂျက်ကော့ဘ်တွင် ခဏထားပြီး အုပ်ချုပ်ရေးမှူးသည် နေအိမ်တစ်လုံး အမြန်ရှာ၏။ စစ်သားများ အစောင့်အကြပ်ဖြင့် ရုံးပြန်ဖွင့်၏။ မာကွန်ဒို လူထုသည် ကျူးကျော်သူများကို အပြုတ်ဆော်ရန် စိတ်အားသန်နေကြသော်လည်း ဟိုဆေးက ငြင်းပယ်လိုက်၏။ မိန်းမသားများ ရှေ့တွင်၊ မိသားစုရှေ့တွင် လူတစ်ယောက်ကို ဂုဏ်သိက္ခာ ညှိုးငယ်အောင် မလုပ်စကောင်း။ ဒီကိစ္စကို သာသာယာယာ ဖြေရှင်းရလိမ့်မည်။

အော်ရဲလီယာနိုက သူ့အဖေနှင့် လိုက်ပါသွားခဲ့၏။ ထိုအချိန်တွင် အော်ရဲလီယာနိုသည် မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေး မည်းမည်းများ ထူထပ်စွာပေါက်နေပြီ။ မုတ်ဆိတ်ဖျားလေးကို ဖယောင်းဆီသုတ်၍ သထားသေးသည်။ တော်လှန်ရေးကာလအတွင်း သူ့ကို လူအများ တသသ ဖြစ်စေမည့် အသံအောကြီးကို ပိုင်ဆိုင်နေပြီ။ သားအဖ နှစ်ယောက်လုံး လက်နက်မပါ။ စစ်သား အစောင့်တွေကိုလည်း လုံးဝ ဂရုမစိုက်ဘဲ၊ အုပ်ချုပ်ရေးမှူးရုံးကို တန်းဝင်ကြသည်။

ဒွန်အပိုလီနာမော့စ်ကိုတီသည် ဣန္ဒြေ မပျက်စေရန် သတိထားပြီး ဟိုဆေးတို့ သားအဖကို ရုံးသို့ ရောက်နေသည့် သူ့သမီးနှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။
mgyoe.com

mgyoe.com SAMPLE BOOK

ဆယ့်ခြောက်နှစ်သမီး အမ်ပိုရီက သူ့အမေနှင့် တထေရာတည်း။ ကိုးနှစ်မျှသာ ရှိသေးသော ရီမီဒီယို့စ်ကတော့ အလွန်လှသည့် မိန်းကလေး ဖြစ်သည်။ အသားက ကြာပန်းရောင်၊ မျက်လုံးက မြစိမ်းရောင်၊ မိန်းကလေး နှစ်ယောက်လုံးမှာ ဖော်ရွေသော ယဉ်ကျေးသော အမျိုးကောင်းသမီးလေးများ ဖြစ်ကြောင်း သေချာလှသည်။ မော့စ်ကိုတီက ဟိုဆေးတို့ သားအဖကို ထိုင်ခုံများတွင် ထိုင်ရန် ဖိတ်ခေါ်သော်လည်း သားအဖနှစ်ယောက်လုံး ရပ်မြဲတိုင်း ရပ်နေကြ၏။ ဟိုဆေးက စပြောလိုက်သည်။

"ကျုပ်မိတ်ဆွေကြီးရေ၊ ခင်ဗျား ဒီမြို့မှာ နေချင်လည်း နေပါတော့ဗျာ၊ ခင်ဗျားရုံးရှေ့က သေနတ်ကိုင်ထားတဲ့ ဟိုစားပြတွေကို ကြောက်လို့ ကျုပ် ဒီလို ပြောတာ မဟုတ်ဖူးနော်၊ ခင်ဗျား မိသားစုကို ငဲ့ညှာလို့၊ ခင်ဗျား မိန်းမနဲ့ သမီးတွေကို လေးစားလို့"

မော့စ်ကိုတီ အောင့်သက်သက် ဖြစ်သွား၏။ သူ နေခွင့်ပြုမှ နေရမတဲ့လား။ သို့သော် ဟိုဆေးက သူ့ကို ပြန်လည် ချေပခွင့် မပေး။

"ဒီတော့ ကျုပ်တို့ သဘောတူညီချက် နှစ်ချက်လောက် ထားရအောင်ဗျာနော်။ ပထမအချက်က လူတိုင်းမှာ ကိုယ့်အိမ်ကို ကိုယ်ကြိုက်တဲ့အရောင် သုတ်ပိုင်ခွင့် ရှိရမယ်။ ဒုတိယအချက်က ခင်ဗျားခေါ်လာတဲ့ စစ်သားဆိုတဲ့ အကောင်တွေကို ချက်ချင်း မြို့ထဲက ထွက်သွားခိုင်းရမယ်။ ဒီလိုဆိုရင် ခင်ဗျားရဲ့ လိုအပ်လို့ ထုတ်ပြန်မယ့် အမိန့်စာတွေကို ကျုပ်တို့ကိုယ်တိုင် အကောင်အထည် ဖော်ပေးပါ့မယ်"

အုပ်ချုပ်ရေးမှူးက သူ့ညာလက်ကို ထောင်ပြလိုက်ပြီး-

"ခင်ဗျား တကယ်ပြောတာလား၊ ဘာနဲ့ ကျိန်တွယ်ပြောမှာလဲ" ဟု ဟိုဆေးကို ချည်လိုက်သည်။

ဟိုဆေးက တစ်လုံးချင်း ပြန်ပြောလိုက်သည်။

"ကျုပ်ရဲ့ ဂုဏ်သိက္ခာနဲ့ ကျိန်တွယ်ပြီး ပြောတယ်ဗျာ၊ တစ်ခုတော့ ခင်ဗျား မြဲမြဲမှတ်ထားပါ။ ခုထိ ခင်ဗျားနဲ့ ကျုပ်ဟာ ရန်သူတွေပဲ"

ထိုနေ့ နေ့လယ်မှာပင် ဟိုဆေး-မော့စ်ကိုတီ နှုတ်ကတိစာချုပ်ပါ အချက်များ အတိုင်း စစ်သားတွေ မြို့ထဲမှ ထွက်ခွာသွား၏။ နောက် ရက်အနည်းငယ်အတွင်း မော့စ်ကိုတီတို့ မိသားစုအတွက် နေအိမ်ကို ဟိုဆေးကိုယ်တိုင် ရှာပေးခဲ့သည်။ အားလုံး နေသားတကျ အေးအေးချမ်းချမ်း ရှိသွားကြချိန်ဝယ် မအေးချမ်းနိုင်သူက အော်ရဲလီယာနို ဖြစ်၏။ သူ့သမီး အရွယ်လောက်သာ ရှိသေးသော အုပ်ချုပ်ရေးမှူး၏ သမီးငယ်လေး ရီမီဒီယို့စ်၏ ပုံရိပ်သည် သူ့ခန္ဓာကိုယ် တစ်နေရာကို တစစ်စစ်ဖြင့် ထိုးဆွကာ နာကျင်စေ၏။ ထိုအရာက ရှူးဖိနပ်ထဲတွင် ကျောက်ခဲဝင်နေသဖြင့် လမ်းလျှောက်တိုင်း နာကျင်နေသလို သူ့ကို အမြဲတစေ အခါမလပ် ဒုက္ခပေးနေချေပြီကော။

* * *

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

အဖြူရောင် ဘူဝမ်းဒီးယား စံနန်းတော်ကြီး၏ အိမ်တက်ပွဲကို ကပွဲအခမ်းအနားဖြင့် စတင် ဖွင့်လှစ်ခဲ့သည်။ အလှသွေးကြွယ်သော အပျိုပေါက် ချစ်သမီးများ ဖြစ်ကြသည့် ရီဘက်ကာနှင့် အမာရန်တာတို့ကို အမှတ်တမဲ့ ကြည့်နေမိရင်း အာဆူလာသည် ထိုအကြံဉာဏ်ကို ကောက်ကာငင်ကာ ရလာခြင်း ဖြစ်သည်။ တကယ်တမ်းမတော့ အိမ်ချဲ့ရခြင်း အကြောင်းရင်းကိုက သမီးများ လင်ကောင်းသားကောင်း ရဖို့အတွက် ဧည့်ကောင်းစောင်ကောင်း လာလျှင် မျက်နှာပန်းလှစေဖို့ မဟုတ်လား။ အာဆူလာသည် တန်ကြေးကြီးသည့် အိမ်အလှဆင် ပစ္စည်းများကို တကူးတကမှာ၏။ ထိုအရာများထဲမှ အကောင်းတကာ့ အကောင်းဆုံး၊ ထိပ်တန်းအကျဆုံး၊ လူတကာ့ နှလုံးကို ရွှင်ပြုံးစေဖို့ အစွမ်းနိုင်ဆုံး ပစ္စည်းမှာ အထူးတလည် မှာကြားထားရသော သံစုံစန္ဒရားတည်း။

သေတ္တာပေါင်း များစွာဖြင့် အပိုင်းလိုက်၊ အကန့်လိုက် ထည့်ထားသော သံစုံစန္ဒရား ရောက်လာခဲ့ပြီ။ ၎င်းအပြင် ဗီယင်နာမှ ပရိဘောဂပစ္စည်းများ၊ ဘိုဟီးမီးယန်း အလှဆင်ကျောက်များ၊ အင်ဒီးစ်ကုမ္ပဏီမှ စားပွဲ၊ ကုလားထိုင်များ၊ ဟော်လန်ဖြစ် စားပွဲခင်းများ၊ မီးအိမ်များ၊ ဖယောင်းတိုင်ခွပ်များ စုံစီနဖာ ရောက်လာ၏။ သံစုံ စန္ဒယား အစိတ်အပိုင်းများကို ပြန်ဆင်ဖို့ ကုမ္ပဏီမှ လွှတ်လိုက်သော ပီထရိုခရပ်စ်ပီ ဆိုသည့် အီတာလျံလူမျိုး စန္ဒရားဆင်သူ တစ်ယောက်ပါ တစ်ပါတည်း ပါလာသည်။ သူ့အလုပ်က စန္ဒရားကို ဆင်ဖို့၊ ကြိုးညှိဖို့၊ ဝယ်သူများကို အလိုအလျောက် တီးလုံးဘယ်လိုထွက်သည် ဆိုခြင်းကို ပြသဖို့နှင့် နောက်ဆုံးပေါ် တီးလုံးများနှင့် လိုက်လျောညီထွေသည့် ကကွက်များကို သင်ပေးဖို့။

mgyoe.com

mgyoe.com SAMPLE BOOK

ရွှေရောင် ဆံနွယ်များပိုင်ရှင် ပီထရီက ငယ်လည်းငယ် ချောလည်းချော၊ မာကွန်ဒိုတစ်ခွင်မှ မည်းမည်းတုံးတုံး ပုရိသတို့နှင့် မနှိုင်းယှဉ်အပ်လောက်အောင် အပြတ်အသတ်သာသော မဟာပုရိသတည်း။ ရာသီဥတုက အလွန့်အလွန် ပူပြင်းသောကြောင့် ချွေးပြိုက်ပြိုက် ကျနေသော်လည်း မလျှော့သောဇွဲဖြင့် အမြဲတမ်း ဝတ်စုံပြည့် ဝတ်ဆင်တတ်၏။

ပီထရီသည် ဘူဝမ်းဒီးယား ဧည့်ခန်းတံခါးကို ရက်သတ္တပတ်ပေါင်းများစွာ ပိတ်၍ အခန်းအောင်းပြီး စန္ဒရားဆင်သည်။ အော်ရဲလီယာနို၏ ဓာတ်ခန်းအောင်းသော ပန်းထိမ်အတတ်ပညာရှာ နေ့ရက်များကို အမှတ်ရစရာ။ တစ်မနက်မှာတော့ အခန်းတံခါးလည်း မဖွင့်၊ မည်သူ တစ်ဦးတစ်ယောက်မျှလည်း မသိလိုက်မီမှာပင် သာယာနာပျော်ဖွယ် စန္ဒရားသံသည် ဘူဝမ်းဒီးယား စံနန်းတစ်ခွင် ပျံ့လွင့်လာခဲ့၏။

အိမ်သားများအားလုံး ဧည့်ခန်းသို့ အူယားဖားယား ပြေးကြသည်။ ဟိုဆေးသည် မိုးကြိုးထိမှန်ခံရသူကဲ့သို့ စန္ဒရားကို မလှုပ်မယှက် ငေးကြည့်နေ၏။ သံစဉ်၏ ငြိမ့်ညောင်းသာယာမှုသည်လည်းကောင်း၊ အလိုအလျောက် တီးသူမဲ့ ဂီတသံ ထွက်ပေါ်လာခြင်းကလည်းကောင်း သူ့ကို မှင်တက်စေသည်။ သူသည် မာလ်ကွီးယားဒီးစ်၏ ဒပ်ဂွါရီယိုတိုက်ပ်ကိုရိယာကို အမြန်ဆင်လိုက်သည်။ ဤမျှ အံ့သြဖွယ်ကောင်းသော မြင်ကွင်းကို တစ်သက်မမေ့နိုင်ဖို့ ဒက်ဂွါရီယိုတိုက်ပ်ထားမှ ဖြစ်လိမ့်မည်။

ထိုနေ့က ပီထရီသည် သူတို့နှင့် နေ့လယ်စာ အတူစားခဲ့၏။ ရီဘက်ကာနှင့် အမာရန်တာသည် စားပွဲအတွက် စားပွဲထိုးရင်း စန္ဒရားဆရာ၏ လက်ထပ်လက်စွပ်မဲ့ လက်ချောင်းများက ဇွန်း၊ ဓား၊ ခက်ရင်းတို့ ကိုင်တွယ်နေပုံကို အပြိုင်ငေးနေကြသည်။

ပီထရီက အကဖိနပ်နှင့် ကိုယ်ကျပ်ဘောင်းဘီကို အကျအန ဝတ်ဆင်ပြီး သူတို့ အပျိုမနှစ်ယောက်ကို အကသင်ပေးလေပြီ။ အပျိုမကလေးနှစ်ယောက်ကို လုံးဝ မတို့မထိဘဲ မည်သို့မည်ပုံ ကခုန်ရမည်ကို စုံစုံလင်လင် သင်ကြားပေးနေသည်ကို အမေကြီး အာဆူလာက တပြုံးပြုံးဖြင့် ကြည့်နေ၏။ သို့သော်လည်း အာဆူလာသည် အကသင် မပြီးမချင်း အခန်းထဲမှ တစ်ဖဝါးမခွာ။ ဟိုဆေးက အာဆူလာကို ဖျောင်းဖျ၏။

"မင်း သိပ်စိုးရိမ်မနေပါနဲ့ကွာ၊ ဒီလူက ခံ့ညားလိုက်ပုံများ နတ်သားတစ်ပါးလိုပါပဲ"

နတ်သား မကလို့ နတ်မင်းကြီးပဲဖြစ်ဖြစ် သူ့သမီးပျိုနှစ်ယောက်နား ပဝါတစ်ကမ်းလက်တစ်လှမ်းထက် ပိုကပ်ခွင့် မပေးနိုင်။ အကသင်နေစဉ် တစ်ချိန်လုံး အာဆူလာ မျက်စိဒေါက်ထောက် ကြည့်နေခဲ့သည်။ နောက်ဆုံးတော့ ပီထရီ၏ အလုပ် ပြီးသွားခဲ့ပြီ။ သူ မာကွန်ဒိုမှ ပြန်လည် ထွက်ခွာသွားခဲ့ပြီ။ ထိုအချိန်မှ စ၍ ဘူဝမ်းဒီးယား တို့မှာ ပါတီပွဲ အခမ်းအနားအတွက် အလုပ်များလေတော့၏။

mgyoe.com

mgyoe.com SAMPLE BOOK

အာဆူလာသည် ဖိတ်ကြားရမည့် ဧည့်သည်တို့ကို အသေအချာ ရွေးချယ်၏။ ဤဧည့်ခံပွဲကို ဖိတ်ကြားမည့် ဧည့်သည်များသည် မာကွန်ဒိုကို သူတို့နှင့် အတူ စတင် တည်ထောင်သူများနှင့် ၄င်းတို့၏ မိသားစုများသာ ဖြစ်ရလိမ့်မည်။ သို့သော် ငယ်သေး၍ နားမလည်ရှာသေးသည့် သူ့သားကြီး ဩရသကို မြူဆွယ်ပေါင်းသင်းသွားသည့် အာပြမ ပီလာတာနီယာကတော့ ခြွင်းချက်ပေါ့။ သင်းတော့ အိမ်ရိပ်တောင်အနင်းမခံ။ ခုဆိုလျှင် ပီလာသည် နောက်ထပ် ကလေးနှစ်ဦး မွေးပြီးပြီ။ မည်သူနှင့် ရမှန်းတော့ မသိ။ ဧည့်သည်များ အားလုံးသည် မိတ်ရင်းဆွေရင်းများ ဖြစ်ကြသလို မာကွန်ဒို၏ လူ့ဂုဏ်ထံ အသိုင်းအဝိုင်းချည်း ဖြစ်၏။ သူတို့ အားလုံးသည် ဟိုဆေး၊ အာဆူလာတို့နှင့်အတူ ခက်ခဲကြမ်းတမ်းသည့် ခရီးရှည်ကြီး နှင်ခဲ့ကြသည်။ မာကွန်ဒိုကို အတူ တည်ခဲ့ကြသည်။ သူတို့၏ သားများသည် အော်ရဲလီယာနို၏ အပေါင်းအသင်းများ ဖြစ်ကြပြီး သူတို့၏ မြေးထီး၊ မြေးမများသည် အာကာဒီယို၊ ရီဘက်ကာနှင့် အမာရန်တာတို့၏ သူငယ်ချင်းများ ဖြစ်ကြ၏။

ဒွန်အပိုလီနာမော့စ်ကိုတီသည် ဆတ်ဆတ်ကြဲ မာကွန်ဒိုကို မည်သို့ ကိုင်တွယ် ရမည်မှန်း ကောင်းစွာ သိသွားခဲ့ချိန်မှစ၍ အုပ်ချုပ်ရေးမှူးကောင်း တစ်ယောက် ဖြစ်လာ ခဲ့သည်။ အစောင့်အကြပ်ဆို၍ တင်းပုတ်ကိုင် ရဲသားနှစ်ယောက်ကိုသာ သူထား၏။ အိမ်စရိတ်အတွက် သူ့သမီးများက စက်ချုပ်ဆိုင် ဖွင့်သည်။ ပန်းအလှဆင်သည်။ ယိုစုံထိုးသည်။ အလိုရှိသူများကို မေတ္တာစာ ရေးပေးသည်။ မော့စ်ကိုတီ၏ သမီးများသည် ဤနယ်တစ်ခွင် အလှဆုံး၊ အလုပ်အကိုင် အကျွမ်းကျင်ဆုံး၊ အကအကောင်းဆုံး ဖြစ်သော်ငြားလည်း ဇာတိပုည ဂုဏ်မာနကို ထိန်းသိမ်းသည့် ဘူဝမ်းဒီးယား အိမ်တက် မင်္ဂလာကို ဆင်နွှဲခွင့် မရရှာပါ။

အာဆူလာနှင့်သမီးများက တစ်အိမ်လုံးကို အပြင်းအထန် အလှဆင်နေချိန်ဝယ် ဟိုဆေးသည် ဘုရားသခင်ကို ဒက်ဂွါရီယိုတိုက်ပ်ရန် အကြံကို လက်လျှော့လိုက်၏။ ကြည့်ရတာ ဘုရားသခင် တကယ် မရှိဘူး ထင်ပါရဲ့။ ထိုအစား သံစုံစန္ဒရား၏ ဂမ္ဘီရ လျှို့ဝှက်ချက်များကို ဖော်ထုတ်တော့မည်။ ဖော်ထုတ်ရန် ကြိုးစားတော့မည်။

ဧည့်ခံပွဲ မကျင်းပမီ နှစ်ရက်အလိုမှာ သံစုံစန္ဒရားသည် ဟိုဆေးလက်ချက်ဖြင့် ကြိုးတခြား၊ ခလုတ်တခြား တစ်စစီ ဖြစ်သွား၏။ သို့သော် ဟိုဆေး၏ မဆုတ်မနစ်သော လုံ့လ၊ ဇွဲနှင့် ဉာဏ်ပညာတို့ကြောင့် မူလအခြေအနေအတိုင်း အချိန်မီ ပြန်လည်တပ်ဆင် လိုက်နိုင်သည်။

ထိုနေ့ ထိုရက် ထိုအချိန်အတွင်း ဘူဝမ်းဒီးယားဧည့်ခံပွဲလောက် လူပြောများသည့် ကိစ္စ မရှိခဲ့။ ဧည့်ခံပွဲနေ့မှာတော့ တစ်အိမ်လုံး ဖန်မီးအိမ်ဆန်းများ ထိန်နေအောင် ထွန်းညှိထားသော၊ အိမ်သုတ်ဆေးနံ့များ လှိုင်နေသော၊ သပ်ရပ်လှပသည့် အဆောင်ဆောင် အခန်းခန်း၊ ပရိဘောဂ အထွေထွေ၊ နှင်းဆီနံ့ ကြိုင်နေသည့် ဥယျာဉ်တို့ဖြင့် တန်ဆာဆင်

mgyoe.com

mgyoe.com SAMPLE BOOK
ထားသော ဘူဝမ်းဒီးယားစံနန်းကို ဧည့်သည်များ တဖွဲဖွဲ ရောက်လာခဲ့ကြသည်။ သူတို့ စိတ်အဝင်စားဆုံးက ဧည့်ခန်းထဲမှ အဝတ်ဖြူကြီးဖြင့် အုပ်ထားသည့် သံစုံစန္ဒရား။ လူတီးရသည့် ရိုးရိုးစန္ဒရားကို တွေ့ဖူးနေကြပြီဖြစ်သည့် ဧည့်သည်များသည် အလိုအလျောက်တီးသည့် သံစုံစန္ဒရားကို အကြီးအကျယ် စိတ်ဝင်စားနေကြသည်။ သို့သော် ကပွဲသဘင် အခမ်းအနား စတင်ဖို့ အမာရန်တာနှင့် ရီဘက်ကာ အသင့်နေရာယူကြပြီး သံစုံစန္ဒယားကို စတင် ဖွင့်လှစ်လိုက်သောအခါ သူတို့ အားလုံး စိတ်ပျက်သွားကြသည်။ အာဆူလာကတော့ စိတ်အပျက်ဆုံး ဖြစ်၏၊ စန္ဒရားမှ ဘာသံမှ မထွက်လာ။

မျက်စိကွယ်လုနီးပြီ ဖြစ်သော၊ အိုမင်းကုန်းကွနေပြီ ဖြစ်သော မာလ်ကွီးယားဒီးစ်သည် မမြင်မစမ်းဖြင့် ရောက်လာပြီး သူ၏ အပြောကျယ်လှသော ဉာဏ်ပညာတို့ကို အသုံးချ၍ သံစုံစန္ဒရားကို ပြင်ဖို့ ကြိုးစားပါသေးသည်။ နောက်ဆုံးတော့ ကပ်နေသော ခလုတ်တစ်ခုကို ဟိုဆေးက ရှာတွေ့သွားပြီး ပြင်လိုက်နိုင်သဖြင့် သံစုံ တေးဂီတ ပေါ်ထွက်လာတော့သည်။ ကောင်းလှပါ၏။ သို့သော်-

ဟိုဆေး၏ သံစုံစန္ဒရား လေ့လာရေးသည် မည်သည့်နေရာမှာ ပမာဒလေခ သွားသည်မသိ။ မူလက သီချင်းသံစဉ် ခြောက်မျိုးကို အစဉ်လိုက် အလိုအလျောက် တီးနိုင်သော စန္ဒရားသည် ယခု ထွက်ချင်သည့်အသံ ထွက်လာသည်။ ဂီတ သံစဉ်များသည် အစီအစဉ် မရှိ၊ ရောသမမွှေကာ ထွက်၍ လာတော့သည်။

အာဆူလာ ဖိတ်ထားသော မာကွန်ဒို တည်ထောင်သူ နှစ်ဆယ့်တစ်ဦး၏ သွေးရင်းသားချင်းများသည် သွားရင်း သေလောက်သည့် တောင်တန်းကြီးများကို ဖြတ်ကျော်ပြီး ဘာမျှ မရှိသည့် နွံအိုင်ကြီးထဲမှာ ရွာတည်ကာ နေထိုင်သူများ ဖြစ်ရကား ထွက်ချင်သလို ထွက်နေသော ဂီတသံစဉ်ဆန်းနှင့် အတူ အရှက်တကွဲချိန်ထိ ပျော်ပျော်ကြီး ကချင်သလို ကကြလေတော့၏။

ဒီလိုနှင့် သံစုံစန္ဒရားကို ပြင်ဖို့ ပီထရီ တစ်ခေါက်ပြန်လာခဲ့ရ၏။ ရီဘက်ကာနှင့် အမာရန်တာက သူ့ကို ကိုယ်ဖိရင်ဖိ ကူညီ၏။ အသံညှိနေတုန်း သူတို့၏ ရယ်သံ ကြည်ကြည်လွင်လွင် ကလေးများဖြင့် သံစဉ်ကို ဖြည့်စွက်ပေး၏။ အာဆူလာ မျက်စိဒေါက်ထောက် မကြည့်အားသဖြင့် ပို၍ သာသာယာယာ ရှိ၏။ ပီထရီ ပြန်ခါနီး သံစဉ်မှန်သွားပြီ ဖြစ်သော စန္ဒရားသံနှင့် သူ့အတွက် ဂုဏ်ပြုကပွဲတစ်ခု ကျင်းပ ပေးသေးသည်။ ပီထရီသည် ရီဘက်ကာနှင့်တွဲ၍ ခေတ်ပေါ် အကပညာကို မြင်သူ အပေါင်း အသည်းတုန် အူတုန်အောင် ပြသသွားခဲ့သည်။ သို့သော် ထိုကပွဲသည် စံအိမ် တံခါးဝမှ ပီလာတာနီယာ၏ ရန်ပွဲကြောင့် ပျက်လုခမန်း ဖြစ်ခဲ့ရသည်။ ပီလာတာနီယာ သည် အပေါက်ဝတွင် မိန်းမတစ်ယောက်နှင့် နပန်းလုံးနေ၏။ အကြောင်းရင်းက သူ့သား အာကာဒီယိုကို ထိုမိန်းမက ငယ်ငယ်ရွယ်ရွယ်နှင့် အပျော်လိုက်နေသူဟု ကဲ့ရဲ့ သင်္ဂြိုဟ် အတင်းဆိုသောကြောင့်။ ထိုည သန်းခေါင်ယံတွင် နှုတ်ဆက်စကား အနည်းငယ်ဆိုပြီး
mgyoe.com

mgyoe.com SAMPLE BOOK

ပီထရို ပြန်သွား၏။ မကြာခင် ပြန်လာခဲ့မည် ဖြစ်ကြောင်း သူက ကတိပြုသွားသေးသည်။ ရီဘက်ကာက သူ့ကို အိမ်ပေါက်ဝထိ လိုက်ပို့သည်။ ပြီးတော့ အိမ်တံခါးကို သော့ခတ်၏။ မီးအိမ်များကို ငြိမ်း၏။ ထို့နောက် သူ့အခန်းထဲဝင်၍ စတင် ငိုကြွေးတော့သည်။

ရီဘက်ကာသည် တရှုပ်ရှုပ်ငို၏။ ရှိုက်ကာရှိုက်ကာ ငို၏။ ကျိတ်၍ ကျိတ်၍ ငို၏။ တစ်ကိုယ်လုံး လှုပ်၍ ငို၏။ အော်၍ အော်၍ ငို၏။ သည်းအူပြတ်မတတ် ငို၏။ ထိုသို့ ငိုကြွေးခြင်းမှာ ရက်ပေါင်းများစွာ ကြာလာသည်။ ငိုရခြင်း အကြောင်းရင်းကို အခြားသူမပြောနှင့် သူနှင့် နှစ်ကိုယ့်တစ်စိတ်လို ဖြစ်နေသော အမာရန်တာပင် သေချာမသိ။ တကယ်တော့ ရီဘက်ကာသည် အသိရခက်လှသည့် မိန်းကလေး ဖြစ်၏။ အပြင်ပန်း ပုံသဏ္ဌာန်အရ ပွင့်လင်းရိုးသားပြီး ချစ်စရာ အသွင်အပြင်ကို ဆောင်နေသော်လည်း သူ့အတွင်းစိတ်ကို ခန့်မှန်းရန်မလွယ်။ အရပ်ကြီး ကလန်ကလားနှင့် အပျိုကြီးဖားဖား ဖြစ်နေပြီ ဆိုသော်လည်း အိမ်ရောက်ကတည်းက သူပါလာသည့် မီးကျိုးမောင်းပျက် လှုပ်ကုလားထိုင်ပေါ်မှာ စွဲစွဲမြဲမြဲ ထိုင်တတ်တုန်း။ လူမသိ သူမသိ လက်မ ခိုးစုပ်တတ်တုန်း။ ရေချိုးခန်း တံခါးပိတ်ပြီး နံရံကို လျှာနှင့်လျက်ကာ မတ်တတ်ကြီး အိပ်တတ်တုန်း ဖြစ်၏။

မိုးသည်းသည့် နေ့လယ်ခင်းများမှာ ရီဘက်ကာသည် အပေါင်းအသင်းများနှင့် အတူ ရောက်တတ်ရာရာ ပြော၍ စက်ချုပ်နေရင်း ဥယျာဉ်ထဲမှ ရွှံ့စေးမြေနှင့် တီကျစ်စာ မြေအပုံကလေးများကို သူ့အကြည့်က ရောက်ရောက်သွား၏။ ထိုအခါမျိုးမှာ စားနေကျ စားမြိန်စာ တစ်ခုကို တွေ့လိုက်ရသလို သူ တံတွေးတွေ စိုလာခဲ့သည်။ မြေကြီးလွမ်း ဝေဒနာကို ပြင်းပြင်းပြပြ ခံစားခဲ့ရသည်။ လိမ္မော်နှင့်ရှူးဘတ်တို့၏ နှိပ်ကွပ်မှုကြောင့် ခေါင်းမထောင်နိုင်ခဲ့သော မြေဆီအရသာကို ဆွတ်ပျံ့တပ်မက်လာ၏။ ခုလို မငြီးနိုင်မစီးနိုင် ငိုကြွေးနေရချိန်မှာတော့ သူ့ဆန္ဒသည် ထိန်းမနိုင်သိမ်းမရ ဖြစ်လာ၏။ ရီဘက်ကာ မြေကြီး ပြန်စားပြီ။ စစချင်းတော့ သူ့နှလုံးသားဝေဒနာ သက်သာစေဖို့ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်း ဖြစ်သည်။ ပါးစပ်ထဲ ရောက်လာသော မြေကြီး၏ အရသာကြောင့် အန်မိမလိုပင် ဖြစ်သေးသည်။

သို့သော် တဖြည်းဖြည်း အသားကျလာပြီး အရင်ကလို ပြန်ဖြစ်သွား၏။ မြေဆီ သြဇာ အရသာမှာ တုနှိုင်းမမီပါတကား။

ရီဘက်ကာသည် အိတ်ထဲသို့ မြေကြီး လက်တစ်ဆုပ်ထည့်ပြီး တစ်နေကုန် တမြုံ့မြုံ့စား၏။ စားရင်းဖြင့် စက်ချုပ်သည်။ သူငယ်ချင်းများနှင့် ယောကျ်ားတွေ အကြောင်း အတင်းပြောသည်။ ထိုအခိုက် ယောကျ်ားတစ်ယောက်ကို သူ သတိရ၏။ သူ့ကို မြေကြီးစားဘဝသို့ ပြန်ပို့ခဲ့သော ထိုယောကျ်ား။ သူ့အကြောင်း တွေးမိသောအခါ မြုံ့နေသော မြေကြီး၏ အရသာကိုက ဟိုးကမ္ဘာ တစ်ဖက်ခြမ်းတွင် သားရေရှူးဖိနှပ်ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK
ထိုယောက်ျား နင်းခြေခဲ့သည့် မြေကြီးကို စားရသလို ပါးစပ်ထဲမှာ တသိမ့်သိမ့် တငြိမ့်ငြိမ့် ဖြစ်နေ၏။

နေ့လယ်ခင်း တစ်ခင်းမှာတော့ အကြောင်းရင်း မည်မည်ရရ မရှိဘဲ အမ်ပိုရီ မော့စ်ကိုတီသည် ဘူဝမ်းဒီးယား စံနန်းကို အလည်အပတ် လာရောက်ခွင့် တောင်းခံခဲ့သည်။ မျှော်လင့်မထားသော အမာရန်တာနှင့် ရီဘက်ကာတို့က အမ်ပိုရီကို ဝတ်ကျေတမ်းကျေ ဧည့်ခံကြ၏။ စံနန်းတစ်ခွင် လှည့်လည်ပြသ၏။ သံစုံစန္ဒရားသံကို ထောင်နားဆင်စေ၏။ ဘီစကွစ်မုန့်များနှင့် လိမ္မော်ယိုကို တည်ခင်း၏။ အမ်ပိုရီ၏ တည်ငြိမ် အေးဆေးပြီး ဣန္ဒြေ သိက္ခာရှိသည့် အမူအရာသည် အာဆူလာကို များစွာ အထင်ကြီးစေသည်။ မိန်းမတို့၏ စကားဝိုင်းသည် နှစ်နာရီခန့် ကြာသောအခါ ပျင်းရိ ငြီးငွေ့ဖွယ် ကောင်းလာခဲ့သည်။ အမာရန်တာ၏ အလစ်အငိုက်ကို ဖမ်းပြီး အမ်ပိုရီက ရီဘက်ကာကို စာတစ်စောင် လှမ်းပေးလိုက်သည်။

ဆီညော်ရီဆာ ရီဘက်ကာ ဘူဝမ်းဒီးယားဟု လိပ်မူထားသည့်စာ၊ မင်စိမ်းဖြင့် ရေးထားသည့် ဒီလက်ရေး၊ သံစုံစန္ဒရား တပ်ဆင်ရန် အညွှန်းစာရွက်မှ လက်ရေးနှင့် တစ်ထပ်တည်း။ ရီဘက်ကာသည် စာကို ကမန်းကတန်း ခေါက်၍ အိတ်ထဲ ထည့်လိုက်သည်။ ပြီးတော့ အမ်ပိုရီကို တစ်ချက် ကြည့်လိုက်သည်။ ဝမ်းမြောက်သော အကြည့်၊ ကျေးဇူးတင်သော အကြည့်၊ သေသည်အထိ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပါမည့် အကြောင်း ကတိတောင်းသော အကြည့်။

အမ်ပိုရီမော့စ်ကိုတီနှင့် ရီဘက်ကာတို့၏ ရုတ်တရက် ချက်ချင်း မိတ်ဆွေရင်း ဖြစ်မှုက အော်ရဲလီယာနို၏ မျှော်လင့်ချက်များကို တစ်ရေးနိုးစေခဲ့သည်။ ရီမီဒီယို့စ်သည် သူ့ခန္ဓာကိုယ်ကို ခုထိ တစစ်စစ် နာကျင်စေဆဲ ဖြစ်သည်။ သို့သော် သူနှင့် ထပ်မံ တွေ့ဆုံရန် အော်ရဲလီယာနိုမှာ အခွင့်အရေး မရှိ။ မြို့ထဲသို့ သူ့ရောင်းရင်းများ ဖြစ်သည့် မက်ကနိုဖီကို ဗစ်စ်ဗဲလ်၊ ဂီရီနယ်လ်ဒိုမာကေးတို့နှင့် သွားလေတိုင်း မော့စ်ကိုတီ ညီအစ်မများ၏ စက်ချုပ်ဆိုင်ကို သူ့အကြည့်က ရောက်၏။ ရီမီဒီယို့စ်ကို အရိပ် အယောင်တောင် မမြင်ရ။ သူ့အစ်မများကိုသာ တွေ့ရ၏။ ထို့ကြောင့် အိမ်သို့ ဆိုင်းမဆင့် ဗုံမပါဘဲ အမ်ပိုရီ ရောက်လာသည်မှာ သူ့အဖို့တော့ ရွှေလမ်း ငွေလမ်းခင်းဖို့ အခွင့်အလမ်း ဖြစ်သည်။ အော်ရဲလီယာနိုသည် ဆီမန်းမန်းသလို တစ်ကိုယ်တည်း တတွတ်တွတ် ရွတ်နေ၏။

"နောက်ရက်တွေမှာ သူကလေး သူ့အစ်မနဲ့ လိုက်လာစေရမယ်၊ လိုက်လာ စေရမယ်"

အမှန်ကတော့ သူ၏ မွေးရာပါ မနောဝိညာဉ်အစွမ်းကို သုံး၍ ရီမီဒီယို့စ်ကို အော်ရဲလီယာနို ခေါ်နေခြင်း ဖြစ်သည်။ တစ်ရက်မှာတော့ ရီမီဒီယို့စ်က သူ့ခေါ်သံကို
mgyoe.com

mgyoe.com SAMPLE BOOK

ကြားသွားခဲ့၏။ ထိုနေ့က ပန်းထိမ်ခန်းထဲတွင် သူ ရွှေငါးရုပ်ကလေးတစ်ရုပ် ထုနေခဲ့သည်။ ရုတ်တရက် ကလေးသံကလေး တစ်သံကို ကြားလိုက်ရ၍ လှည့်အကြည့် အခန်းတံခါးဝတွင် ပန်းရောင်ဂါဝန်နှင့် အဖြူရောင်ဖိနပ်ကို စီးထားသော ရီမီဒီယို့စ်လေးကို တွေ့လိုက်ရသဖြင့် သူ့နှလုံးသားများ ခဲမတတ် ဖြစ်သွား၏။ ဧည့်ခန်းထဲမှ အမ်ပိုရိုက-

''ရီမီဒီယို့စ်၊ ဦးလေး အလုပ်လုပ်နေတာကို သွားမနှောင့်ယှက်ရဘူးလေ'' ဟု ဟန့်၏။ နှောင့်ယှက်ခံချင်လွန်းလှသဖြင့် လည်ပင်းရှည်ခဲ့ရသည့် အော်ရဲလီယာနိုက ချိန်းကြိုးပါသည့် ရွှေငါးရုပ်ကလေးကို ကိုင်ထားရင်း ရီမီဒီယို့စ်ကို လှမ်းခေါ်လိုက်သည်။

''အထဲ ဝင်ခဲ့လေ''

ရီမီဒီယို့စ်က သူ့နားမှာ ရိုရိုလေးရပ်ရင်း ရွှေငါးရုပ်အကြောင်း တစ်စုံတစ်ရာကို အော်ရဲလီယာနိုအား မေးနေ၏။ သူ ပြန်မဖြေနိုင်ပါ။ အာစေးထည့်ထားသလို၊ ပန်းနာရင်ကျပ်ထသလို ရင်ခုန်လှိုက်မောသည့် ဝေဒနာကို ပြင်းပြစွာ ခံစားနေရသည်။ ကြာပန်းရောင် အသားအရေပိုင်ရှင်ကလေး ဘေးမှာ၊ မြစိမ်းရောင် မျက်ဝန်းပိုင်ရှင် သူကလေး နံပါးမှာ ခုလို ထာဝရ နေချင်လိုက်စမ်းပါဘိ။ မေးသမျှ မေးခွန်းအားလုံးကို သူကလေးက ရိုကျိုးစွာဖြင့် 'ဟုတ်ကဲ့ရှင့်' ဟု ထည့်ဖြေ၏။ အော်ရဲလီယာနိုကို သူ့ဖခင် မော့စ်ကိုတီအလား အလွန်ရိုကျိုးစွာ ဆက်ဆံနေ၏။ ခက်ရချည့်။

အလုပ်ခန်း၏ ထောင့်တစ်နေရာဝယ် မာလ်ကွီးယားဒီးစ်က စားပွဲတစ်လုံးဖြင့် ထိုင်နေပြီး မည်သူမျှ နားမလည်နိုင်သည့် ဘာသာစကား သင်္ကေတများဖြင့် တစ်စုံတစ်ရာကို အပြင်းအထန် ရေးသားပြုစုနေ၏။ အလိုက်ကန်းဆိုး မသိသော ဒီသေနာကျ ဂျစ်ပစီ အဘိုးကြီးကို အော်ရဲလီလာနို ရုတ်တရက် ချက်ချင်း တူးတူးခါးခါး မုန်းမိ၏။ ရွှေငါးရုပ်ကလေးကို ရီမီဒီယို့စ်အား လက်ဆောင်ပေးမည်ဟု ပြောလိုက်သောအခါ ကလေးမလေးသည် အော်ရဲလီယာနို၏ ရက်ရောမှုကို မယုံနိုင်ဟန်ဖြင့် အလုပ်ခန်းထဲမှ ထွက်ပြေးသွားတော့သည်။

အော်ရဲလီယာနို တစ်ယောက် ဆောက်တည်ရာမရ ဖြစ်လာသည်။ အလုပ်လည်း ဆက်မလုပ်နိုင်တော့။ အကြိမ်ပေါင်းများစွာ ရီမီဒီယို့စ် ပြန်လာဖို့ စိတ်ညို့ခေါ်ယူသော်လည်း ဒီတစ်ခါ သူ့စိတ်တန်ခိုးက မအောင်မြင်တော့၊ အစွမ်းမပြတော့။ မော့စ်ကိုတီ ညီအစ်မများ၏ စက်ချုပ်ဆိုင်တွင် လည်းကောင်း၊ သူတို့အိမ် ပြတင်းပေါက်များ နောက်ကွယ်တွင် လည်းကောင်း၊ အုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း သူကလေးကို တွေ့ရလို တွေ့ငြား အကြိမ်ပေါင်းများစွာ မျက်စိ ကစားခဲ့သော်လည်း အော်ရဲလီယာနို သည် ရီမီဒီယို့စ်ကို နောက်ထပ် မတွေ့ရတော့။ သူတွေ့ရသည်ကတော့ သူ၏ အထီးကျန် အဈွတ္တ နှလုံးအိမ်ထဲတွင် ထာဝရ သိမ်းဆည်းထားသော ရီမီဒီယို့စ်၏ ပုံရိပ်မျှသာ။

အော်ရဲလီယာနိုသည် ရီဘက်ကာနှင့်အတူ ဧည့်ခန်းတွင် တစ်ချိန်လုံး ထိုင်ရင်း သံစုံ စန္ဒရား၏ ဂီတသံကို ခံစားနားဆင်၏။ ရီဘက်ကာက သူ့အသက်ဘူး ပီထရိုနှင့်

mgyoe.com

mgyoe.com SAMPLE BOOK
ဆောက္ကူကခဲ့သည့် ဂီတသံကို လွှမ်းမောတသ စားမြုံ့ပြန်လို၍၊ အော်ရဲလီယာနိုကတော့ ရီမီဒီယို့စ်၏ ပုံရိပ်လွှာကို ဂီတသံနှင့်အတူ မြိုင်မြိုင်ဆိုင်ဆိုင် ပုံဖော်လို၍။ ဤသို့ဖြင့် ဘူဝမ်းဒီးယားအိမ်သည် လွှမ်းမောဖွယ် ချစ်ခြင်းရနံ့တို့ ထုံမွှမ်းသော အချစ်စံအိမ်ကြီး ဖြစ်လာတော့သည်။ အော်ရဲလီယာနိုသည် အစလည်း မရှိ၊ အဆုံးလည်းမသိသော အချစ်ကဗျာရှည်ကြီး ရေးစပ်၏။ မာလ်ကွီးယားဒီးစ် ပေးထားသော သားရေပြား များပေါ်တွင် လည်းကောင်း၊ ရေချိုးခန်း နံရံများပေါ်တွင် လည်းကောင်း၊ သူ့လက် အရေပြားပေါ်တွင် လည်းကောင်း ကဗျာစာသားများဖြင့် ပွစာကျဲလျက်။ နေ့လယ် နှစ်နာရီ အချိန် ပျင်းရိငြီးငွေ့ဖွယ် တသုန်သုန် တိုက်ခတ်သည့် လေပူကြီးထဲမှာလည်း ရီမီဒီယို့စ်။ နေခြည်ဝင်းဝင်း နှင်းဆီခင်းထဲမှာလည်း ရီမီဒီယို့စ်။ အင်တုံထဲမှ ရေကြည်ရိပ် အတွင်းမှာလည်း ရီမီဒီယို့စ် နံနက်ခင်း ဖုတ်သည့် ပေါင်မုန့်ရနံ့တွင်းမှာလည်း ရီမီဒီယို့စ်။ နေရာတိုင်းမှာ လမင်းသာသည့် ရီမီဒီယို့စ်။ ထာဝရ တည်မြဲသည့် အလှတရား ရီမီဒီယို့စ်။

ရီဘက်ကာ အဖို့တော့ 'လာပါတော့၊ အခါခါမော့၊ မျှော်ပေါ့ လေးနာရီ' ဖြစ်နေလေသည်။ ညနေလေးနာရီ ထိုးသည်နှင့် ပြတင်းပေါက်နားတွင် ထိုင်ရင်း ပီထရီ၏ ချစ်သဝဏ်လွှာကို မျှော်ရသည်က သူ၏ နိစ္စဓူဝအလုပ် ဖြစ်၏။ နှစ်ပတ် တစ်ခါမှ စာပို့သမား ရောက်လာမည်မှန်း သိသော်လည်း မျက်စေ့လည် လမ်းမှား၍ စာဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပီထရီတစ်ယောက် အချိန်မရွေး ရောက်လာနိုင်သည် မဟုတ်လား။ သို့သော် ကံတရားက သူ့ဘက်မှာ မရှိ၊ ဘယ်အငြိုးနှင့် တိုး၍ သူ့ကို နှိပ်စက်မှန်း မသိ၊ လာနေကျနေ့၊ လာနေကျအချိန်တွင် မာကွန်ဒိုသို့ စာပို့သမား ရောက်မလာ။

ရီဘက်ကာ မခံစားနိုင်တော့။ ညသန်းခေါင်ယံတွင် အိပ်ရာမှ ထ၏။ ဥယျာဉ်ထဲသို့ ဆင်း၏။ ဒေါသ၊ သောက၊ ဒုက္ခ မျက်ရည်မိုးများ တသွင်သွင် ရွာသွန်းဖြိုးရင်း မြေကြီးတွေ တစ်ကော်ပြီး တစ်ကော် စား၏။ စားရင်း သေသွားတော့လည်း တစ်ပူ ငြိမ်း၏။ တီကောင်များကို ဝါး၏။ ခွျံလှထက်လှသော ခရုခွံများကို ကိုက်ဖွဲ့၏။ ထို့နောက် အရုဏ်လာချိန်အထိ ပင်ပန်းဆင်းရဲစွာ မရပ်မနား အော့အန်၏။ ဤသို့ဖြင့် ရီဘက်ကာသည် အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။ ရီဘက်ကာ၏ အခြေအနေကို မသင်္ကာသော အာဆူလာက သူ့ဗီရိုကို မွှေနှောက်၏။ ဗီရိုအောက်ဆုံး အကန့်ထဲ၌ ပန်းနုရောင်ဖဲကြိုးဖြင့် စုချည်ထားသော ရေမွှေးနံ့သင်းသည့် စာဆယ့်ခြောက်စောင်နှင့် အတူ နှင်းဆီပွင့်ခြောက်များ၊ တို့ထိလိုက်သည်နှင့် ကြေမွသွားလောက်အောင် သွေ့ခြောက်နေပြီဖြစ်သော လိပ်ပြာ အသေကောင်လေးများကို ဘွားခနဲ တွေ့လိုက်ရသည်။ ဘာတွေ ဖြစ်နေမှန်း ဘယ်သူမျှ မသိ။

အော်ရဲလီယာနိုကတော့ ရီဘက်ကာ၏ အရပ်ကြိုးပြတ် အခြေအနေကို အပြည့်အဝ နားလည်၏။ ထိုနေ့လယ်က ရီဘက်ကာကို အာဆူလာ အပြင်းအထန်
mgyoe.com

mgyoe.com SAMPLE BOOK
ပြုစုနေချိန်တွင် သူသည် ကာတာရီနို၏ စတိုးဆိုင်သို့ ဗစ်စ်ဗဲလ်၊ မာကေးတို့နှင့် အတူသွား၏။ စတိုးဆိုင်က ထပ်ချဲ့ထား၏။ ထို တိုးချဲ့သစ်သားဆောင် အတွင်းရှိ အခန်းများထဲတွင် ပန်းခြောက်ရနံ့ရှိသည့် မိန်းမပျိုများနေထိုင်၏။ သီချင်းသည်ကြီး ဖရန်စစ္စကို၏ နာမည်ကျော်ကြားလှူကြိုက်များသည့် တေးသီချင်းများကို ဖျော်ဖြေပေးသည့် တီးဝိုင်းတစ်ဝိုင်းလည်း ရှိနေသည်။ မာကွန်ဒိုသို့ ဖရန်စစ္စကို ရောက်မလာသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ သူငယ်ချင်းသုံးယောက် ကြံအရက် မှာသောက်ကြ၏။

ဗစ်စ်ဗဲလ်နှင့် မာကေးတို့သည် အော်ရဲလီယာနို၏ ငယ်ပေါင်းများ ဖြစ်ကြသော်လည်း သူ့လို အားအားရှိ အိမ်တွင်းအောင်းနေသူများ မဟုတ်ကြဘဲ လောကအမြင်တွင် သူ့ထက် ပိုနှံ့စပ်ကြသည့် အလျှောက် ပန်းခြောက်မကလေးများကို ကိုယ်စီပေါင်ပေါ်တင်ထားရင်း အရက်နှင့် မြည်းနေကြ၏။ သွားတွင် ရွှေကွပ်ထားသော ပန်းခြောက်မလေး တစ်ဦးက အော်ရဲလီယာနိုကို လာကလိသည်။ သူ စိတ်မဝင်စားပါ။ ပန်းခြောက်မကလေးကို တူးတူးခါးခါး ငြင်းပယ်လိုက်၏။ ရီမီဒီယို့စ်ကို ပြင်းပြင်းပြပြသတိရလာသဖြင့် ကြံအရက်ကို နင်းနင်းခွခွ သူသောက်၏။ ထို့ကြောင့် အတင်းရောအခမ္မသူ မူးတော့သည်။ သူ့မျက်လုံးထဲတွင် သူ့သူငယ်ချင်းများနှင့် ပန်းခြောက်မကလေးများ လှိုင်းစီးနေကြသည်။ ပါးစပ်ပိတ်ပြီး စကားပြောနေ ကြသည်။ လေပေါ်ပျံဝဲ၍ လျှို့ဝှက်နက်နဲသော သင်္ကေတများကို သရုပ်ဖော် နေကြသည်။ ကာတာရီနိုက သူ့ပခုံးကိုကိုင်ပြီး ညဆယ့်တစ်နာရီထိုးပြီဟု လာပြော၏။ အော်ရဲလီယာနိုက လှည့်ကြည့်လိုက်ရာ မိုက်ခနဲဖြစ်သွားပြီး လုံးလုံး သတိမေ့သွားတော့သည်။ သတိမမေ့ခင် နောက်ဆုံးမြင်လိုက်ရသည်ကတော့ နားရွက်နောက်မှာ ပန်းရိုင်းတစ်ပွင့် ထိုးထားသည့် ကာတာရီနို၏ ရုပ်ပျက်ဆင်းပျက် ကြီးမားလှသည့် မျက်နှာပြဲကြီး။

အမှောင်ကြီးစိုးဆဲ အရုဏ်နံနက်ခင်း တစ်ခင်းမှာ သူ သတိပြန်ရလာသည်။ သူ တစ်ခါမျှ မရောက်ဖူးသော အခန်းတစ်ခန်းရှေ့မှာ ရောက်နေသည်။ ဆံပင်ဖားလျား၊ ခြေဗလာနှင့် ညအိပ်ဝတ်ရုံ ဖိုးရိုးဖားရား ဝတ်ထားသော ပီလာတာနီယာက မှန်အိမ်ကို ကိုင်မြှောက်ကာ သူ့ကို အံ့သြတကြီး ငေးကြည့်နေသည်။

"အလို ... ဘုရားရေ၊ အော်ရဲလီယာနိုပါလား"

အော်ရဲလီယာနိုက ခေါင်းထောင်ကြည့်လိုက်သည်။ သူ ဒီနေရာသို့ ဘယ်လိုရောက်လာမှန်း မသိရရိုး အမှန်ပါ။ သို့သော် ဘာကြောင့် ရောက်လာမှန်းတော့ သူ ကောင်းကောင်းသိ၏။ ငယ်စဉ်တောင်ကျေး ကလေးဘဝ ကတည်းက သူ့ရင်မှာ သိမ်းဆည်းထားခဲ့ရသော တသိမ့်သိမ့် တငြိမ့်ငြိမ့် ဝေဒနာကို ဖြေလျှော့ ကုစားပေးနိုင်သူကြီးဖြစ်သည့် ပီလာ့ထံသို့ သူ့မသိစိတ်က သူ့ကို ခေါ်ဆောင်လာခဲ့ခြင်းပင်။ သူ့အဝတ်များသည် ရွှံ့များ၊ အန်ဖတ်များနှင့် ပေကျံနေ၏။ လူမမည် ကလေးနှစ်ယောက်နှင့်
mgyoe.com

mgyoe.com SAMPLE BOOK
အတူနေထိုင်သော ပီလာတာနီယာသည် အော်ရဲလီယာနိုကို ဘာမှ ထပ်မမေးတော့။ အိပ်ရာသို့ တန်းခေါ်သွား၏။ အဝတ်တွေ ချွတ်ပေး၏။ ကိုယ်လက် သန့်စင်ပေး၏။ ပြီးတော့ ခြင်ထောင်ချပေးလိုက်၏။ ကလေးများ နိုးလာခဲ့လျှင် မမြင်နိုင်ဖို့ပေါ့။ ပီလာသည် တကယ်တော့လည်း နှစ်ပရိစ္ဆေဒပေါင်းများစွာ မျှော်တော်ဓာနှင့် မောခဲ့ရရှာသူပါ။ သူ့ဆီသို့ တန်းတန်းမတ်မတ် ပြန်လာခဲ့မည် ဆိုသူကို မျှော်ရင်း၊ သူ့ရင်ခွင်ထဲမှ ထွက်ခွာသွားသူကို မျှော်ရင်း၊ သူ့အိမ်သို့ မျက်စိလည်လမ်းမှား၍ ဝင်လာသူ အသချေ်အနန္တကို တစ်ခဏတာ ပျော်ရွှင်စေရင်း အရေတွေတွန့်၊ အသားတွေတွဲ၊ သွားတွေ ကျဲလာ၏။ သို့သော် အော်ရဲလီယာနို၏ ဆန္ဒကို သူကောင်းစွာ နားလည်ပါသည်။ သဘောပေါက်ပါသည်။ ပီလာသည် အော်ရဲလီယာနိုကို ကြင်ကြင်နာနာ နမ်းရှုပ်၏။ 'သနားစရာ ကောင်လေး၊ ကလေးလေး'ဟု မြည်တမ်း၏။

အော်ရဲလီယာနိုသည် ခန်းဆောင်နီအိပ်မက် စတင်မက်၏။ ရင်ထဲတွင် နှစ်ပေါင်းများစွာ ထုနှင့်ထည်နှင့် တည်နေခဲ့သော ဝေဒနာအစိုင်အခဲသည် တစ်ရစ်ချင်း၊ တစ်ထစ်ချင်း လျော့ပါးသွား၏။ ဝေးသည်ထက် ဝေးလာ၏။ နှလုံးအိမ်မှာ ထာဝရ တည်တံ့နေသော ရိမိဒီယို့စ်၏ ပုံရိပ်သည် အဆုံးအစမဲ့ နွံအိုင်ကြီးတစ်ခု အသွင်သို့ ပြောင်းသွား၏။ သားစိမ်း ငါးစိမ်းနံ့များ လှိုင်လာသည်။ မီးပူကျ အဝတ်နံ့ကလေးများ တစ်ချက် တစ်ချက် သင်းပျံ့လာသည်။ သူ နွံအိုင်ကြီးထဲ နစ်သွားသည်။ စုံးစုံးမြုပ် သွားသည်။ နွံအိုင်မျက်နှာပြင်ပေါ် ရောက်အောင် ခက်ခဲပင်ပန်းစွာ ရုန်းထွက်ရသည်။ အပေါ်ရောက်တော့ သူရှိုက်ငိုနေမိသည်။ ရှိုက်သံသည် သူ့ထံမှ သိစိတ်မဲ့စွာ ထွက်ပေါ် လာခဲ့သည်။ ထို့နောက်တွင်တော့ ရင်ဘတ်ထဲတွင် နှစ်ရှည်လများ ကိန်းအောင်းနေသော ဝေဒနာ အစိုင်အခဲတစ်ခု ဗြုန်းစားကြီး ယောင်ယမ်းပေါက်ကွဲထွက်သွားသလို နာကြည်း စွာဖြင့် သူ ရင်ကွဲပက်လက် ငိုကြွေးတော့သည်။

ပီလာတာနီယာသည် အော်ရဲလီယာနို သေလုမြောပါး ငိုကြွေးနေသည်ကို စိတ်ရှည်လက်ရှည် စောင့်ကြည့်၏။ အော်ရဲလီယာနို၏ ခေါင်းကို သူ့လက်များဖြင့် ထိန်းကိုင်ပေးထား၏။ အတော်ကြာမှ ပီလာက မေးလိုက်သည်။

''မင်းကို ဒီလို ခံစားရအောင် လုပ်ခဲ့တာ ဘယ်သူများလဲကွယ်''

အော်ရဲလီယာနိုသည် ပီလာတာနီယာကို ဖြစ်ကြောင်းရယ်ကုန်စင် ရင်ဖွင့် မိသည်။ ပီလာက ရယ်၏။ အရင်က တစ်အိမ်လုံး ပွင့်ထွက်တော့မတတ် ကျယ်လောင် အာပြဲသော အသံပိုင်ရှင် ပီလာ၏ ရယ်သံသည် ခုတော့ ကလေးများ မနိုးလောက်အောင်ပင် တိုးညင်း၏။ သို့သော် အပြင်းအထန် ပေါင်းပေါင်းလန်အောင် ရယ်ချပစ်လိုက်ချင် စိတ်ကို အောင့်အည်း သည်းခံ မျိုသိပ်ထားရသဖြင့် သူ့တစ်ကိုယ်လုံး တုန်နေ၏။

''ဖြစ်မှဖြစ်ရလေ အော်ရဲလီယာနိုရယ်။ မင်းက ကလေးကို မုန့်ပေးကြိုက်ချင် တာကိုး၊ အရွယ်ရောက်တဲ့ အထိတော့ စောင့်ပါဦးလားကွယ်''

mgyoe.com

ပီလာ့စကားက သူ့ကို လှောင်ပြောင် သရော်နေသယောင်။ သို့သော် သူ စိတ်မဆိုး။ ပီလာသည် သူ့ခံစားချက်ကို အပြည့်အဝ နားလည်မှန်း အော်ရဲလီယာနို သိ၏။

ပီလာ့အခန်းမှ ထွက်လာတော့ သူ့တစ်ကိုယ်လုံး ငှက်သွင်ပျံကြွမတတ် ပေါ့ပါးလျက်ရှိသည်။ ပုရိသစင်စစ် ဧကန်အမှန်ဖြစ်ကြောင်း သူ့ကိုယ်သူ သက်သေပြလိုက်နိုင်သည်သာမက နှလုံးအိမ်ထဲမှ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးကိုလည်း ပခုံးလွှဲပေးနိုင်ခဲ့ပြီ။ ကြင်နာတတ်သော မမပီလာက သူ့ကို ကတိပေးခဲ့သည်လေ။

'ကောင်မလေးကို အစ်မ ပြောပေးပါ့မယ်။ မရရအောင်ကို ပြောပေးမယ်ကွယ်။ သူ့ကို ရွှေလင်ပန်းပေါ်တင်ပြီး မင်းအတွက် ဆက်သပေးမယ်လို့သာ မှတ်လိုက်ပေတော့ ငါ့မောင်ရေ'

ပီလာသည် အဟုတ်တကယ် ကတိတည်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သို့သော် အချိန်အခါက မကောင်း။ ဘူဝမ်းဒီးယားအိမ်၏ အေးချမ်းဆိတ်ငြိမ်သော ကာလများ ကုန်ဆုံးခဲ့ပြီ။ အိပ်ရာထဲ လဲရသည့် အကြောင်းရင်းကို ရီဘက်ကာ၏ ယောင်ယမ်းအော်ဟစ်သံများမှ တစ်ဆင့် သိရသော အမာရန်တာသည် ဆိုင်းမဆင့် ဗုံမပါ ကောက်ကာငင်ကာ ရောဂါတက်တော့သည်။ ရီဘက်ကာ ခံစားရသည်ထက် မလျော့သော ချစ်ခြင်းတရား၏ နောက်ဆက်တွဲ ဝေဒနာကို သူ အပြင်းအထန် ခံစားရသည်။ အမာရန်တာသည် ရေချိုးခန်း တံခါးကိုပိတ်၍ သူ့ရင်ကိုဖွင့်၏။ တောင်စဉ်ရေမရ မေတ္တာစာများကို အဆက်မပြတ်ရေး၏။ ဗီရို အောက်ဆုံးထပ်တွင် ထိုစာများကို သိမ်း၏။ ထိုနောက် စုံးစုံး မြေသို့ကျတော့၏။

အာဆူလာသည် သေလုမြောပါး ဖြစ်နေသော သမီးနှစ်ယောက်ကြားမှာ ဗျာများနေသည်။ အမာရန်တာ၏ ရောဂါဖြစ်ရခြင်း အကြောင်းရင်းကို သူတော်တော်နှင့် ရှာမတွေ့။ နောက်ဆုံး ဗီရိုတံခါးဖျက်ပြီး ဖွင့်ကြည့်လိုက်မှ ပန်းဆီရောင်ဖဲကြိုးဖြင့် တွဲချည်ထားသော၊ ပီထရိုထံ လိပ်မူထားသော မျက်ရည်စများ လိမ်းကျံထားသည့် စာအထပ်လိုက်နှင့် ကြာပန်းခိုင်အချို့ကို တွေ့လိုက်ရတော့သည်။ အာဆူလာသည် ကြိတ်မနိုင် ခဲမရဖြင့် ရှိုက်ငိုရင်း သံစုံစန္ဒရားဝယ်မိသော သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်လာသည်။ ဘာအလုပ်မျှ မလုပ်နိုင်လောက်အောင် သောက၊ ဗျာပါဒ၏ နှိပ်စက်ခြင်းကို သူခံနေရ၏။ ဤသို့ဖြင့် မျက်ရည်စများဖြင့် ထုံမွှမ်း ကာလရှည်ကြီးကို သားအမိ သုံးယောက် အံခဲညည်းတွားရင်း ဖြတ်သန်းနေရှာကြသည်။ ဟိုဆေးကလည်း သူအထင်ကြီးခဲ့သော ပီထရိုအပေါ် အမြင်ပြောင်းသွားခဲ့ပြီ။ ထိုအကောင်သည် နတ်သား မဟုတ်၊ မိစ္ဆာ၊ မာရ်နတ်။

ထို ပစ္စက္ခ အခိုက်အတန့်ဝယ် ပီလာတာနီယာက ရီမီဒီယို့စ်ကို သွေးဆောင်စည်းရုံးသည့်အကြံ အောင်ပြီဟု ဝမ်းသာအယ်လဲ လာပြောသည်ကို ကြားရသော

mgyoe.com SAMPLE BOOK

အော်ရဲလီယာနိုသည် ယူကျုံးမရ အပူလုံးကြွနေကြသော မိဘနှစ်ပါးကို ရေနစ်ရာ ဝါးကူထိုးရမည့် ကိစ္စအတွက် အတော်ရင်လေးမိသည်။ သို့သော်လည်း ထင်းခွေမကြုံ၊ ရေခပ်တော့ ကြုံရမည်ဘဲ မဟုတ်လား။ မထိုး မဖြစ်သောကိစ္စ ဖြစ်သည့်အတွက် နှစ်ကာမှ နှစ်ရော့ ထိုးတော့ ထိုးဦးမှ။

ညှိခန်းအတွင်း မိသားစုအရေး အရေးတကြီး ဆွေးနွေးမည် ဟူသော အော်ရဲလီယာနို၏ မကြုံစဖူး ကြေညာချက်ကို ဟိုဆေးအာကာဒီယို ဘူဝမ်းဒီးယား နှင့် အာဆူလာတို့ ကျောက်ရုပ်ကြီးများပမာ တောင့်တောင့်ကြီး ထိုင်နားထောင်နေကြ၏။ သူ့သား စေ့စပ်မည့်သူ၏ အမည်ကို ကြားရသောအခါ ဟိုဆေး၏ မျက်နှာသည် ဒေါသကြောင့် နီရဲမည်းပုပ်လာ၏။ သူက မိုးချုန်းသလို အော်ဟစ်ပြီး–

"ချစ်ခြင်းတရားဟာ ကူးစက်ရောဂါထက် ဆိုးတယ်ကွ၊ တကယ့်ကို ကပ်ရောဂါပဲ၊ ဒီမြို့မှာ မိန်းမချောလေးတွေ၊ အမျိုးကောင်းသမီးလေးတွေ ရိုက်သတ်လို့ မကုန်အောင် ပေါတာ၊ ဒါကို မင်းမို့လို့ ငါ့ရဲ့ ကမ္ဘာမကျေ ရန်သူတော်ကြီးရဲ့ သမီးနဲ့ ကြောင်းလမ်းဖို့ စဉ်းစားတတ်ပလေတယ်ကွာ" ဟု မချိတင်ကဲ ဆို၏။

ဘယ်လိုပဲဖြစ်ဖြစ် အာဆူလာ ကတော့ သဘောကျသည်။ မော့စ်ကိုတီ သမီးခုနစ်ယောက်လုံးမှာ ပြစ်မျိုး မှဲ့မထင် တွေချည်း ဖြစ်၏။ သူ့သား၏ ရွေးချယ်မှုကို သူ သဘောတူသည်။ ကောင်းချီးသြဘာပေးသည်။

လင်မယားနှစ်ယောက် ခွန်းကြီးခွန်းငယ် ပြောကြပြီးနောက် ဟိုဆေးသည် အော်ရဲလီယာနို၏ ကိစ္စကို ခြွင်းချက်တစ်ချက်ဖြင့် သဘောတူလေ၏။ အော်ရဲလီယာနိုကို သူ့အလိုအတိုင်း ဖြစ်စေလျှင် ရီဘက်ကာကိုလည်း သူမေတ္တာရှိသည့် ပီထရီနှင့် လက်ထပ်ပေးရန်။ ထိုအချိန်တွင် ကျားနာခဲခဲနိုင်သည့် သမီးငယ် အမာရန်တာကို အာဆူလာက အဖော်ပြု၍ မြို့တော်သို့ အလည်အပတ် ခရီးထွက်ပြီး သူ့စိတ်တွေ အနည်ထိုင်သွားမှ ပြန်လာကြရန်။

ထိုသဘောတူညီချက်ကို ကြားလျှင် ကြားချင်း ရီဘက်ကာသည် သေရွာမှ ပြန်လာသလို ကောက်ကာငင်ကာ ကျန်းမာလာသည်။ ပီထရီထံသို့ ချက်ချင်း စာကောက်ရေး၏။ အောင်သွယ်တော် အမ်ပိုရို မလိုတော့။ တိုက်ရိုက်ပင် စာထည့်လိုက်သည်။ အမာရန်တာလည်း သေတွင်းမှ တဖြည်းဖြည်းချင်း ထွက်လာသည်။ ထို သဘောတူညီချက်ကို လက်ခံသယောင်ပြု၏။ သို့သော် ထိုအချိန်တွင် အမာရန်တာအဖို့ ရီဘက်ကာသည် သူ့အလောင်းပေါ်မှ ကျော်လွှားသွားဝံ့မှသာ ပီထရီနှင့် လက်ထပ်ရမည် ဖြစ်ကြောင်း စိတ်တွင်းမှ အလေးအနက် သန္နိဋ္ဌာန် ချမှတ်ပြီးခဲ့ပြီ။

စနေနေ့မှာတော့ ဟိုဆေးသည် ဝတ်ကောင်းစားလှများ ဆင်မြန်းပြီး သူ့သား အော်ရဲလီယာနိုအတွက် မော့စ်ကိုတီအိမ်သို့ မိန်းမတောင်းထွက်ခဲ့သည်။ အုပ်ချုပ်ရေးမှူးနှင့် ဇနီးက ဟိုဆေးကို ကြိုဆိုကြ၏။ မာကွန်ဒို၏ နေတစ်ဆူလတစ်ဆူ ပုဂ္ဂိုလ်ကြီး သူတို့

mgyoe.com

mgyoe.com SAMPLE BOOK
အိမ်သို့ မလာစဖူး လာသဖြင့် ဝမ်းမြောက်ကြသလို လာခြင်းကောင်းသော ဟိုဆေးမှ ဟုတ်ပါ့မလားဟုလည်း စိုးထိတ်ကြ၏။ ဟိုဆေးက လာရင်းကိစ္စကို ပြောပြသည့်အခါ သတို့သမီး နာမည်များ မှားနေသလားဟု သံသယကြီးစွာ ဖြစ်ကြရှာ၏။ မမှားရေးချ မမှားမှန်း သေချာသောအခါ အုပ်ချုပ်ရေးမှူးကတော်သည် အိပ်တုန်းအိပ်ဆဲ သမီးကလေး ရီမီဒီယို့စ်ကို အတင်းနိှုး၍ ခေါ်ချလာသည်။ ရီမီဒီယို့စ်က အိပ်ချင်မူးတူး ဒယိမ်းဒယိုင် ဖြစ်နေရှာသည်။ သူအိမ်ထောင်ပြုရန် သဘောတူသည်မှာ ဟုတ်သလားဟု မေးသော် ရီမီဒီယို့စ်က သူ့ကို ပြန်အိပ်ခွင့်လေးသာ ပေးသနားကြပါဟု ဖြေ၏။ မော့စ်ကိုတီမိသားစု စိတ်အိုက်လှပြီကို ရိပ်မိသော ဟိုဆေးက အော်ရဲလီယာနိုကို သေချာအောင် ပြန်မေးပါဦးမည်ဟု ပြောပြီး ပြန်ချလာသည်။

ဟိုဆေး နောက်တစ်ခေါက် ပြန်ရောက်လာသောအခါ မော့စ်ကိုတီမောင်နှံသည် သမီးများအားလုံးကို ဆင့်ခေါ်ထားပြီး ဖြစ်၏။ အိမ်ကိုလည်း ရှင်းလင်း အလှဆင်ထားပြီး ဖြစ်၏။ ဟိုဆေးက လည်ပင်းညှစ်ထားသလို ဖြစ်နေသော ကြွေတိုက် ကော်လာအမာစား ကြီးကြောင့် အနေခက်နေသည့်ကြားမှ အော်ရဲလီယာနို၏ ရွေးချယ်မှုမှာ ရီမီဒီယို့စ် ကေန်အမှန် ဖြစ်ကြောင်း ပြောလိုက်သည်။ အုပ်ချုပ်ရေးမှူး မော့စ်ကိုတီကတော့ ခပ်အေးအေးပင်။

"ကျွန်တော့်မှာ အရွယ်ရောက်ပြီးသား အပျိုစင်သမီး ခြောက်ယောက် ကြီးများတောင် ရှိတယ်ဗျာ၊ ခင်ဗျားသားလို ရိုးသားအေးဆေးပြီး အလုပ်ကြိုးစားတဲ့ သူငယ်အတွက် သူတို့ထဲက ဘယ်သူပဲဖြစ်ဖြစ် မယားကောင်း ဖြစ်နိုင်တာ သေချာပါတယ်၊ ဒါပေမဲ့ ခင်ဗျားသားက ခုထိ အိပ်ရာထဲ ရှူးရှူးပေါက်ချနေသေးတဲ့ လူမမည် သမီး အငယ်ဆုံးလေးကိုမှ မျက်စိကျတယ် ဆိုတော့ ခက်လှသဗျာ" ဟု ညည်းရှာသည်။

သို့သော်လည်း အချိုပွဲ၊ သစ်သီးပွဲများ သုံးဆောင်ပြီးချိန်မှာတော့ မော့စ်ကိုတီတို့သည် အော်ရဲလီယာနို၏ ဆုံးဖြတ်ချက်ကို လက်ခံလိုက်ကြပါသည်။ ခြွင်းချက်အနေဖြင့် မော့စ်ကိုတီကတော်က အာဆူလာနှင့် နှစ်ကိုယ်ကြား စကားပြောဖို့ တောင်းဆို၏။ နောက်တစ်နေ့မှာ အာဆူလာ သူတို့အိမ် ရောက်သွား၏။ နာရီဝက်ခန့်ကြာသော် ဝေခွဲရ ခက်လှသည့် မျက်နှာထားဖြင့် အိမ်ပြန်ရောက်လာသည်။ သူ သယ်ဆောင်လာသည့် သတင်းက ရီမီဒီယို့စ်သည် အဖုးအငုံဘဝ၌သာ ရှိသေး၍ ပန်းမပွင့်သေးတဲ့။ အော်ရဲလီယာနို ကတော့ အဖူးအငုံမကလို့ အရိုးအတံပဲ ဖြစ်စေကာမူ ဂရုမစိုက်ပါ။ နှစ်ပေါင်းများစွာ ကြာအောင် မချိမဆံ့ စောင့်ခဲ့ရသော သူ့အဖို့ နည်းနည်းထပ်ပြီး စောင့်လိုက်ရတော့ကော ဘာအရေးနည်း။

ပြန်လည် သာယာစပြုလာသော ဘူဝမ်းဒီးယားအိမ်၏ အခြေအနေသည် မာလ်ကွီးယားဒီးစ်၏ ရှာပနကြောင့် အနည်းငယ် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရပြန်သည်။ မာလ်ကွီးယားဒီးစ် ချုံးချုံးကျနေတာ ကြာခဲ့ပြီ။ အိုမင်းခြင်း ဒုက္ခသည် သူ့တစ်ကိုယ်လုံး
mgyoe.com

mgyoe.com SAMPLE BOOK

တစ်လက်မ မကျန် နေရာယူထားပြီးခဲ့ပြီ။ ခုမှတကယ် အိုမင်း ကုန်းကွ သုံးမရတော့သော ကြန်စုံကုန်း မာလ်ကွီးယားဒီးစ် ဖြစ်ခဲ့ပြီ။ ပထမတော့ မာလ်ကွီးယားဒီးစ်ကို တစ်သက်လုံး ဆရာသခင်အဖြစ် သတ်မှတ်ထားသော ဟိုဆေးသည် ဒက်ဂွာရီယိုတိုက်ပ် ကီရီယာ အပေါ်တွင် လည်းကောင်း၊ နော်စတြာဒန်းမာ့စ် ဟောကိန်းအပေါ်တွင် လည်းကောင်း စိတ်အား ထက်သန်လိုက်သေးသည်။ နောက်ပိုင်းမှာတော့ အပြင်းအထန် ချို့ယွင်းလာသော စက္ခုနှင့် သောတအာရုံများသည် မာလ်ကွီးယားဒီးစ်ကို အထီးကျန်ဘဝသို့ တွန်းပို့လိုက်၏။ သူသည် တစ်ကိုယ်တည်း စကားတွေ ပြောလာ၏။ သူပြောသော စကားများကလည်း ဘာသာပေါင်းစုံ ဖြစ်သဖြင့် နားလည်ဖို့ ခဲယဉ်းလှသည်။ အသိ၊ သတိတရားသည် မာလ်ကွီးယားဒီးစ်ကို ဖယ်ခွာသွားခဲ့ပြီ။ သူသည် သူ့အံကပ်ကိုတပ်ဖို့ မေ့ခဲ့ပြီ။ ရေခွက်ကို အိပ်ရာထဲတွင်ထားပြီး ပြန်ယူဖို့ မေ့ခဲ့ပြီ။ အာဆူလာ အိမ်သစ်ဆောက်တော့ သူ့အတွက် အခန်းတစ်ခန်း သီးသန့်ပေးသည်။ အော်ရဲလီယာနို၏ အလုပ်ခန်းနားကပ်လျက်၊ အေးချမ်းတိတ်ဆိတ်သော အခန်းလေး တစ်ခန်း။ အခန်းပြတင်းမှတစ်ဆင့် အလင်းရောင် ကောင်းစွာ ဝင်နိုင်သော အခန်းကလေး။ ထိုအခန်းလေးထဲတွင် မာလ်ကွီးယားဒီးစ်၏ နောက်ဆုံးလက်ရာ သားရေပြားပေါ် ရေးသားထားသည့် ထူးဆန်းသော သင်္ကေတများ ပါဝင်သည့် စာလိပ်အပါအဝင် ဟောင်းနွမ်း ဖုန်တက် ခြကိုက်နေသည့် သူ့စာအုပ်ဟောင်းများအတွက် စာအုပ်စင်ကလေးတစ်ခု။ သူ့အံကပ်ထည့်ထားသော ရေညှိနှင့် အဝါရောင် ပန်းကလေးများပင် ပွင့်နေပြီဖြစ်သည့် ရေဖန်ခွက် တစ်ခွက်။ ဘယ်လိုပဲဖြစ်ဖြစ် ထိုအခန်းကလေးကို မာလ်ကွီးယားဒီးစ် အင်မတန် နှစ်သက်ခဲ့သည်။

သူသည် မပြင်မစမ်းဖြင့် အော်ရဲလီယာနို၏ အလုပ်ခန်းထဲသို့ သွားသည်။ ရေးမပြီးသေးသည့် သူ့ဝှက်စာလိပ်ကို ဆက်လက် ရေးခြစ်နေတတ်သည်။ ဗီစီတာစီယွန် တစ်ရက် နှစ်ကြိမ် ပြင်ပေးသော အစားအသောက်ကို စားသည်။ နောက်ပိုင်းမှာတော့ ခံတွင်းပျက်သွားသဖြင့် အသီးအရွက်များကိုသာ စားနိုင်ရှာတော့သည်။ သူ့အရေပြားက ရေညှိတက်နေသော ပန်းအိုးအသွင်ကို ဆောင်လာသည်။ အသက်ရှူသံက တိရစ္ဆာန် တစ်ကောင်လို ပြင်းပြင်းရှရှ ဖြစ်လာသည်။

အော်ရဲလီယာနိုကတော့ ရီမီဒီယို့စ်ဖွဲ့ ကဗျာများကို ရေးစပ်နေရသဖြင့် အဘိုးကြီး မာလ်ကွီးယားဒီးစ်ကို ရှိနေမှန်းတောင် သတိမရတော့။ တစ်နေ့မှာတော့ မာလ်ကွီးယားဒီးစ်သည် ဂါထာတစ်ပုဒ်ကို အကြိမ်ပေါင်းများစွာ ထပ်ကာတလဲလဲ ရေရွတ်နေသည်ကို သတိထားမိသည်။ 'အီကွီနော့စ်၊ အီကွီနော့စ်' ဆိုသည့် စကားလုံး တစ်လုံးသာ သူအသေအချာ ကြား၏။ ထိုဂါထာကို တစ်ကိုယ်လုံး ရှိသမျှ အားကုန်သုံး၍ မာလ်ကွီးယားဒီးစ် ရေရွတ်နေသည်ကို အော်ရဲလီယာနို၏ အလုပ်ကို ကူညီနေသည့် အာကာဒီယိုကလည်း ကြား၏။ နောက်နှစ်ပေါင်းများစွာအကြာ လက်မရွံ့ တပ်ဖွဲ့၏ ပစ်ကွင်းတွင် သေဒဏ်စီရင်ခြင်း ခံနေရချိန်မှာပင် မာလ်ကွီးယားဒီးစ်၏ ထိုအသံ၊

mgyoe.com

mgyoe.com SAMPLE BOOK

ထိုမာန်ကို အာကာဒီယို ပြန်လည် အမှတ်ရနေဆဲ ဖြစ်သည်။ သူရေးသား ပြုစုထားသည့် ဝှက်စာလိပ်မှ မည်သို့မျှ နားလည်နိုင်စွမ်း မရှိသည့် စာပိုဒ်များကို အကြိမ်ပေါင်းများစွာ ဖတ်ပြခဲ့သည် ကိုလည်း သူ သတိရနေဆဲ။ ဂါထာရွတ်ပြီး နောက်မှာတော့ မာလ်ကွီးယားဒီးစ်သည် ရှားရှားပါးပါး ပြုံးလိုက်ပြီး-

"ငါသေရင် ငါ့အခန်းထဲမှာ ပြဒါးကို သုံးရက်တိတိ မီးရှို့ပါ"

ဟု အံ့သြဖွယ် မှာကြား၏။ ထိုအကြောင်းကို အာကာဒီယို ပြန်ပြောပြသဖြင့် သိထားသော ဟိုဆေးသည် မာလ်ကွီယာဒီးစ်ကို ကျိတ်မေး၏။ မာလ်ကွီးယားဒီးစ်က 'အမတ မသေဆေးကို တွေ့ခဲ့ပြီ'ဟု တစ်လုံးတည်းဖြေ၏။ ကြာသာပတေးနေ့ နံနက်တိုင်း အာကာဒီယိုက မြစ်ဆိပ်သို့ ခေါ်သွားပြီး မာလ်ကွီးယားဒီးစ်ကို ရေချိုးပေး၏။ ထိုအချိန်များတွင် မာလ်ကွီးယားဒီးစ်ကို ကြည့်ရသည်မှာ ရွှင်လန်းတက်ကြွနေသယောင် ရှိ၏။ မမြင်မစမ်းဖြင့် ရေကူးရင်း 'တို့လူသားတွေ အားလုံးဟာ ရေထဲကလာကြတာပဲ' ဟု ပြောသေးသည်။

ထိုရေချိုးဆင်းချိန်နှင့် ညဘက်ညဘက် သံစုံစနှယားကို ဖြုတ်ပြီး ကလီချိန်တို့မှလွဲ၍ ကျန်အချိန်များတွင် မာလ်ကွီးယားဒီးစ်သည် ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်နေသလား အောက်မေ့ရသည်။ ကြာသာပတေးနေ့ တစ်ရက်မှာတော့ ရေချိုးဆင်းဖို့ ခေါ်သောအခါ မာလ်ကွီယားဒီးစ်က-

"စင်ကာပူကမ်းခြေမှာ ငါအဖျားတက်ပြီး သေခဲ့ပြီးသားပါ"

ဟု ထူးထူးဆန်းဆန်း ပြောသည်ကို အော်ရဲလီယာနို ကြားလိုက်ရသည်။ ထိုနေ့မှာ မာလ်ကွီးယားဒီးစ်သည် ရေနက်ပိုင်းသို့ ဆင်းသွားခဲ့သည်။ နောက်တစ်နေ့ မြစ်အောက်ဘက် မိုင်အနည်းငယ်အကွာမှာ ငါးသေတစ်ကောင် ဗိုက်ပေါ်တင်ထားသည့် မာလ်ကွီးယားဒီးစ်၏ အလောင်းကို သူတို့ တွေ့ခဲ့ရသည်။ အာဆူလာသည် သူ့အဖေရင်း သေဆုံးစဉ်ကပင် ဤမျှ မငိုခဲ့။ မာလ်ကွီးယားဒီးစ်၏ အလောင်းကိုကြည့်၍ ဆို့တက်မတတ် ငို၏။ ဟိုဆေး ကတော့ အာဆူလာ ကန့်ကွက်နေသည့်ကြားမှ မာလ်ကွီးယားဒီးစ်၏ အလောင်းကို မြေမမြှုပ်ဖို့ ဆုံးဖြတ်ခဲ့သည်။

"မာလ်ကွီးယားဒီးစ်ဟာ ဝိဇ္ဇာခိုင်ရုံပဲ၊ သူသေ႒ာ မဟုတ်ဘူး၊ ထွက်ရပ်ပေါက်ပြီး ခန္ဓာပြောင်းသွားခဲ့တာ"

ထို့ကြောင့်လည်း ဆရာသခင် မာလ်ကွီးယားဒီးစ် ပြန်လည်ရှင်သန် ထမြောက်ရန် အစီအမံကို တပည့်ကြီးဟိုဆေးကိုယ်တိုင် စီမံ၏။ ဟိုဆေးသည် မာလ်ကွီးယားဒီး၏ အလောင်းနံဘေးတွင် ပြဒါးအိုး တစ်အိုးချပြီး ကျို၏။ ပါးစပ်ထဲ ပြဒါးရည်များ လောင်းထည့်သည်။ အလောင်းက တဖြည်းဖြည်း အပြာရောင် အကွက်ကြီးများ ထလာသည်။ အုပ်ချုပ်ရေးမှူး မော့စ်ကိုတီကတော့ အနာဂတ် ခမည်းခမက် ဖြစ်သူအား ရေနစ်သော

mgyoe.com SAMPLE BOOK
အလောင်းကို မမြှုပ်လျှင် ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်ကြောင်း ဖျောင်းဖျပါသေးသည်။ ဟိုဆေးက တစ်လုံးတည်း ပြန်ဖြေ၏။

"မြှုပ်လို့ မဖြစ်ဘူးဗျ၊ သူက ထုံကူးနေတာ"

ခုနစ်ဆယ့်နှစ်နာရီလုံးလုံး ပြဒါးရည် လောင်းထည့်ထားသော အလောင်းသည် မီးပုံးပျံသဖွယ် ဖောင်းကားတက်လာပြီး ပေါက်ကွဲတော့မတတ် ဖြစ်လာသည်။ တစ်အိမ်လုံး ပြဒါးခိုးများနှင့် အသုဘ ပေါင်းစပ်ထားသော အနံ့က လှိုင်လျက်။ ထိုသို့သော မရှုနိုင် မကယ်နိုင် အခြေအနေရောက်မှ သူ့ဆရာ၏ အလောင်းကို ဟိုဆေးက မြှုပ်ခွင့်ပေးတော့သည်။ သို့သော် ရိုးရိုးတန်းတန်း သာမညောင်ည အသုဘမျိုး မဟုတ်စေရ။ မာကွန်ဒိုတစ်ခွင် သိမ့်သိမ့်တုန်သွားစေမည့် မဟာအသုဘပွဲ ဖြစ်စေရမည်။

တကယ်လည်း သူပြောသလို ဖြစ်ခဲ့ပါသည်။ မာကွန်ဒို၏ မူလ၊ အစ၊ ပထမဆုံးသော အသုဘချပွဲမှာ မိုးလုံးဟိန်းလောက်အောင် စည်ကားခဲ့သည်။ နောင်နှစ်ပေါင်း တစ်ရာအကြာ မေမေကြီး၏ အသုဘပွဲမှတစ်ပါး ထိုပထမဆုံး အသုဘပွဲကို မည်သည့်ပွဲမျှ လိုက်မမီခဲ့။ သုသာန်အဖြစ် လျာထားသော မြေနေရာ၏ အလယ်ကောင်တည့်တည့်တွင် သူ့ကို မြှုပ်၏။ ကျောက်တုံး တစ်တုံးတွင် ကမ္ပည်းထွင်း၏။

'မာလ်ကွီးယားဒီးစ်'

သူနှင့်ပတ်သက်သမျှ သိကြသည်မှာ ဒါ အကုန်ပဲ ဖြစ်သောကြောင့် မာကွန်ဒိုသားတို့သည် ထိုမျှသာ သူ့အကြောင်း မော်ကွန်းတင်နိုင်ခဲ့လေသည်။ ထို့နောက်တွင်တော့ ကိုးရက်ကိုးညတိုင်တိုင် ကော်ဖီများသောက်ရင်း၊ ရယ်စရာများပြောရင်း၊ ဖဲရိုက်ကြရင်းဖြင့် အသုဘပွဲကို ဝှဲချီး ကျင်းပကြလေသည်။

အမာရန်တာ အတွက်ကတော့ အချိန်ကောင်းပင် ဖြစ်၏။ လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်လောက်က ရီဘက်ကာထံ ကတိသစ္စာ ပြုခဲ့သည့်အတိုင်း ပီထရိုသည် တူရကီလမ်းဟု အမည်ရသော မာကွန်ဒို၏ လမ်းတစ်လမ်းပေါ်တွင် ဂီတပစ္စည်းဆိုင်တစ်ဆိုင် လာဖွင့်၏။ လူချောလူဖြော့ ပီထရိုကို ငမ်းရင်း သက်ပြင်း ကျိတ်ချရသော မာကွန်ဒို အပျိုချောများက ဒုနဲ့ဒေး။ ပီထရိုသည် အမာရန်တာအား ဘာမျှမသိနားမလည်သော ပီဘိ ကလေးငယ်ကဲ့သို့ ဆက်ဆံ၏။ ပီထရိုက ပြော၏။

"ကိုယ့်မှာ ညီလေးတစ်ယောက် ရှိတယ်။ မကြာခင် သူဒီကိုလာပြီး ကိုယ့်ဆိုင်မှာ ကူလုပ်မှာ"

အမာရန်တာသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး သူ့အလောင်းပေါ် ကျော်သွားနိုင်မှ ပီထရိုနှင့် ရီဘက်ကာ လက်ထပ်ရလိမ့်မည် ဖြစ်ကြောင်း ပြောလိုက်မိသည်။ ပီထရိုက အမာရန်တာ၏ အတိသယဝုတ္တိ ဆန်လှသည့် ခြိမ်းခြောက်မှုကို သဘောမကျသော်လည်း ရီဘက်ကာကို ပြန်မပြောဘဲ မနေနိုင်။ အကျိုးဆက်အားဖြင့် နောက်တစ်ပတ် အကြာတွင် ဖုတ်ပူမီးတိုက် စီစဉ်ပြီး အာဆူလာနှင့် အမာရန်တာ
mgyoe.com

mgyoe.com SAMPLE BOOK

သားအမိ နှစ်ယောက်၏ မြို့တော်အပန်းဖြေခရီးစဉ် စတင်တော့သည်။ အမာရန်တာက ရီဘက်ကာကို နှုတ်ဆက်အနမ်းပေးရင်း နားနားသို့ တီးတိုးကပ်ကာ-

"သိပ်ပျော်မနေနဲ့ဦး မယ်မင်းကြီးမ၊ သူတို့က ငါ့ကို ကမ္ဘာဆုံးထိ ပို့လည်း နင်တို့ လက်ထပ်ပွဲကိုဖျက်ဖို့ နည်းလမ်းရအောင် ငါ ရှာမှာပဲ၊ နောက်ဆုံး နင့်ကို သတ်ရ သတ်ရပေါ့"

ဟု တီးတိုး ကြိမ်းဝါးသွားသေးသည်။

အာဆူလာတို့ မရှိသောအခါ မာလ်ကွီးယားဒီးစ်၏ မမြင်ရသော ပုံရိပ်များသာ ကျန်ရစ်ခဲ့သည့် ဘူဝမ်းဒီးယား စံအိမ်သည် တိတ်ဆိတ် ခြောက်ကပ်သွားခဲ့သည်။ ရီဘက်ကာက အိမ်မှုကိစ္စများကို စီမံ၍ အင်ဒီးယန်းမကြီးက မီးဖိုခန်းကို အသီးသီး တာဝန်ယူကြ၏။

ရေမွှေးနံ့ တလှိုင်လှိုင်၊ အရုပ်ကလေး တကိုင်ကိုင်နှင့် ပီထရီ ရောက်လာသော အခါ ပြတင်းတံခါးများ၊ အခန်းတံခါးများ အားလုံး ဖွင့်ထားသော ဧည့်ခန်းမှာ ရီဘက်ကာနှင့် တရားဝင် တွေ့ကြရသည်။ မကြာခင် ဇနီးမယား ဖြစ်တော့မည့် ရီဘက်ကာကို အီတာလျံ လူကြီးလူကောင်းက လက်ဖျားနှင့်တောင် မတို့ဘဲ ပဝါတစ်ကမ်း လက်တစ်လှမ်း ချစ်စကားများ ဖလှယ်ကြ၏။ ဤသို့ဖြင့် ဘူဝမ်းဒီးယား အိမ်တွင် အရုပ်များနှင့် ပြည့်နှက်လာတော့သည်။ ပီထရီ ယူလာသော ထိုထူးလည်းထူး၊ ဆန်းလည်းဆန်းသည့် အရုပ်များက ဟိုဆေးကို ရှေးယခင် အင်္ဂရုတ် ဓာတ်ဆရာ ဘဝသို့ ပြန်လည် တွန်းပို့ခဲ့သည်။ ဟိုဆေးသည် အရုပ်များကို တစ်စစီ ဖြုတ်ရင်း၊ သူတို့၏ အလုပ်လုပ်ပုံကို ကြည့်ရှု မှတ်သားရင်း ချိန်သီး၏ သဘောတရားကို ဌာန်ကုန်အောင် နားလည်လာခဲ့သည်။

အော်ရဲလီယာနိုကတော့ အလုပ်တွေအားလုံး ပစ်ထားပြီး တစ်ချိန်လုံး ရီမီဒီယို့စ် အနားတွင် စာရေး၊ စာဖတ် သင်ပေးနေခဲ့သည်။ ပထမတော့ ရီမီဒီယို့စ်သည် သူ့အရုပ်တွေနှင့် ခွဲရသည့်အတွက် အော်ရဲလီယာနိုကို မုန်းမိသည်။ နောက်ပိုင်းတော့ အော်ရဲလီယာနို၏ မဆုတ်မနစ်သော ဖွဲလုံ့လနှင့် စစ်မှန်သော ချစ်ခြင်းမေတ္တာတို့က အနိုင်ရသွားခဲ့သည်။ ရီမီဒီယို့စ်သည် အော်ရဲလီယာနိုအပေါ် မေတ္တာ ရောင်ပြန်ဟပ်ခဲ့ပြီ။ တစ်ရက်လျှင် နာရီပေါင်းများစွာ ခင်ပွန်းလောင်းကြီးနှင့်အတူ စာရေး၊ စာဖတ်၊ ပန်းချီဆွဲရသော အလုပ်တွင် ပျော်မွေ့သွားခဲ့ပြီတည်း။

ထိုအချိန်တွင် ရီဘက်ကာသည် အမာရန်တာ၏ ခြိမ်းခြောက်စကားကြောင့် အိပ်မပျော် စားမဝင် ဖြစ်နေလေသည်။ တကယ်ပြောပြီး အဟုတ်လုပ်မည့် သူ့ညီမ၏ အကြောင်းကို သူကောင်းကောင်း သိသည်။ ရီဘက်ကာသည် ရေချိုးခန်းထဲတွင် လက်မ စုပ်၍ နာရီပေါင်းများစွာ ထိုင်ရင်း စဉ်းစား၏။ မြေကြီးတော့ သူ ပြန်မစား။ ရှေ့ဆက် ဘာဖြစ်ဦးမည်နည်း။ ရီဘက်ကာသည် ဇေကန်မဲ့သည့် သူ့အနာဂတ်ကို သုံးသပ်ခြင်းငှာ

mgyoe.com

mgyoe.com SAMPLE BOOK
မစွမ်းသာသည့်အတွက် ရှေ့ဖြစ်ဟော ဆရာမကြီး ပီလာတာနီယာကို ပင့်ဖိတ်ရလေသည်။

ပီလာက ကတ်များကို ကြည့်ရင်း–

''မင်းမိဘတွေကို မမြှုပ်ပေးမချင်း မင်း ပျော်ရမှာ မဟုတ်ဘူး'' ဟု ဟောလိုက်သည်။

သူ့အိပ်မက်တစ်ခုထဲတွင် ဝန်စည်စလယ် အနည်းငယ်၊ လှပ်ကုလားထိုင်ကလေးတစ်လုံးနှင့် ဘာမှန်းမသိသော ပစ္စည်းများ ထည့်လွယ်ထားသည့် အိတ်တစ်လုံးဖြင့် ကောင်မလေးတစ်ယောက် အိမ်တစ်အိမ်သို့ ရောက်လာသည်ကို ရီဘက်ကာ မှတ်မိနေဆဲဖြစ်သည်။ ရွှေကြယ်သီးတပ် အင်္ကျီဝတ်ထားသော ထိပ်ပြောင်ပြောင် အမျိုးသားကြီးတစ်ဦးနှင့် ရေမွှေးနံ့သင်းသော နွေးထွေးသည့် လက်ပိုင်ရှင် မိန်းမချော တစ်ဦးတို့သည် သူ့လက်ကိုဆွဲကာ မြို့တစ်မြို့၏ မြစိမ်းရောင် လမ်းမများပေါ်မှာ လျှောက်သွားခဲ့ကြဖူးသလိုလို။

''ကျွန်မ နားမလည်ဘူး''

ရီဘက်ကာက ပြောလိုက်သည်။

''ငါလည်း နားမလည်ဘူး၊ ဒါပေမဲ့ ကတ်တွေကတော့ ဒီလိုဆိုတာပဲ''

ပီလာကလည်း အားကျမခံ ပြန်ပြောလိုက်သည်။

ထိုဟောကိန်းကို ရီဘက်ကာ စိတ်ထဲမှ ဖျောက်မရ။ ဟိုဆေးကို ဒီအကြောင်းပြောပြလိုက်သည်။ ဟိုဆေးက ရှေ့ဖြစ်ဟောကတ်၏ အစွမ်းသတ္တိကို ယုံစားသင့်ကြောင်းပြော၏။ ထို့နောက် ရီဘက်ကာ့ မိဘများ၏ အရိုးထည့်ထားသော အိတ်ကို တစ်အိမ်လုံး အနှံ့ မွှေနှောက် ရှာလေတော့သည်။ အိမ်ပြင်ဆောက်ကတည်းက ထိုအိတ်ကို မတွေ့မိတော့။ သူ အကြာကြီးစဉ်းစားသည်။ သြော် သူမှတ်မိလာပြီ။ သူ၏ ဉာဏ်အလင်းပေါက်လုပ်ငန်းစဉ်တွင် အနှောင့်အယှက်ဖြစ်မည် စိုးသဖြင့် ထိုအရိုးအိတ်ကို အိပ်ခန်းတစ်ခု၏ နံရံတွင် ထည့်သွင်း မြှုပ်နှံခိုင်းခဲ့သည် မဟုတ်လား။ သို့ပေမဲ့ ဘယ်အိပ်ခန်း၏ ဘယ်နံရံလဲ။

ဒီနောက်တော့ ဟိုဆေးနှင့် ရီဘက်ကာတို့ နှစ်ဦးသား အိပ်ခန်းနံရံများတွင် နားကပ်၍ နားထောင်သည့် အလုပ်ကို နေ့စဉ်လုပ်ခဲ့ကြသည်။ တစ်ခုသော အိပ်ခန်းနံရံမှ ကလောက် ကလောက်နှင့် အသံများ ကြားရ၏။ ထိုနံရံကို ဖောက်ကြည့်ကြ၏။ အရိုးများ ထည့်ထားသော အိတ်ကို သူတို့ ပုံမပျက် တွေ့လိုက်ကြသည်။ ထိုနေ့မှာပင် သုသာန်ရှိ မာလ်ကွီးယားဒီးစ်၏ မြေပုံအနီး၌ ထိုအရိုးများကို သူတို့ မြှုပ်နှံခဲ့ကြသည်။ တာဝန်တစ်ခု ပြီးမြောက်သွားသည့်အတွက် ဟိုဆေးသည် တစ်ကိုယ်လုံး ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ အိမ်ပြန်ရောက်တော့ ရီဘက်ကာ၏ နဖူးကိုနမ်းရင်း–

''အားလုံး ပြီးသွားပြီ၊ ဒီနေ့ကစပြီး သမီး ပျော်ပျော်ရွှင်ရွှင် နေနော်'' ဟု မှာရှာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအချိန်မှစ၍ ပီလာတာနီယာသည် ဘူဝမ်းဒီးယားအိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်လေတော့သည်။ ပီလာသည် အိမ်သို့ အချိန်မရွေး ရောက်လာပြီး အိမ်အလုပ်မှန်သမျှ ကျုံးလုပ်သည်။ အာကာဒီယိုကို အကြောင်းမရှိ အကြောင်းရှာ၍ ကူညီသည်။ အာကာဒီယိုကတော့ ထိုမိန်းမကြီးကို မုန်း၏။ သူ့ရယ်သံကို စက်ဆုပ်၏။ သူ့အသားမည်းမည်းကြီးကို ရွံ၏။ မီးခိုးနံ့လို သူ့ကိုယ်နံ့ကို မနှစ်မြို့။

ပီလာသည် အော်ရဲလီယာနို ပန်းထိမ်လုပ်နေသည်ကိုလည်း အကြာကြီး ထိုင်၍ ငေးကြည့်နေတတ်သေးသည်။ အော်ရဲလီယာနိုက မော့ကြည့်လိုက်တော့ သူတို့ အကြည့်ချင်း ဆုံသွားကြသည်။ ပီလာ့ကြည့်ရတာ သူ့ကို တစ်ခုခု ပြောချင်နေပုံပေါက်သည်။ ပီလာတာနီယာ၏ အတွေးတို့က ထိန်ထိန်သာနေသည့် လပြည့်ညမှာ လမ်းမပေါ် ထွက်ရပ်နေသူ တစ်ယောက်လို ထင်ရှားလွန်းလှသည်။

''ပြောလေ ပီလာ ဘာပြောမလို့လဲ''

ပီလာက နှုတ်ခမ်းများကို ကိုက်လိုက်ပြီး မချိပြုံးပြုံးကာ-

''ငါ့မောင်က အတွေ့အကြုံသာ မရှိတာ၊ တိုက်ပွဲတော့ ရဲရဲကြီး ဆင်နွှဲတတ်တာကိုး။ ပစ်မှတ်ကို တန်းခနဲ ထိတာပဲ'' ဟု ဖြုန်းစားကြီး ပြောလိုက်၏။

ပီလာတာနီယာ၏ စကားကို အော်ရဲလီယာနို ကြားရသည့်အခါ သူ့အစ်ကို သားဟိုဆေးလို မချောက်ချား။ ပီလာတာနီယာ ပြောချင်သည်ကို သူ ချက်ချင်း သိသလိုလို။ သူက တည်ငြိမ်စွာဖြင့်-

''စိတ်ချပါဗျာ၊ ကျွန်တော် သူ့ကို အသိအမှတ် ပြုမှာပါ။ ကျွန်တော့်နာမည်ကို ပေးခွင့်ရှိပါတယ်'' ဟု ပြန်ပြောလိုက်၏။

ဟိုဆေးသည် ချိန်သီးနည်းပညာကို အသုံးပြု၍ အရုပ်တစ်ရုပ်ကို သုံးရက်လုံးလုံး မရပ်မနား 'က' နေအောင် လုပ်လိုက်နိုင်သဖြင့် အလွန့်အလွန်ကို စိတ်လှုပ်ရှားလျက်ရှိသည်။ သူ စားလည်း မစား၊ အိပ်လည်း မအိပ်တော့၊ ညဘက်တွင် ထလမ်းလျှောက်ရင်း အရာဝတ္ထုများ ရွေ့လျားစေဖို့ ချိန်သီးကို မည်သို့မည်ပုံ အသုံးချရမည်ကို အပြင်းအထန် စဉ်းစားနေ၏။ မအိပ်မနေ စဉ်းစားနေသည့် ဟိုဆေးသည် အသက်ရှည် မရှည်တော့ မသိ။ တစ်ခုသော အရုဏ်တက်မှာ တစ်ခေါင်းလုံး ဖြူဖွေးနေသော အဘိုးကြီးတစ်ဦး သူ့အိပ်ခန်းထဲ ဝင်လာသည်ကို တွေ့လိုက်ရသည်။ ဘယ်သူပါလိမ့်၊ ရုတ်တရက် သူမမှတ်မိ။ ထိုကြောင့် အသေအချာ ကြည့်၏။ ဘုရားရေ၊ အဲဒါ ပရူဒန်ဓရီအက္ဂီလာ ပါလား။ ဟိုဆေး မှတ်မိသွား၏။ တစ်ချိန်တည်းမှာပင် မှင်တက်မိသွား၏။ လူသေတို့သည်လည်း အိုတတ်သေးသကိုး။ ဟိုဆေး တစ်ကိုယ်လုံး တုန်လာသည်။

''ပရူဒန်ဓရီ၊ ဒီလောက် အဝေးကြီးကို မင်းလိုက်လာတယ်နော်''

သေခြင်းတရားနှင့် ရင်ဆိုင်ရပြီး နှစ်ပေါင်းများစွာ ကြာလာသောအခါ အစီအစဉ်မဲ့ ရုတ်တရက် သေရသော ဘဝသည် အနေကျပ်လှကြောင်း၊ အပေါင်းအသင်း

mgyoe.com